www.burmeseclassic.com

ဓနအောင်မြင်စာပေ

မင်းလူ

BURMESE CLASSIC .com

# ချစ်မှာလားကွယ်
# ကြိုက်မှာလားကွယ်
# မေးစမ်းပါရစေ
# တိုးတိုးတိတ်တိတ်ကွယ်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# မင်းလူ

# ချစ်မှာလားကွယ်
# ကြိုက်မှာလားကွယ်
# မေးခွင့်ပါရစေ
# တိုးတိုးတိတ်တိတ်ရယ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၀၆၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၉၉၀၅၀၇

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊
အမှတ်(၀၆)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့
၅၄၁၇၄၅၊ ၀၉ ၀၀ ၃၄၅၈၀၀၊
၀၉ ၅၀ ၂၁၃၅၄။

ပထမအကြိမ်- ၂၀၀၇ ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်



အိမ်ရှေ့ခန်းမှာ ကောင်မလေးနှင့် သူ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။ ဟိုကောင်တွေ ဟိုကောင်မတွေက အလှိုအလှို လစ်ကုန်ကြပြီ။

ဖြစ်ပုံကို ပြန်စဉ်းစားကြည့်သည်။ သူငယ်ချင်းတွေထဲမှာ သူ တစ်ယောက်တည်း လူပျိုကျန်တော့သည်။ ကျောင်းနေဖက် အုပ်စုထဲက အချင်းချင်း လှည့်ခွေကြသဖြင့် အေးသိန်းနှင့် မြင့်မြင့်သောင်းက တစ်တွဲ၊ သန်းဝင်းနှင့် ခင်ခင်မော်ကတစ်တွဲ အသီးသီး အိမ်ထောင်ကျကုန်ကြ၏။ သူကတော့ ငါးယောက်အုပ်စုမှာ တစ်ယောက်တည်းပဲ ကျန်ခဲ့ခြင်း ဖြစ်သည်။

ဒါကို သူငယ်ချင်းတွေက အားမလို အားမရ ဖြစ်နေကြသည်။ ထို့ကြောင့် သူ့ကို နည်းအမျိုးမျိုးဖြင့် တွန်းအားပေးကြသည်။ အကြံအဖန် လုပ်ပေးကြသည်။

သူတို့တတွေ၏ ဆွေနီးမျိုးစပ် မိန်းကလေးတွေ၊ သူတို့ရုံးတွေက သင့်တော်မည် ထင်သည့် မိန်းကလေးတွေနှင့် နီးစပ်အောင် ကြံဖန်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း မြင့်မြင့်သောင်းနှင့် လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာမလေးတစ်ယောက်နှင့် သူ့ကို ပိုင်းလှောင်ပေးဖို့ ကြိုးစားနေကြခြင်းဖြစ်၏။

မြင့်မြင့်သောင်းက သူတို့အိမ်မှာ သူငယ်ချင်းတွေ ဆုံပြီး ထမင်းစုချက်စားရအောင်ဟုပြောပြီး ခေါ်သည်။ ထို့ကြောင့် မင်းမျိုးက ဘုမသိ ဘမသိ ရောက်လာခဲ့သည်။ ဒီရောက်မှ သူငယ်ချင်းတွေအပြင် လူပိုတစ်ယောက်ပါ ပါနေကြောင်း တွေ့ရသည်။ ဒီကတည်းက သူတို့ ကြံကြံဖန်ဖန်ပြုပြီဟု မင်းမျိုး သိလိုက်၏။

သူနှင့် မိတ်ဆက်ပေးသည်။ မြင့်မြင့်သောင်းနှင့် တစ်ကျောင်းတည်း အလုပ်လုပ်နေသော အလယ်တန်းပြ ဆရာမလေးဟု ဆိုသည်။ နာမည်ကို ပြောတော့ ပြောသည်။ ခေတ်ဆန်ဆန် နာမည်ပဲ၊ မင်းမျိုးက ဂရုတစိုက် နားမထောင်ခဲ့သဖြင့် ချက်ချင်း မေ့သွားသည်။

ဆရာမလေးပဲ ထားလိုက်ပါတော့။ ဆရာမလေးသည် နာမည် ခေတ်ဆန်သော်လည်း လူက ခေတ်မဆန်ချေ။ ကျောင်းဆရာမတွေသည် များသောအားဖြင့် ဒီအတိုင်းချည်း ဖြစ်လေ့ ရှိသည်။ သူတို့ခမျာ ကျောင်းဆရာမနှင့် တူအောင် ဝတ်စားပြင်ဆင်ရ ဣန္ဒြေသိက္ခာ ဆယ်ရန်နှင့် ကြာတော့ အကျင့်ပါပြီး ခပ်ရိုးရိုးခပ်တုံးတုံးပုံတွေ ထွက်နေတတ်လေသည်။

ဒီဆရာမလေးကတော့ နဂိုကတည်းက ရိုးရိုးအအ,ကလေး ဖြစ်ဟန်တူသည်။ သူ့ကို ကြည့်ရသည်မှာ မြင့်မြင့်သောင်းက ဘာကြောင့် ခေါ်ထားမှန်းတောင် သိပုံမရ။ သူစိမ်းယောက်ျားလေးနှင့် နှစ်ယောက်တည်း ရှိနေသဖြင့် အနေခက်ဟန်သာ ရှိသည်။

ဟိုတစ်ခါ သန်းဝင်းတို့ရုံးက အရာရှိမလေး တစ်ဦးနှင့် ဆက်သွယ်ပေးခဲ့ကြဖူးသည်။ မင်းမျိုးက ခေတ်ဆန်လွန်းတယ်၊ သွက်လက်အားကြီးတယ်ဟု ဆိုခဲ့သဖြင့် ဒီတစ်ခါ ခပ်ရိုးရိုးပုံကို ခေါ်လာကြခြင်း ဖြစ်လိမ့်မည်။

ထမင်းစားပြီးနောက် အိမ်ရှေ့ခန်းမှာ စကားဝိုင်းဖွဲ့ပြောကြရင်း သူငယ်ချင်းတွေက အနှောင့်အသွား မလွတ်သည့် စကားများဖြင့် ဘေး





တီးပေးကြသည်။ ဆရာမလေးက ဘာမှ သိဟန်မတူ၊ မျက်လုံးကလေး ကလယ်ကလယ်နှင့်သာ နေသည်။

နောက်တော့ သန်းဝင်းနှင့် ခင်ခင်မော်တို့က. . .

"ငါတို့ ဒီနားက အသိအိမ်တစ်အိမ် ခဏသွားဦးမယ်"

ဆိုပြီး အရိုးဆုံးနည်း သို့မဟုတ် မရိုးနိုင်သောနည်းဖြင့် ရှောင်ထွက်သွားကြသည်။

မြင့်မြင့်သောင်းကလည်း. . .

"ရေလာတုန်း စည်ပိုင်းထဲ ဖြည့်ထားဦးမှပါပဲ"

ဆိုပြီး နောက်ဖေးဘက် လစ်သည်။ အေးသိန်းက ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေပြီးမှ. . .

"ဆေးလိပ်တောင် ကုန်နေပြီ"

ဟု ပြော၍ အောက်ဆင်းသွားသည်။ သူတို့နှစ်ယောက်တည်း ကျန်ခဲ့၏။

ခက်တာက မင်းမျိုးသည် ထိုဆရာမလေးအပေါ် ဘယ်လိုမှ စိတ်လှုပ်ရှားကြည့်လို့ မရခြင်းပင် ဖြစ်သည်။ သူတို့ ဆရာမလေးနှင့် သူ့ကို ပိုင်းလှော်ပေးနေကြမှန်း သိနေသဖြင့် ပိုပြီး အနေရ ခက်နေသည်။

ဒီအတိုင်း ကြောင်တောင်တောင် ဆက်ထိုင်နေလျှင် ပိုပြီး အနေရခက်မည်ဟု တွေးမိသဖြင့် စကားလေးဘာလေး ပြောကြည့်ဖို့ ကြိုးစားသည်။

"ဆရာမက မြင့်မြင့်သောင်းတို့ ကျောင်းကပဲနော်"

"ဟုတ်ကဲ့"

"ဂျေအေတီပဲပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မက မြင့်တို့ထက် နည်းနည်း နောက်ကျတော့ ပီဂျေပဲ ရှိသေးတာ"

အလယ်တန်းပြ၊ မူလတန်းဟာဝန်ဟု ဆိုလိုခြင်း ဖြစ်သည်။ စကားစ ပြတ်သွားသည်။ ဘာဆက်ပြောရ ကောင်းမလဲဟု မင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။

ဒါနဲ့ ဒီနှစ်ထဲမှာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပဖြစ်မယ်လို့ ဆရာမ ထင်သလား"

"ရှင်"

ဆရာမလေးက ကြောင်သွားသည်။ သူ့စကားမှာ အဆက် အစပ် မရှိမှန်း မင်းမျိုးလည်း သိလိုက်သည်။ သူ မနက်က ဖတ်လာသော ဗိုလ်တစ်ထောင် သတင်းစာထဲက နိုင်ငံခြား သတင်းဆောင်းပါးထဲက အကြောင်းကို ကောက်ကာငင်ကာ မေးလိုက်မိခြင်း ဖြစ်သည်။

"ဪ. . . ကျွန်တော်က ဟိုဒင်း. . . အမေရိကန်နဲ့ ဆိုဗီယက် ထိပ်သီးဆွေးနွေးပွဲအကြောင်း သတိရလိုက်မိလို့"

"ကျွန်မ အဲဒါတွေ သိပ်မသိပါဘူး". . .

အတွင်းခန်းပေါက်ဝမှ ကွယ်၍ရပ်ရင်း ကန့်လန့်ကာကြားမှ ချောင်းကြည့်ပြီး အခြေအနေကို နားစွင့်နေသော မြင့်မြင့်သောင်း မျက်နှာ ရှုံ့မဲ့သွားသည်။

◈ ◈ ◈

ဆရာမလေးသည် ဘာဆိုဘာမှ မရိပ်မိလိုက်ရှာပဲ နှုတ်ဆက်၍ ပြန်သွားသည်။

သန်းဝင်းတို့ လင်မယားနှင့် အေးသိန်းတို့ ပြန်ရောက်လာသော အခါ မြင့်မြင့်သောင်းက သူ မြင်သမျှ ကြားသမျှကို ပြောပြသည်။

ခင်ခင်မော်က. . .

"မင်းမျိုးရယ်. . . နင့်ကို ငါ စိတ်ရှိလက်ရှိ ကုတ်ဖဲ့ ထုရိုက်လိုက်





ချင်တယ်၊ သူငယ်ချင်းတွေက ကောင်းမယ် ထင်လို့ စီစဉ်ပေးတာ၊ နင်က ဘယ့်နှယ့် နိုင်ငံရေးအကြောင်းတွေ လျှောက်ပြောနေရတာလဲ"

"ဟာ. . ငါစိတ်ဝင်စားတာ ငါပြောတာပဲ၊ အဲဒါ မပြောလို့ ဘာ ပြောရမှာလဲ"

"သူ့မိသားစုအကြောင်း ဘာညာ မေးရင်းနဲ့ ရင်းနှီးအောင် လုပ်ပေါ့"

"ဘာအတွက် ရင်းနှီးအောင် လုပ်ရမှာလဲ"

"မသိချင်ယောင် ဆောင်မနေပါနဲ့ဟာ၊ ငါတို့က နင့်ကို ဆရာမ စမ်းစန္ဒာနွဲ့နဲ့ အဆင်ပြေသွားစေချင်လို့ မိတ်ဆက်ပေးတာ"

"အေး. . . ခုမှပဲ သူ့နာမည် ပြန်သတိရတော့တယ်၊ ခုန တစ် ချိန်လုံး စဉ်းစားနေတာ"

"သေလိုက်ပါတော့ဟယ်. . ခုပဲ မိတ်ဆက်ပေးတယ်၊ ခုပဲ နာမည် မေ့သွားရတယ်လို့"

အေးသိန်းက သန်းဝင်းကို ကြည့်ပြီး ပခုံးတွန့်ပြသည်။ သန်းဝင်း တလည်း ဖြစ်မှာ မဟုတ်ပါဘူးဆိုသည့်သဘောဖြင့် ခေါင်းရမ်းလိုက်၏။ မြင့်မြင့်သောင်းကတော့ မလျှော့သေး။

"စမ်းစန္ဒာနွဲ့က ငါတို့ကျောင်းက ဆရာမတွေထဲမှာ အရိုးဆုံး အအေးဆုံးပဲ၊ သိပ်သဘောထား ပြည့်ဝတယ်၊ နောက်ပြီး သူ့မိဘတွေက ပြည့်ပြည့်စုံစုံထဲက"

"ငါ စိတ်မဝင်စားပါဘူး"

"ဒါနဲ့ နင်က ဟိုတစ်ယောက်တုန်းကတော့ ခေတ်ဆန်လွန်းလို့ဆို ဒါကြောင့်. . ."

"အေး. . . အခု ဆရာမလေးကျတော့လည်း ရိုးလွန်း တုံးလွန်း အားကြီးတယ်"

"ဟင်. . နင်က ဘယ်လိုလဲဟ"

ခင်ခင်မော်က ဝင်မေးရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ခေတ်ဆန်လွန်းတာလဲ မကောင်းဘူး၊ ရိုးလွန်း အ,လွန်းတာလဲ မကောင်းဘူး၊ ခေတ်မီပြီး ရိုးသားတာမှ ကောင်းတာ၊ ဒါနဲ့ နေစမ်းပါဦး၊ နင်တို့က ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင် စွဲစေချင်ရတာလဲ"

"ဒါကတော့တာ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တဲ့ မဟုတ်လား၊ နင်တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေတာ မကြည့်ရက်လို့ပါ"

"ငါ့ဘာသာ တစ်ယောက်တည်း နားအေးပါးအေး နေချင်လို့ အပူမရှာဘဲ နေတာပါဟ၊ နင်တို့အပူ မဟုတ်ပါဘူး"

"အထီးကျန် ဖြစ်ရတဲ့ ဒုက္ခကို မင်း နောက်မှ နောင်တရမှာစိုးလို့ ပြောနေတာ၊ သိပ်ဟိုင်းသွားလျှင် မလွယ်ဘူးနော်"

ဟု အေးသိန်းက ဝင်ပြောပြန်သည်။

"မင်းတို့ကလည်းကွာ၊ မင်းတို့ အမြီးပြတ်တိုင်း ငါ့ကိုပဲ ပြတ်စေချင်တာလား၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ဒုက္ခတွေ ခံရတာထက်စာလျှင် အထီးကျန်တဲ့ဒုက္ခက တော်လိမ့်မယ် ထင်တယ်"

"ငါတို့ အိမ်ထောင်ရေးက ဒုက္ခဖြစ်နေတယ် ထင်လို့လားကွ၊ ဘာမှ ဒုက္ခမရှိဘူး၊ သိပ်သာယာ ပျော်ရွှင်ကြတာမဲ့၊ စီးပွားရေး ပြဿနာလဲ မရှိဘူး၊ ငါတို့ လင်မယားနှစ်ယောက်ပေါင်း ရတဲ့ လခနဲ့ လောက်လောက်ငငရှိတယ်၊ နည်းနည်းပါးပါးတောင် စုနိုင်တယ်၊ အေးသိန်းတို့ကျတော့ကော၊ မြင့်မြင့်သောင်းရဲ့ ကျောင်းဆရာမ လခရယ်၊ အေးသိန်း ဝင်ငွေရယ် ပေါင်းလိုက်ရင် ဒီကောင် တစ်ပတ်တစ်ခါလောက်တောင် အရှေ့ရွာမှာ ထိုင်နိုင်သေးတယ်"

သန်းဝင်းက ချေပသည်။ မင်းမျိုးက ပြုံး၍. . .

"မင်းတို့ ကလေးမရသေးလို့ပါကွာ၊ သားသမီးတွေ ရတော့ ဒီလိုနေနိုင်မလားလို့ ကြည့်ပါဦး"

"ထားပါတော့၊ ငါတို့ကလေးတွေ ဘာတွေ ရရင် စီးပွားရေး





ပ်တည်းသွားချင်သွားမယ်၊ မင်းကတော့ ငါတို့ထဲမှာ အချမ်းသာဆုံးပဲ၊ လေးငါးယောက် ရလဲ မင်းအတွက် ပူစရာ မရှိဘူး"

"ငါက စီးပွားရေးကိစ္စ တစ်ခုတည်း တွက်တာမှ မဟုတ်ဘဲ၊ ဒါ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားလို့ မရသေးတာ၊ ဘာတတ်နိုင်မလဲ"

"ငါတို့ ကျောင်းတုန်းက ငါးယောက်အုပ်စု ဖြစ်သွားတာ နာ ယ်ဟာ၊ မိန်းကလေးသုံးယောက် ယောကျ်ားလေး သုံးယောက် ခြောက်ယောက် အုပ်စုသာဆို ကိစ္စပြတ်ပြီ၊ သုံးတွဲဖြစ်သွားမယ်၊ ခုတော့ နင် တစ်ယောက်တည်းပဲ ကျန်ခဲ့တာပဲ"

မြင့်မြင့်သောင်းက ပြောသည်။ မင်းမျိုးက စီးကရက်ဘူးကို သက်လှမ်းလိုက်ပြီးမှ မယူဖြစ်သေးဘဲ မြင့်မြင့်သောင်း စကားကို ချေပ လိုက်သည်။

"ငါက အနေနီးတိုင်း ကြိုက်မယ့်ကောင်လို့ ထင်နေလို့လား၊ နီးစပ်မှု ရှိလို့ စိတ်ဝင်စားတယ်ဆိုတာ တကယ့်မေတ္တာစစ် မဟုတ်ဘူး၊ စိတ်ကစားရာက စတာ"

"အံမယ်. . . သေနာကောင်၊ ဒါ ငါတို့ကို တွယ်တာပေါ့လေ၊ ငါတို့က အနေနီးလို့ စိတ်ကစားခဲ့ကြတာလို့ ဆိုလိုတာပေါ့"

မင်းမျိုး စီးကရက်ဘူး ယူ၍ တစ်လိပ်ထုတ်ပြီး မီးညှိသည်။ အားပါးတရ ဖွာရှိုက်ပြီးမှ ပြောသည်။

"ငါ့ဘဝမှာ ဘယ်မိန်းကလေးနဲ့ ပတ်သက်ပြီးတော့မှ ရင်မခုန်ဖူးဘူး၊ ငါ့ရင်တွေ သိမ့်သိမ့်ခါအောင် ခုန်စေနိုင်တဲ့ မိန်းကလေးမျိုးဆို ငါ ချစ်မယ်၊ ဒါပဲ"

"ဓာတ်တိုင်ကြီးကို ညောင်ပင်မှတ်လို့ ရေလောင်းမိသလိုပါပဲလား ဟေ"

ဟု အေးသိန်းက ညည်းလိုက်သည်။

. . . . . .



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမြင့်သည် တိုင်းမဂ္ဂဇင်းကို စိတ်ပါဝင်စားစွာ ဖတ်နေ၏။ နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင် ရှိသော်လည်း သူက မကြိုက်။

"ချော်ချွတ်ချွတ်နဲ့၊ ထိုင်ရတာ အချိုးမပြေဘူး ပူလဲ ပူတယ်"

ဟု ဆိုပြီး ဝိတ်ဖျင် တပ်ထားသော ရှေးရိုး ပက်လက်ကုလားထိုင်မှာပင် ထိုင်သည်။

ဒေါ်ထားထားက ကောက်ညှင်း ရွှေထမင်းနှင့် ကော်ဖီတို့ကို ယွန်းလင်ပန်းကလေးမှာ တင်ပြီး ယူလာသည်။ ပက်လက်ကုလားထိုင်ဘေးက ခုံပုကလေးပေါ် တင်သည်။ ကြိမ်ကုလားထိုင် အဝိုင်းကလေး ယူပြီး ထိုင်သည်။

"ရွှေထမင်း စားကြည့်ပါဦး၊ ရှင်က မြန်မာမုန့်တွေ ကြိုက်တတ်လို့ ဝယ်ထားတာ"

ဦးမျိုးမြင့်က ရွှေထမင်းတစ်တုံး ယူဝါးကြည့်သည်။ 'အင်း' ဟု ဆိုပြီး. . .

"ကောင်းသားကွ၊ ခုချိန်မှာ ရွှေထမင်း ကောင်းကောင်း စားရခဲ





တယ်၊ လူတွေက ကိတ်မုန့်တို့ ဘီစကွတ်တို့သာ ကောင်းသထက် ကောင်းအောင် လုပ်နေကြတာ၊ မြန်မာမုန့်ကို ကောင်းကောင်း လုပ်ဖို့ စိတ်မကူးကြဘူး၊ ဒီလိုဟာမျိုးဆိုရင် ဟိုတယ်တွေမှာတောင် တင်ရောင်းဖို့ ကောင်းတယ်၊ နိုင်ငံခြားသားတွေ သိပ်ကြိုက်မယ်"

ပြောပြီး နောက်တစ်တုံး ထပ်စားပြန်သည်။ ကော်ဖီ တစ်ကျိုက် ကျိုက်သောက်သည်။ ဒေါ်ထားထားက. . .

"စားကောင်းတယ်ဆိုပြီး အများကြီးတော့ စားမပစ်လိုက်နဲ့ဦး၊ တော်ကြာ ရင်ပြည့်ပြီး ညနေစာ မစားနိုင်ဘဲ နေမယ်"

"အများကြီး မစားစေချင်ရင် ဘာဖြစ်လို့ အများကြီး ထည့်လာရသလဲကွ"

"ဩော်. . . ဒါကတော့ ပန်းကန်ထဲ ကြည့်လှအောင်လို့ပါ"

"ဘယ့်နှယ်ကွာ၊ ငါက ဧည့်သည်မှ မဟုတ်တာ၊ ခုမှတော့ တတ်နိုင်ဘူး၊ မြင်နေတော့လည်း စားချင်တယ်၊ ကိစ္စမရှိဘူး၊ ထမင်းတို နောက်ကျပြီး စားတာပေါ့"

"ကော်ဖီကကော အနေတော်ပဲလား"

ဒေါ်ထားထားက မေးနေကျအတိုင်းပဲ မေးသည်။

"အနေတော်ပါပဲ၊ ဒီလောက် နှစ်ပေါင်းများစွာ ဖျော်လာတဲ့လက်ပါ အကြိုက် မဖျော်တတ်ဘဲ ဘယ်နေမလဲကွာနော်"

ဦးမျိုးမြင့်က ဒီလိုပဲ၊ အိမ်မှာ ချက်ပြုတ်ပေးဖို့ ညီမ ဝမ်းကွဲတစ်ယောက်နှင့် အိမ်ဖော် မိန်းကလေးတစ်ယောက် ရှိသည့်တိုင် ဒေါ်ထားထား ကိုယ်တိုင် ဖျော်ပေးသည့် ကော်ဖီကိုမှ သောက်သည်။ ဖျော်ရုံတင်မက ကိုယ်တိုင် လာပို့ပေးမှ ကြိုက်သည်။ ထမင်းဟင်းကိစ္စလည်း ဒေါ်ထားထား လက်ရာကိုမှ ခံတွင်းတွေ့သည်ဆိုသဖြင့် ဒေါ်ထားထားက အနည်းဆုံး ဟင်းအိုးပြင်ပေးတာလောက်တော့ ဝင်လုပ်ရသည်။

ညားကာစကဆိုလျှင် ပိုကဲသေးသည်။

ဒေါ်ထားထား လျှော်ဖွတ်ပေးသည့် အဝတ်အစားကိုမှ ပို၍



www.burmeseclassic.com

သည်။ ဒေါ်ထားထား မီးပူတိုက်ထားသည့် အင်္ကျီကမှ ဝတ်ရတာ ပိုပြီး အချိုးကျ အဆင်ပြေသည်ဟု ထင်သည်။ လုံချည်တွေဆိုလျှင်လည်း အပ်ချုပ်ဆိုင်မှာ သွားချုပ်တာ မကြိုက်၊ ဒေါ်ထားထားကိုယ်တိုင် လက်ချုပ် ချုပ်ပေးတာမှ ဝတ်သည်။

အလုပ်သွားခါနီးလျှင် ဒေါ်ထားထားက ခေါင်းဖြီးပေးရသေးသည်။ ခု အသက်ကြီးလာမှ ဆံပင်က ပါးလာသည့်အပြင် ခပ်တိုတို ညှပ်လေ့ ရှိသောကြောင့် ခေါင်းမဖြီးပေးရတော့ခြင်း ဖြစ်သည်။ ဒါတောင် တစ်ခါတစ်လေ. . .

"ထားထားရေ. . . ငါ့ခေါင်းကို အုန်းဆီလေး နည်းနည်းလောက် ထည့်ပေးစမ်းပါ"

ဟု ဆိုတတ်သေးသည်။

သူတို့နှစ်ယောက်သည် အလွန်လိုက်ဖက်သော ဇနီးမောင်နှံ ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် နိုင့်ထက်စီးနင်း မလုပ်တတ်ကြ၊ တစ်ဦး၏ သဘောကို တစ်ဦးက နားလည်မှု ရှိပြီး လိုက်လျောတတ်သည်။ ဒေါ်ထားထားက ဦးမျိုးမြင့်ကို အိမ်ထောင်ဦးစီးအဖြစ် လေးစားသည်။ ဦးမျိုးမြင့်၏ ဆုံးဖြတ်ချက်ကို မကန့်ကွက်ဘဲ လိုက်နာတတ်သည်။ ဦးမျိုးမြင့်ကလည်း ဒေါ်ထားထား၏ဆန္ဒကို ဆန့်ကျင်ခြင်း မပြုတတ်။ သာယာသော အိမ်ထောင်ရေး ဖြစ်၏။

◇ ◇ ◇

အိမ်ရှေ့မှ ကားစက်သံ ကြားရသည်။ မင်းမျိုး ပြန်လာပြီ ဖြစ်ကြောင်း ဦးမျိုးမြင့် သိလိုက်၏။ သူ့ကားစက်သံကို သူ ကောင်းကောင်း မှတ်မိနေသည်။



ကားက စလုံးနံ့ပါတ်၊ ဗောက်စ်ဝက်ဂွန် လိပ်ခုံး ဖြစ်သည်။ အင်ဂျင် နည်းနည်းကျနေပြီ ဖြစ်သဖြင့် စက်သံကျယ်သည်။ ဒီတစ်ခါ ဆိုင်စင်မဝင်ခင်တော့ အင်ဂျင်ကို ပြန်သလိုက်ဦးမှပဲဟု တွေးလိုက်၏။

မင်းမျိုး အိမ်ထဲ ဝင်လာသည်။ ဦးမျိုးမြင့်သည် မျက်မှန်ပေါ်မှ ကျော်၍ တစ်ချက် မျက်လုံး လှန်ကြည့်သည်။ မင်းမျိုးက သူ့ဆီ တန်းလာ၊ မီးဖိုခန်းဘက် ဝင်သွားသည်။ ဦးမျိုးမြင့်က လက်ထဲမှ စာအုပ်ကို ဖတ်လက်စ စာမျက်နှာအတိုင်း လှန်ခေါက်ပြီး ပေါင်ပေါ် တင်ထားလိုက်၏။

"မင်းမျိုး"

ဟု အသံပြတ်ဖြင့် လှမ်းခေါ်သည်။ ထူးသံမကြားရ၊ ခဏအကြာ မင်းမျိုး ထွက်လာပြီး သူ့ရှေ့မှာ ခပ်ရှိုရှို ရပ်သည်။

"ဖေဖေ ခိုင်းတဲ့ကိစ္စ အဆင်ပြေခဲ့လား"

"ပြေပါတယ် ဖေဖေ"

"အဆင်ပြေရင် ပြေတဲ့အကြောင်း မပြေလဲ မပြေတဲ့အကြောင်း ရောက်ရောက်ချင်း ဘာဖြစ်လို့ မပြောသလဲ၊ မေးတော့မှပဲ ပြောရသလား"

"ပြောမလို့ပါပဲ ဖေဖေ"

"ပြောမလို့ဆိုပြီး နောက်ဖေးဘက် ဘာဝင်လုပ်တာလဲ"

"ရေသွားသောက်တာပါ"

"မင်းတို့ကောင်တွေ အဲဒါ ခက်တာပဲ၊ ပြောစရာရှိ တစ်ခါတည်း မပြောဘူး၊ လုပ်စရာရှိ သွက်သွက်လက်လက် တစ်ခါတည်း မလုပ်ဘူး။ ရေသောက်ရတာနဲ့၊ သေးပေါက်ရတာနဲ့၊ ဟိုဟာလုပ်သလိုလို၊ ဒီဟာလုပ်သလိုလို၊ အဲဒီအကျင့်တွေ ဘယ်ကဘယ်လို ရလာသလဲ မပြောတတ်ဘူး"

မင်းမျိုးက ဘာမှပြန်မပြော၊ ဒေါ်ထားထားကသာ ဝင်၍. . .

"အဲဒီအကျင့် ဘယ်က ရရမှာလဲ၊ ရှင့်ဆီက ရတာပေါ့၊ အလုပ်ကိစ္စ မေးစရာ ရှိတာ မေးလိုက်ပါလား၊ ဘာလို့ စကားကြော ရှည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟိုပြောဒီပြော ပြောနေရတာလဲ"

"သိအောင် ပြောနေရတာကွ၊ ကဲ. . . ဘယ်လိုလဲ၊ ပြောစမ်းပါဦး ကွ"

ဟု မင်းမျိုးဘက် လှည့်မေးသည်။

"ပုံစံဖြည့်ပြီး တင်ထားခဲ့တယ် ဖေဖေ၊ တစ်ပတ်လောက်တော့ ကြာမယ်လို့ ပြောတယ်"

"စာရေးကို လက်ဖက်ရည်ဖိုးလေးဘာလေး ပေးခဲ့သေးလား"

မင်းမျိုးက ခေါင်းကုတ်လိုက်ပြီး. . .

"မပေးခဲ့ဘူး ဖေဖေ"

"အေး. . . ကောင်းတယ်၊ လက်ဖက်ရည်ဖိုး ပေးတဲ့အကျင့်ကို ငါလဲ မကြိုက်ဘူး"

မင်းမျိုး ခဏရပ်စောင့်နေသည်။ ဦးမျိုးမြင့်က ဘာမှ ထပ်မပြော တော့ဘဲ ဆေးတံကို လှမ်းကိုင်လိုက်တော့မှ. . .

"ကျွန်တော် ရေချိုးလိုက်ဦးမယ် ဖေဖေ"

ဦးမျိုးမြင့် ခေါင်းညိတ်ပြသည်။

"ဩော်. . . သားရေ၊ ရေချိုးပြီးရင် ကောက်ညှင်း ရွှေထမင်းနဲ့ ကော်ဖီသောက်ရအောင် လာခဲ့ဦးနော်"

ဒေါ်ထားထားက ပြောလိုက်သည်။

"ဟုတ်ကဲ့ မေမေ"

ဟု ပြောပြီး မင်းမျိုး ထွက်သွားသည်။

"အင်း. . . တော်တော်ရိုးတဲ့ကောင်"

ဦးမျိုးမြင့်က ရေရွတ်လိုက်သည်။

"ရိုးတာ မကောင်းဘူးရှင့်"

ဟု ဒေါ်ထားထားက စကားဝင်ထောက်သည်။

"ကောင်းတာပေါ့ကွ"

"ဒါဆိုလဲ ပြီးရောပေါ့။ ရှင်က ရိုးတာကိုပဲ မကျေမနပ် ရေရွတ်နေ





သလားလို့"

"ငါ့သား ရိုးတာကို ငါက သိပ်ကျေနပ်တာပေါ့၊ ဒါပေမယ့် တစ်ခါတစ်ခါကျရင် ရိုးတယ်ဆိုတာ အ,တယ်လို့လဲ အဓိပ္ပါယ် ထွက်တယ် ။ တကယ်တော့ ရိုးတာနဲ့ အ,တာကြားမှာ စည်းတစ်ခု ရှိတယ်၊ ခက်တာ က အဲဒီစည်းဟာ တိတိကျကျ သတ်မှတ်ပိုင်းခြားလို့ မရတာပဲ၊ ရိုးတယ် လို့ ပြောလို့ရတယ်၊ အ,တယ်ဆိုလဲ ရတယ်ဆိုတဲ့ကိစ္စမျိုးတွေ ရှိတတ်တယ်"

ဦးမျိုးမြင့် စကားကြော ရှည်တော့မည် ဖြစ်ကြောင်း ဒေါ်ထား ထား သိလိုက်၏။ ဆက်နားထောင်နေလျှင် အနည်းဆုံး နာရီဝက်လောက် နှင့် ပြီးမှာမဟုတ်။ ထို့ကြောင့်. . .

"ဟောတော့. . . မေ့နေလိုက်တာ၊ ညနေ ပဲစောင်းလျားသီး သုတ်ဖို့ ဆီချက်ကလေး သွားချက်ဦးမှပဲ"

ဆိုပြီး ခပ်သုတ်သုတ် ထထွက်သွားသည်။ ဦးမျိုးမြင့်လည်း စကားမဆက်လိုက်ရသဖြင့် ကြောင်တောင်တောင် ဖြစ်သွားပြီး မီးညှိ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမြင့်နှင့် ဒေါ်ထားထားတို့မှာ သားသမီးသုံးယောက် ရှိသည်။ မင်းမျိုးက သားအကြီးဆုံး၊ အငယ်နှစ်ယောက်က သမီးများဖြစ်၏။ သမီးနှစ်ယောက်စလုံး အိမ်ထောင်ကျပြီး သူတို့ ခင်ပွန်းများနှင့်အတူ အိမ်ခွဲနေနေကြပြီ။

သားကြီး မင်းမျိုးတစ်ယောက်သာ အိမ်ထောင်မပြုသေးပဲ မိဘတွေနှင့် အတူနေနေသည်။ သူသည် သားအကြီးဆုံးလည်း ဖြစ်၊ တစ်ဦးတည်းသော သားယောကျ်ားလေးလည်း ဖြစ်သဖြင့် ဦးမျိုးမြင့်နှင့် ဒေါ်ထားထားတို့က အလွန်အားကိုးကြသည်။

ယေဘုယျအားဖြင့်ဆိုလျှင် မင်းမျိုးသည် အားကိုးလောက်သည့် သားတစ်ယောက်ပင် ဖြစ်သည်။ ရိုးသားသည်။ လိမ္မာရေးခြား ရှိသည်။ မိဘစကား နားထောင်သည်။ အလုပ်ကြိုးစားသည်။

သူသည် ဘွဲ့ရပြီးနောက် ဦးမျိုးမြင့်၏ လုပ်ငန်းဖြစ်သော ကားအမိုး၊ ဘော်ဒီ၊ ကူရှင်ပြုလုပ်သည့် လုပ်ငန်းမှာပင် ဝင်ရောက် ကူညီနေသည်။





သူက အလုပ်ကို ဖိဖိစီးစီး လုပ်သဖြင့် ခုဆိုလျှင် အတော်ကျွမ်းကျင် နိုင်နင်းနေပြီ၊ ဦးမျိုးမြင့်အနေဖြင့် ဝင်ရောက် ကြီးကြပ် ညွှန်ကြားပေးရုံလောက်သာ လုပ်ဖို့ လိုတော့သည်အထိ မျက်နှာလွှဲနေရပြီ။

ဦးမျိုးမြင့်ကတော့ မင်းမျိုးကို ရာနှုန်းပြည့် စိတ်မချသေး၊ လာဘ်မြင်ဖို့၊ ကွက်ကျော် မြင်တတ်ဖို့ လိုသေးသည်ဟု ထင်သည်။ တိကျမှု နည်းကမ်းရှိမှုမှာလည်း မိမိကို မီဖို့ လိုသေးသည်။

မင်းမျိုးက အားနာတတ်သူ ဖြစ်သဖြင့် တချို့ကိစ္စများမှာ ဆုံးရှုံးခံနာရတာမျိုး ဖြစ်တတ်သည်။

မင်းမျိုးသည် ဦးမျိုးမြင့်က တစ်ခုခု ခိုင်းလိုက်လျှင် ခိုင်းသည့်အတိုင်း တိတိကျကျ ဆောင်ရွက်နိုင်သည်။ ဒီလောက်ကို ဦးမျိုးမြင့်က ကျေနပ်နိုင်သေး၊ ခိုင်းသည့်အတိုင်း လုပ်တတ်ရုံနှင့် မတင်းတိမ်နိုင်ခဲ့။

"ဖေဖေ ခိုင်းလိုက်တဲ့အတိုင်း တစ်သဝေမတိမ်း လုပ်လို့ အဆင်ပြေတာကို ဖေဖေ ချီးကျူးပါတယ်၊ ဒါပေမယ့် အဆင်မပြေ ဖြစ်ခဲ့ရင်ကော၊ အဆင်မပြေဘူး ဖေဖေ ဆိုတာလောက်နဲ့ မပြီးစေချင်ဘူး၊ တခြားနည်းလမ်းတစ်ခုနဲ့ ကြိုးစားကြည့်တတ်စေချင်တယ်၊ မင်းနည်းမင်းဟန်နဲ့ တစ်မျိုး ကြံဆကြည့်ချင်တဲ့ အကြံဉာဏ်မျိုး ရှိစေချင်တယ်"

ဟု ဆိုတတ်သည်။

ဦးမျိုးမြင့် အားမရနိုင်ဆုံးအချက်ကတော့ မင်းမျိုးသည် အသက်နှစ်ဆယ့်ရှစ်နှစ် ကျော်လာသည်အထိ အိမ်ထောင်ပြုဖို့ စိတ်မကူးခြင်းပင် ဖြစ်သည်။

သားကို အိမ်ထောင်ပြုစေချင်လှပြီ၊ ဒါမှ သားနှင့်မယားနှင့် တည်တည်ငြိမ်ငြိမ် ကျနေ့ရရ ဖြစ်လာမည်။ ထိုအခါတွင် လုပ်ငန်းတစ်ခုလုံး မင်းမျိုးကို လွှဲပေးနိုင်မည်ဟု စိတ်ကူးထားသည်။

ယောကျ်ားလေးတစ်ယောက်အဖို့ အသက် နှစ်ဆယ့်ရှစ်နှစ်ဆိုသည်မှာ အရွယ်ဟိုင်းလှပြီဟု မဆိုနိုင်သေး။ သို့ရာတွင် ဒီအရွယ်မှာ အိမ်ထောင်ပြုလျှင် အသင့်တော်ဆုံးအရွယ် ဖြစ်သည်ဟု ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာမှု ရင်ခုန်မှုတို့ကိုသာ ဦးစားပေးသော စိတ်ကစားသည့် အရွယ်လည်း မဟုတ်တော့။ ထို့အတူ မိန်းမတစ်ယောက်ကို အချစ် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ယူသင့်ယူထိုက်လို့ ယူရသည်ဆိုသော အတွေးအခေါ်မျိုး ဝင်လာတတ်သည့် အရွယ်သို့လည်း မရောက်သေး ကိုယ်က တကယ်လည်းချစ်၊ တကယ်လည်း သင့်တော်သောသူကို အရွေ ချယ်နိုင်ဆုံး အနေအထားမှာ ရှိသည့်အရွယ်။

မင်းမျိုး၏အောက်က ညီမနှစ်ယောက်တောင် အိမ်ထောင်တွေ ကျပြီး အကြီးမဆိုလျှင် ကလေးတစ်ယောက်တောင် ရနေပြီ။ သူတို့တွေ တုန်းကလည်း စိတ်တိုင်းကျသော သားမက်တွေကို ရခဲ့၏။

သမီးကြီး မေနွယ်မျိုးသည် ဘွဲ့ရပြီး ရုံးတစ်ရုံးမှာ အလုပ်ဝင် သည်။ ကံက ကောင်းချင်တော့ နှစ်နှစ်လောက်အတွင်းမှာ သုံးရာ နှစ်ဆယ်စကေး ဖြစ်သွားသည်။ သူ့အထက်အရာရှိက မေနွယ်မျိုးကို သဘောကျသည်။ မေနွယ်မျိုးက မိဘတွေဆီမှာ လာတောင်းလှည့်ပါဟု ဆိုသည်။ ကောင်လေးက လူအေးကလေး၊ ထို့ကြောင့် လက်ထပ်ပေးလိုက် သည်။

သမီးငယ် မေနွယ်မြင့်က ပညာရေးဘက်မှာ အားနည်းသည် ဆယ်တန်းမအောင်၊ သို့ရာတွင် ရုပ်က ချောသည်။ သူလိုပင် ဆယ်တန် မအောင်သော ကောင်လေးတစ်ယောက်နှင့် ကြိုက်သည်။ ကောင်လေး မိဘက အတန်အသင့် ပြည့်စုံသည်။ တစ်ဦးတည်းသောသား၊ ဆယ်တန် မအောင်တာကလွဲ၍ တခြား ပြောစရာမရှိ၊ နောက်တော့ သဘောလိုက် သွားသည်။ မေနွယ်မြင့်အတွက် ဘာမှ ပူစရာ မလိုချေ။

ပူရတာက သားကြီး မင်းမျိုးအတွက်ပင် ဖြစ်သည်။ သူ့မှာ ရည်းစားလည်း မရှိ၊ ကျောင်းတုန်းကလည်း ချစ်ရေးချစ်ရာကိစ္စမှာ အတွေ့အကြုံ ရှိခဲ့ဟန်မတူ။ ရိုးလည်း ရိုးသည်။ အားလည်း နာတတ် သည်။ မတော်တဆ ခပ်လည်လည် မိန်းမတစ်ယောက် ဖြားယောင် သွေးဆောင်သွားမှာ စိုးရသည်။





သည်လို မိန်းမမျိုးနှင့်သာ တွေ့လို့ကတော့ မိမိတို့ လုပ်ငန်းမှာ ရော မိသားစု အရေးကိစ္စတွေပါ ဝင်ရောက် ကြီးစိုးခြယ်လှယ်ပြီး လက်ဝါး ကြီး အုပ်သွားမှာ သေချာသည်။

နောက်ပြီး ဦးမျိုးမြင့်ဆီမှာ သမီးမိန်းကလေးတွေ ရှိသော်လည်း အတူတူ မနေနိုင်ကြ။ မိမိတို့နှင့် အတူနေပြီး အိမ်ထောင် ထိန်းသိမ်းမှုကို တူညီမည့် ချွေးမကောင်းကောင်း တစ်ယောက် လိုချင်နေသည်။

◊ ◊ ◊

စနေ၊ တနင်္ဂနွေလို နေ့များတွင် သူတို့အိမ်မှာ လူစုံတတ်သည်။ ဒီနေ့တော့ မေနွယ်မြင့်၏ယောက်ျား ဇော်ဝင်းမြင့်လည်း သင်္ဘောထွက်ရာ မှ ပြန်ရောက်နေသဖြင့် လူစုံတက်စုံ ဖြစ်သွားသည်။

ညနေစာ ထမင်းဝိုင်းသည် စိုပြည်လှသည်။ ဒေါ်ထားထားက လည်း ဦးမျိုးမြင့်အကြိုက် မင်းမျိုးအကြိုက်၊ သမီးတွေ သားမက်တွေ အကြိုက်၊ ဟင်းတွေ စုံအောင် ချက်ထားသည်။ မေနွယ်မျိုး၏သား မျိုးမျိုး က သူ့အဘိုး ပေါင်ပေါ်မှာ ထိုင်ပြီး ကျွေးသမျှ ပလုတ်ပလောင်း စားနေ သည်။

ဦးမျိုးမြင့်က မျိုးမျိုးကို မေးသည်။

"သားကို ဘိုးဘိုး မေးမယ်၊ မှန်အောင် ဖြေနော်"

မျိုးမျိုးက ခေါင်းညိတ်သည်။

"ဘိုးဘိုးက ဘယ်သူနဲ့ တွဲရမလဲ"

"ဘွားဘွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ သားမေမေကကော"

"ဖေဖေနဲ့ တွဲရမယ်"

"အေး. . . ဒေါ်လေးမြင့်ကကော"

"ဦးဦးဇော်နဲ့"

"ဟုတ်တယ်ဟေ့ သားက သိပ်တော်တာပဲ၊ ဒါဆို ဦးဦးကြီးကကော ဘယ်သူနဲ့ တွဲရမလဲ"

မျိုးမျိုးသည် မင်းမျိုးကို ကြည့်၍ စဉ်းစားသလို လုပ်နေပြီးမှ. . .

"ဦးဦးကြီးက ကုလားထိုင်နဲ့ တွဲရမယ်"

ရယ်သံတွေ ဆူညံသွားသည်။ မင်းမျိုးက. . .

"ခွေးကောင်လေး၊ ငါ့မျှား ကုလားထိုင်နဲ့ တွဲရမတဲ့"

"ဟုတ်သွားပဲ ကိုကြီးကလည်း၊ ကလေးကတောင် ပြောစရာဖြစ်နေပြီ"

မေနွယ်မျိုးက ပြောသည်။ သူ့ယောက်ျား ကိုချစ်ဦးက ပြုံးနေသည်။

မေနွယ်မြင့်က. . .

"ကိုကြီး အားမကျဘူးလား"

"ဘာကို အားကျရမှာလဲ၊ ငါက. . ."

"သူများအတွဲတွေကိုပေါ့၊ ပြီးတော့ မျိုးမျိုးလို သားလေး တစ်ယောက်လောက်ကော မလိုချင်ဘူးလား"

မင်းမျိုးက မျက်နှာကို ရှုံ့မဲ့လျက်. . .

"တော်ပါပြီ၊ ဒီလို မျောက်လောင်းလေး မွေးလာမှာစိုးလို့ မိန်းမမယူဘဲ နေတာ"

"မျောက်လောင်းဆိုတာ ဘာလဲ"

ဟု မျိုးမျိုးက ဝင်မေးသည်။ မင်းမျိုးက ပြောသည်။

"မျောက်လောင်းဆိုတာလား၊ မင်းလို မျက်စိနောက်လောက်အောင် ဆော့ပြီးတော့ အစားနဲ့ ပါးစပ်နဲ့ မပြတ်တဲ့ ကောင်လေးမျိုးကို





ပြောတာ"

"သားကို မျောက်လောင်းတဲ့"

ဟု ဆိုပြီး မျိုးမျိုးက အော်ငိုသည်။

"အလကား ဦးဦးကြီးက စ,တာပါ သားရယ်၊ ဦးဦးကြီးကမှ မျောက်သင်းကွဲကြီးလို့ ပြန်ပြောလိုက်"

ဟု ဒေါ်ထားထားက ချော့မော့ရင်း ပြောလိုက်သည်။ ဦးမျိုးမြင့်က မျိုးမျိုးပါးစပ်ထဲကို သရက်သီးတစ်စိတ် ထည့်ပေးလိုက်သည်။ မျိုးမျိုးက သရက်သီးကို အလျင်အမြန် မျိုချပြီး. . .

"မျောက်သင်းကွဲဆိုတာကော ဘာလဲ"

ဟု မေးပြန်သည်။

"မျောက်သင်းကွဲဆိုတာ မိန်းမမယူဘဲ လူပျိုကြီး လုပ်နေတဲ့လူကို ခေါ်တာပေါ့"

သူ့အမေက ဝင်ရှင်းသည်။

"လူပျိုကြီးဆိုတာကကော ဘာလဲဟင်"

"ဟာ. . . တော်ပါတော့ကွာ၊ မင်းနဲ့ကျမှပဲ ငါ ခံရတော့တာပဲ၊ ဘာမှ ထပ်မမေးပါနဲ့ မျိုးမျိုးရာ၊ ဦးဦးကြီး ဂျယ်လီဝယ်ကျွေးပါ့မယ်"

ထမင်းပွဲ ပြီးတော့ အိမ်ရှေ့ခန်းမှာ အချိုတည်းရင်း ရေနွေးကြမ်း သောက်ရင်း စကားဆက်ပြောကြသည်။

ဇော်ဝင်းမြင့်က သူ့လက်ဆွဲအိတ်ကြီးကို ဖွင့်၍ နိုင်ငံခြားက ပါလာသော လက်ဆောင်တွေကို ထုတ်သည်။ ဦးမျိုးမြင့်အတွက် ဆီကိုဖွာဇ် နာရီတစ်လုံး၊ ဒေါ်ထားထားအတွက် အင်ဒိုနီးရှား ပါတိတ်၊ မင်းမျိုးအတွက်က ဂျာကင်တစ်ထည်။

ဦးမျိုးမြင့်က နာရီကို ယူကြည့်ပြီး. . .

"ငါ မပတ်ချင်ပါဘူးကွာ၊ မင်းနာရီက ဆန်းပြားလွန်းတယ်"

"ဖေဖေ ပတ်စေချင်လို့ တမင်ဝယ်ခဲ့တာပါ၊ ဖေဖေ့နာရီကြီးက တော်တော် ဟောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဇော်ဝင်းမြင့်က ပြောသည်။

"ဟား. . . ငါ့နာရီက ဟောင်းပေမယ့် အကောင်းစားကွ၊ တစ်ခါမှ မပျက်သေးဘူး၊ အချိန်လဲ မှန်တယ်၊ ငါပတ်လာတာ ဆယ့်ငါးနှစ်ရှိပြီ၊ မင်းတို့ နောက်ဆုံးပေါ် နာရီတွေက တတီတီနဲ့ သေဖို့ တစ်နာရီ နီးလာပြီလို့ အချက်ပေးနေတဲ့ သေမင်းခေါ်သံ ကျနေတာပဲ"

"ဒါမှ ကောင်းတာ၊ ရှင့်ကိုယ်ရှင် အဘိုးကြီး ဖြစ်နေပြီဆိုတာ အမြဲသတိရနေတာပေါ့၊ နို့မို့ဆို သူ့ကိုသူ လူပျိုလေး ကျနေတာပဲ"

ဒေါ်ထားထားက ဝင်ပြော၏။ ဦးမျိုးမြင့်က ပြုံး၍. . .

"ဒီမှာ ဒေါ်ထားထားရဲ့၊ ကျုပ်ကလဲ တစ်သက်လုံး ပတ်လာတဲ့ နာရီကို ဖြုတ်ပြီး နောက်ဆုံးပေါ် နာရီအသစ် ပတ်ရမှာကို ခင်ဗျားကိုပစ်ပြီး မိန်းမငယ်ငယ်လေးတစ်ယောက် ထပ်ယူရမှာလို စိတ်ထဲမှာ မသန့်ဘူးကွ၊ အိုးမော်ဒယ်ပဲ ကောင်းပါတယ်ကွာနော်"

"ဖေဖေ မလိုချင်ဘူးဆိုရင်လဲ ဒီနာရီကို ကိုကြီးပဲ ပေးလိုက်ပေါ့"

မေနွယ်မျိုးက ပြောရာ တစ်ချိန်လုံး ဘာမှဝင်မပြောဘဲ နေသော ကိုချစ်ဦးက. . .

"ကောင်းတယ်၊ ဒါမှ ဒီနာရီရဲ့ တတီတီ မြည်သံက ကိုကြီးကို အသက်တွေ ကြီးလာပြီနော်၊ အချိန်မရှိဘူး၊ တော်ကြာ ဟိုင်းသွားလိမ့်မယ်လို့ သတိပေးသလို ဖြစ်နေမှာ"

မင်းမျိုးက. . .

"အံမယ်. . . ကိုချစ်ဦး၊ ကျွန်တော်က ခင်ဗျားကို ရိုးလှအေးလှပြီ ထင်နေတာ၊ ခင်ဗျားကပါ အတို့အထောင် စကားတွေ ပြောတတ်နေပြီကိုး၊ ဘာလဲ. . . ကျွန်တော့်ကို ခင်ဗျားလို မိန်းမကြောက်ရတဲ့ အသင်းထဲ ပါစေချင်လို့လား"

"စိတ်ကူးမလွဲနဲ့ ငါ့သား၊ အဲဒီအသင်းဆိုရင်တော့ ခြေစုံပစ်ပြီး တော့သာ ဝင်လိုက်"

ဟု ဦးမျိုးမြင့်က ပြောသည်။





"ဖေဖေလဲ အဲဒီအသင်းသားပဲ မဟုတ်လား"

မင်းမျိုးက သူ့အဖေကို တစ်ချက် ပြန်တွယ်လိုက်သည်။ ဒေါ်ထားထားက. . .

"မင်းတို့အဖေက . အဲဒီအသင်းမှာ ဥက္ကဋ္ဌလေကွယ်"

"အောင်မယ်. . . ငါ့ကို မိန်းမကြောက်တဲ့ကောင်များ မှတ်နေသလား၊ မိန်းမစကား နားထောင်တာလောက် ရှိတာပါကွာ"

ဦးမျိုးမြင့် စကားကြောင့် အားလုံး ရယ်မောလိုက်ကြသည်။

. . . ❀❀❀ . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးကတော့ ဘယ်သူတွေ ဘာပဲပြောပြော ထူးခြားမှု ရှိမလာခဲ့ချေ။ သူကိုယ်တိုင်ကပင် အိမ်ထောင်ရေးကို စိတ်မဝင်စားဘဲ ရှိနေခဲ့သည်။ အလုပ်ထဲမှာသာ စိတ်ရောကိုယ်ပါ နှစ်၍ထားသည်။

အားလျှင် ရုပ်ရှင်ကြည့်၊ ဗွီဒီယိုကြည့်၊ သူငယ်ချင်းတွေ လာခေါ်လျှင် လိုက်သွား စသည်ဖြင့် နေမြဲအတိုင်းသာ နေနေ၏။

သူသည် သူငယ်ချင်း အပေါင်းအသင်းကို ခင်တွယ်တတ်သည်။ နဂိုက အားနာတတ်သူ ဖြစ်၍ သူငယ်ချင်းတွေ လာခေါ်လျှင် မငြင်းဘဲ လိုက်သွားလေ့ ရှိသည်။

လက်ဖက်ရည် ကြိုက်တတ်သော သူငယ်ချင်းနှင့်ဆိုလျှင် လက်ဖက်ရည်ဆိုင် ထိုင်သည်။ ရုပ်ရှင်ကြိုက်တတ်သူဆိုလျှင် ရုပ်ရှင်ပြသည်။ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ ဆိုသလို သူငယ်ချင်းတွေကို အိမ်ခေါ်၍ ဗွီဒီယို ပြသည်။

အရက်ကြိုက်တတ်သူနှင့် တွေ့တော့ အရက်ဆိုင်သို့ လိုက်ပြီး ထိုင်သည်။ သူကတော့ မသောက်တတ်ချေ။ အစာစားရုံသာ ဖြစ်သည်။





သူငယ်ချင်းတွေနှင့် သွားတာလာတာကိုတော့ ဦးမျိုးမြင့်က စောန့်ကွက်၊ တစ်ခုပဲ ရှိသည်။ သူငယ်ချင်းတွေထဲမှာ မူးယစ်ဆေးဝါး သုံးစွဲသူ၊ လောင်းကစား အပျော်အပါး လိုက်စားသူတွေ ပါနေမည်ကိုသာ စိုးရိမ်သည်။

မင်းမျိုးက သည်လောက်တော့ မိုက်မည်မထင်၊ ခု သူ ပေါင်းသင်းနေသော သူငယ်ချင်းတွေ ကြည့်ရသည်မှာလည်း သည်လိုတော့ ဟောှပောှရမ်းရမ်းမျိုးတော့ မတွေ့ရ။

မင်းမျိုး၏သူငယ်ချင်းတွေထဲက အတော်များများသည် အိမ်ထောင် ကျကုန်ကြပြီ ဖြစ်သည်။ သို့ပါလျက် သူတို့သူငယ်ချင်း မင်းမျိုးကို သူတို့လို အိမ်ထောင်ပြုဖို့ မဆွယ်နိုင်သည်မှာ တော်တော် ညံ့တဲ့ကောင်တွေ ဖြစ်လို့သာဟု ဦးမျိုးမြင့်က မကြာခဏ ပြောလေ့ ရှိသည်။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့လည်း အဖေ တစ်ယောက်လုံးကတောင် အောင်အောင်မြင်မြင် မစည်းရုံးနိုင်ဘဲ ရှိနေသည်ကို တွေ့ရပြန်သည်။

◈ ◈ ◈

ဦးမျိုးမြင့်သည် လုပ်ငန်းကိစ္စတွင် မင်းမျိုးကို တိတိကျကျ ပြတ်ပြတ်သားသား ဆက်ဆံသော်လည်း တခြားနေရာများတွင် သူငယ်ချင်းသို့ ရင်းရင်းနှီးနှီး ပြောဆိုလေ့ ရှိသည်။ မင်းမျိုးတစ်ယောက် အိမ်ထောင်မပြု သေးဘဲ နေနေခြင်းနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ့သား. . . မင်းစိတ်ထဲမှာ တစ်သက်လုံး အိမ်ထောင်မပြုတော့ဘဲ လူပျိုကြီးဘဝနဲ့ အရိုးထုတ်တော့မယ်လို့များ ဆုံးဖြတ်ထားသလားကွာ"

"ဒီလို တိတိကျကျတော့ ဆုံးဖြတ်ထားတာ မဟုတ်ပါဘူး ဖေဖေ၊ ခုထိတော့ အိမ်ထောင်ပြုချင်စိတ် မရှိသေးတာ အမှန်ပဲ၊ ဒါကြောင့်ပါ"

"ဘာကြောင့်လဲကွ၊ တစ်ချိန်က. . . ဆိုပါတော့၊ တက္ကသိုလ်ကျောင်းမှာတုန်းက မိန်းမတစ်ယောက်ကြောင့် အသဲကွဲခဲ့ဖူးလို့ မိန်းမတွေကို စိတ်နာနေတာလား"

"မဟုတ်ပါဘူး ဖေဖေ"

"မင်းမှာ ရည်းစားလေး ဘာလေးကော မရှိခဲ့ဖူးဘူးလား"

မင်းမျိုးက ခေါင်းခါပြသည်။ ဦးမျိုးမြင့်က မေးစေ့ကို ပွတ်နေပြီး. . .

"မင်းက တစ်ဖက်သတ် ကြိုက်နေတဲ့သူကော"

"မရှိပါဘူး"

"မင်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူးပေါ့"

"ဟုတ်ပါတယ် ဖေဖေ"

"…ယ်ညှို့တဲ့ကောင်ပဲ၊ အဖေ့ခြေရာ မနင်းတဲ့အပြင် အဖေကို …မည်ဖျက်မယ့်ကောင် ထင်ပါရဲ့ကွာ၊ ငါ့သားလို့ ပြောရမှာတောင် ရှက်စရာ …နေပြီ"

ဦးမျိုးမြင့် စကား မှန်၏။ သူသည် ငယ်ငယ်က ရုပ်လည်းဖြောင့်၊ အပြောလည်း ကောင်းသဖြင့် ရည်းစားတွေ များခဲ့ဖူးသည်။ ဒေါ်ထားထားနှင့်ကျမှ တခြားရည်းစားတွေကို အဆက်ဖြတ်ပြီး တန်းတန်းစွဲ ဖြစ်သွားခြင်းပင်။

"မင်းရဲ့ရုပ်ရည်က ပုံမလာလို့ မိန်းကလေးတွေက မကြိုက်တာတော့ မဖြစ်နိုင်ဘူးကွာ၊ မင်းရုပ်ရည်က ငါ ငယ်ငယ်ကနဲ့ ခပ်ဆင်ဆင်ပဲ၊ မင်းအမေရဲ့ ချောတဲ့ အမွေကိုလဲ ရထားတာပဲ၊ မင်းကတောင် ဖေဖေ့



…တ် အရပ်အမောင်း ပိုကောင်းသေးတယ်၊ မင်းသာ နှုတ်သွက်လျှာသွက် …ယ်ဆိုရင် မိန်းမတွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ မင်း ညှို့လို့သာ မစွံတာ …မှာပါ၊ ဒါနဲ့ ဟေ့ကောင်. . ."

ဦးမျိုးမြင့်က ယောက်ျားရောဂါ တစ်ခုအမည်ကို အင်္ဂလိပ်လို …တိုးတိုး ပြောပြီး. . .

"အဲဒါများ ဖြစ်နေလို့လား"

"ဟာ. . . ဖေဖေကလဲ"

မင်းမျိုးမျက်နှာ ရဲကနဲ ဖြစ်သွားသည်။ ဦးမျိုးမြင့်က ရယ်၍. . .

"ရှက်မနေပါနဲ့ကွ၊ မင်း မစွမ်းမသန် ဖြစ်နေရင် ပြော၊ ငါ့မိတ်ဆွေ …ရာဝန်တွေ ရှိတယ်၊ ပြပေးမယ်"

"မဟုတ်ပါဘူး ဖေဖေရာ"

"ဒါဖြင့် မင်း ဘာဖြစ်လို့ ရည်းစားသန်ကလေးတောင် မထားဘဲ …နေရတာလဲ"

"ကျွန်တော် ဒါတွေ သိပ်စိတ်မဝင်စားသေးလို့ပါ"

"ဟ. . . ငါ့သားရ၊ မင်း ဒီအသက်အရွယ်ထိတောင် စိတ်မဝင် …းသေးဘူးဆိုတော့ ဘယ်တော့ စိတ်ဝင်စားမှာလဲ"

"ကျွန်တော် ကြိုက်လောက်တဲ့ မိန်းမမျိုး မတွေ့သေးလို့ပါ ဖေဖေရာ"

ဦးမျိုးမြင့်က တဟားဟား ရယ်ပြီး. . .

"မင်းပြောပုံက လူပျိုကြီး ကိုအေးမြင့် ပြောသလို ဖြစ်နေပြီ။ သူ့ကို မိန်းမယူဖို့ ဝိုင်းပြောကြတော့ ကမ္ဘာပေါ်မှာ သူ ကြိုက်တဲ့ မိန်းမ တစ်ယောက်ပဲ ရှိတယ်တဲ့၊ အဲဒီမိန်းမကို ရမှ ယူမယ်တဲ့၊ ဘယ်သူလဲ ဆိုတော့ ပပဝတီတဲ့"

ဦးမျိုးမြင့်သည် ရယ်နေရာမှ မျက်နှာပိုး သတ်လိုက်ပြီး. . .

"ဒီမှာ သား. . . လူဆိုတာ အချိန်တန် အရွယ်ရောက်လာ… လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတယ်ကွ၊ မင်းအရွယ်က အိမ်ထော…

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့အရွယ် ရောက်လာပြီ၊ တော်ကြာ ခုနပြောတဲ့ လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားမယ် ဘာညာနဲ့ ကြွေးကြော်ခဲ့ပြီးမှ ကောင်မလေး တ... ယောက်ကို တွေ့တော့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ယူလိုက်ရော၊ ယူကြ... အချိန်မှာ သူက အသက်လေးဆယ်ကျော်နေပြီ၊ မိန်းကလေးက ငယ်တေ... သူ့ကို နိုင်ချင်တိုင်း နိုင်တာပေါ့ကွာ၊ ဟော... အခု သူ့ကလေး... တက္ကသိုလ် တက်ရမယ့်အရွယ်လဲ ရောက်ရော၊ သူက ပင်စင်ယူလိုက်ရ... ကလေးအငယ်တွေက ရှစ်တန်းတို့ ငါးတန်းတို့၊ အငယ်ဆုံးကလေး... ခုမှ သူငယ်တန်း၊ ဘယ်လောက် ကသီမယ်ဆိုတာ စဉ်းစားကြည့်စမ်... ဒီတော့ စိတ်ကူးမလွယ်နဲ့ကွာ၊ မင်း ရည်းစားတစ်ယောက်လောက်သ... ရအောင် ရှာပေတော့”

မင်းမျိုးက ဘာမျှပြန်မပြော၊ သူ့အဖေ ဆေးတံ ကောက်ခဲလိုက်... သဖြင့် မီးခြစ်ကို အဆင်သင့် ခြစ်ပေးလိုက်သည်။ ဦးမျိုးမြင့်က ဆေးတံ... သောက်ပြီဆိုလျှင် စကားစ ပြတ်သွားမည် ဖြစ်သည်။ ထိုအချိန်အတွင်... အသာလစ်ထွက်မလို့ စိတ်ကူးလိုက်ခြင်း ဖြစ်သည်။ ဦးမျိုးမြင့်က မီးမညှိ... သေးဘဲ ဆေးတံကို ပါးစပ်မှ ပြန်ချွတ်လိုက်သဖြင့် မင်းမျိုး မီးခြစ်ကို... ပြန်ပိတ်လိုက်ရသည်။

“ဖေဖေ ပြောချင်တာ တစ်ခုရှိသေးတယ်၊ မင်းအနေနဲ့ မိန်းက... လေး တစ်ယောက်ယောက်များ တွေ့လို့ ချစ်ကြိုက်မိတဲ့အခါ အဲဒီ မိန်း... ကလေးက ပညာမတတ်လို့ ဆင်းရဲလို့ ရုပ်ရည်သိပ်မလှလို့များ ဖေဖေတို့... က သဘောတူပါ့မလားလို့တော့ မစိုးရိမ်နဲ့၊ ရိုးသားပြီး မင်းကို တကယ်... ချစ်တယ်ဆိုရင် ပြီးရော၊ ဒါဆို ဖေဖေ ကျေနပ်ပြီးသားပဲ”

မင်းမျိုး ပြုံးယောင်ယောင် ဖြစ်သွားသည်။ သူ ကြိုက်ကောင်း... ကြိုက်မည့် ကောင်မလေးကဖြင့် ဘယ်နေမှန်း မသိသေး၊ အဖေလုပ်သူက ကြိုတင်ပြီး သဘောတူနေသောကြောင့် ဖြစ်သည်။

ဦးမျိုးမြင့်က...

“အေး... တစ်ခုတော့ ရှိတယ်ကွ၊ မင်းဘာသာမင်း မရှာနိုင်ဘူး...





...ဆိုရင်တော့ ဖေဖေကိုယ်တိုင် ရှာပေးရလိမ့်မယ်၊ ဘယ်လိုလဲ”

“ကြည့်လုပ်တာပေါ့ ဖေဖေရာ”

မင်းမျိုးက ပြုံးပြုံးရောဆိုပြီး ပြောလိုက်သည်။

... ...



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးသည် ဈေးထဲမှာ ဟိုကြည့်သည်ကြည့် ကြည့်ရင်း လျှောက်နေသည်။ ကားကူရှင်အတွက် သားရေတု ဝယ်ရန် ဖြစ်သည်။

ကားပိုင်ရှင်က နည်းနည်း ဈေးများချင်သည်။ ကူရှင်ကို ကားဆေးရောင် ဖြစ်သော ကြံရည်ရောင်နှင့် တစ်ထပ်တည်း တူစေချင်သည်။ ကြံရည်ရောင် သားရေက မင်းမျိုးတို့ဆီမှာ အဆင်သင့် မရှိ၊ ထို့ကြောင့် လာဝယ်ရခြင်း ဖြစ်သည်။

ခုရက်ပိုင်းမှာ ကြံရည်ရောင် ပြတ်နေသဖြင့် တော်တော်နှင့် ရှာမတွေ့။ တစ်ဆိုင်မှာ တွေ့သော်လည်း လိုအပ်သလောက် ကိုက်မပြည့်၊ နောက်တစ်ဆိုင်ကျတော့ ရှိတော့ ရှိသည်။ အသင့်ယူသွားသော နမူနာကတ်ပြားနှင့် တိုက်ကြည့်သောအခါ နည်းနည်း ကွာနေသည်။ အရောင်က မဆိုစလောက် ရင့်နေ၏။

"ဒီလောက်ဆို ရပါပြီဗျာ၊ လုံးဝ ထပ်တူထပ်မျှ ရဖို့တော့ ဘယ်လွယ်ပါ့မလဲ၊ အရောင်ကလဲ သိပ်ရှားနေတာ"

ဆိုင်ရှင်က ပြောသည်။ မင်းမျိုးက. . .





"မဖြစ်ဘူးဗျာ၊ ကားရှင်က တော်တော် တိကျစေ့စပ်တာ၊ လုံးဝထပ်တူရမှ လိုချင်တယ် ပြောနေတယ်၊ တခြားဆိုင် ကြည့်ဦးမယ်လေ၊ နောက်ဆုံး မရတော့လဲ စဉ်းစားသင့် စဉ်းစားရမှာပေါ့"

ဟု ပြောပြီး ထွက်လာခဲ့သည်။ သူ မကြာခဏ ဝယ်ဖူးသောဆိုင်မှ အမျိုးသမီးက သူ့ကို ပြုံးပြုံးကြီး ကြည့်နေသည်ကို တွေ့ရ၏။ ထိုအခါမှ သူက. . .

"ဩော်. . . ကူရှင်ချုပ်မလို့ အစလေးဘာလေ ကြည့်တာပေါ့"

"ကြည့်လေ၊ တို့များဆိုင်မှာ အစုံရှိတာပဲဟာ၊ ဘယ်လိုဟာ လိုချင်တာလဲ"

"အသားက အရေးမကြီးဘူး၊ အရောင်ပဲ အရေးကြီးတယ်"

"ဘာအရောင်မို့လို့လဲ"

"ကြံရည်ရောင်"

"အားပါးပါး၊ အရှားဆုံးမှ လိုချင်တာပါလား"

"မရှိဘူးလား ဒါဆိုလဲ. . ."

"နေစမ်းပါဦးလေ ဆရာလေးရဲ့၊ လောလှချည်လား၊ ပြမှာပေါ့"

အမျိုးသမီးက ထိုင်ခုံအောက်ဖက်သို့ ဆင်းပြီး အတွင်းဘက်မှာရှာသည်။ ရှာရင်းကလည်း. . .

"သိပ်ရှားလို့ ဝှက်ထားရတယ်၊ ကိုယ့်လူရင်းထဲက လိုချင်ရင်မရဘဲ နေမှာစိုးလို့၊ ကိုမင်းမျိုးဆိုတော့လဲ မဖြစ်ဖြစ်အောင် လုပ်ပေးရမှာပေါ့၊ ဟုတ်ဘူးလား"

အမျိုးသမီးက နမူနာ အစတစ်စကို ထုတ်ပြသည်။ မြင်မြင်ချင်း အဆင်ပြေပြီဟု မင်းမျိုး သိလိုက်သည်။ သေချာအောင် အရောင်နမူနာကတ်ပြားနှင့် တိုက်ကြည့်သည်။ တစ်ထပ်တည်း။

"အိုကေတယ် မဟုတ်လား"

"အိုကေပါတယ်"

"သိပ်ရှားတယ်နော်၊ ဒီအတိုင်းတော့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဈေးပိုပေးပါ့မယ်"

"အံမယ်. . ပိုက်ဆံ ဘာလုပ်ရမှာလဲ၊ တို့များက ခင်လို့ ရအောင် လုပ်ပေးတာ၊ ထမင်းကျွေးရမယ်၊ ဒါပဲ"

ပြောရင်း မင်းမျိုးကို ခပ်ပြုံးပြုံး ကြည့်သည်။ သူ ကြည့်ပုံက တစ်မျိုးပဲ။ ရောင်းသူဝယ်သူ ကြည့်ပုံမျိုး မဟုတ်၊ အလွန် ရင်းနှီးခင်မင်သူချင်း ကြည့်သည့်အကြည့်မျိုး။

"နောက်တစ်ခါ လာတော့ ဒံပေါက်ဝယ်ခဲ့ပါ့မယ်ဗျာ"

ဟု မင်းမျိုးက ပြောလိုက်သည်။ အမျိုးသမီးက မဲ့ပြုံးပြုံးပြီး. . .

"အံမယ်လေး၊ ဒံပေါက်တစ်ထုပ် စားဖို့ နောက်တစ်ခါ လာတဲ့အထိ စောင့်ရဦးမယ် ဟုတ်လား၊ တော်ပါပြီရှင်၊ ကျွေးမယ်ဆိုတဲ့စကားနဲ့ပဲ ဝသွားပါပြီ"

"ဒါဆိုလဲ လက်ဖက်ရည် တိုက်ပါ့မယ်ဗျာ"

မင်းမျိုးက ဆိုင်က မှာတိုက်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ အမျိုးသမီးကတော့ မျက်နှာဝင်းပသွားပြီး. . .

"ကောင်းသားပဲ. . . လက်ဖက်ရည်တော့ မသောက်ချင်ဘူး၊ အအေးလေးဘာလေး သောက်ရအောင်၊ ပြီးမှပဲ ပစ္စည်းယူတာပေါ့၊ အချိန်ရတယ် မဟုတ်လား"

ဆိုပြီး သူ့ပိုက်ဆံအိတ်ကို လှမ်းယူသည်။

မင်းမျိုး ဘာပြောရမှန်းမသိ ဖြစ်နေသည်။ သည်အမျိုးသမီးသည် သူ့ကို မျက်နှာသာပေးလွန်းသည်။ အပြောအဆိုလည်း ရဲတင်းသည်။ တစ်ခါတစ်ခါ ရိုတိုတိ ညှုတုတု လုပ်တတ်သေးသည်။ ခက်တာက သူ့ဆိုင်ကို သိပ်ရှောင်လို့မရ၊ သူ့ဆိုင်သည် ပစ္စည်းစုံသည်။ လက်ကားသဘောဖြစ်၍ ဈေးလည်း သက်သာသည်။ ဒီကြားထဲ မင်းမျိုးအတွက်ဆိုလျှင် ပစ္စည်းကောင်း ရအောင် ရှာပေးတာတို့ ဈေးအသက်သာဆုံးနှင့်ပေးတာတို့ ရှိသေးသည်။ သူ့ဆိုင်နှင့် မကင်းနိုင်။

မင်းမျိုးသည် အားနာပါးနာနှင့် အအေးဆိုင် လိုက်ထိုင်ရတော့





သည်။ အမျိုးသမီးကတော့ မင်းမျိုးနှင့် နှစ်ယောက်တည်း အအေးဆိုင်ထိုင်ခွင့်ရသဖြင့် အလွန်ကျေနပ်ပြီး စကားတွေ ဖောင်လောက်အောင် ပြောနေသည်။ မင်းမျိုးသည် 'အင်း. . . အဲ' လုပ်နေရ၏။

◊ ◊ ◊

"အဲဒီမိန်းမက အသက်သုံးဆယ့်ငါးနှစ်လောက် ရှိပြီ၊ တစ်ခုလပ်၊ ရုပ်က သိပ်လှတာ မဟုတ်ဘူး၊ ဝတ်စားပြင်ဆင်ထားတော့လဲ ထွက်တာပေါ့လေ၊ အပြောအဆိုကလဲ ကောင်းတယ်ကွ၊ လူတစ်ဖက်သား ကျွေလောက်အောင် ပြောတတ်တယ်"

ဒေါ်ထားထားက မျက်လုံးအဝိုင်းသားနှင့် နားထောင်နေရာမှ. .

"အံမယ်. . . ရှင်က အဲဒီမိန်းမအကြောင်း သိလှချည်လား ဘယ်လိုလုပ် သိတာလဲ"

"အလိုလေးကွာ၊ မင်းက ငါ့ကိုပါ မသင်္ကာ ဖြစ်နေပြန်ပြီလား"

"အို. . . ရှင့်လို အဘိုးကြီးကို ဟိုက ကြိုက်မှာလဲ မဟုတ်ပါဘူး"

"မင်း ဒီလိုမပြောနဲ့နော်၊ ငါက အသက်ငါးဆယ့်သုံးနှစ်ဆိုပေမယ့် အရွယ်တင်တယ်ကွ၊ ခုထိ ဆံပင်မဖြူသေးဘူး၊ မသိတဲ့လူဆို လေးဆယ်လောက် ထင်ကြတာ"

"ကဲပါ. . . နောက်မနေစမ်းပါနဲ့၊ စကားကောင်း ပြောမှာသာ ပြောစမ်းပါ"

"အေး. . . အဲဒီမိန်းမက မင်းသားကို သိပ်အရေးပေးနေတယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းသား လိုချင်တဲ့ ပစ္စည်းဆို မရရအောင် ရှာပေးတယ်၊ ဈေးလဲ လျှော့ပေးတယ်၊ မနေ့ကဆိုရင် သူတို့နှစ်ယောက် အအေးဆိုင်မှာတောင် အတူထိုင်ကြသေးသတဲ့"

"ဘာ. . . ဒါဆို သားကပါ ဒီမိန်းမကို ကြိုက်နေပြီပေါ့"

"သားက ကြိုက်မယ်လို့တော့ မထင်ဘူး၊ အလုပ်သဘောအရ လိုက်လိုက်လျောလျော ဆက်ဆံတာ ဖြစ်ရမယ်၊ ဒီကောင်က အားလဲ နာတတ်တယ် မဟုတ်လား"

"ဒါနဲ့ ဟိုက လည်တယ်ဆို"

"အေး. . . ငါ အဲဒါကို ပူတာပေါ့၊ ဟိုက လည်လည်ဝယ်ဝယ် သွက်သွက်လက်လက် အတွေ့အကြုံလဲ ရှိပြီးသား၊ မင်းသားက လူရိုး လူအ ခပ်တုံးတုံးကွ၊ တော်ကြာ ဟိုက အမိဖမ်းလိုက်မှာ ကြောက်ရတယ်"

"ဒါဆို ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ"

"သိပ်တော့လဲ မပူပါနဲ့ဦးလေ၊ အဲဒီဈေးထဲ ငါ့မိတ်ဆွေတွေ အများကြီးပါ၊ အခုကိစ္စလဲ သူတို့ ပြောပြလို့ သိရတာပဲ၊ သူတို့ကို စောင့်ကြည့်နိုင်းထားပါတယ်"

"ဘာပဲဖြစ်ဖြစ်ရှင်. . . ကျွန်မတော့ စိတ်ပူတာပဲ၊ သားကို အမြန်ဆုံး အိမ်ထောင်ချပေးလိုက်မှ အေးမှာပါ"

"ငါလဲ ဒီလိုပဲ သဘောရတယ်"

"သားမှာ ရည်းစားမရှိတာက ခက်တာပဲ"

ဒေါ်ထားထားက ညည်းညူလိုက်သည်။ ဦးမျိုးမြင့်က. . .

"ငါတို့မှာလဲ သူများကြားရင် ရယ်စရာ ဖြစ်နေပြီ၊ သူများတွေမှာ ကိုယ့်သား ရည်းစားထားလို့ စိတ်ပူရတယ်၊ ငါတို့ကျတော့ ရည်းစားမထားလို့ စိတ်ပူရတယ်၊ တတ်နိုင်ပါဘူးလေ၊ ငါပဲ ရှာပေးရတော့မှာပဲ"

"ရှင် ရှာပေးတာကို သားက ကြိုက်ဦးမှကိုး၊ ရှင့်သား ဈေးများတာလဲ ရှင်အသိ"

"ကြိုက်လောက်တဲ့ဟာမျိုး ရှာရမှာပေါ့ကွာ"





ဒေါ်ထားထားသည် အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် အကြံရဟန်ဖြင့်. . .

"ကိုမျိုးမြင့် ကျွန်မ တစ်ခု စဉ်းစားမိတယ်၊ မဝင်းသိန်းကို ရှင် သိတယ် မဟုတ်လား"

"မဝင်းသိန်း"

ဦးမျိုးမြင့်က ကောင်းကောင်း မမှတ်မိဟန်ဖြင့် ရေရွတ်လိုက်၏။

"ကျွန်မသူငယ်ချင်းလေ၊ ပြီးခဲ့တဲ့လတုန်းကပဲ သူတို့အိမ်မှာ ဘုရားကိုးဆူ ကပ်လို့ ကျွန်မတို့ သွားကြသေးတာပဲ"

"အေး. . . သိပြီ၊ သူတို့မှာ သမီးနှစ်ယောက် ရှိတယ်"

"အငယ်မလေးဆို ဘယ်လိုနေမလဲ၊ အဲဒီနေ့က သူ့အမေ ခေါ်လို့ ကျွန်မတို့ ဝိုင်းထဲတောင် လာထိုင်သေးတယ်လေ၊ ကျွန်မတို့ကသာ စကား ပေလိုက်ရင် ငြင်းမှာမဟုတ်ဘူး"

"အင်း. . . ကောင်မလေးက ချစ်စရာလေးပဲ၊ မဝင်းသိန်းကလဲ တော်ရှာပါတယ်၊ ခပ်ရိုးရိုးအေးအေးပဲ၊ ဒါပေမယ့် သူ့ယောကျ်ားက အရက်ကလေး တမြမြနဲ့ နေချင်တာ၊ နောက်ပြီး ဒီလူက ဖဲသိပ်ရိုက်တယ် ကွ၊ ကားပေါင်ပြီးတော့တောင် ရိုက်တယ်လို့ သတင်းကြားတယ်၊ တော်ကြာ ငါ့သား ရှာသမျှ ဒီလူ့အရက်ဖိုး ဖဲဖိုးဖြစ်သွားတာ စိုးရတယ်"

"အင်း. . . ဒါလဲ ဟုတ်တာပဲ"

ဦးမျိုးမြင့်က ဆေးတံကို မီးညှိသည်။ သူ့မီးခြစ်က ဆေးတံ သမားများအတွက် ထုတ်လုပ်သော မီးခြစ် ဖြစ်သည်။ ခြစ်လိုက်ပြီး တောက်လာသောအခါ ဘေးဘက်သို့ ကောက်ထားသော ပြွန်ကလေးကို မီးမြှိုက်ပေးရသည်။ ထိုအခါ ပြွန်ထိပ်မှ ဆီငွေ့ကို လောင်သော မီးတန်း ကလေး ထွက်လာသည်။

မီးညှိပြီး ဆေးတံကို ဖွာရင်း စဉ်းစားနေသည်။ ရုတ်တရက် သတိရသွားပြီး. . .

"ဟေ့. . . ဒါနဲ့ နေစမ်းပါဦးကွ၊ ဟိုဆရာဝန်မလေးရော ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



လား၊ တို့မြို့နယ်သမဆေးခန်းမှာ လာထိုင်တာလေ"

"ဒေါက်တာဆွေဆွေကို ပြောတာလား"

"အေး. . . ဟုတ်တယ်၊ ရုပ်ကလေးကလဲ ချောတယ်၊ သဘောလဲ ကောင်းတယ်ကွ"

"ရှင် သူ့အကြောင်း မသိသေးဘူးလား"

"ဘာဖြစ်လို့လဲ၊ အိမ်ထောင်ပြုသွားပြီလား"

"မဟုတ်ဘူး၊ ဘယ်လို စိတ်ကူးရမယ် မသိပါဘူးရှင်၊ အလုပ်က ထွက်ပြီး သီလရှင် ဝတ်သွားတာလေ"

"ဟေ. . ."

"ကဲပါလေ၊ ရှင်လဲ စဉ်းစားဦး၊ ကျွန်မလဲ စဉ်းစားထားမယ်၊ သင့်တော်မယ် ထင်တာလေးတွေ တွေ့တော့ သားကို ပြရမှာပဲ၊ အရေးကြီးဆုံးကတော့ သားကပါ ကြိုက်ဖို့ပဲ"

ဦးမျိုးမြင့်က ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ဒေါ်ထားထားက ဧည့်ခန်းနံရံမှာ ချိတ်ထားသော မင်းမျိုး၏ ဓါတ်ပုံကို ကြည့်လိုက်သည်။ သားက ချောမောခန့်ညားသူ၊ ယဉ်ကျေးသိမ်မွေ့သူ၊ ပညာကော အလုပ်အကိုင်ပါ ပြောစရာမရှိ၊ မိန်းမကောင်းကောင်း တစ်ယောက်ကို အချိန်မရွေး ရနိုင်တယ်ဟု တွေးလေသည်။



ကားဆေးမှုတ်ရာတွင် အသုံးပြုသည့် ကွန်ပရက်ဆာ တစ်လုံး ရောင်းရန် ရှိသည် ဆိုသဖြင့် မောင်ခိုင်လမ်းသို့ လာခဲ့သည်။ ပစ္စည်းက သိပ်မကောင်း၊ အမြင်ကောင်းရုံ ပြထားခြင်း ဖြစ်သည်။ ဈေးကတော့ အတော်ဆိုထားသည်။ ဦးမျိုးမြင့်က သူ့အလုပ်ရုံနာမည် ပြောပြလိုက်တော့မှ ရောင်းမည့်သူက ဦးမျိုးမြင့်ကို နှပ်ချလို့ မရမှန်း သိသွားသည်။ ဈေးကို တစ်ဝက်နီးပါးလောက် လျှော့ချပေးလိုက်သည်။

ဦးမျိုးမြင့်က ငွေချေပြီး ပစ္စည်းကို အငှားကားတစ်စီးဖြင့် တင်ပြီး တပည့်တစ်ယောက်နှင့် ပြန်လွှတ်လိုက်သည်။ သူကတော့ သွားစရာလေးတွေ ရှိနေသေးသည်။

ဦးမျိုးမြင့်သည် အိမ်က ဗောက်ဝက်ဂွန်ကားကို တစ်ခါတစ်ရံမှသာ သုံးလေ့ ရှိသည်။ များသောအားဖြင့် ကားကို မင်းမျိုးအား ပေးထားလေ့ ရှိသည်။

သူ့ဝါသနာက မြို့ထဲ ရောက်လျှင် စိတ်ကူးတည့်ရာ ဟိုနေရာသည် သည် လျှောက်သွားတတ်သည်။ အလုပ်ရုံအတွက် လိုအပ်သည့်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်အတွက် လိုအပ်သည့်ပစ္စည်း တွေ့လျှင် ဝယ်သည်။ စက်မှုလက်မှုသုံးပစ္စည်းကိရိယာ၊ အသစ်အဟောင်း ရောင်းသောဆိုင်တွေ ဝင်ကြည့်သည်။ ဝင်မွှေသည်။ တစ်ခါတစ်ရံကျလျှင် အလွန်အသုံးဝင်သည့် ပစ္စည်းတစ်ခုကို အဟောင်းဆိုင်တစ်ဆိုင်မှာ ဈေးပေါပေါနှင့် ရတတ်သည်။

သူ့အကျင့်တစ်ခုမှာ ပစ္စည်းတစ်ခုကို လောလောဆယ် အသုံးမဝင်သေးသော်လည်း ဈေးသက်သာလျှင် ရှားပါးသောပစ္စည်း၊ နောင်အသုံးလိုလာလျှင် ရှာဖို့မလွယ်သော ပစ္စည်းမျိုး ဖြစ်လျှင် ဝယ်ထားတတ်သည်။ ဤသို့ဖြင့် သူ လေးငါးဆယ်နှင့် ဝယ်ထားသော ပစ္စည်းတစ်ခုသည် တကယ် အသုံးတည့်လာသောအခါ လေးငါးရာ ပေးပြီး ပင်ပင်ပန်းပန်း လိုက်ရှာနေစရာ မလိုတော့ချေ။

သူ့ ကြီးပွားတိုးတက်ခဲ့ခြင်းမှာ ဤကဲ့သို့ လာဘ်မြင်တတ်မှုကြောင့် ဖြစ်သည်။ သည်လိုနေရာမျိုးမှာ မင်းမျိုးက လိုသေးသည်။ သည်ကောင်ကတော့ ကြိုတင် ပြင်ဆင်ထားဖို့ စုဆောင်းထားဖို့ သိပ်စိတ်မကူးချေ။ လိုပြီဆိုမှ အပြေးအလွှား လိုက်ရှာတတ်သည်။ ထိုအခါ ဈေးကြီး မိတတ်လေသည်။

တစ်ခါတစ်ရံ သူက ကားကို ဘားလမ်းလောက်မှာ ရပ်ထားခဲ့ပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်၊ ဟိုကြည့်သည်ကြည့် လျှောက်လာခဲ့ရာမှ လမ်းမတော် သံဈေးထဲထိ ရောက်ချင်ရောက်သွားတတ်သည်။ ပြန်မယ်လုပ်တော့ ကားရှိရာ ဘားလမ်းထိ တစ်မျှော်တစ်ခေါ်ကြီး ပြန်လျှောက်ရတတ်သည်။

ထို့ကြောင့် မြို့ထဲ ထွက်လျှင် အငှားကားဖြင့်သာ အလာများသည်။ ဆင်းချင်သည့်နေရာဆင်း သွားချင်ရာသွား၊ ဝယ်ချင်ရာဝယ်ပြီး ပြန်ချင်လျှင် ရောက်သည့်နေရာမှ အငှားကားတစ်စီး ဖမ်းတားလိုက်ရုံပင်။

သည်နေ့လည်း ကားယူမလာခဲ့၊ မင်းမျိုးက လိုက်ပို့ပါမည်ဟု ဆိုသေးသည်။

အလုပ်ရုံမှာ ကားတစ်စီး ဆေးမှုတ်ဖို့ ရှိသဖြင့် အရောင်ကြည့်ဖို့



ဆိုသောကြောင့် ထားခဲ့သည်။ သူ့ဘာသာပင် အငှားကားတစ်စီး ငှားပြီး လာခဲ့၏။

ကွန်ပရက်ဆာ ဝယ်သည့်ကိစ္စ ပြီးတော့ ပြန်ပြင်ပေးခဲ့သည့်ကိစ္စကို သတိရသည်။ ငွေရဖို့ ရှိသည်။ ငွေတော့ မဟုတ်၊ ချက်လက်မှတ်ရမည် ဖြစ်သည်။ လွန်ခဲ့သော တစ်ပတ်က ငွေတောင်းခံလွှာ တင်ခဲ့သည်။ တစ်ပတ်လောက်နှင့် ရဦးမည်မဟုတ်။ အခြေအနေ ဝင်ကြည့်ဦးမည်ဟု စိတ်ကူးသည်။

ရုံးက သူရောက်နေရာနှင့် နည်းနည်းလှမ်းသည်။ သည်နေ့ လမ်းလျှောက်တာ များသွားသဖြင့် ညောင်းလည်း ညောင်းပြီ၊ ဆာလည်း ဆာနေသည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်သည်။ ဆိတ်သားမုန့်နှင့် လက်ဖက်ရည် သောက်သည်။ ပြီးမှ ကားငှားပြီး ရုံးသို့ လာခဲ့သည်။

ရုံးအောက်ထပ် အဝင်ဝရှိ စုံစမ်းရန်ဆိုသော စားပွဲမှာ ကိစ္စပြော၍ မေးသည်။ ဘဏ္ဍာရေးဌာနစိတ်ကို သွားပါဟု ဆိုသည်။

ဘဏ္ဍာရေးဌာနစိတ် အခန်းထဲ ဝင်သည်။ ထိပ်ဆုံးက စားပွဲတွင် မေးသည်။ အခြားစားပွဲတစ်လုံးကို ညွှန်ပြသည်။ ထိုစားပွဲမှ လူကို သွားမေးသည်။ ထိုသူက ဖိုင်တွဲတစ်ခုကို ယူပြီး လှန်ကြည့်သည်။ ထို့နောက်. .

"မော်တော်ယာဉ် ဌာနစိတ်က အတည်ပြုချက် ယူရဦးမယ်" ဟု ပြောသည်။

"အတည်ပြုချက် ဆိုတာက. . ."

"အဲဒီကားကို အမှန်တကယ် ဘော်ဒီပြင်ပြီးပါပြီဆိုတဲ့အကြောင်းပေါ့"

ဦးမျိုးမြင့် ပြုံးချင်သလိုလို ဖြစ်သွားသည်။ ဘော်ဒီပြင်ပေးလိုက်ရသော ကားက ရုံးဖယ်ရီကား ဖြစ်သည်။ ပြင်ပြီးလို့ ရုံးသူရုံးသားတွေ အကြိုအပို့ လုပ်နေတာ တစ်ရုံးလုံးအသိ၊ သို့ရာတွင် ရုံးလုပ်ငန်း သဘောအရတော့ စာနှင့်ပေနှင့် ဖြစ်ရပေမည်။

"ဒီတော့ အန်ကယ့်ကိစ္စက ဘယ်လောက် ကြာဦးမလဲ

www.burmeseclassic.com

www.burmeseclassic.com



"မော်တော်ယာဉ် ဌာနစိတ်က အတည်ပြုချက် ရပြီးရင် ဘီစီက တစ်ဆင့် လက်ထောက်ညွှန်မှူးဆီ တင်ရမယ်၊ လက်ထောက်ညွှန်မှူးက တစ်ဆင့် ထောက်ခံပြီး ညွှန်မှူးဆီ တင်ရမယ်၊ တစ်ပတ်လောက်. . . အင်း. . . သေချာအောင် လကုန်လောက်မှ လာခဲ့ပေါ့"

"ကြာလှချည်လား၊ တစ်လနီးပါးပဲ"

"ဒါကတော့ ပရိုစီဂျာအတိုင်း သွားရတာပဲလေ၊ ကျွန်တော့်ဆီ ရောက်လာတာတော့ တင်ပေးလိုက်မှာပဲ၊ ညွှန်မှူးက သိပ်အလုပ်များတာ"

"ဒါနဲ့ မော်တော်ယာဉ် ဌာနစိတ်ကိုကော စာပို့ပြီးပြီလား"

ဦးမျိုးမြင့်က အထွန့်တက်နေသဖြင့် စာရေးလုပ်သူက နည်းနည်း မကျေမနပ် ဖြစ်သွားဟန် တူသည်။

"မနေ့ကတည်းက ပို့ထားတာပဲ"

"ဩော်. . . ဩော်. . . ကျေးဇူးပါပဲ"

ဆိုပြီး ဦးမျိုးမြင့် အခန်းထဲက ထွက်ခဲ့သည်။ မော်တော်ယာဉ် ဌာနစိတ်က အခန်းချင်း ကပ်လျက် ဖြစ်သည်။ ဦးမျိုးမြင့် အခန်းထဲ ဝင်လိုက်သောအခါ စားပွဲသုံးလုံးနှင့် ကုလားထိုင်များသာ တွေ့ရသည်။ လူတစ်ယောက်မျှ မရှိ။ စားပွဲတစ်လုံးရှေ့ရှိ ကုလားထိုင်မှာ ထိုင်ရင်း စောင့်နေလိုက်သည်။

ဆယ်မိနစ်လောက်အကြာတွင် စာရေး လူငယ်တစ်ယောက် အခန်းထဲ ခပ်သုတ်သုတ် ဝင်လာသည်။ ဦးမျိုးမြင့် ထိုင်နေသော စားပွဲမှ မဟုတ်။ တခြားစားပွဲမှ ဖြစ်သည်။ ဦးမျိုးမြင့်ကို မြင်သော်လည်း ဘာမျှ မမေး။ စားပွဲအံဆွဲထဲက လက်သုံးလုံးစာလောက် ရှိသော စာအုပ်ငယ်လေး တစ်အုပ်ကို ယူပြီး ခပ်သုတ်သုတ် ပြန်ထွက်မည် ပြုသည်။ ဦးမျိုးမြင့်က. . .

"ဟေ့. . . သူငယ် သူငယ်၊ နေပါဦးကွ"

ဟု ပြောမှ ခြေလှမ်းတုံ့ပြီး လှည့်ကြည့်သည်။ ဦးမျိုးမြင့်က သူ့စားပွဲရှေ့ သွားပြီး. . .





"ဦးလေး ဒီရုံးက ချက်တစ်စောင် ရဖို့ ရှိတယ်၊ အဲဒါ ငါ့တူတို့ ဌာနစိတ်က အတည်ပြုချက် လိုနေလို့"

"ဩော်. . . ဒါလား၊ တနင်္လာနေ့ လာခဲ့ပါ"

ပြောပြောဆိုဆို ခြေလှမ်းပြင်ပြန်သည်။ ဦးမျိုးမြင့်က သူ့ ထွက် မည့်ဘက်မှ ပိတ်ကာသလို ရပ်လိုက်ပြီး. . .

"ဒီနေ့ ရအောင် လုပ်ပေးပါလား"

စာရေးလေးသည် ဦးမျိုးမြင့်၏စကားကို အမြန်ကြေး ပေးပါ့မယ် ဟု အဓိပ္ပါယ် ပေါက်သွားသလား မသိ၊ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဩော်. . . ဒါဆို ခဏလေး"

ဟု ပြော၍ သူ့စားပွဲပေါ်မှ ဖိုင်တွဲ တစ်ထပ်ကြီးထဲက တစ်ခုကို ယူလိုက်ပြီး လှန်သည်။

"အန်ကယ့်လုပ်ငန်းနာမည်က. . . "

"လမင်း ကားအမိုး ကူရှင်နှင့် ဘော်ဒီလုပ်ငန်း"

စာရွက်တွေ လှန်သည်။ ပြီးတော့. . .

"အဲဒီစာ ကျွန်တော့်ဆီ မရောက်သေးဘူး၊ ဘဏ္ဍာရေး ဌာနစိတ်မှာ သွားမေးကြည့်ပါလား"

"အဲဒီ ဌာနစိတ်က ဒီကို လွှတ်လိုက်တာပဲ"

"ဟာ. . . သူတို့ဆီက စာမှ ဒီကို မရောက်သေးပဲ အန်ကယ်ရဲ့ ဘာလုပ်လို့ ရမှာလဲ"

ဦးမျိုးမြင့် စိတ်တိုသွားသည်။ ဟိုကနေ ဒီလွှတ်၊ ဒီကနေ ဟိုပြန် လွှတ်၊ ဘဏ္ဍာရေးဌာနစိတ်သို့ ပြန်လာသည်။ စောစောက စာရေးဆီ ပြန်သွားသည်။

"ဘယ်လိုလဲကွ၊ မင်းဆီကစာ မော်တော်ယာဉ် ဌာနစိတ်ကို မရောက်သေးဘူး ဆိုပါလား"

တကယ်တော့ ထိုစာရေးသည် ပြီးပြီးရော ပြောလွှတ်လိုက်ခြင်း ဖြစ်သည်။ စာကို သူ မပို့ရသေး၊ ဦးမျိုးမြင့်အနေဖြင့် မော်တော်ယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ဌာနစိတ်မှာ သွားစုံစမ်းလိမ့်မည် မထင်သောကြောင့် စာပို့လိုက်ပြီဟု ပြောလိုက်ခြင်း ဖြစ်၏။ ခုတော့ သူ ရှက်လည်း ရှက်သွားသည်။ စစ်စစ် ပေါက်ပေါက် လိုက်လုပ်နေသော ဦးမျိုးမြင့်ကို နည်းနည်းလည်း စိတ်ဆိုး သွားပုံ ရသည်။

"ပို့ပြီးပြီ"

ဟု ပြောင်လိမ်လိုက်သည်။

"မပို့ရသေးဘူး၊ မင်းသေသေချာချာ ပြန်ရှာဦး"

ဦးမျိုးမြင့်ကလည်း စိတ်တိုလက်စနှင့် ခပ်မာမာ ပြောလိုက်သည်။ ဘေးစားပွဲများမှ လူများ သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။ စာရေးသည် မျက်နှာနီလာပြီ။

"ပို့ပြီးပြီလို့ ပြောနေပြီပဲ၊ ဒါကို မကျေနပ်လဲ မတတ်နိုင်ဘူး"

"မင်း မတတ်နိုင်လဲ တတ်နိုင်တဲ့လူဆီ သွားရတာပေါ့ကွာ"

ဦးမျိုးမြင့် လှည့်ထွက်လာခဲ့သည်။ လက်ထောက်ညွှန်ကြားရေးမှူး ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းထဲသို့ ဝင်သွားသည်။

လက်ထောက်ညွှန်ကြားရေးမှူးသည် ထိပ်ပြောင်ပြောင်၊ ခပ်ဗိုင့်ဗိုင့် ဖြစ်သည်။ တယ်လီဖုန်း ပြောနေသည်။ ဦးမျိုးမြင့် ဝင်လာသည်ကို မြင်သောအခါ ကုလားထိုင်ကို ညွှန်ပြပြီး ခဏစောင့်ပါ ဆိုသောသဘော ဖြင့် လက်ဝါးထောင်ပြသည်။ ဦးမျိုးမြင့် ကုလားထိုင်မှာ ဝင်ထိုင်သည်။

လက်ထောက်ညွှန်မှူးက ဖုန်းကို ချလိုက်ပြီးနောက်. . .

"ဘာကိစ္စ ရှိလို့ပါလဲ"

မေးသည်။ ဦးမျိုးမြင့်က ဖြစ်ခဲ့သမျှ ပြောပြသည်။ လက်ထောက် ညွှန်မှူးသည် ခေါင်းကုတ်လိုက်ပြီး. . .

"ခက်တာပဲဗျာ၊ ကျွန်တော့်ဆီ ရောက်လာရင်တော့ ညွှန်မှူးဆီ အမြန်ဆုံး တင်ပေးမှာပါ၊ ဒီလိုလုပ်လိုက်လေ၊ တနင်္လာနေ့ တစ်ခေါက် လာခဲ့ပါလား၊ ကျွန်တော် ပြီးအောင် လုပ်ခိုင်းထားပါ့မယ်"

"ကျေးဇူးပါပဲ"





ဦးမျိုးမြင့် မတ်တတ် ထရပ်လိုက်သည်။ လက်ထောက်ညွှန်မှူးက ညည်မွှန်မွှန် ပြောသည့်တိုင် ဦးမျိုးမြင့်သည် စောစောက မကျေနပ် ချက်စ ရှိနေသဖြင့် စကားတစ်ခွန်းကိုတော့ မပြောဘဲ မနေနိုင်ချေ။

"ကျွန်တော့်ဆီ အလုပ်အပ်တုန်းက ကားဘော်ဒီ ထုတ်တာရော၊ မှတ်တာပါ၊ တကယ် လက်တွေ့လုပ်တာ တစ်ပတ်ပဲ ကြာပါတယ်၊ တောင် အလုပ်တွေ သိပ်များနေလို့ပါ၊ နို့မို့ဆို သုံးရက်နဲ့ ပြီးပါတယ်၊ မှာတော့ စာရွက်ပေါ်မှာ အလုပ်လုပ်တာ နှစ်ပတ်တောင် ကြာတယ် ဗျာ"

လက်ထောက်ညွှန်ကြားရေးမှူးသည် ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သည်။

ထိုအခန်းမှ ထွက်လာပြီး ကပ်လျက်အခန်းတွင် ညွှန်ကြားရေးမှူး ဟု ဆိုင်းဘုတ်တပ်ထားသည်ကို တွေ့ရ၏။ ဦးမျိုးမြင့် စိတ်ကူးရသဖြင့် အခန်းဝမှာ ထိုင်နေသော ရုံးအကူစာရေးကလေးကို. . .

"ညွှန်မှူး ရှိလား"

ဟု မေးလိုက်သည်။

"ရှိပါတယ်"

ဦးမျိုးမြင့်က ဆင်နားရွက်တံခါးကို တွန်းဖွင့်၍ ဝင်မည်အပြု. .

"အန်ကယ် ခဏစောင့်ပါဦး"

"အထဲမှာ ဧည့်သည်ရှိလို့လား"

"မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော် ဝင်မေးလိုက်ဦးမယ်၊ ညွှန်မှူးက အလုပ်များနေလားလို့"

"ငါလည်း အလုပ်ကိစ္စနဲ့ လာတာပဲ"

ဟု ပြောပြီး တံခါးကို တွန်းဖွင့်၍ ဝင်လိုက်သည်။ ညွှန်မှူးသည် တစ်စုံတစ်ရာကို ငုံ့၍ရေးနေရာမှ မော့ကြည့်သည်။

"ထိုင်ပါ"

ဦးမျိုးမြင့် ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ. . . ဟို. . ."

ဆိုပြီး ဦးမျိုးမြင့်ကို စိုက်ကြည့်နေသည်။ ဦးမျိုးမြင့်ကလည်း. .

"ကျွန်တော်. . ."

ဟု ပြောရင်း ပြန်ကြည့်နေသည်။ ညွန့်မှုးက အံ့ဩသလို

သွားပြီး. . .

"ခင်ဗျား. . . ခင်ဗျား၊ ဟာ. . . ဟော့ကောင်၊ မင်း မျိုး

မဟုတ်လား"

"ဟုတ်. . အဲ. . ခင်ဗျား၊ ဟာ. . . ဟော့ကောင်၊ မင်း စိန်ကြ

မဟုတ်လား"

"မင်းလည်း သိပ်မပြောင်းပါဘူးကွ၊ နည်းနည်း ဝလာတာရ

ထိပ်ပြောင်စ ပြုလာတာရယ်"

ဦးစိန်ကြည်က ရယ်၍. . .

"မင်းကတော့ ငါ့ထက်တောင် နုနေသေးတယ်၊ ဆံပင်လဲ

ဘူး၊ ထိပ်လဲ မပြောင်ဘူး"

"မင်းကွာ နေနိုင်လိုက်တာ၊ ရန်ကုန်ရောက်နေတာတောင် ငါ့

အသိမပေးဘူး"

ဦးမျိုးမြင့်က ပြောရာ. . .

"ဘယ်လိုလုပ် အသိပေးမလဲကွ၊ မင်း ဘယ်နေမှန်းမှ မသိတ

ငါ နယ်တွေ လျှောက်ပြောင်းနေရတာ၊ နှစ်ပေါင်းမှ မနည်းဘဲ"

"ငါ့အလုပ်ရုံကို ရှာရင် ရသားပဲ"

"ငါလဲ ရန်ကုန်ရောက်တာ ခြောက်လလောက် ရှိသေးတာ

နေရေးထိုင်ရေး စီစဉ်ရတာနဲ့၊ ရုံးမှာလဲ အလုပ်အပြောင်းအလဲမို့ အသ

ကျအောင် လုပ်နေရတာနဲ့ ဘယ်မှ သိပ်ပြီး မသွားနိုင်ဘူးကွ၊ ရော

ရောက်ချင်း မင်းကိုတော့ သတိရပါတယ်"

ဦးစိန်ကြည်က စားပွဲပေါ်ရှိ လူခေါ်ခေါင်းလောင်းကို နှိပ်လို

သည်။ ရုံးအကူလေး ဝင်လာသည်။ သူ့စိတ်ထဲတွင် ဧည့်သည်ကို မ





ဘဲ ဝင်ခွင့်ပေးရကောင်းလားဟု သူ့ကို ဆူလိမ့်မည်ဟု ထင်ထားဟန်

သည်။ ဦးစိန်ကြည်က. . .

"လက်ဖက်ရည်နှစ်ခွက်နဲ့ ဆေးပတ်သုပ်နှစ်ချပ် မှာပေးစမ်းပါ

"

ဟု ဆိုမှ စိတ်သက်သာရာ ရဟန်ဖြင့် အပြင်ပြန်ထွက်သွားသည်။

"နေစမ်းပါဦးကွာ၊ မင်း ခု ရုံးကို လာတာ ဘာကိစ္စလဲ"

"ကိစ္စကလား၊ မင်းကို မေးစရာလေးတစ်ခု ရှိလို့"

"အင်း. . . ဆိုစမ်းပါဦး"

"မင်းတို့ရုံးမှာ စားပွဲတစ်ခုကနေ နောက်တစ်ခုကို စာပို့တဲ့အခါ

ယ်စံနစ်ကို သုံးသလဲ"

"မင်းပြောတာ ငါမရှင်းဘူးကွ"

"ဩော်. . . စားပွဲတစ်ခုကနေ တစ်ခုကို စာပို့တဲ့အခါ စာတိုက်

များ ပို့နေလားလို့"

"ပေါက်ပေါက်ရှာရှာကွာ၊ ကိုယ့်ရုံးထဲမှာပဲဟာ၊ လူကိုယ်တိုင်ပဲ

တာပေါ့"

"မသိပါဘူးကွာ၊ ငါ့ကိစ္စကို စားပွဲငါးလုံးလောက်ကို စာတစ်

င် ဖြတ်သွားတာ တစ်လလောက် ကြာမယ်ဆိုတော့ စားပွဲတစ်လုံးက

တစ်လုံးကို ကူးတာ ခြောက်ရက်ကြာတဲ့ သဘောပေါ့၊ ဒါကြောင့်

တိုက်ကများ ပို့သလားလို့ မေးတာ"

"မင်းကလဲ လုပ်တော့မယ်၊ ခု ဘာဖြစ်လို့လဲ"

ဦးမျိုးမြင့်က သူ့ကိစ္စဖြစ်ပုံကို ပြောပြသည်။

"ခက်တာပဲ၊ ဒီကောင်တွေ နည်းနည်းတော့ ကြပ်ကြပ်မတ်မတ်

မှဖြစ်မယ်၊ ငါလဲ အလုပ်အလွှဲအပြောင်း ကိစ္စတွေ မပြတ်သေးလို့

လူတွေက ကတ်ဖဲ့ဖဲ့ လုပ်ချင်တယ်ကွ၊ ဟိုဘက်စားပွဲနဲ့ ဒီဘက်စားပွဲ

ပ်လျက်ဟာ တစ်ယောက်ကလဲ သူမှ ငါ့ဆီ လာမပေးဘဲဆိုပြီး နေတ

စ်ယောက်ကလဲ သူမှ လာမတောင်းဘဲဆိုပြီး မပို့ဘူး၊ အဲဒီလိုနဲ့ ကြာ



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ ရှိနေတယ်၊ မင်းကိစ္စလဲ ငါ အမြန်ဆုံး လုပ်ခိုင်းပါ့မယ်၊ တနင်္လာနေ့ လာခဲ့"

"ဒီနေ့ မရဘူးလားကွ"

"ရအောင် လုပ်ခိုင်းရင် ရတာပေါ့၊ ဒါပေမယ့် ငါ့သူငယ်ချင်း ချက်ချင်း လုပ်ခိုင်းတယ်ဆိုတာမျိုး မဖြစ်စေချင်လို့"

"အေး. . . ဟုတ်တယ်ကွ၊ မင်းပြောတာ မှန်တယ်"

လက်ဖက်ရည်နှင့်မုန့်များ ရောက်လာသည်။ စားရင်းသော ရင်း စကားပြောကြသည်။ မိသားစုအကြောင်း အပြန်အလှန် မေးသည်

ဦးစိန်ကြည်သည် စကားပြောရင်းက ဖတ်စရာရှိတာ ဖ လက်မှတ်ထိုးစရာရှိတာထိုး၊ အလုပ်မပျက် လုပ်နေသည်။

"ကဲ. . . ငါလဲ သွားဦးမှ၊ မင်းလဲ အလုပ်တွေ ရှိသေးတာ

ဦးမျိုးမြင့်က နှုတ်ဆက်သည်။ ဦးစိန်ကြည်က. . .

"တနင်္လာနေ့ ရုံးဆင်းခါနီးလောက် လာခဲ့ပါလား၊ ငါနဲ့ တူ လိုက်ခဲ့၊ အိမ်ကိုလဲ သိသွားအောင် ရင်ရင်တို့နဲ့လဲ တွေ့ရတာပေါ့၊ မထာ ခေါ်ခဲ့ရင် ပိုကောင်းမယ်"

"ထား လိုက်လာနိုင်ရင်လဲ ခေါ်ခဲ့မယ်လေကွာ"

ဦးမျိုးမြင့် အခန်းထဲက ပြန်ထွက်လာသည်။ ရုံးအပြင်ဘ ထွက်ခါနီးတွင်. . .

"အန်ကယ်. . . အန်ကယ်၊ ခဏနေပါဦး"

ဟု ဆိုပြီး ဘဏ္ဍာရေးဌာနစိတ်က စာရေးက အပြေးအလွှ လိုက်လာသည်။ သူ့မျက်နှာထားမှာ စောစောကလို မဟုတ်၊ ချိုသာပြုံး လျက်. . .

"ကျွန်တော် အခုပဲ မော်တော်ယာဉ်ဌာနစိတ်က အတည်ပြုချ သွားယူလာခဲ့ပြီးပြီ၊ ဆယ့်ငါးမိနစ်လောက် စောင့်ပါလား၊ တစ်ခါတည် ရသွားအောင်"

သူနှင့် ညွန်ကြားရေးမှူးကို သူငယ်ချင်းများ ဖြစ်ကြောင်း





တလေးကတစ်ဆင့် သိသွားခဲ့ဟန် တူသည်။ ထို့ကြောင့် ဖားယား သား လုပ်နေခြင်း ဖြစ်ရမည်။ ဦးမျိုးမြင့်က ပြုံး၍. . .

"ရပါတယ်ကွာ၊ အေးအေးဆေးဆေးသာ လုပ်ပါ၊ အန်ကယ် စောင့်ဖို့ အချိန်မရဘူး၊ အရေးကြီးတဲ့ကိစ္စလေး ရှိနေလို့"

ဟု ပြောပြီး ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမြင့်နှင့် ဦးစိန်ကြည်တို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ တက္ကသိုလ်မှာတုန်းက တစ်ဆောင်တည်း တစ်ခန်းတည်း အတူနေခဲ့ကြသည်။

ဘွဲ့ရပြီးတော့ ဦးစိန်ကြည်က အစိုးရအလုပ် ဝင်လုပ်ပြီး ဦးမျိုးမြင့်က အပြင်အလုပ်ကို လုပ်သည်။

အိမ်ထောင်တွေ ကျတော့လည်း တစ်အိမ်နှင့်တစ်အိမ် အဝင်အထွက် စိပ်သည်။ ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့သည်လည်း ဦးမျိုးမြင့်နှင့် ဦးစိန်ကြည်တို့လိုပင် ငယ်ပေါင်း သူငယ်ချင်းတွေလို ဖြစ်သွားကြသည်။

နောက်. . . ဦးစိန်ကြည်တို့ နယ်ပြောင်းရတော့လည်း အစပိုင်းတွင် စာအဆက်အသွယ် မပြတ်၊ နှစ်တွေ ကြာလာတော့မှ အဆက်ပြတ်ကုန်ကြခြင်း ဖြစ်သည်။

ခုလို မမျှော်လင့်ဘဲ ပြန်ဆုံကြရတော့ ဝမ်းသာကြရသည်။ ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့ကလည်း တစ်ယောက်နှင့် တစ်ယောက်





အလွမ်းတွေ ချင်နေကြသည်။ ရုံးပိတ်ရက်တစ်ရက်တွင် ဦးစိန်ကြည်တို့အိမ် သွားလည်မည်ဟု ဒေါ်ထားထားက ပြောသည်။

တနင်္လာနေ့တွင် ဦးမျိုးမြင့်သည် ချိန်းဆိုထားသည့်အတိုင်း ဦးစိန်ကြည်၏ ရုံးသို့ ရုံးဆင်းခါနီးအချိန်တွင် ရောက်သွား၏။

"မင်းရဲ့ကိစ္စတော့ ပြီးပြီကွ၊ ငါတောင် ဘာမှ မပြောရသေးဘူး။ မင်းနဲ့ငါနဲ့ သူငယ်ချင်းဆိုတာ ဒီကောင်တွေ သိသွားတယ် ထင်တယ်၊ ဟိုနေ့က မင်းပြန်သွားပြီး တယ်မကြာဘူး ငါ့ဆီ ရောက်လာတာပဲ၊ ငါလဲ ဒီကောင်တွေ နည်းနည်း ပညာပေးချင်တာနဲ့ အဲဒီ ဦးမျိုးမြင့်ဆိုတဲ့လူ လာရင် လကုန်လောက် ချိန်းလိုက်လို့ ပြောလိုက်တယ်၊ အဲဒီကောင် မျက်နှာကို ပျက်နေတာပဲ"

"အင်း. . . မင်းကလဲ ကျောင်းတုန်းကလိုပဲ၊ အထေ့အငေါ့လေးတွေ ရှိသေးတာကိုး"

"မင်းကော ဘာထူးလို့လဲ"

ရုံးဆင်းခါနီးမှ အလုပ်တစ်ခု ပေါ်လာသဖြင့် ဆယ်မိနစ်လောက် နောက်ကျပြီးမှ ထွက်နိုင်ကြသည်။

"မင်းမှာ ကားပါသလား"

ဦးစိန်ကြည်က မေးသည်။

"မပါဘူးကွ"

"ငါ့ရုံးကားနဲ့ပဲ လိုက်ခဲ့ပေါ့"

ကားပေါ်တွင် ဦးစိန်ကြည်က မေးသည်။

"မင်း အခု ဘီယာလေးဘာလေး ချသေးလား"

"တစ်ခါတစ်လေလောက်ပဲ လုပ်ဖြစ်ပါတော့တယ်ကွာ၊ မင်းကော. . ."

"ငါလဲ တစ်ခါတစ်လေပါပဲ၊ ဘယ်လိုလဲ၊ ငါတို့နှစ်ယောက် ပြန်ဆုံတဲ့ အထိမ်းအမှတ်နဲ့"

ဦးမျိုးမြင့် ခဏစဉ်းစားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



“နောက်မှ အေးအေးဆေးဆေး လုပ်ကြတာပေါ့ကွာ၊ ဒီနေ့တော့
မင်းအိမ်ကို လိုက်လည်ရုံလောက်ပဲ ကောင်းပါတယ်၊ တော်ကြာ ငါ
နှစ်ကောင် ဆုံမယ်မှ မကြံသေးဘူး၊ ဘီယာစုပ်နေကြပြီလားလို့ ရင်ရင်
ပြောနေဦးမယ်”

ဦးစိန်ကြည်တို့အိမ်က စမ်းချောင်းမှာ ဖြစ်သည်။ အတန်အသ
ကျယ်ဝန်းသော တစ်ထပ်တိုက်ကလေး ဖြစ်၏။ သူတို့မိသားစုက လူနည်း
သဖြင့် အနေတော်ပင် ဖြစ်သည်။

ဦးမျိုးမြင့် ရောက်လာသဖြင့် ဒေါ်မြရင်က အလွန်ဝမ်းသာ
သည်။

“ထားကော ဘာလို့ ခေါ်မလာသလဲ”

ဟု မေးသည်။

“အစကတော့ လိုက်လာမလို့ဗျ၊ သူ့မြေး နည်းနည်း နေမကော
ဘူးဆိုလို့ သွားကြည့်နေရလို့”

“ထားက မြေးတောင် ရနေပြီကိုး”

“မနှယ်မျိုးရဲ့သားလေ”

“နေစမ်းပါဦး၊ ကလေးတွေ အိမ်ထောင်ကျနေပြီလား၊ ဘယ်
ယောက် ကျနေပြီလဲ”

“သမီးနှစ်ယောက်က အိမ်ထောင်ခွဲသွားပြီလေ၊ သားကြီးကတေ
ခုထိ အိမ်ထောင်မကျသေးဘူး၊ သမီးကော မမြင်ပါလား”

“သမီးက ဆိုင်ထွက်နေတယ်လေ”

“ဆိုင်ထွက်တယ် ဟုတ်လား၊ ဘာဆိုင်လဲ”

“လေဟာပြင်မှာ ဇီနစ်ဆိုင်လေ”

“ဟုတ်တယ် သူငယ်ချင်းရေ၊ ငါ့လခ တစ်ခုတည်းနဲ့ ဘ
လောက်ပုံ့မလဲကွာ၊ ဒါကြောင့် တစ်ဖက်တစ်လမ်းက ဝင်ငွေရအော
ဆိုင်ကလေး ဖွင့်ထားရတယ်”

ဟု ဦးစိန်ကြည်က ဝင်ပြောသည်။





“ကျွန်မက ထား ပါလာမယ် မှတ်လို့ ဆိုင်မှာ သမီးကို ထားခဲ့ပြီး
စောစော ပြန်လာတာ”

ဒေါ်မြရင်က ပြောသည်။

“လာမယ့် စနေဖြစ်ဖြစ်၊ တနင်္ဂနွေဖြစ်ဖြစ် သူ့ပါ ခေါ်ပြီး လာခဲ့
မယ်”

ဦးမျိုးမြင့်နှင့် ဒေါ်မြရင်တို့ စကားပြောနေတုန်း ဦးစိန်ကြည်က
ရေသွားချိုးသည်။ ခဏအကြာတွင် ရေချိုး အဝတ်အစားလဲပြီး ပြန်ထွက်
လာသည်။

“ကဲ. . . သူငယ်ချင်း ထမင်းစားသွားမယ် မဟုတ်လား”

“စားမှာပေါ့ကွ”

“အံမယ်. . . ကိုမျိုးမြင့်က ပြောင်းလဲသွားပြီပေါ့၊ အရင်ကဆိုရင်
ဘယ်တော့မှ ထမင်းကျွေးလို့ မရဘူး၊ ထားလက်ရာလွဲပြီး ဘယ်ဟာမှ
စားလို့မရဘူးဆိုပြီး အိမ်ရောက်မှပဲ စားတာ မဟုတ်လား၊ ဘာလဲ. . .
ခုတော့ ရိုးသွားပြီလား”

ဒေါ်မြရင်က နောက်လိုက်သည်။ ဦးမျိုးမြင့်က ရယ်၍. . .

“အခြေအနေအရ အဲဒီအကျင့်ကို ဖျောက်ထားရတယ် ရင်ရင်
ရေ အလုပ်ကိစ္စနဲ့ အပြင်သွားရတဲ့အခါ တစ်ခါတစ်လေ ဆိုင်မှာ ဝယ်စား
ဆန် စားရတာကိုး”

“ကျွန်မလက်ရာက ထမင်းဆိုင်အဆင့်လောက်ပဲ ဆိုလိုတာလား”

“မဟုတ်ရပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်မိန်းမရဲ့ လက်ရာလောက်
တော့ ကောင်းချင်မှ ကောင်းမှာပေါ့လေ”

သူတို့ ရယ်နေကြတုန်း အိမ်ရှေ့တံခါးဆီမှ လူခေါ်ခေါင်းလောင်း
သံ ကြားရသည်။

“ဟော. . . သမီး ပြန်လာပြီ ထင်တယ်”

ဒေါ်မြရင်က ပြောပြောဆိုဆို ထသွားပြီး တံခါးသွားဖွင့်ရာ
မိန်းကလေးတစ်ယောက် ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့. . . သမီး၊ ဒီမှာ ဦးဦးမျိုးမြင့် ရောက်နေတယ်”

ဦးစိန်ကြည်က လှမ်းပြောသည်။ မိန်းကလေးသည်. . .

“ဦးဦး နေကောင်းလား”

ဟု ဝမ်းသာအားရ နှုတ်ဆက်ရင်း လျှောက်လာသည်။

ဦးမျိုးမြင့် အံ့ဩသွား၏။ ဦးစိန်ကြည်တို့မှာ သမီးတစ်ယောက် ရှိကြောင်း သူသိသည်။ သို့ရာတွင် အမှတ်တမဲ့ပင် ရှိနေခဲ့၏။ ခု မြင်ရ တော့မှ. . . ဟုတ်သားပဲ၊ မင်းမျိုးတောင် အသက် နှစ်ဆယ့်ရှစ်နှစ် ရှိနေမှ တော့ ဒီမိန်းကလေး အစိတ်လောက် ရှိရမှာပေါ့ဟု တွေးမိတော့သည်။

ထို့ထက်ကား. . . ထိုမိန်းကလေးသည် ထူးခြားစွာ ကျက်သရေ ရှိရှိ လှနေခြင်းပင် ဖြစ်သည်။ ဦးမျိုးမြင့် ဝမ်းသာသွားသည်။ မင်းမျိုး အတွက် အသင့်တော်ဆုံး မိန်းကလေးကို တွေ့ပြီဟု ချက်ချင်းပင် သိလိုက် ၏။

◊ ◊ ◊

“ဘယ်လိုလဲဟေ့”

ဦးမျိုးမြင့်က ကားကို ဦးစိန်ကြည်တို့ အိမ်ရှေ့မှ မောင်းထွက် ကာစမှာပင် မနေနိုင်ပဲ မေးလိုက်သည်။

“ရှင်ဟာ တော်တော် လူကဲခတ် ညံ့သေးတာပဲ”

“ဟေ. . . အခု ဘာဖြစ်လို့တုန်း”

“ရှင်က ပြောတယ် မဟုတ်လား၊ ကိုစိန်ကြည်ရဲ့ သမီးလေး ခင်ခင်ကြည်က မဆိုးဘူးလို့”





“အေးလေ၊ ဘာဖြစ်သလဲ”

ဦးမျိုးမြင့်သည် ကားဂီယာကိုတောင် မပြောင်းနိုင်သေးဘဲ ဒေါ်ထားထား ဆက်ပြောမည့် စကားကို နားစွင့်နေသည်။

“တကယ်ဆိုရင် ရှင်ပြောတာနဲ့ မလုံလောက်ဘူး၊ သိပ်ကျက်သရေ ရှိတယ်၊ သိပ်တော်တယ်လို့ ပြောရမှာ”

ဦးမျိုးမြင့်က ရယ်လိုက်သည်။

“မင်းကို ငါက ခင်ခင်ကြည်ဟာ သိပ်လှပါတယ်၊ သိပ်တော်ပါတယ်လို့ ပြောထားရင် မင်းကလဲ သိပ်ပြီး မှန်းထားလိမ့်မယ်”

“အင်းလေ၊ တကယ်လဲ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်၊ ဒါပေမယ့် ငါက မဆိုးပါဘူးဆိုရုံလောက် ပြောထားတော့ မင်းစိတ်ထဲမှာ သိပ်အထင်ကြီးထားမှာ မဟုတ်ဘူးပေါ့၊ ခုလို တွေ့လိုက်ရတော့မှ မင်းထင်ထားတာထက် ပိုပြီး လှနေတော့ မင်းအတွက် ပိုပြီး အရသာ ရှိတာပေါ့”

“ရှင်ဟာလေ၊ အဲဒီလိုပဲ နည်းနည်းဖြစ်ဖြစ် လှည့်စားလိုက်ရမှ”

ဦးစိန်ကြည်တို့အိမ်သို့ အလည်မသွားမီ ဦးမျိုးမြင့်က ခင်ခင် ကြည်သည် သိပ်မဆိုးကြောင်း၊ သားအတွက် သင့်တော်မည်ထင်ကြောင်း၊ မင်းလည်း လိုက်ကြည့်ပြီး အကဲခတ်ဦးပေါ့ ဆိုတာလောက်သာ ပြောထား ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ထိုမျှလောက်နှင့်ပင် ဒေါ်ထားထား တော်တော် စိတ်ဝင်စားနေပြီ၊ ဟိုရောက်လို့ ခင်ခင်ကြည်ကို မြင်လိုက်ရသောအခါ တန်းခနဲ သဘောကျသွားလေတော့သည်။ ဒေါ်ထားထား အကြိုက်တွေ့ ပြီး ရင်သပ်ရှုမော ဖြစ်နေသည်ကို ကြည့်၍ ဦးမျိုးမြင့်က ကျေနပ်နေ သည်။

ဒေါ်ထားထားက မတွေ့ရတာ ကြာပြီဖြစ်သော ဒေါ်မြရင်ကို ပြန်ဆုံရသဖြင့် ဝမ်းသာကြောင်း ပြောသည်။ သူဝမ်းသာပုံမှာ ဒေါ်မြရင် နှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာခြင်းထက် ပိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားသည် ဒေါ်မြရင်နှင့် စကားပြောနေရသော်လည် စိတ်က ခင်ခင်ကြည့်ဆီ ရောက်နေသည်။ မကြာခဏဆိုသလို ခင် ကြည်ကို ခိုးကြည့်သည်။ တစ်ခါကြည့်မိသည့်အခါတိုင်း စိတ်ကြိုက်ဖေ စရာ တစ်ခုတိုးလေတော့သည်။

"ဒီတစ်ခါတော့ မင်းသားတော်မောင် ဈာန်လျှော့ပါပြီကွ"

ဦးမျိုးမြင့်က ပြောသည်။ ဒေါ်ထားထားက. . .

"ဟုတ်တယ်၊ ချောတယ်လှတယ်ဆိုတာကတော့ သိပ်မဆန်း ဘူး၊ မိန်းကလေး ချောချောလှလှတွေ သားလဲ တွေ့ခဲ့ဖူးမှာပါ၊ ခင်ခ ကြည်လေးကတော့ တစ်မျိုးကို ထူးခြားနေတာ"

"ထူးပုံကို ပြောပါဦး"

ဦးမျိုးမြင့်က စကားထောက်ပေးသည်။

"တချို့မိန်းကလေးတွေ ကြည့်လိုက်ရင် ထင်းကနဲ လင်းက လှနေတာ၊ သေသေချာချာ ကြည့်တော့ ဒီလောက် မဟုတ်တော့ဘူ တချို့ကျတော့လဲ ရုတ်တရက် ကြည့်ရင် လှတယ်လို့ မထင်ရဘူး သေသေ ချာချာ ကြည့်မှ လှတာက ပေါ်လွင်လာတယ်"

"ခင်ခင်ကြည်က ဘယ်အစားထဲမှာ ပါလဲ"

"ဘယ်အစားထဲမှာမှ မပါဘူး၊ ဒါကြောင့် ထူးခြားတယ် ပြော တာပေါ့၊ သူဟာ မြင်မြင်ချင်းမှာ မိန်းမလှလေး တစ်ယောက်ဆိုတာ သိနိုင်တယ်၊ အဲ. . . သေသေချာချာ တစိမ့်စိမ့် ကြည့်ပြန်တော့လည်း ကြည့်လေလှလေ ဆိုတာမျိုးပဲ"

"ဟား. . ဟား၊ ပြောလဲပြောတတ်ပါ့ကွာ၊ ဟုတ်တယ် ဟုတ်တယ် မင်းပြောတာ အမှန်ပဲ၊ ငါ့မိန်းမကလဲ ငါ့လိုပဲ တော်တော် လျင်တာပါလား မင်း ရင်ရင်နဲ့ စကားပြောရင်းက ခင်ခင်ကြည်ကို ခိုးခိုးကြည့်တာ ငါမြင်ပါတယ်၊ အင်း. . . အိမ်ထောင်မပြုချင်သေးပါဘူး၊ ဒါတွေ စိတ်မဝင် စားပါဘူးဆိုတဲ့ကောင်၊ ကြည့်နေ တန်းတန်းစွဲကို ဖြစ်သွားမှာပဲ"

"ဒီနေ့ သားကိုပါ ခေါ်လာခဲ့ရင် သိပ်ကောင်းမှာပဲ၊ တစ်ခါတည်း





တွေ့သွားရတာပေါ့"

"ဒီလောက် လောစရာ မလိုပါဘူးလေ၊ ငါတို့က သားကိုပါ တစ်ခါတည်း ခေါ်သွားရင် သိပ်သိသာနေလိမ့်မယ်"

"သိသာတော့လဲ ဘာဖြစ်လဲ၊ ကောင်းတာပဲ၊ ဒါမှမဟုတ် သားကို အားမောင်းပြီး လိုက်ပို့ခိုင်းရင်းက အိမ်ပေါ် ခဏတက်ပါဦး ဘာညာနဲ့ ခေါ်လို့ရတာပဲ"

"ငါ့စိတ်ကူးက တစ်မျိုးကွ"

ရှေ့က ကားတစ်စင်းကို ကျော်တက်နေရသဖြင့် စကားစ ပြတ် သွားသည်။ ကျော်တက်ပြီး လမ်းကြောအမှန် ပြန်ရောက်မှ. . .

"ဒီလိုလေကွာ၊ လူကြီးတွေ ရှေ့မှာဆိုရင် သားက ရှက်ပြီး ခေါင်း ကြီး ငုံ့ထားနေတာနဲ့ သေသေချာချာ ကြည့်ဖြစ်မှာ မဟုတ်ဘူး၊ ငါ့စိတ်ထူး တ သားကို သူ့ဘာသာ သွားကြည့်ခိုင်းမယ်၊ ခင်ခင်ကြည်က ဆိုင်ထွက် နေတာပဲ၊ အချိန်မရွေး သွားကြည့်လို့ ရတယ်၊ အဲဒီလို သူ့ဘာသာ လွတ်လွတ်လပ်လပ် သွားကြည့်တော့မှ ပိုပြီး သိသွားမှာကွ"

"ဒါလဲ ကောင်းသားပဲ"

ဦးမျိုးမြင့်သည် ကားကို သူတို့အိမ် သွားရာ လမ်းဘက် ချိုးတွေ့ လိုက်ပြီး. . .

"ဒါနဲ့ဟေ့. . . ဒီနေ့ သူတို့အိမ်မှာ စားခဲ့ရတဲ့ ထမင်းဟင်းတ ဘယ်လို နေသလဲ"

"ကောင်းတယ်၊ ဟင်းချက်ပုံရော၊ အစပ်အဟပ် အတွဲအဖက် ရော ဘာမှ ပြောစရာ မရှိဘူး"

"အဲဒါ ဘယ်သူ ချက်တာလဲ"

"ခင်ခင်ကြည် ချက်တာလေ၊ ရင်ရင်က သူ့သမီးလက်ရာ ဆိုပြီး တော့တောင် ဂုဏ်ယူလိုက်သေးတာပဲ"

"အေး. . . မင်း စိတ်တော့ မဆိုးနဲ့ကွာ၊ ငါ တစ်ခုပြောမယ် မင်းလက်ရာကို မှီတဲ့လူတစ်ယောက်တော့ ရှိလာပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားက စိတ်မဆိုးသည့်အပြင်. . .
"ဟုတ်တယ် ဟုတ်တယ်"
ဟု ဝမ်းသာအားရ ထောက်ခံလိုက်သည်။

◊ ◊ ◊

ထို့ကြောင့် ဦးမျိုးမြင့်က မင်းမျိုးကို ခင်ခင်ကြည့်အကြောင်း ပြောပြလိုက်လေသည်။

"သား. . . မင်းအတွက် သင့်တော်မယ့် မိန်းကလေးတစ်ယောက် ဖေဖေတို့ တွေ့ထားတယ်"

မင်းမျိုးက 'ဟာ'ဆိုပြီး ငြင်းဆန်သည့်စကားမျိုး ပြောမည် ပြုစဉ် ဦးမျိုးမြင့် ပြောခွင့်မပေးဘဲ. . .

"အဲဒါ မင်း သွားကြည့်လိုက်"

"ဟာ. . . ဖေဖေကလဲ"

"ဖေဖေကလည်း လုပ်မနေနဲ့၊ မင်းကို ဒီအတိုင်း လွှတ်ထားလို့ကတော့ မင်းအစွမ်းအစနဲ့ဆို တစ်သက်လုံး စွံမှာ မဟုတ်ဘူး၊ သေတာတောင် ဂုဏ်ရှိရှိ သေရမှာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ ဖေဖေရာ"

"ဆိုင်တာပေါ့၊ မင်းသေလို့ သတင်းစာထဲ နာရေးကြော်ငြာ ထည့်ရော ဆိုပါတော့၊ ဦးမင်းမျိုး အသက် ကိုးဆယ့်ငါးနှစ်၊ ဘယ်သူ့သား ဘယ်သူ့အစ်ကိုဆိုတဲ့ နှစ်ကြောင်းသုံးကြောင်းလောက်နဲ့ ခပ်နုတ်နုတ်ပဲ ကြော်ငြာလို့ ရမယ်၊ မင်းသာ မိန်းမရလို့ သားတွေ သမီးတွေ မြေးတွေ





မြစ်တွေ ရပြီဆိုရင် ကြည့်စမ်း၊ အားလုံး နာမည် ထည့်လို့ရတယ်၊ သူတို့ရဲ့ ယောက်ျားတွေ မိန်းမတွေ၊ ရခဲ့တဲ့ ဘွဲ့တွေ၊ အလုပ်အကိုင်တွေပါ ထည့်၊ နာရေးကြော်ငြာကြီးက အရှည်ကြီး ဟီးလို့၊ ဘယ်လောက် ခန့်ညားလိုက်မလဲ"

ခါတိုင်းတုန်းကဆိုလျှင် ဒေါ်ထားထားသည် 'ရှင်ဟာလေ၊ ပေါက်ပေါက်ရှာရှာ' ဟု ပြောမိပေလိမ့်မည်။ ခုတော့ သူကပါ ဦးမျိုးမြင့်စကားကို ခေါင်းညိတ်ထောက်ခံလိုက်ပြီး. . .

"ဟုတ်ပါတယ် သားရယ်၊ ခုဟာက ဖေဖေရော မေမေရော ကြည့်ပြီး သဘောကျလို့ ပြောတာပါ၊ မေမေတို့ ပြောတာက အဲဒီ မိန်းကလေးကို သွားကြည့်ရုံပါပဲ၊ ကြည့်လို့ သဘောကျတယ်ဆိုမှ စီစဉ်စရာ ရှိတာ ဆက်စီစဉ်မှာပါ၊ သား သဘောမကျဘူးဆိုလဲ ပြီးရောပေါ့၊ ခင်ခင်ကြည်လေးကို သွားကြည့်ရုံလောက်တော့ သားအဖို့ အပန်းမကြီးဘူး ထင်ပါရဲ့"

မင်းမျိုးက စောဒက တက်ဖို့ ခက်နေသည်။

"ခင်ခင်ကြည်ဆိုတာက. . . "

ဟူ၍သာ စုံစမ်းမေး မေးသည်။ ဦးမျိုးမြင့်က. . .

"သားသိပါတယ်ကွာ၊ ဖေဖေ့သူငယ်ချင်း စိန်ကြည်တို့၊ မမြရင်တို့ သမီးလေးလေ၊ မင်း ငယ်ငယ်တုန်းက မြင်ဖူးပါတယ်၊ သူတို့အိမ် သွားလည်တဲ့အခါ မင်းတို့နှစ်ယောက် ကစားကြတာ မှတ်မိမှာပေါ့၊ အဲဒီတုန်းက သားက ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်၊ ခင်ခင်ကြည်က ကိုးနှစ်ဆယ်နှစ်၊ မင်း ခုမြင်ရင် မှတ်မိပါလိမ့်ဦးမယ်"

မင်းမျိုးက နှစ်တွေလဲ ကြာတော့ မှတ်မိမှာ မဟုတ်ပါဘူးဟု ပြောမည် ကြံသော်လည်း ဒေါ်ထားထားက ပြောခွင့်မပေးပဲ ဦးအောင် ပြောသည်။

"သူတို့ ရန်ကုန်ပြန်ရောက်လာတာ ခြောက်လလောက်ပဲ ရှိသေးတယ်၊ မေမေတို့က အလျင်အိမ် မဟုတ်တော့ သူတို့လဲ ရှာလို့မှ မဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ခု တွေ့တော့ သိပ်ဝမ်းသာနေတယ်ကွယ့်၊ မေမေတို့ကတော့ ခင်ခင်ကြည်ကို သိပ်သဘောကျသွားပြီ၊ သား မြင်လိုက်ရင်လဲ သဘောကျမှာပါ

ဦးမျိုးမြင့်က ဆက်လက်၍ ခင်ခင်ကြည်တို့ မိနပ်ဆိုင် တည်ရှိရာကို လမ်းညွှန်နေသည်။

"ကျွန်တော် ကြုံရင် ဝင်ကြည့်လိုက်ပါ့မယ်"

ဟု မင်းမျိုးက ပြီးပြီးရောဆိုပြီး ပြောလိုက်သည်။

◊ ◊ ◊

သိပ်တော့ စိတ်ဝင်စားမှု မရှိလှချေ။ သူကိုယ်တိုင်က ထိုကိစ္စမျိုးကို သိပ်တက်တက်ကြွကြွ စိတ်ကူးခဲ့ခြင်း မရှိသောကြောင့်လည်း ဖြစ်သည်။

နောက်တစ်ချက်ကတော့ လူကြီးမိဘတို့သည် သူတို့ သူငယ်ချင်းတွေ၏ သားတွေ သမီးတွေနှင့် မိမိတို့၏ သားသမီးတို့ကို ပေးစားလိုကြခြင်း ဓမ္မတာ ဖြစ်သောကြောင့် မင်းမျိုးအဖို့ သိပ်ထူးထူးခြားခြား စိတ်မကူးမိခြင်း ဖြစ်သည်။

ပြီးတော့ ခင်ခင်ကြည်ကို သူ မှတ်မိသည်။ ကောင်းကောင်းမှတ်မိခြင်းတော့ မဟုတ်၊ မှတ်မိလို့လည်း ဘာမှမထူးချေ။ ဟိုအချိန်တုန်းက ခင်ခင်ကြည်သည် ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးတစ်ယောက်သာ ဖြစ်သည်။ ခုချိန်ဆိုလျှင် ရုပ်က ပြောင်းနေပြီ။

သေချာတာ တစ်ခုကတော့ ခင်ခင်ကြည်သည် စွဲမက်ဖွယ်





ကောင်းလောက်အောင်တော့ မဖြစ်နိုင်ခြင်းပင်၊ သတိရသလောက်ဆိုလျှင် ခင်ခင်ကြည် ငယ်ငယ်က ပိန်ပိန်ခြောက်ခြောက်၊ အသားကလည်း မမည်း
ဆိုရုံလောက်သာ၊ ပြီးတော့ ကိုးနှစ်ဆယ်နှစ် ရောက်သည့်တိုင်
ရည်တရွှဲရွှဲ။ စဉ်းစားကြည့်လိုက်တိုင်း စီးယိုကျလာသော နှပ်ချေးများ
တရွှတ်ရွှတ် ပြန်ရှုံ့သွင်းနေသည့် ပုံစံကိုသာ မြင်ယောင်သည်။

...ပြီးပါ၏...



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမြင့်နှင့် ဒေါ်ထားထားတို့သည် ပန်းခြံထဲမှာ ထိုင်နေကြသည်။ ကြိမ်ကုလားထိုင် တစ်လုံးစီပေါ်မှာ ထိုင်ရင်း စကားပြောနေကြ၏။ ရာသီဥတုက အိုက်စပ်စပ် ရှိသဖြင့် သစ်ခွဖျော်ရည်ထဲတွင် သံပုရာသီး ညှစ်ထည့်ပြီး သောက်ကြသည်။

"သူတို့ကို လက်ထပ်ပေးပြီးရင် အလုပ်တွေအားလုံး သားလက်ထဲ လွှဲလိုက်တော့မယ်ကွာ၊ စာလေးဘာလေးဖတ်၊ ခရီးလေးဘာလေး ထွက်ရဦးမယ်၊ တစ်သက်လုံး အလုပ်ချည်း လုပ်လာရတာ ငြီးငွေ့လာပြီ"

ဟု ဦးမျိုးမြင့်က ပြောသည်။ ဟုတ်လည်း ဟုတ်၏။ သူသည် ကျောင်းတက်နေကတည်းက အချိန်အားရလျှင် ဦးလေးတော်သူ၏ ကားရေဆေးဆီထိုးလုပ်ငန်းကို သွားလေ့လာလေ့ ရှိသည်။ ကျောင်းက ထွက်ခဲ့ပြီးသည်နှင့် ရှိသမျှ ငွေကလေးနှင့် ခုလုပ်ငန်းကို မတည်ပြီး အပြင်းအထန် ကြိုးစားလုပ်ကိုင်လာခဲ့ရာမှ တိုးတက် ကြီးပွားလာခြင်း ဖြစ်သည်။

"အံမယ်. . . ရှင်က လက်ထပ်ပေးဖို့အထိတောင် စိတ်ကူးနေပြီလား၊ သားကဖြင့် ကြိုက်မှန်း မကြိုက်မှန်း မသိသေးဘဲနဲ့များ"

ဒေါ်ထားထားက ပြောရာ. . .

"ကြိုက်ကို ကြိုက်ရမယ်ကွာ၊ ဒီလိုမိန်းကလေးမျိုးကိုမှ မကြိုက်ရင်





မင်းသားဟာ ဘယ်တော့မှ သုံးလို့ရမယ့်ကောင် မဟုတ်တော့ဘူး"

"ဟိုကလေးမကရော ရှင့်သားကို မကြိုက်ရင် ဘယ်လိုလုပ်မလဲ"

"ကြိုက်မှာပါ၊ ငါသိပါတယ်၊ မင်းသားဟာ မိန်းကလေးတွေ ကြိုက်လောက်တဲ့ရုပ်ကွ၊ သူက မစဘဲ နေခဲ့လို့သာ၊ နောက်တစ်ခုက ငါ့စိတ်ထဲက အလိုလို သိနေတဲ့ကိစ္စပဲ၊ သူတို့နှစ်ယောက်ဟာ သိပ်လိုက်ဖက်ညီတယ်၊ တစ်ယောက်ကိုတစ်ယောက် မြင်မြင်ချင်း သဘောကျသွားကြလိမ့်မယ်လို့ ငါ အတပ်ပြောရဲတယ်"

"ထားပါတော့လေ၊ ရှင့်ဘက်ကတော့ သေချာနေပြီပေါ့"

"မင်းက ငါ့ကျတော့ ပြောတယ်၊ မင်းကော ဘာတွေ စိတ်ကူးယဉ်နေတယ်ဆိုတာ ငါမသိဘူး မှတ်လို့လား"

"ပြောစမ်းပါဦး. . . ကဲ"

"အိမ်မှုကိစ္စ၊ စီမံအုပ်ချုပ်ဖို့ ကိစ္စတွေ ချွေးမလက်ထဲ အပ်ပြီး ဘုရားဖူး ထွက်မယ် မဟုတ်လား"

"အင်းလေ. . . ရှင်ပဲ ခုနပြောတယ်၊ ခရီးထွက်မယ်ဆို၊ ဒါဆို ဈွန်မလဲ လိုက်မှာပေါ့"

"မင်းကို ဘယ်သူခေါ်မယ် ပြောလို့လဲ"

"အို. . . မခေါ်လို့ ရမလား"

ဦးမျိုးမြင့်က တဟားဟား ရယ်၍ ဒေါ်ထားထား ပခုံးကို လှမ်းဖက်လိုက်သည်။ ဒေါ်ထားထားက လက်ကို ပုတ်ချပြီး. . .

"ကိုမျိုးမြင့်နော်. . ပန်းခြံထဲမှာ ကလေးကလားနဲ့၊ ကိုယ့်အသက်လဲ ကိုယ်ပြန်ကြည့်ဦး"

"အသက်အရွယ်နဲ့ မဆိုင်ပါဘူးကွာ၊ ဒီမှာဟေ့၊ မင်းကို ငါချစ်တဲ့အချစ်က အသက်တစ်ရာ ရှိလို့ ဆံဖြူသွားကြွေ ပါးရေနားရေ တွန့်ရင်တောင်. . ."

"တော်စမ်းပါ"

ဒေါ်ထားထားက ရှက်သလို အမူအယာနှင့် ပြောသည်။ ဦးမျိုး



www.burmeseclassic.com

www.burmeseclassic.com



မြင့်က ထပ်ပြီး နောက်လိုက်ဦးမည် ကြံသည်။ ထိုစဉ် ခြံထဲသို့ မင်းမျိုး ကားမောင်းဝင်လာသဖြင့် လက်ပြန်ရုပ်လိုက်သည်။

ကားကို အိမ်ရှေ့မှာ ရပ်ပြီး မင်းမျိုး ဆင်းလာသည်။ ဒေါ်ထားထားက လှမ်းခေါ်မည် ပြုပြီးမှ မင်းမျိုး သူတို့ဆီ လျှောက်လာနေပြီဖြစ်သဖြင့် မခေါ်တော့။

"တွေ့ခဲ့လားဟေ့... သား"

ဦးမျိုးမြင့် စိတ်လောနေသဖြင့် အနားမရောက်ခင်မှာပင် လှမ်းမေးမိသည်။

"တွေ့ခဲ့ပါတယ် ဖေဖေ"

မင်းမျိုးအနားမှာ လာရပ်ရင်း ပြောသည်။

"ဘယ်လိုလဲကွ"

"သိပ်မဆိုးပါဘူး ဖေဖေ"

ဦးမျိုးမြင့် ဒေါ်ထားထားကို တစ်ချက် လှမ်းကြည့်သည်။ ဒေါ်ထားထား မသိမသာ ပြုံးလိုက်၏။ မင်းမျိုးက ဆက်ပြောလိုက်သဖြင့် ဦးမျိုးမြင့် မျက်ခုံးတွန့်သွားသည်။

"ဒါပေမယ့် အသားက ပွစိစိနဲ့"

"ဟေ"

"ဟုတ်တယ် ဖေဖေ၊ အသားက နည်းနည်းလည်း ကြမ်းတယ်"

"နေ... နေစမ်းပါဦး၊ မင်း သေသေချာချာ ကြည့်ခဲ့လို့လား"

"ကြည့်တာပေါ့ ဖေဖေရာ၊ သေသေချာချာတောင် ကိုင်ကြည့်ခဲ့သေးတယ်"

"ဘာ"

ဦးမျိုးမြင့် မျက်လုံးပြူးသွားပြီး...

"မင်းဟာက အဓိပ္ပာယ်မရှိတာ၊ သွားကိုင်လို့ မင်းကို ပါးတောင် ပိတ်ချလိုက်ဦးမယ်"

မင်းမျိုးက ပြုံး၍...





"ဘာဖြစ်လို့ ချရမှာလဲ ဖေဖေရဲ့၊ ရောင်းသူနဲ့ ဝယ်သူပဲဟာ"

"ဟေ့ကောင်..., မင်း ဘာတွေ ပြောနေတာလဲ"

"ဖေဖေပဲ တာပေါ်လင်စတွေ ရှာခိုင်းထားတယ် မဟုတ်လား၊ အဲဒါ ဂိုဒေါင်ထိ လိုက်သွားပြီး ကြည့်ခဲ့တယ်"

ဒေါ်ထားထားက...

"သေလိုက်ပါတော့"

ဟု ခပ်တိုးတိုး ရေရွတ်သည်။ ဦးမျိုးမြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားရ၏။

"ဒါကိုပြောတာ မဟုတ်ဘူးကွ၊ ဟို... စိန်ကြည်တို့ သမီးလေးကို သွားကြည့်ခဲ့လားလို့ မေးတာ"

"ဩော်..."

မင်းမျိုးသည် ကြုံလျှင် ကြည့်လိုက်ပါမယ်ဟု ပြောခဲ့သော်လည်း မကြည့်ဖြစ်ခဲ့ချေ။ မေ့တောင် မေ့နေသည်။ ခု သူ့အဖေ ပြောမှ သတိရသည်။ မကြည့်ရသေးဘူးဆိုလျှင် ပြဿနာ တက်နေဦးမည်။ ထို့ကြောင့်

"ဩော်... ဒါလား၊ ကြည့်ခဲ့ပါတယ်"

"ဘယ်လိုလဲ"

"အင်း... ရွက်ကြမ်းရေကျိုလောက်ပါပဲ ဖေဖေ"

ဟု ဖြီးလိုက်သည်။

"ဘာကွ၊ ဒီလောက် ကျက်သရေ ရှိလှတဲ့ မိန်းကလေးမျိုးကို ငါ့တစ်သက်တာမှာ"

ဒေါ်ထားထားက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သဖြင့်...

"အဲ... ငါ့တစ်သက်တာမှာ နှစ်ယောက်ပဲ တွေ့ဖူးတယ်"

ဟု ပြောပြီး ဆက်၍...

"ဒါကိုများ မင်းက ရွက်ကြမ်းရေကျိုလေးဘာလေးနဲ့၊ ဟေ့ကောင် မှန်မှန်ပြောစမ်း၊ မင်း သွားမကြည့်ရသေးဘူး မဟုတ်လား"

မင်းမျိုး ခေါင်းကုတ်လိုက်ပြီး...



www.burmeseclassic.com

"ကျွန်တော် မအားလို့ပါ"

"မအားဘူး ဟုတ်လား၊ မင်းသူငယ်ချင်းတွေ လာခေါ်တဲ့အခါကျ တော့ အားသလား"

ဦးမျိုးမြင့်သည် မင်းမျိုးကို ဆူလိုက်မည်ဟု ပြင်ပြီးမှ စိတ်ကူး တစ်မျိုး ရ၍ မျက်နှာထားကို လျှော့ချလိုက်သည်။ ဒီကောင်က ဆူလျှင် လည်း ခေါင်းငုံ့ပြီး ခံနေရုံသာ ရှိမည်။ ဒီတော့ နည်းဗျူဟာ ပြောင်းမှ ဆိုပြီး. . .

"သားကလဲကွာ. . . ဖေဖေတို့ရဲ့စေတနာကို နားလည်ဖို့ ကောင်း ပါတယ်၊ ကဲကွာ. . . တစ်ခုတော့ ဖေဖေတို့ကို ကူညီ ဟုတ်လား၊ ဒီတနင်္ဂနွေနေ့ကျရင် စိန်ကြည်တို့ မိသားစုကို ထမင်းစား ဖိတ်လိုက်မယ်၊ သူတို့လည်း ငါတို့အိမ် မရောက်ဖူးသေးဘူး၊ အဲဒီနေ့ကျရင်တော့ အိမ်မှာ မင်း ရှိနေစေချင်တယ်"

မင်းမျိုး ဘာမှ ပြန်မပြောသေး။ ဒေါ်ထားထားက ဝင်၍. . .

"သားအတွက် မေမေတို့ ပြောနေတာပါကွယ်"

ပြောသည်။ ဦးမျိုးမြင့်က. . .

"တနင်္ဂနွေနေ့မှာ သား သွားစရာ လာစရာ ကိစ္စများ ရှိနေလား၊ ရှိရင်လဲ သူတို့ကို ဖိတ်ဖို့ အစီအစဉ် ဖျက်လိုက်မယ်၊ နောက်တစ်ပတ်မှ ချိန်းလိုက်တာပေါ့"

မင်းမျိုးအနေဖြင့် မငြင်းသာတော့၊ သည်တစ်ပတ် ကိစ္စရှိတယ် ဆိုလျှင်လည်း နောက်တစ်ပတ် ထပ်ချိန်းဦးမည်ပင်။ လာမယ့်ဘေး မြန်မြန်ပြေးတွေ့လိုက်တာ ကောင်းတယ်ဟု တွေးပြီး. . .

"ဘယ်မှ သွားစရာ မရှိပါဘူး ဖေဖေ"

ဟု ပြောလိုက်ရလေသည်။ ဦးမျိုးမြင့်က သားကို တောင်းပန် သလိုလို၊ လိုက်လျောသလိုလိုနှင့် အပိုင် ချည်တုပ်လိုက်ခြင်း ဖြစ်ပေသည်။

◇ ◇ ◇





ထိုရက်အတွင်း ဒေါ်ထားထားသည် ဒေါ်မြရင်တို့၏ ဆိုင်သို့ အလည်အပတ် ရောက်သွားသည်။

"ဟော. . . ထားပါလား၊ ဘယ်က လှည့်လာသလဲ"

ဒေါ်ထားထားက တမင်လာခဲ့တာပဲဟုလည်း မပြော၊ လမ်းကြုံ သို့ ဝင်လာတာဟူ၍လည်း မဆို။

"ရင်ရင်တို့ဆိုင်ကို လာချင်နေတာ၊ ဒီနေ့တော့ ဗိုလ်ချုပ်ဈေးဘက် ထဲ တစ်ခါတည်း ဝင်လိုက်မယ်ဆိုပြီး လာခဲ့တာ"

ဟု ပြောသည်။

သူတို့နှစ်ယောက်သည် ဆိုင်ကို ခင်ခင်ကြည်နှင့် ထားခဲ့ပြီး နံ့သောင်း အသုပ်ဆိုင်မှာ မုန့်တီစားရင်း စကားပြောကြသည်။

ဒေါ်ထားထားသည် ပင်ကိုယ်က အကင်းပါးသူတစ်ယောက် ဖြစ် သည်။ ထို့အပြင် ဦးမျိုးမြင့်နှင့် နှစ်ပေါင်းများစွာ ကြာအောင် ပေါင်းသင်း လာခဲ့သဖြင့် ဦးမျိုးမြင့်ထံမှ အရည်အချင်းတွေပါ ကူးစက် ခံယူခဲ့ပြီး ပါးရည်နပ်ရည် ရှိသူတစ်ယောက် ဖြစ်လာသည်။

သူ့ထက်စာလျှင် ဒေါ်မြရင်က နည်းနည်းထူသည်ဟု ပြောနိုင် သည်။ ထို့ကြောင့် စကားပြောကြဆိုကြရင်း ဒေါ်မြရင်၏ သဘောထားကို ဒေါ်ထားထားက လိမ္မာပါးနပ်စွာ တီးခေါက် ကြည့်နိုင်ခဲ့သည်။

ဒေါ်ထားထားသည် ပြောရင်းဆိုရင်းက သမီးမိန်းကလေးတွေ ထိန်းရကျောင်းရတာ တာဝန်ကြီးကြောင်း စိတ်ပူရကြောင်းတို့ကို စကားစ ပေးလိုက်သည်။

ထိုအခါ ဒေါ်မြရင်က. . .

"ဟုတ်တယ် ထားရေ၊ သမီးမိန်းကလေးများ မွေးထားရတာ စိတ်ပူပန်ရတာပဲ၊ မတော်တာနဲ့များ ဖြစ်သွားမလားလို့ တထိတ်ထိတ်နဲ့"

"ခင်ခင်ကြည်လေးက တော်ရှာပါတယ်"

ဟု ဒေါ်ထားထား စကားထောက်ပေးသည်။

"တော်လို့ ခက်တာပေါ့ ထားရဲ့၊ ကိုယ့်သမီးမို့ ပြောတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒီခေတ် မိန်းကလေးတွေထဲမှာ သမီးလိုမျိုးက အတော်ရှားပါတယ်၊ အဲဒီအခါကျတော့လည်း တစ်မျိုးပူရပြန်ရော”

“ဆိုစမ်းပါဦး”

“သမီးက ရိုးရိုးအေးအေးလေး မဟုတ်လား၊ ခပ်လည်လည် ယောကျ်ားမျိုးနဲ့ တွေ့သွားရင် မလွယ်ဘူးလေ”

“ဟုတ်တော့လည်း ဟုတ်တယ် ရင်ရင်ရေ့၊ ရင်ရင် ပူမယ် ဆိုလည်း ပူစရာပဲ၊ ခုခေတ် ယောကျ်ားလေးတွေ အတော်များများဟာ အနည်းဆုံး အသောက်အစားကလေးတော့ ဖက်တတ်ကြတာကိုး”

ထိုစကားကို ဒေါ်ထားထား ခပ်ရဲရဲ ပြောနိုင်ခြင်းမှာ မင်းမျိုးက အရက်လုံးဝ မသောက်တတ်ခြင်းကြောင့် ဖြစ်သည်။

“ရင်ရင်တို့ကလည်း သင့်တော်မယ် ထင်တာ ရှာပြုပေးပေါ့”

ဟု စကားကို ဆက်လိုက်ပြန်သည်။ ဒေါ်မြရင်က. . .

“ဒါကလဲ ပြောတော့သာ လွယ်တာ၊ တကယ် လက်တွေ့ကျ တော့ စိတ်ကြိုက်တွေ့ဖို့ ခဲယဉ်းတယ်၊ ပြီးတော့ သူတို့အဖေကလည်း လူတစ်မျိုး မဟုတ်လား၊ သမီးကိုယ်တိုင်ကပါ မေတ္တာရှိပြီး ကျေနပ်နိုင်မှ သဘောတူနိုင်မယ်တဲ့”

“ဒါလဲ ဟုတ်တာပဲ”

ဒေါ်ထားထား၏ စိတ်ထဲတွင် ခင်ခင်ကြည်က မင်းမျိုးကို သဘောကျမှာ အမှန်ပဲဟု တွက်ပြီး ကျေနပ်မိသည်။ ပြီးတော့ ဒေါ်မြရင်၏ စကားအရ ခင်ခင်ကြည်မှာ ချစ်သူလည်း မရှိသေး၊ မိဘတွေ သဘောတူထားသူလည်း မရှိသေးဟု သိရသဖြင့် အားလည်း တက်သွားသည်။

“ထားတို့ကတော့ ဒီဒုက္ခတွေ အေးသွားပြီနော်၊ သမီးနှစ်ယောက် စလုံးက လက်လွှတ်ပြီ မဟုတ်လား၊ သူတို့ ယောကျ်ားတွေကလည်း တော်ရှာတယ်ဆို၊ ကိုမျိုးမြင့် အိမ်လာတုန်းက ပြောသွားတာ”

ဒေါ်မြရင်က ပြောရာ ဒေါ်ထားထားက အကွက်ဝင်လာသော





စကားကို လက်လွှတ်မခံဘဲ. . .

“ဒုက္ခအေးပြီလို့ အထင်ကြီးမနေနဲ့ဦး၊ တစ်ယောက် ကျန်သေးတယ်၊ သားကြီးလေ၊ သူက ခုထိ လူပျိုကြီး လုပ်နေတာ၊ မေးလိုက်ရင်တော့ ဒါတွေ စိတ်မကူးချင်သေးပါဘူးပဲ ပြောတယ်၊ ခုအထိ အကြိုက်မတွေ့သေးဘူး ထင်ပါရဲ့၊ ဒီကောင်က သိပ်ရိုးတာ၊ အဖေ ဖွံ့သလောက် သူက ညံ့တယ်လို့ ကိုမျိုးမြင့်က ခဏခဏ ပြောတယ်”

ဒေါ်ထားထားက ရယ်စရာ ပြောသလိုလိုနှင့် သူ့မှာ သားတစ်ယောက် ရှိသေးကြောင်း သတိပေးလိုက်သည်။ တပြိုင်နက်တည်းမှာပင် မင်းမျိုးသည် ရိုးသားကြောင်း၊ ရည်းစားသန့် မရှိသေးကြောင်း သိစေလိုက်သည်။

ဒေါ်ထားထား ဆိုလိုရင်းကို ဒေါ်မြရင်က ချက်ချင်း သဘောပေါက်ချေ။ ကိစ္စမရှိ၊ သည်လောက် စကားသွင်းထားလို့ ရလျှင် တော်လောက်ပြီ၊ တကယ်တမ်း ပြောကြဆိုကြပြီဆိုလျှင် ခုပြောခဲ့သည့် အချက်အလက်တွေက အထောက်အကူ ဖြစ်နိုင်သည်။

◈ ◈ ◈

ထို့အတူ ဦးမျိုးမြင့်ကလည်း ဦးစိန်ကြည်ကို သွေးတိုးစမ်းကြည့်သည်။ သူတို့နှစ်ယောက်ကား ပင်နပ်လိမ္မာကြပုံချင်း သိပ်မကွာလှသောကြောင့် စကားတောက်လိုက်ရုံဖြင့် တစ်ယောက်သဘောတာ တစ်ယောက် သိကြသည်။

ဦးမျိုးမြင့်က ဦးစိန်ကြည်၏ ရုံးသို့ လာသည်။ ရုံးဆင်းသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ပြောထားသည့်အတိုင်း သမ္မတ ဟိုတယ်သို့ သွား၍ ဘီယာ သောက်ကြသည်။

"မင်း မသောက်ဖြစ်တာ ဘယ်လောက် ကြာပြီလဲ"

ဦးစိန်ကြည်က မေးသည်။

"လေးငါးခြောက်လတော့ ရှိပြီကွ၊ အသက်နည်းနည်း ကြီးလာတော့ ဆင်ခြင်ရတယ်"

"ငါကတော့ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ တစ်လ တစ်ခါ နှစ်လတစ်ခါတော့ သောက်ဖြစ်နေတယ်"

"ဘီယာလောက်တော့ သိပ်အရေးမကြီးပါဘူးကွာ၊ အလွန်အကျွံ မဖြစ်အောင်တော့ ထိန်းရမယ်"

သူတို့နှစ်ယောက်သည် ဟိုအလျင် ဦးစိန်ကြည် ရန်ကုန်မှာ ရှိစဉ်တုန်းက တစ်လနှစ်ခါလောက် ဆုံပြီး သောက်ဖြစ်ကြသည်။

သူတို့သည် လက်ညီသူများ ဖြစ်သည်။ လက်ညီသည် ဆိုသည်မှာ နှစ်ယောက်စလုံးက အလွန်အကျွံ မဖြစ်အောင် ထိန်းနိုင်ခြင်း ဖြစ်သည်။ အစားစားလို့ကောင်း၍၊ စကားပြောလို့ကောင်း၍ သောက်ကြခြင်းဖြစ်သည်။ များသောအားဖြင့်တော့ ဘီယာသာ သောက်ကြသည်။

တစ်ခါတစ်ခါတော့ နည်းနည်း များသွားတတ်သည်။ ထိုအခါမျိုးတွင် ဖြစ်လေ့ ရှိတာက အကြောင်းအရာ တစ်ခုခုနှင့် ပတ်သက်ပြီး ငြင်းခုန်ကြခြင်းပင် ဖြစ်၏။ နှစ်ယောက်စလုံး စကားတတ်သူများ ဖြစ်၍ ဥပမာ စကားလုံး ပြောင်ပြောင်တွေနှင့် ပြောကြရာ ဘေးဝိုင်းတွေကပါ စိတ်ဝင်စားလာပြီး နားထောင်ကြရသည်။

နှစ်ယောက်စလုံးသည် အငြင်းသန်ကြသူများလည်း ဖြစ်သောကြောင့် တော်တော်နှင့် မပြီးနိုင်ကြ၊ တစ်ယောက်ကို တစ်ယောက်လည်း အလျှော့မပေးစတမ်း ငြင်းခုန်ကြရာမှ နောက်ဆုံး ဝုန်းခနဲ ထရပ်လိုက်ကြပြီး ထိုးသတ်ကြရန် ချလင်းလုပ်ကြတော့သည်။ ဘေးဝိုင်းက လူတွေက ဝိုင်းဆွဲပြီး ဖျန်ဖြေပေးရသည်။





ထိုစဉ်က အကြောင်းများကို ပြန်ပြောရင်း ရယ်မောနေကြရာမှ ဦးမျိုးမြင့်က. . .

"ဟိုတုန်းက မင်းနဲ့ငါ ရန်ဖြစ်ကြတဲ့အခါ တကယ်လို့ ဘေးလူတွေသာ ဝင်မဆွဲရင် မင်း ငါ့ကို တကယ်ထိုးမှာလား"

"ဟာ. . . ဘယ်ထိုးမလဲကွာ၊ ဘေးကလူတွေ ဝင်ဆွဲမယ်ဆိုတာ သိလို့ ဟန်ဆောင်တာ၊ မင်းကော ငါ့ကို တကယ်ထိုးမှာလား"

"ငါလဲ ဘေးက ဝိုင်းဆွဲတဲ့လူတွေ ရှိတဲ့အခါကျမှ မင်းကို ချလင်းလုပ်တာပါကွ"

"ဒီနေ့ကော ဘယ်လိုလဲ၊ ချလင်းလုပ်ဦးမလား"

"မဖြစ်ဘူးကွ၊ ဒါက ပြည်သူပိုင်ဟိုတယ် ဖြစ်နေတယ်၊ တော်ကြာ ကြီးမယ်နဲ့ အချုပ်ထဲ ရောက်နေဦးမယ်"

ဘီယာတစ်လုံးစီ ကုန်သွားကြပြီ၊ ဦးမျိုးမြင့်က ဘယ်လိုလဲ ဆိုသော သဘောဖြင့် ကြည့်လိုက်သည်။ ဦးစိန်ကြည်က ခေါင်းဆတ်ပြသည်။ စားပွဲထိုးကို လှမ်းခေါ်ပြီး ဘီယာနှစ်လုံး၊ ချိစ်တစ်ပွဲနှင့် ကဘတ်တစ်ပွဲ မှာလိုက်သည်။

ဒုတိယ ဘီယာတစ်လုံးစီ ကုန်လုနီးသောအခါ စကားပြော၍ ပွက်လာသည်။ မိမိတို့၏ စီးပွားရေး အခြေအနေများကို အပြန်အလှန် ပြောပြကြသည်။ နှစ်ယောက်စလုံး အခြေအနေ ကောင်းနေသည်။

ဦးစိန်ကြည်သည် လခစား ဖြစ်၍ ဦးမျိုးမြင့်လောက် ဝင်ငွေ မကောင်းချေ။ သို့ရာတွင် ဖိနပ်ဆိုင်က ဝင်ငွေက အထောက်အကူ ပြုထားသည်။ သားအမိ၊ သားအဖ သုံးယောက်တည်း ဖြစ်၍ မပူပင်ရ။ ထို့အပြင် ဦးစိန်ကြည်သည် မိဘများ လက်ထက်ကတည်းက အတော်အသင့် ချမ်းသာကြွယ်ဝခဲ့သူ ဖြစ်သည်။

ဦးမျိုးမြင့်တို့ကတော့ နဂိုက သိပ်တောင့်တင်းလှသည် မဟုတ်၊ သာမန်အဆင့်လောက်သာ ရှိသည်။ ဦးမျိုးမြင့်၏ ကြိုးစားမှုကြောင့် တိုးတက်ကြီးပွားလာခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့နှစ်ယောက်၏ လက်ရှိအဆင့်မှာ အတူ လောက်ပင် ရှိသည်။

ပြောကြဆိုကြရင်း ဦးမျိုးမြင့်က သူလိုချင်သော စကား စသည်။ မင်းမျိုး၏အကြောင်းကို မပြော၊ ခင်ခင်ကြည့် အကြောင်း လည်း မမေး၊ သူ့သမီးကြီး မေနွယ်မျိုး၏ သား၊ သူ့မြေးအကြောင်းကိုသ ပြောသည်။

သူ့မြေး စကားတတ်ပုံ၊ အဘိုးအဘွားကို နွဲ့ဆိုးဆိုးပုံ၊ အ သဖြင့် အဘိုးကို ခင်တွယ်တတ်ပုံ စသည်တို့ကို ရွှန်းရွှန်းဝေအော ပြောလေတော့သည်။ တခြားသော အကြောင်းအရာဆိုလျှင် ဦးစိန်ကြည ကလည်း တလှည့်စီ ပြန်ဝင်၍ ပြောနိုင်ပေလိမ့်မည်။ ခုတော့ သူ့မှာ မြေးမရှိသဖြင့် ဘာမျှမပြောနိုင်ဘဲ ခေါင်းတညိတ်ညိတ် လုပ်ပြီးတော့သ နားထောင်နေရသည်။

"တကယ်တော့ မြေးဆိုတာ အဘိုးအဘွားအတွက် အဖေ ကောင်းပဲကွ၊ သားသမီး ဆိုတာကတော့ အရွယ်တွေ ရောက်လာကြလို့ အဖေအမေကို သိပ်ကပ်ချင်ကြတော့တာ မဟုတ်ဘူး၊ ပြီးတော့ အသက် ကြီးလာတဲ့အခါ ကလေးတွေနဲ့ စကားပြောရတာကို ပိုပြီး သဘောကျလာ တတ်တယ်ကွ၊ မင်းကတော့ မြေးမရှိလို့ သိမှာမဟုတ်ဘူး၊ တစ်ခါတစ်လေ ငါ့မြေးကို လက်ဆွဲပြီး လျှောက်လည်၊ လက်ဖက်ရည်ဆိုင်ထိုင် လုပ်ရတာ တော်တော် အရသာရှိတဲ့ အလုပ်ကွ"

ဦးမျိုးမြင့် ဆင်လိုက်သော အကွက်က အောင်မြင်သည် သားရေးသမီးရေးအကြောင်း တိုက်ရိုက်မပြောပဲ တစ်ဆင့်ကျော်၍ မြေး အကြောင်း ပြောလိုက်သဖြင့် ပို၍ အဆင်ပြေသွားသည်။

"အေးကွာ. . . မင်းပြောမှ ငါတောင် မြေးတစ်ယောက်လောက် လိုချင်လာပြီ"

ဟု ဦးစိတ်ကြည်က အားကျသံဖြင့် ပြောသည်။ ဦးမျိုးမြင့်က ဝင်လာသော အကွက်ကို နင်း၍. . .





"မြေးလိုချင်လျှင် သူ့အလိုလိုတော့ ရောက်လာမှာ မဟုတ်ဘူး၊ သမီးက မွေးပေးမှရမှာ"

သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံမိသည်။ ဦးစိန်ကြည်က ပြုံး၍

"မင်းပြောတာ ဟုတ်တယ်ကွ"

ဟု ထောက်ခံလိုက်သည်။ သူတို့သည် ဖွင့်မပြောကြသော်လည်း ဘောတူညီမှုတစ်ခုကို ရလိုက်ကြပြီဟု နှစ်ယောက်စလုံး နားလည်ကြ



www.burmeseclassic.com

www.burmeseclassic.com



"ပြင်လို့ဆင်လို့ မပြီးသေးဘူးလားဟေ့"

ဦးစိန်ကြည်က အခန်းထဲ ဝင်လာရင်း ပြောသည်။

"ပြီးပါပြီ"

ဒေါ်မြရင်က အကျီ်ခါးကို ဆွဲဆန့်ပြီး မှန်ရှေ့က ခွာသည်။

"မင်းကလဲကွာ. . . သမီးတောင် ပြင်ဆင်ပြီးနေပြီ၊ မင်းက သမီးထက်တောင် ပိုလှချင်နေပါသေးလား"

"လှချင်လို့ရယ် မဟုတ်ပါဘူး၊ ကြည့်ကောင်းအောင်တော့ လုပ်ရသေးတာပေါ့"

ဦးစိန်ကြည်က ဟက်ခနဲ ရယ်ပြီး. . .

"အေး ဟုတ်တယ်၊ မင်း လှဖို့ အရေးကြီးတယ်၊ သမီးလိုချင် အမေကြည့် ဆိုတဲ့စကား ရှိသား မဟုတ်လား"

"အလိုတော်. . . ရှင့်စကားက ဘာအဓိပ္ပါယ်လဲ"

"ဘာအဓိပ္ပါယ်လဲဆိုတော့ ဒီနေ့ ငါတို့ သွားကြတာ ဘာကြောင့်လဲဆိုတာ စဉ်းစားကြည့်လိုက်ရင် ရှင်းနေတာပဲ"

"ဘာစဉ်းစားရမှာလဲ၊ ထမင်းစား ဖိတ်လို့ သွားတယ်၊ ကိုမျိုးမြင့်တို့ ထားတို့အိမ်ကို မရောက်ဖူးလို့ သွားတယ်၊ ဒါပဲပေါ့"





"ဒီထက်ပိုတဲ့အကြောင်း ရှိတယ်လေ"

"ရှင်ပဲ ရှင်းပြစမ်းပါဦး"

ဦးစိန်ကြည်က ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်လိုက်ပြီး. . .

"ဒီလိုကွ၊ မျိုးမြင့် ငါတို့အိမ်ကို ပထမဆုံးအကြိမ် လာလည်တုန်း ...ကို မြင်တော့ ဘာပြောသလဲ၊ မင်းသမီးက တယ်ချောပါလားလို့ ...တယ် မဟုတ်လား"

"ချောလို့ ချောတယ် ပြောတာပဲဟာ"

"လာမယ်လေကွာ၊ နောက်တစ်ခေါက်ကျတော့ မထားကို ခေါ် ...ယ်၊ ငါတို့ သမီးကို ကြည့်ဖို့ ခေါ်လာတာပေါ့၊ မထားက တစ်ချိန် ... သမီးကိုပဲ အကဲခတ်ပြီး ကြည့်နေတာပဲ၊ ပြီးတော့ ပြုံးပြုံးပြုံးပြုံးနဲ့ ...တော် သဘောကျသွားပုံ ရတယ်၊ အဲ. . . နောက်တစ်ချက်ကတော့ ... ငါတို့ကို ထမင်းစား ဖိတ်တဲ့ ကိစ္စပဲ၊ သူတို့ကတော့ သမီးကို လာ ...ပြီးပြီ၊ သူတို့သားကိုလဲ လာကြည့်လှည့်ပါဦးဆိုတဲ့ သဘောပေါ့၊ ...င့် ပြောသွားတာ မကြားဖူးလား၊ သားတို့ သမီးတို့ မောင်နှမလဲ ...ဆုံကြရအောင်ပေါ့တဲ့"

"ရှင့်ဘာသာရှင်တော့ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်လို့၊ ဟိုက ...ပြောသလို ဟုတ်တယ်လို့ ရှင်သိလို့လား"

"ဟ. . . သိတာပေါ့၊ မျိုးမြင့်နဲ့ငါနဲ့က ငယ်သူငယ်ချင်းပဲ၊ ဒီကောင် ...စကား ပြောရင် ဘယ်အချိုး ချိုးချင်လို့ ဆိုတာ သိပ်သိတာပေါ့"

ဒေါ်မြရင်သည်လည်း ဟိုတစ်နေ့က ဒေါ်ထားထား ဆိုင်ကို ...ရင်း ပြောသွားသည့် စကားတွေကို သတိရလိုက်သည်။ ခုမှ သေသေ ...ချာ စဉ်းစားလိုက်တော့ ဒေါ်ထားထား စကားများ၏ ရည်ရွယ်ချက်ကို ...မိလာသည်။ ဦးစိန်ကြည် ပြောသည့်အတိုင်း ဟုတ်ပုံရသည်။ ထို့ ...ကြောင့်. . .

"ထားပါတော့. . . ကိုမျိုးမြင့်တို့က သူတို့ သားနဲ့သမီးကို သဘော ...နေတယ်၊ ရှင်ကကော. . ."



www.burmeseclassic.com

www.burmeseclassic.com



"မျိုးမြင့်သားနဲ့ဆိုရင် ဘာသဘောမတူစရာ ရှိသလဲ"

"ကောင်လေးကိုဖြင့် မြင်တောင် မမြင်ဘူးသေးဘဲနဲ့"

"ငယ်ငယ်က မြင်ဖူးသားပဲ၊ ကောင်လေးက ချောမှာ သေချာ တယ်၊ မျိုးမြင့်ကော မထားကော ချောကြတာကိုး၊ အင်း. . . ပြီးတော့ မျိုးမြင့်သားဆိုရင် စိတ်ချရပါတယ်၊ မျိုးမြင့်က ပျော်တတ်နောက်တတ် မယ့် စည်းကမ်းရှိတယ်ကွ"

"သမီးကကော အဲဒီသူငယ်ကို သဘောကျပ့ါမလား"

"ဒါကတော့ သူတို့ချင်း ကြည့်ပြီး အကဲခတ်ကြလိမ့်မပေါ့ ငါကလဲ သမီးဆန္ဒ မပါဘဲ ဘာမှမလုပ်ပါဘူး"

ဦးစိန်ကြည်က နာရီကို ကြည့်ပြီး. . .

"ဟား. . . အချိန်တောင် နီးနေပြီ၊ သွားကြမှပဲ"

သူတို့ ဧည့်ခန်းထဲ ထွက်လာသောအခါ ကုလားထိုင်မှာ အဆ သင့် ထိုင်စောင့်နေသော ခင်ခင်ကြည်ကို တွေ့ရသည်။ သူသည် ခပ်ရိုး ပင် ဝတ်ထားသည်။ ဒေါ်မြရင်က. . .

"ဟဲ့. . . သမီး၊ ဟိုနေ့က ဝယ်တဲ့ထဘီ မဝတ်ဘူးလား"

"မဝတ်တော့ပါဘူး မေမေ၊ ပွဲထိုင်သွားတာမှ မဟုတ်ဘဲ"

ဒေါ်မြရင်က သမီးကို သားသားနားနား ဝတ်စားသွားစေချင် သည်။ ဦးစိန်ကြည်ကတော့ ခုလိုအတိုင်းပဲ သဘောကျသည်။ သမီးသ ခပ်ရိုးရိုး ဝတ်လျှင်လည်း လှနေတာပဲဆိုတာ ပြချင်သည်။ ပြီးတေ ဦးမျိုးမြင့်သည် အဝတ်အစားထက် ပင်ကိုအလှကို ပို၍မြင်တတ်ကြော သူသိသည်။

စောစောတုန်းက ဦးစိန်ကြည်နှင့် ဒေါ်မြရင်တို့ အခန်းထဲ ပြောနေကြသော စကားများကို အခန်းပြင်မှ ဖြတ်လျှောက်သွားသေ ထမင်းချက်မပိန် ကြားသွားကြောင်းကိုတော့ ဘယ်သူမှ မသိလိုက်ကြ

◊ ◊ ◊



ဦးမျိုးမြင့်သည် တိုင်ကပ်နာရီကို တကြည့်ကြည့်နှင့် ရှိနေသည်။ ခြောက်နာရီ ကျော်လာသောအခါ. . .

"လာကာနီးပြီ"

ဟု ရေရွတ်ပြီး မင်းမျိုး၏ အခန်းဘက်သို့ လျှောက်လာသည်။ အခန်းဝမှ အသာကြည့်လိုက်သောအခါ အိပ်ရာပေါ်မှာ လုံ့ရင်း မဂ္ဂဇင်း တစ်စောင် ဖတ်နေသော မင်းမျိုးကို တွေ့ရသည်။ မင်းမျိုးက သူ့ကို မမြင်၊ စာအုပ်ထဲမှာသာ စိတ်ဝင်စားနေသည်။ ဦးမျိုးမြင့် တစ်စုံတစ်ခု ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ပြန်ထွက်လာခဲ့သည်။

မီးဖိုခန်းဘက် လာခဲ့ပြန်သည်။ ဒေါ်ထားထားသည် မီးဖိုထဲတွင် ချက်ရေးပြုတ်ရေးကိစ္စများ လက်စသတ်နေသည်။

"ကဲ. . . ပြင်တော့ဆင်တော့လေ၊ လာကာနီးပြီ"

"ပြီးပါပြီ၊ အရွှေရေ. . . ကြက်သွန်နဲ့ ငါးဖိထုပ်ကို အခု မလှီးနဲ့ ဦးနော်၊ ငြိမ်းစော်နံသွားမယ်၊ အသုပ် သုပ်ကာနီးကျမှ လှီးသိလား"

ဟု ညီမဝမ်းကွဲကို မှာပြီး မီးဖိုခန်းထဲက ထွက်လာသည်။ ဦးမျိုး မြင့်က. . .

"သားသားနားနားလေးတော့ ဝတ်နော်၊ ကိုယ်က အိမ်နေတာ ဆိုပေမယ့်. . ."

"ကျွန်မ နားလည်ပါတယ်ရှင်"

ဆိုပြီး ဒေါ်ထားထား ရေချိုးရန် ခပ်သုတ်သုတ် ထွက်သွားသည်။ ဦးမျိုးမြင့်သည် အိမ်ရှေ့မှာ ဆေးတံဖွာရင်း လမ်းလျှောက်နေသည်၊ နာရီကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်သည်။

ဆယ်မိနစ်လောက်အကြာတွင် ဒေါ်ထားထား ရေမိုးချိုး ဖီးလိမ်း ပြီး ထွက်လာသည်။ ဒေါ်ထားထားသည် လျင်မြန် ဖျတ်လတ်သူ ဖြစ်၍ အချိန်အနည်းငယ်သာ ရသော်လည်း ပြည့်စုံသပ်ရပ်စွာ ပြင်ဆင်လာနိုင် သည်။

ပွဲနေ့ပွဲထိုင် သွားသလောက်လည်း တောက်တောက်ပြောင်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ခါတိုင်း အိမ်နေရင်းလိုလည်း မဟုတ်၊ သင့်တော်အောင် ဝတ်စားဆင်ယင်နိုင်ခြင်းသည် ဒေါ်ထားထား၏ အရည်အချင်းတစ်ခုပင် ဖြစ်သည်။ တကယ်တော့ ဒေါ်ထားထားသည် အိမ်မှာ နေရင်းလည်း အဝတ်အစား ခပ်နွမ်းနွမ်းကိုပင်ဖြစ်စေ သပ်ရပ်စွာ ဝတ်တတ်သူ ဖြစ် သည်။

သူ ထွက်လာသည်နှင့် အံကိုက်ပင် ဖြစ်သည်။ အိမ်ရှေ့မှ ကား စက်သံ၊ ကားတံခါး ဖွင့်သံပိတ်သံ ကြားရသည်။

"ဟော. . . လာကြပြီ"

ဒေါ်ထားထားက ပြောလိုက်ရာ ဦးမျိုးမြင့်သည် အိမ်ရှေ့ တံခါး သို့ ထွက်ပြီးကြိုသည်။

"လာကြ လာကြ၊ ငါတို့က အစောကြီးကတည်းက မျှော်နေတာ"

"ဟောဒီ မရွှေရင်ရင်ပေါ့ကွာ၊ မထားကို အားကျမခံ အလှပြင် နေလို့ နောက်ကျသွားတာကွ"

ဆိုရင်း ဦးစိန်ကြည်တို့ အိမ်ထဲ ဝင်လာသည်။

"ကဲ. . ထိုင်ကြ၊ လာ. . သမီး"

ဒေါ်ထားထားက ခင်ခင်ကြည်ကို လက်မောင်းကလေး ကိုင်ပြီး ခေါ်လာ၏။ သူ့ဘေးမှာ ကပ်လျက် ထိုင်ခိုင်းသည်။ ဒေါ်မြရင်ဘက် လှည့်၍. . .

"ဟုတ်ပါရဲ့. . . ရင်ရင်တို့မှာ နာမည်နဲ့ လိုက်အောင်ကို လှနေ တုန်းပဲ"

"နာမည်နဲ့ ဘာဆိုင်လို့လဲ ထားရယ်"

"ဆိုင်တာပေါ့၊ မမြရင်ဆိုတာ လေဘာတီ မမြရင် နာမည်ပဲ မဟုတ်လား"

"ပြောလဲ ပြောတတ်တယ် ထားရယ်"

"ဒီလိုသာဆိုရင် ကျုပ်နာမည်တော့ ပြောင်းမှပဲ၊ ဂျပန်ခေတ်က သီချင်းလိုဆို မလွယ်ဘူး"





ဦးစိန်ကြည်က ဂျပန်ခေတ်က ဆိုကြသော 'စိန်ကြည်နော်. . . ကြည်ကြည်၊ လင်ယူပက်စက်သည်' ဆိုသော သီချင်းကို ရည်ရွယ်၍ ပြော လိုက်သောကြောင့် ရယ်ကြသည်။ ဦးမျိုးမြင့်ကလည်း. . .

"ဒါဆို ငါ့နာမည်ကိုလဲ အပါလို့ ပြောင်းရမယ်၊ ဒါမှ မမထားနဲ့ အပါဖြစ်သွားမှာ"

ဒေါ်ထားထားက "တော်တော် ငယ်ချင်တယ်" ဟု ပြောပြီး. . .

"ဟုတ်တယ် ရင်ရင်ရဲ့၊ တကယ် ပြောတာ၊ သမီးနဲ့ ညီအစ်မလား အောက်မေ့ရတယ်"

"စကားကို ကြည့်ပြောနော် မထား၊ ကျုပ်မိန်းမကပဲ အရွယ်တင် တာလား၊ ကျုပ်သမီးကပဲ အိုစာနေလို့လား၊ ကွဲကွဲပြားပြား ရှင်းအောင် ပြောဗျ"

ဦးစိန်ကြည်က ဝင်နောက်သည်။ ဒေါ်ထားထားက. . .

"အမေရော သမီးရော လှပါသတဲ့ရှင်၊ ဒါကြောင့် အပျိုပေါက် ကလေး ညီအစ်မလို့ ထင်ရတာကို ပြောတာပါ"

ရယ်ကြသည်။ ဦးမျိုးမြင့်က အိမ်အတွင်းဘက်သို့. . .

"မင်းမျိုးရေ. . . ဒီမှာ မင်းဦးလေးတို့ ဒေါ်ဒေါ်တို့ ရောက်နေ တယ်ဟေ့"

ဟု လှမ်းအော်သည်။ တစ်ဆက်တည်း. . .

"မင်းတို့ လင်မယား လာမယ်ဆိုလို့ သားကို အလုပ်ရုံတောင် မသွားခိုင်းဘဲနှင့် တမင် စောင့်ခိုင်းထားတာ"

ဦးစိန်ကြည် ပြုံးသည်။ ဒေါ်မြရင်က ခင်ခင်ကြည်ကို တစ်ချက် လှမ်းကြည့်သည်။ အစေခံက လိမ္မော်ရည်ဖန်ခွက်များ လာချပေးသည်။

"ထမင်းတော့ အေးအေးဆေးဆေးမှ စားကြတာပေါ့၊ အအေး သောက်နှင့်ကြဦး"

ဦးမျိုးမြင့်က မင်းမျိုး ထွက်မလာသေးသဖြင့် လှမ်းလှမ်းကြည့် သည်။ ခွေးကောင်လေး ခုမှ ရှက်နေပြီ ထင်တယ်ဟု ရေရွတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားက ခင်ခင်ကြည်၏ပခုံးပေါ် လက်တင်လိုက်ပြီး . .

"သမီး အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်လေးနှစ်ပါ"

ဟု ခင်ခင်ကြည်က ပြောသည်။

"အရွယ်ကောင်းကလေးပဲ၊ ကိုစိန်ကြည်တို့ ရင်ရင်တို့များ ကံကောင်းလိုက်တာ၊ သမီးချောလေး ရထားတယ်"

ဒေါ်ထားထားက ပြောလိုက်ရာ ဒေါ်မြရင်က. . .

"ရင်တို့က ဒါလေး တစ်ယောက်တည်းပါနော်၊ ထားတို့ကမှ သားသမီး သုံးယောက်တောင် ထွန်းကားတာ၊ အားရှိစရာကြီးနော်၊ အားလုံးကလည်း လိမ္မာကြတယ်ဆို"

ဦးမျိုးမြင့်က ခေါင်းညိတ်ပြီး. . .

"သားသမီးကံကတော့ မဆိုးဘူး ဆိုရမှာပေါ့လေ၊ သမီး နှစ်ယောက်က အိမ်ထောင်ကျပြီး အခြေတကျ ဖြစ်ကုန်ကြပြီ၊ သားကြီးကလဲ လုပ်ငန်းတွေကို မျက်နှာလွှဲထားလို့ ရနေပြီ၊ ခုထိ လူပျိုကြီး လုပ်နေတာလဲ ခက်တယ်ဟော့"

ဟု အကွက်ဝင်တုန်း ပြောလိုက်သည်။

"စိတ်ကြိုက် မတွေ့သေးလို့ ထင်ပါရဲ့လေ"

ဟု ဒေါ်ထားထားက စကားလမ်းကြောင်းပေးလိုက်ပြန်၏။

"အဲဒါ ပြောတာပေါ့၊ သူကလဲ သဘောကျ၊ လူကြီးတွေကလဲ ကျေနပ်တာမျိုး တွေ့ရင် ကောင်းသားပေါ့"

ဦးမျိုးမြင့်၏ စကားမှာ သွေးတိုးစမ်းလိုက်ခြင်းပင် ဖြစ်သည်၊ ဦးစိန်ကြည်ကလည်း နားလည် သဘောပေါက်သည့်ဟန်ဖြင့် ပြုံးနေသည်၊ စိတ်ထဲကတော့ တော်တော် အတွဲညီတဲ့ လင်မယားပဲဟု မှတ်ချက်ပြုလိုက်သည်။

ခင်ခင်ကြည်သည် ရိုးသော်လည်း သိပ်အ,လှသည်တော့ မဟုတ်ချေ။ လူကြီးများသည် သားရေးသမီးရေး ကိစ္စများ အကြောင်းကို သွယ်





ဝိုက်၍ ပြောနေတာ ဖြစ်နိုင်သည်ဟု ရိပ်မိသလိုလို ရှိသည်။ အနေရထိုင်ရ ခက်သွား၍ ဧည့်ခန်းထဲက ခင်းကျင်း ပြင်ဆင်ထားပုံများကို အစီပွါယ်မရှိ လျှောက်ကြည့်နေမိ၏။

နံရံမှာ ချိတ်ထားသော ဓာတ်ပုံတစ်ပုံကို မြင်သည်။ ဘွဲ့ဝတ်စုံ ဝတ်ထားသော အမျိုးသားတစ်ယောက်၏ပုံ။ မင်းမျိုး၏ပုံ ဖြစ်ရမည်၊ သူ့ကို ငယ်ငယ်က မြင်ခဲ့ဖူးသော်လည်း ကောင်းကောင်းတော့ မမှတ်မိ၊ ဓါတ်ပုံကို မြင်ရတော့ ယောကျ်ားပီပီသသ ကြည့်ကောင်းသူဖြစ်ကြောင်း တွေ့ရသည်။

တပ်အပ်တော့ ပြောလို့မရ၊ ဓာတ်ပုံဆရာများသည် ဘွဲ့ယူဓါတ်ပုံများ ရိုက်သောအခါ သူတို့၏ ပညာစွမ်းဖြင့် အရုပ်ဆိုးသူများကိုလည်း ကြည့်ကောင်းအောင် လုပ်ပေးတတ်တာမျိုး ရှိသည်။ ဘာပဲဖြစ်ဖြစ် လူကြီးတွေက မိမိနှင့် သဘောတူသလိုလို ယူဆရသော လူတစ်ယောက်၏ ဓါတ်ပုံကို တစ်ချက် စိုက်ကြည့်လိုက်မိသဖြင့် သူ ရှက်သွားသည်၊

"သားတော်မောင်ကော ခေါ်စမ်းပါဦးကွ"

ဟု ဦးစိန်ကြည်က ပြောလိုက်သောအခါ ခင်ခင်ကြည်သည် စိတ်လှုပ်ရှားသွားမိ၏။ စိတ်ဝင်စားခြင်း၊ ကြည့်မိလိုခြင်းတော့ မဟုတ်၊ မိန်းကလေးတစ်ယောက်အနေဖြင့် ရှက်စိတ်ဖြင့် လှုပ်ရှားမိခြင်းသာ ဖြစ်၏၊

ခုချိန်ထိ မင်းမျိုး ထွက်မလာသေးသဖြင့် ဦးမျိုးမြင့် စိတ်စနောင့်စနင်း ဖြစ်နေသည်။ သည်အချိန်ဆို ထွက်လာခဲ့ဖို့ ကောင်းပြီ၊ တော်ကြာ တမင်တကာ ကိုယ့်ဘက်က ဈေးမြှင့်သလို ဖြစ်နေလျှင် မကောင်း၊

"ရှိပါတယ်၊ သေသေချာချာ စောင့်ခိုင်းထားတာ၊ ခုနပဲ သူ့အခန်းထဲမှာ စာရင်းတွေ တွက်နေသေးတယ်၊ ဒီကောင်ကလဲ ခက်တာပဲ၊ အလုပ်လုပ်ပြီဆိုရင် သိပ်ဖွဲ့ရှိတာ၊ ထမင်းမေ့ ဟင်းမေ့ပဲ"

ဟု ဖြေပြော ပြောပြီး အစေခံကို လှမ်းခေါ်၍ မင်းမျိုး၏အခန်းသို့ သွားခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မတွေ့တာ နှစ်ပေါင်း မနည်းတော့ဘူးနော်၊ ဒီကောင့်ကို ခုချိန် မြင်ရင် မှတ်မိမှာ မဟုတ်ဘူး"

ဟု ဦးစိန်ကြည်က ပြောသည်။ ဒေါ်ထားထားက. . .

"ဟုတ်တယ်၊ သားက သိပ်ထွားတာပဲ၊ သူ့အဖေထက်တောင် မြင့်ချင်သေးတယ်"

လာတဲ့အခါကျတော့ ကြည့်ပေါ့လေ၊ ငါ့သား ဘယ်လောက် ချောတယ်ဆိုတာ. . . ဟူသော သဘောဖြင့် ဦးမျိုးမြင့် ခပ်မိန့်မိန့် ပြုံးလိုက်သည်။

ထိုအခိုက်တွင် အရွှေ ဧည့်ခန်းထဲ ဝင်လာပြီး. . .

"မောင်မျိုး မရှိဘူး အစ်ကိုကြီး"

ဟု ပြောလိုက်သည်။

"ဟေ. . သေသေချာချာကြည့်ပါဦး၊ ဟိုနား ဒီနား"

"ကြည့်ပြီးပါပြီ ဟို. . . ဟို. . . "

အရွှေက ပြောသင့်မပြောသင့် ချင့်ချိန်သလို လုပ်နေပြီးမှ. . .

"ဟို. . . စောစောတုန်းကပဲ အစ်ကိုကြီးတို့ မေးရင် အရေးကြီးတဲ့ကိစ္စ ရှိလို့ အပြင်သွားတယ်လို့ ပြောလိုက်ဆိုပြီး ဟိုဒင်း. . . နောက်ဖေးပေါက်က ထွက်သွားတာပဲ"

ဦးမျိုးမြင့် မျက်နှာမပျက်အောင် မနည်း ထိန်းထားလိုက်ရသည်။ ဒေါ်ထားထားကတော့ ဣန္ဒြေဆည်သည့်အနေဖြင့် ပြုံးသလို ရယ်သလို လုပ်လိုက်ရာ မဲ့မဲ့ကြီး ဖြစ်သွားသည်။

ဦးစိန်ကြည်နှင့် ဒေါ်မြရင်တို့ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း ဆိုင်မိကြသည်။

"ဟဲ. . . ဟဲ"

ဟု ဦးမျိုးမြင့်က မဆီမဆိုင် မျက်နှာချိုသွေးလိုက်သည်။ ဦးစိန်ကြည်ကလည်း 'ဟင်းဟင်း' ဟု မရယ်ချင့်ရယ်ချင် ပုံစံဖြင့် ရယ်သည်။

ထို့နောက်တွင်ကား စကားတွေသာ ရှာကြံပြောနေရသော်လည်း



ဦးမျိုးမြင့်နှင့် ဒေါ်ထားထားတို့သည် ဟန်လုပ်ထားရသော မျက်နှာများ ဖြစ်နေကြပြီ။ သူတို့အခြေအနေက ဦးစိန်ကြည်တို့ကို ကူးစက်ပြီး စကားဝိုင်းမှာ လေးလံ ထိုင်းမှိုင်းသွားတော့သည်။

ထမင်းစားကြသောအခါတွင်လည်း ဒေါ်ထားထား လက်စွမ်းပြပြီး ချက်ပြုတ်ထားသော ဟင်းအမျိုးမျိုးတို့ကို ဦးစိန်ကြည်က ချီးတော့ ချီးကျူးရှာပါပေသည်။ သို့ရာတွင် ဝတ်ကျေတန်းကျေ လေသံမျိုး ဖြစ်နေ၏။

အမှန်တော့ ဒီလောက်ထိ ဖြစ်သွားဖို့ မလိုချေ။ ခု ပြောခဲ့ကြသော စကားများသည် သိပ်ထိထိရောက်ရောက် ရှိလှသည်ဟု မဆိုနိုင်။ သို့ရာတွင် အကြောင်းသိ ဖြစ်နေကြသောသူများ ဖြစ်၍ တစ်ဦးက ဘာဆိုလိုသည်ကို တစ်ယောက်က သိနေကြသည်။

ဦးမျိုးမြင့်သည် သူ့ဘက်က အပိုင်တွက်ပြီး အခွင့်အရေး ရသခိုက် အစပျိုးလိုက်သည်။ တစ်ဖက်ကလည်း လိုလိုလားလား တုံ့ပြန်ခဲ့ရသည်။ သားရေးသမီးရေးကိစ္စကို လူကြီးချင်း နားလည်မှု ရှိအောင် သွယ်ဝိုက်သောနည်းဖြင့် ကြိုးပမ်းကြသည်။ အဆင်ပြေနေတုန်းမှာ မင်းမျိုးက ဖောက်ထွက်သွားခဲ့လေပြီ။

ဦးမျိုးမြင့်သည် မင်းမျိုး လုပ်ပုံကို စဉ်းစားလိုက်တိုင်း ဒေါသဖြစ်ပြီး တစ်ချက်တစ်ချက် ဧည့်သည်တွေရှေ့မှာ မျက်နှာတင်းသွားမိသဖြင့် ပြန်ပြန်ထိန်းနေရသည်။

◊ ◊ ◊

မင်းမျိုးသည် ခုလို လစ်ထွက်သွားမည်ဟု စိတ်ကူးမရှိချေ။ လူကြီးတွေ ကျေနပ်အောင် ခင်ခင်ကြည်ကို ကြည့်ရုံတော့ ကြည့်လိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ကူးခဲ့သည်။ သည်လောက်တော့ အပန်းမကြီးပါဘူးဟု တွေးသည်။

နောက်တော့ တဖြည်းဖြည်း စိတ်ပြောင်းလာသည်။ လူကြီးများ၏ အစီအစဉ်မှာ တော်တော် မျက်နှာပူဖို့ ကောင်းသည်။ လူကြီးတွေ သဘောတူထားသော မိန်းကလေး တစ်ယောက်ကို စိတ်မဝင်စားဘဲ မျက်နှာချင်းဆိုင်ပြီး အာလာပသလ္လာပ ပြောဖို့ဆို သည်မှာ တော်တော် ကြောင်သောကိစ္စပဲ။

ပြီးတော့ သူသည် ရှက်လည်း ရှက်နေသည်။ လူကြီးတွေ၏ အကြံအစည်ကို သိမထားလျှင်လည်း ကိစ္စမရှိ၊ ခုတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။

ထို့ကြောင့် အိမ်ရှေ့က ကားသံကြားသောအခါ နောက်ဖေး ပေါက်က အသာလစ်ထွက်ခဲ့ခြင်း ဖြစ်သည်။ သိပ်ဝေးဝေးသွားသည်တော့ မဟုတ်၊ ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ပြီး သီချင်း နား ထောင်နေခြင်း ဖြစ်သည်။ နောက်တော့ သူငယ်ချင်း တစ်ယောက် ရောက်လာသဖြင့် စကားပြောကြရာ အချိန်အတော်ကြာသွားသည်။

မင်းမျိုးသည် လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းက သူ ထွက်လာ ကြောင်း အဖေ သိလျှင် ဒေါသဖြစ်တော့မှာပဲဟု တွေးမိပြန်သည်။ ပြန် သွားလျှင်တော့ ဆူလိုက်မည့်ဖြစ်ခြင်း။ အဖေ ဆူတာကို ခေါင်းငုံ့ခံလိုက်ရုံ သာ ရှိသည်။

တစ်ခု တွေးမိပြန်တာက လူကြီးတွေက လှမ်းခေါ်လို့ သူ မရှိလျှင် ဧည့်သည်တွေအပေါ် မျက်နှာပျက်ရချေတော့မည်။ အမှန်က ဧည့်သည် တွေကို မျက်နှာပြရုံလောက်တော့ လုပ်ခဲ့ဖို့ ကောင်းသည်။ ခဏတဖြုတ် နှုတ်ဆက်ပြီး အကြောင်းတစ်ခု ပြ၍ ထွက်ခဲ့လျှင် ဖြစ်သည်။ ခုလိုကြီး မပြောမဆို ထွက်လာခဲ့တာတော့ မသင့်တော်ဟု ထင်သည်။

ပြီးတော့ ခင်ခင်ကြည်နှင့် မျက်နှာချင်းဆိုင်ဖို့ ဘာကြောင့် ရှက် နေရမှာလဲ၊ ကိုယ့်စိတ်ထဲက ဘယ်လိုမှ သဘောမထားလျှင် ပြီးတာပဲ၊ ခုလို ရှောင်ထွက်လာတာက သတ္တိနည်းရာ ကျတယ်ဟု တွေးမိပြန်သည်။





ထို့ကြောင့် အိမ်သို့ ပြန်လာခဲ့သည်။ သူ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး အချိန်ဖြုန်းခဲ့တာ နှစ်နာရီနီးပါးလောက် ကြာမည်။ သို့ဖြစ်၍ သူ အိမ်ထဲ ဝင်လိုက်သောအခါ အိမ်ရှေ့မှာ ဦးစိန်ကြည်တို့ ကားကို တွေ့ရတော့ချေ။ ပြန်ကုန်ကြပြီ။

အိမ်ထဲသို့ ဝင်ဝင်ချင်း မီးများ လောင်နေသလားဟု ထင်လိုက်ရ သည်။ အကြောင်းမှာ ဦးမျိုးမြင့်သည် ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ဆေးတံကို မီးခိုးထောင်းထောင်း ထအောင် ဖွာလျက် ရှိသော ကြောင့်ပင် ဖြစ်သည်။

စုံထောက်ကြီး ဦးစံရှားသည် အကြောင်းကို နက်နက်နဲနဲ စဉ်းစား သည့်အခါတွင် ခုလိုပင် ဆေးတံကို မီးခိုးထောင်းထောင်း ထအောင် ဖွာလေ့ ရှိသည်ဟု ဖတ်ဖူးသည်။ သို့ရာတွင် ဤကား ဦးစံရှား မဟုတ်၊ ဦးမျိုးမြင့်တည်း။

ဦးမျိုးမြင့်၏ အခြေအနေကို မြင်လိုက်ကတည်းက ပြန်လာတာ နောက်ကျပြီဟု မင်းမျိုး သိပြီးဖြစ်သည်။ သူ့အဖေ အိပ်လောက်သည့်အချိန်ကျမှ ပြန်လာခဲ့ဖို့ ကောင်းသည်။ အဆူခံရတာချင်းတူတူ မနက်ကျမှဆိုလျှင် နည်းနည်း အရှိန်လျှော့လိမ့်မည် ထင်သည်။ ခုမှတော့ မတတ်နိုင်။

တစ်ခု စဉ်းစားသည်။ အဖေ့ဆီ သွားပြီး အရေးပေါ်ကိစ္စတစ်ခုခု အကြောင်းပြလျှင် ကောင်းမလား၊ ဘာအကြောင်းပြမည်ဟု ကြိုတင် စဉ်းစားခဲ့သဖြင့် ခက်နေသည်။ ဘာသိဘာသာ လုပ်ပြီး အိပ်ခန်းထဲ ဝင်သွားရမလား။

သူ စဉ်းစားနေစဉ်မှာပင် ဦးမျိုးမြင့်က. . .

"မင်းမျိုး" ဟု ခေါ်လိုက်သည်။

ထို့နောက်တွင် မင်းမျိုးသည် သူ့အဖေရှေ့တွင် ကုပ်ကုပ်ကလေး ရပ်နေပြီး ဦးမျိုးမြင့်၏ ဒေါသများ ပေါက်ကွဲပြင်းထန်သည်နှင့် ကြုံရလေ တော့၏။

"ဟင်. . . မင်းက ဘာကောင်လဲကွ၊ ငါက လက်နဲ့ ရေးထားတာကို



www.burmeseclassic.com

www.burmeseclassic.com



မင်းက ခြေနဲ့ ဖျက်တာပေါ့ ဟုတ်လား"

"ကျွန်တော် ဘာလုပ်လို့လဲ ဖေဖေ"

မင်းမျိုးသည် ဘာပြောလို့ ပြောရမှန်း မသိသူတို့ ထုံးစံအတိုင်း ပြောမိပြောရာ ပြောလိုက်ခြင်း ဖြစ်သည်။ ဦးမျိုးမြင့် ပို၍ ဒေါသဖြစ်သွား

"ဘာကွ... ဘာလုပ်လို့လဲ ဟုတ်လား၊ မင်း ဘာလုပ်တ ဆိုတာ မင်းဘာသာ မသိဘူးလား၊ ဒီနေ့ ဧည့်သည်တွေ လာမယ်၊ စော နေပါလို့ သေသေချာချာ မှာထားရက်သားနဲ့"

"အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့"

မင်းမျိုးက မရဲတရဲ ပြောရာ...

"ဘာကိစ္စလဲ"

ဦးမျိုးမြင့်က မေးသည်။ ကြိုတင်စဉ်းစားခြင်း မရှိသဖြင့်...

"ဟို... ဟို..."

"မင်း ငါ့ကို 'သက်သက် အရှက်ကွဲအောင် လုပ်တာပဲ"

"ကျွန်တော် ဘာလုပ်လို့လဲ"

မင်းမျိုးအတွက် ပြောစရာ သည်စကားတစ်ခွန်းသာ ရှိသည်။

"ဒါ အရှက်ခွဲတာပေါ့ကွာ၊ မင်းအတွက် သင့်တော်မယ် ထင်လို့ စီစဉ်ခဲ့တာ၊ ပြီးတော့ တခြားမိဘတွေလို အတင်းအကျပ် လုပ်တာ မဟုတ်ဘူး၊ ကြည့်ရုံပဲကြည့်၊ မင်း ကြိုက်တယ်ဆိုမှ ဆက်ပြီး လုပ်စရာရှိတာ လုပ်မယ် ပြောထားတာ၊ ငါတို့က မင်းအပေါ်မှာ အခွင့်အရေးတွေ ပေးလို့ အလွဲသုံးစား လုပ်တာပေါ့၊ ဟုတ်လား မင်းမျိုး"

"မဟုတ်ပါဘူး ဖေဖေ"

"ဘာမဟုတ်ပါဘူးလဲ... အခု မင်းလုပ်ပုံက ဘယ်လောက် မျက်နှာပူစရာ ကောင်းသလဲ၊ ငါတို့က ရှေ့ကနေ ပြောလို့ဆိုလို့၊ နောက် မင်းကို ခေါ်တော့မှ မရှိဘူးဆိုတော့ ဘယ်လောက် ရှုပ်ပျက်ဆင်းပျက် ဖြစ်သွားသလဲ၊ ငါ့မျက်နှာကို ဓားနဲ့တောင် လှီးပစ်လိုက်ချင်ဘယ်၊ နေစမ်း ပါဦး... မင်းက ဒီမိန်းကလေးကို ကြည့်တောင် မကြည့်ချင်ရအောင်





များ ဖြစ်ရတာလဲ"

"ကျွန်တော်မှ မိန်းမ မလိုချင်သေးဘဲ ဖေဖေ"

"ဟေ... မယူနဲ့ကွာ၊ မယူနဲ့၊ တစ်သက်လုံး မယူနဲ့၊ သွားကွာ ကောင်၊ မင်းမျက်နှာ ငါမကြည့်ချင်ဘူး၊ ကြာရင် ဆွဲထိုးမိလိမ့်မယ်"

မင်းမျိုး ကုပ်ကုပ်ကလေး လှည့်ထွက်သွားသည်။ ခပ်လှမ်းလှမ်းမှ တဲခတ်နေသော ဒေါ်ထားထားက ဦးမျိုးမြင့်နားသို့ သွား၍...

"အိုဗာတင်းလေး တစ်ခွက်လောက် သောက်လိုက်ပါလား"

ဟု မျက်နှာချိုသွေးလိုက်သည်။ ဦးမျိုးမြင့်က ခေါင်းခါပြသည်၊ နောက် ကုလားထိုင်မှာ ဆောင့်ဆောင့်အောင့်အောင့် ထိုင်ချလိုက် ည်။ ဒေါ်ထားထားက ကြိမ်ကုလားထိုင် အဝိုင်းကလေးကို ယူ၍ ဦးမျိုး င့်ဘေးမှာ ဝင်ထိုင်ပြီး...

"သိပ်လဲ ဒေါသဖြစ်မနေပါနဲ့ ကိုမျိုးမြင့်ရယ်၊ သားကို ကျွန်မ ာင်းဖျောင်းဖျဖျ ပြောကြည့်ပါဦးမယ်"

"မပြောနဲ့ ဘာမှမပြောနဲ့၊ သင်းထိုက်နဲ့သင်းကံ နေချင်သလို နေပါစေ"

"ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲ"

"တော်တော့လို့ ပြောတယ် မဟုတ်လား"

ပြောပြောဆိုဆို ဦးမျိုးမြင့် ဆတ်ခနဲ ထရပ်သည်။ နံရံမှာ ချိတ် ားသော မော်တော်ကားသော့ကို ဖြုတ်ယူသည်။

"ဘယ်သွားဦးမလို့လဲ၊ မိုးပဲ ချုပ်နေပြီ"

ဒေါ်ထားထား မေးသည်။

"ဘယ်သွားသွားကွာ"

ဟု ပြောပြီး ထွက်သွား၏။ ခဏအကြာတွင် ပြင်းထန်သော ားစက်သံကို ကြားရပြီး ကားကို တအားမောင်းထွက်သွားသည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



ညက အဖေ ဆူသဖြင့် စိတ်ရှုပ်ရှုပ်ဖြင့် အစောကြီး ဝင်အိပ်သည်။ ထို့ကြောင့် မနက်အစောကြီး နိုးနေသည်။ မျက်နှာသစ်ပြီး ထမင်းစားခန်းထဲ ဝင်လိုက်သောအခါ ကော်ဖီတစ်ခွက် ရှေ့မှာ ချပြီး ခပ်ငိုင်ငိုင်ထိုင်နေသော ဒေါ်ထားထားကို တွေ့ရလေသည်။

မင်းမျိုး ကုလားထိုင် ဆွဲ၍ ထိုင်သည်။ ကော်ဖီတစ်ခွက် ငှဲ့သည်။ ပေါင်မုန့်တစ်ချပ်ကို ယူ၍ ထောပတ်သုတ်နေရင်း...

"မေမေ ဘာဖြစ်လို့လဲ"

သူ့ကိစ္စနှင့် ပတ်သက်၍ ဦးမျိုးမြင့်က ဒေါ်ထားထားကိုပါ ဆူ[illegible]သည်ဟု မင်းမျိုး ထင်သည်။ ဒေါ်ထားထားက...

"မင်းအဖေ ညက ပြန်မအိပ်ဘူး"

ဟု ပြောသည်။

"ဗျာ... ဖေဖေ ညက ပြန်မလာဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ သူ ဒီလို တစ်ခါမှ မဖြစ်ဖူးဘူး၊ အဲဒါကြော[illegible]



[illegible] စိတ်ပူနေတာ"

ဒေါ်ထားထား ပြောတာ မှန်သည်။ ဦးမျိုးမြင့်နှင့် ဒေါ်ထားထား [illegible]သည် တစ်ခါတစ်ရံ ကတောက်ကဆ အနည်းငယ် ဖြစ်သည်မှလွဲ၍ [illegible]ကြီးဟစ်ကျယ် ရန်ဖြစ်ဖူးသည် မဟုတ်၊ တစ်ယောက်ယောက်က [illegible]ထန်လာမည့် အခြေအနေ ရှိလျှင် ကျန်တစ်ယောက်က မသိမသာ [illegible]လျှော့ပေးခြင်းဖြင့် ပြေငြိမ်းသွားခဲ့သည်သာ ဖြစ်သည်။

ဦးမျိုးမြင့်သည်လည်းကောင်း၊ ဒေါ်ထားထားသည်လည်းကောင်း စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားသည်ဟူ၍ မရှိခဲ့ဖူးချေ။ ခုလို ဦးမျိုးမြင့် ညက ထွက်သွားပြီး ပြန်မလာဘဲ နေခြင်းမှာ ထူးဆန်းနေသည်။

"မေမေ စိတ်ပူတာက တခြားမဟုတ်ဘူး၊ ညက စိတ်ဆိုးဆိုးနဲ့ [illegible]ားကို တအား မောင်းသွားတယ်၊ အဲဒါ မတော်တဆ တိုက်မိခိုက်မိများ ဖြစ်နေသလားလို့"

"ဒါတော့ ဖြစ်နိုင်မယ် မထင်ဘူး မေမေ၊ ဖေဖေ့အိတ်ထဲမှာ လိပ်စာကတ်ပြား အမြဲပါသွားတာပဲ၊ တစ်ခုခု ဖြစ်ရင် တစ်ယောက်ယောက်က ဖုန်းဆက် အကြောင်းကြားမှာပေါ့"

"အေး... တယ်လီဖုန်းဆိုမှ သတိရတယ်၊ သမီးကြီးဆီများ သွားအိပ်သလား မသိဘူး၊ သား ဖုန်းဆက်ကြည့်ပါလား"

"ဟုတ်ကဲ့"

မင်းမျိုး ပေါင်မုန့် ထောပတ်သုတ်ကို အလျင်အမြန် စားပြီး ကော်ဖီကျိုက်ချလိုက်သည်။ တယ်လီဖုန်း ရှိရာ အိပ်ခန်းသို့ ထွက်လာသည်။ ဒေါ်ထားထားလည်း လိုက်လာ၏။

တယ်လီဖုန်း လှည့်သည်။ ခဏအကြာတွင် ဖုန်းကိုင်သည်။ မေနွယ်မျိုး၏ယောက်ျား ကိုချစ်ဦး၏အသံ။

"ကိုချစ်ဦးလား၊ ကျွန်တော်ပါ၊ ဟုတ်ကဲ့..ဖေဖေများ ဒီလာသလားလို့၊ အင်း... ဟုတ်တယ်၊ မနက်စောစော လမ်းလျှောက်ထွက်မယ် ဆိုပြီး ထွက်သွားတာ၊ ကိုချစ်ဦးတို့ အိမ်ဘက်များ စိတ်ကူးပေါက်[illegible]

www.burmeseclassic.com



သွားသလားလို့ ဘာမှ မဖြစ်ပါဘူး၊ သိပ်အရေးတကြီးတော့ မဟုတ်ပါဘူး ဖေဖေ လာရင်သာ မေမေ့ဆီ ဖုန်းဆက်ဖို့ ပြောလိုက်ပါနော်၊ အင်း. . . အင်း၊ ဒါပဲ"

မင်းမျိုး ဖုန်းပြန်ချပြီး. . .

"သူတို့ဆီတော့ မလာဘူးတဲ့"

"မေနွယ်မြင့်တို့အိမ်များ သွားသလား မသိဘူး၊ သူတို့အိမ်မှာ ဖုန်းမရှိတော့လည်း မေးလို့မရဘူး"

"ကျွန်တော် သွားလိုက်ပါ့မယ်၊ အဲဒီမှာ မရှိရင်လဲ ဖေဖေ့ သူငယ်ချင်းတွေအိမ် လျှောက်မေးကြည့်မယ်"

"အေး. . . ကောင်းတယ်၊ သူ ကိုလှညွှန့်တို့အိမ် သွားချင်သွားလိမ့်မယ်၊ တကယ်လို့ မတွေ့ရင်တော့ ဘာဘာညာညာ လျှောက်မပြောနဲ့နော်၊ ကြည့်ကောင်းအောင်ပဲ ပြောခဲ့၊ ဒီအရွယ်ကြီး ရောက်မှ အိမ်က စိတ်ဆိုးပြီး ဆင်းသွားတယ်ဆိုတာ သူများတွေ သိရင် ရှက်စရာကြီး"

"ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော် ကြည့်လုပ်လိုက်ပါမယ်"

သူ အဝတ်အစား လဲပြီး ပြန်ထွက်အလာတွင် ဒေါ်ထားထားက

"ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေပေါ့ သားရယ်၊ ဆေးရုံကြီးတော့ ဝင်ကြည့်ခဲ့ပါဦး"

"ကြည့်ခဲ့ပါ့မယ်၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး မေမေ၊ စိတ်အေးအေး ထားပါ"

သူ့အဖေ ကားတိုက်မှုတွေဘာတွေ ဖြစ်မှာ မဟုတ်ဘူးဟု စိတ်ချသော်လည်း အမေ ကျေနပ်စေရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားသည်။

အရေးပေါ် လူနာဌာနမှာ သွား၍ စုံစမ်းသည်။ မနေ့ညက ကားတိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသော လူနာတစ်ယောက်မှ မလာ၊ ဆိုင်ကယ်မှောက်သော လူငယ်နှစ်ယောက်သာ ရောက်လာသည်ဟု သိရသည်။





ထို့ကြောင့် အမေ စိတ်အေးစေရန် အိမ်သို့ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။ ထို့နောက် အဖေ့သူငယ်ချင်း ဦးလှညွှန့်တို့ အိမ်ရှိရာ ဆိပ်ကမ်းသာလမ်းသို့ သွားသည်။ ဦးလှညွှန့်၏သား ရာဇာညွှန့် သည်လည်း မင်းမျိုး၏ သူငယ်ချင်းပင် ဖြစ်သည်။

သူတို့အိမ်အရောက်တွင် အိမ်ရှေ့ခန်းမှာ ရာဇာညွှန့်နှင့် တွေ့သည်၊ သန်းဒါးအမည်ဖြင့် ဗီဒီယိုလုပ်ငန်း လုပ်နေသည်။ သူက တိတ်ခွေတွေကို ကက်တလောက် စာရင်းလုပ်နေရာမှ. . .

"ဟာ မင်းမျိုး အတော်ပဲကွ၊ မင်းကို ငါ ပြစရာ ရှိသေးတယ်"

ဟု ပြောသည်။ မင်းမျိုးက သူ့အဖေ လာသလားဟု မေးမနေတော့၊ အကယ်၍ လာသွားလျှင် မင်းအဖေတောင် လာသွားသေးတယ်ဟု ပြောမှာ သေချာသည်။

"မင်း ရိုတော်လူးရှင်း ကြည့်ပြီးပြီလား၊ အယ်လ်ပါချီနိုနဲ့ ဒေါ်နယ် ဆပ်သာလင် ပါတယ်ကွ"

"မကြည့်ရသေးဘူး"

"အခု ကြည့်သွားပါလား၊ အခွေ အဆင်သင့် ရှိတုန်း"

"ကြည့်ဖို့ အချိန်မရပါဘူးကွာ၊ ဒီဖက်မှာ ကိစ္စတစ်ခုရှိလို့ လာရင်း မင်းဆီ မရောက်တာ ကြာလို့ ဝင်လာတာ"

ထိုအချိန်တွင် ဦးလှညွှန့် အိမ်ခန်းထဲက ထွက်လာသည်။

"မင်းမျိုးပါလား၊ မင်း မလာတာတောင် ကြာပြီ၊ အလုပ်အကိုင် ကောင်းရဲ့လားဟေ့"

"ကောင်းပါတယ် ဦးလေး"

"မင်းအဖေရော၊ ဘောလုံးပွဲတောင် လာမကြည့်တာ ကြာပြီ ပြောလိုက်စမ်းကွာ၊ ဆောက်လုပ်ရေးနဲ့ ပို့ဆက်ပွဲကျရင် ငါ ခါတိုင်းနေရာမှာပဲ ရှိမယ်လို့"

ဦးမျိုးမြင့် သည်ကို မလာတာ သေချာသွားပြီ၊ ချက်ချင်း ပြန်လို့ မကောင်းသဖြင့် စကားဆက်ပြောရသည်။ ပြောကြပြန်တော့လည်း ထုံး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မင်းမျိုး အိမ်ထောင်မပြုသေးသည့်အကြောင်းပင် ဖြစ်သည်။ ဦးလှညွန့်က. . .

"မင်းအဖေကလဲ မင်းအကြောင်း ခဏခဏ ပြောတယ်၊ သူပြောတာ မှန်တယ်ကွ၊ အချိန်တန် အရွယ်ရောက်လို့မှ အိမ်ထောင်မပြုလျှင် စိတ်လေတတ်တယ်ကွ၊ မင်းသူငယ်ချင်း ရာဇာညွန့်ပဲ ကြည့်လေ၊ သိပ်လပ်လျားလပ်လျား လုပ်ချင်တဲ့ကောင်၊ အိမ်ထောင်ချပေးလိုက်မှ ခြေငြိမ်သွားတော့တယ်"

ထိုစဉ်မှာ ရာဇာညွန့်အမေ ဒေါ်ခင်သန်း ထွက်လာပြန်ပြီး. . .

"ဘယ်လိုလဲဟော့ လူပျိုကြီး၊ မစွံသေးဘူးလား"

"ဟော. . ဒေါ်ဒေါ်တို့ကလဲ ဒါပဲ ပြောနေတာပဲ"

ဟု ပြောပြီး နှုတ်ဆက်ထွက်လာခဲ့ရသည်။ သူ မိန်းမ မလိုချင်သေးသည့်ကိစ္စနှင့် အဖေ စိတ်ဆိုးပြီး အိမ်ပြန်မလာရတဲ့ကြားထဲ မိန်းမယူဖို့ နားချသူတွေနှင့်မှ လာတိုးနေရပြန်သေးသည်။

ဆိပ်ကမ်းသာလမ်းက ထွက်လာပြီးနောက် ဘဘ ဦးမိုးသူကို သတိရသည်။ သူသည်လည်း ဖေဖေ့မိတ်ဆွေတစ်ဦး ဖြစ်သဖြင့် သူ့ဆီလည်း သွားသင့်သည်ဟု စိတ်ကူးပြီး သုံးဆယ့်တစ်လမ်းသို့ လာခဲ့သည်။

အိမ်အထိတောင် သွားစရာ မလိုချေ။ လမ်းထဲ ချိုးဝင်မည်အပြုမှာပင် တုတ်ကောက်တစ်ချောင်းကို ဟန်ပါပါ ကိုင်ရင်း လျှောက်လာသော ဦးမိုးသူကို တွေ့လိုက်ရသည်။

"ဘဘ"

ဟု သူက နှုတ်ဆက်သည်။

"ဟေ. . မင်းမျိုးပါလား၊ ဘယ်က လာတာလဲကွာ"

"ဟို. . ဘာရယ် မဟုတ်ပါဘူး၊ ဒီဘက် ရောက်တာနဲ့"

"ဩော်. . . အေး၊ အတော်ပဲကွ၊ လာဟော့ လက်ဖက်ရည်ဆိုင် ထိုင်ရအောင်"

ဦးမျိုးမြင့် မလာမှန်း သိကတည်းက ပြန်လစ်ချင်သော်လည်း





အားနာပါးနာနှင့် လိုက်သွားရသည်။ ဦးမိုးသူသည် အဖေထက်တောင် သုံးလေးနှစ် အသက်ကြီးသော်လည်း လူငယ်တွေနှင့်သာ ပေါင်းချင်သည်။ ခုထိ လက်ဖက်ရည်ဆိုင် ထိုင်ပြီး ထွေရာလေးပါး စကားပြောရတာကို အရသာ ခံချင်တုန်း။

လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ဦးမိုးသူ ပြောသမျှ နားထောင်ရပြန်သည်။ တစ်နာရီနီးပါး အချိန်ကုန်သွားသည်။ မနည်း စကားစ ဖြတ်ပြီး ထွက်လာရသည်။

ညီမအငယ်မေနွယ်မြင့်တို့အိမ်သွားသည်။ မေနွယ်မြင့်ယောက်ျား ဇော်ဝင်းမြင့်က သင်္ဘောတစ်ခေါက် ပြန်ထွက်သွားသဖြင့် အိမ်မှာ မရှိ။ မေနွယ်မြင့်ကိုတော့ အဆင်သင့် တွေ့ရသည်။

ဖေဖေ လာလားဟု မေးသောအခါ မလာကြောင်း ပြောသည်။ ခက်တာပဲဟု မင်းမျိုး ညည်းမိသဖြင့် ဘာဖြစ်လို့လဲ မေးသည်။ ညီမဖြစ်သူကိုတော့ အမှန်အတိုင်း ပြောပြသင့်သည် ထင်၍ ညက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ကိုကြီးတို့ ဖြစ်လိုက်ရင် အဲဒီအတိုင်းပဲ၊ ဖေဖေကလဲ ဖေဖေ့တာလေးကျနေတာပဲ၊ သားက မိန်းမ မလိုချင်တာနဲ့ စိတ်ဆိုးပြီး အိမ်မပြန်ဘဲ နေရတယ်လို့ တကယ်ဆိုရင် ကိုကြီးကသာ ဖေဖေ ဆူလို့ စိတ်ညစ်ပြီး အိမ်ပြန်မအိပ်ပဲ နေရမှာ မဟုတ်လား၊ ခုတော့ ပြောင်းပြန်"

ဟု မေနွယ်မြင့်က ရယ်လျက် ပြောသည်။

"နင်က ရယ်နေ၊ မေမေက စိတ်ပူနေတယ်"

"ဘာဖြစ်လို့ စိတ်ပူရမှာလဲ၊ ဖေဖေက အိမ်မှာ မအိပ်ရင် အလုပ်ရုံမှာ အိပ်တာ ဖြစ်မှာပေါ့"

"အဲ. . . ဟုတ်သားပဲဟ၊ ကြည့်စမ်း၊ အလုပ်ရုံကို ငါမေ့နေတယ်၊ တဲ. . . ငါသွားလိုက်ဦးမယ်"

"နေပါဦး ကိုကြီးရ၊ မေးစမ်းပါရစေဦး၊ ကိုကြီးက အဲဒီကောင်မလေးကို ကြည့်တောင် မကြည့်ချင်ရအောင် ဘာဖြစ်နေလို့လဲ၊ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကြိုက်မိသွားမှာစိုးလို့လား"

"ဟာ...ဒီကောင်မလေးဟာ၊ ကဲ ငါသွားမယ်"

မင်းမျိုးသည် အငှားကားတစ်စင်း ငှားပြီး အလုပ်ရုံသို့ သွားသည်။ အလုပ်ရုံရှေ့မှာ အိမ်က ကားကို မတွေ့သဖြင့် အားလျော့သွားရ၏။

အလုပ်သမားတွေကတော့ လုပ်ငန်းစနေကြပြီ၊ ညက အလုပ်ရုံမှာ စောင့်အိပ်သော အလုပ်သမားနှစ်ယောက်ကို မေးတော့မှ...

"ဟုတ်တယ် အစ်ကို၊ ဆရာ ညက ဒီမှာ အိပ်သွားတယ်၊ ကားက လမ်းမှာ ထိုးထိုးရပ်သွားလို့ အိမ်ပြန်ရမှာ စိတ်မချလို့တဲ့"

ဟု ပြောကြသည်။

"အခုကော ဘယ်မှာလဲ"

"မနက်က အစောကြီး ထထွက်သွားတာပဲ၊ ညကလဲ အိပ်တယ်သာ ပြောတာ၊ တမှေး မှေးရုံလောက်ပါပဲ၊ ရောက်လာတဲ့အချိန်က ဆယ့်နှစ်နာရီကျော်ပြီ၊ ကျွန်တော်တို့ အိပ်တဲ့အိပ်ရာတွေက ပေရေညစ်ပတ်နေလို့ ဆရာ ထိုင်နေကျ ဒရင်းဘက် ခင်းပေးရတယ်၊ ကျွန်တော်တို့ကို အိပ်ခိုင်းပြီး ဆရာကတော့ ဟို ဖင်မလီယာ ကားမှတ်ဖို့ ဆေးတွေ ထိုင်စပ်နေတာပဲ၊ ဆရာက အိပ်ခိုင်းပေမယ့် ကျွန်တော်တို့လဲ မအိပ်ရဲလို့ ဆရာ့ဘေးမှာ ထိုင်စောင့်နေတာ၊ သူ အိပ်ခိုင်းတာ မအိပ်ရကောင်းလားလို့ အငေါက်ခံရသေးတယ်၊ လေးနာရီလောက်ကျမှ ဒရင်းဘက်ပေါ် ခဏမှေးပြီး မနက်အစောကြီး ထထွက်သွားတာပဲ"

အမေ စိတ်အေးသွားအောင် အိမ်ကို ဖုန်းဆက်ပြီး ပြောလိုက်သည်။ အဖေ အိမ်တောင် ပြန်ရောက်ချင် ရောက်နေမည်ဟုလည်း တွေးမိသည်။ အဖေ ပြန်မရောက်သေးဟု အမေက ပြောသည်။ ပြန်ရောက်လျှင် ဖုန်းဆက်ပါဟု မှာသည်။ သူ့ဘက်က ထူးခြားလျှင် ဆက်မည်ဟု ပြောလိုက်သည်။

ထမင်းစားချိန် ရောက်သည်အထိ ဦးမျိုးမြင့် အိမ်ပြန်မရောက်



သေး၊ ဒေါ်ထားထားက သည်ကြားထဲမှာ ဖုန်းနှစ်ခါ ဆက်ပြီး မေးသည်။ မင်းမျိုးကလည်း အိမ်ကို တစ်ခါဆက်သည်။

အလုပ်ရုံ၌ မှာစရာရှိတာ မှာခဲ့ပြီး ထမင်းစားဖို့ ထွက်လာခဲ့သည်။ အိမ်ပြန်မစားတော့၊ ဆိုင်မှာ ဝယ်စားမည်ဟု စိတ်ကူးသည်။

မြို့ထဲမှာ အဖေ့ကို တွေ့လိုတွေ့ငြား လျှောက်ကြည့်ဦးမည်ဆိုပြီး ထွက်လာသည်။ သုံးဆယ့်သုံးလမ်း နဂါးနီ ထမင်းဆိုင်မှာ ထမင်းဟင်း စားသည်။

ထမင်းဆိုင်မှ ပြန်အထွက် တစ်စုံတစ်ခုကို ဖျတ်ကနဲ သတိရသဖြင့် ဆူးလေ ခုံးတံတားပေါ်မှ ဖြတ်ပြီး လျှောက်လာခဲ့သည်။ သမ္မတ ဟိုတယ်ရှေ့ ရောက်လာသောအခါ ကားရပ်ရန် နေရာတွင် ရပ်ထားသော အိမ်က ကားကို တွေ့လိုက်ရသည်။

အချိန်က တစ်နာရီခွဲ၊ ရုပ်ရှင်ဝင်ကြည့်တာ ဖြစ်ချင်ဖြစ်မည်။ ရုပ်ရှင်ကြည့်တာဆိုလျှင် ရုံထဲ ဝင်ဦးမှာ မဟုတ်သေး၊ လက်ဖက်ရည်ခန်းထဲမှာ ရှိချင်ရှိမည်။ သို့မဟုတ် အပေါ်ထပ် ဘားခန်းထဲမှာ ရှိနိုင်သည်။

အဖေ သည်အချိန်ကြီးတော့ သောက်လိမ့်မည် မဟုတ်၊ ပြီးတော့ အဖေ ဘီယာမသောက်တာ တော်တော်ကြာပြီ၊ ဘာပဲဖြစ်ဖြစ် ကြည့်တော့ ကြည့်ရလိမ့်မည်။

လက်ဖက်ရည်ခန်းထဲ ဝင်ကြည့်သည်။ မတွေ့ချေ။ ထို့ကြောင့် ဘားခန်းပေါ် တက်ခဲ့သည်။ ဘားခန်းထဲမှာ လူရှင်းသည်။ နိုင်ငံခြားဝိုင်း နှစ်ဝိုင်းရှိသည်။ ပြီးတော့ ထောင့်နားက စားပွဲမှာ ဦးမျိုးမြင့်၊ စားပွဲပေါ်မှာ ဘီယာသုံးပုလင်း စီလျက် တင်ထားသည်။ သုံးပုလင်းလုံး ပြောင်နေပြီး ခွက်ထဲမှာတော့ မပြည့်တပြည့် ကျန်နေသေးသည်။

မင်းမျိုးသည် ဦးမျိုးမြင့် စားပွဲရှိရာသို့ ဝင်ထိုင်လိုက်သည်။ ဦးမျိုးမြင့်က တစ်ချက်ကလေးမှ မျက်လုံးလှန်မကြည့်။

မင်းမျိုး ရောက်နေသည်ကို မမြင်သလို ပြုနေသည်။ ဆေးတံတို ဆေးဖြည့် မီးညှိပြီး ဖွာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

ဟု မင်းမျိုး ခေါ်လိုက်သည်။ ထိုအခါကျမှ ဦးမျိုးမြင့်က ခု မင်းမျိုးကို မြင်သဖြင့် အံ့ဩသွားဟန် လုပ်၍...

"ဟာ...မင်းမျိုးပါလား၊ ဘယ်က လှည့်လာသလဲ"

ဟု မိတ်ဆွေတစ်ယောက်ကို ပြောသည့် လေသံမျိုးဖြင့် ပြော လိုက်သည်။ မင်းမျိုး ဘာပြန်ပြောရမှန်းမသိ၊ အတန်ကြာမှ...

"ဖေဖေ့ကို ကျွန်တော် တောင်းပန်ပါတယ်"

ဟု ပြောသည်။

"ဘာအတွက် တောင်းပန်တာလဲ"

"မနေ့က ကိစ္စပါ ဖေဖေ၊ ဖေဖေတို့ မျက်နှာပျက်အောင် လုပ်မိ တာ ကျွန်တော် မှားသွားပါတယ်"

ဦးမျိုးမြင့်က ပျာပျာသလဲ လက်ကာပြပြီး...

"ဟာ...မမှားပါဘူး၊ မမှားပါဘူး၊ မင်းမှားတာ မဟုတ်ပါဘူး ငါမှားတာပါ၊ မင်းက အိမ်ထောင်မပြုဘဲ မိဘကို လုပ်ကျွေးချင်နေတာကို ငါတို့က အတင်းအကျပ် စီစဉ်လိုက်မိတယ်၊ သားလိမ္မာတစ်ယောက်ကို ပြစ်မှားမိတဲ့ အဖေမိုက်ကို ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်တယ်ကွာ"

ဦးမျိုးမြင့်က မင်းမျိုးကို အပြတ်ချွတ်နေပြီ ဖြစ်သည်။ မင်းမျိုး သည် အဖေက ဒေါသတကြီး ပြောဆိုလိမ့်မည်ဟု ထင်မှတ်ခဲ့ရာ ခုက တော့ လေပြည်ကလေးနှင့် အထေ့အငေါ့ကလေးတွေ လုပ်နေသဖြင့် ဘာ ပြောရမှန်း မသိအောင် ဖြစ်နေသည်။

ဦးမျိုးမြင့်က ဘီယာဖန်ခွက်ကို ယူပြီး အကုန်မော့ချလိုက်သည်။ ပြီးတော့ စားပွဲထိုးကို လှမ်းခေါ်သည်။ အနားလာအရောက်တွင်...

"ညီလေး နိတ်စိဝမ်းဘီယာ၊ မင်းမျိုး...မင်းကော သောက်ပ လား၊ စိတ်လန်းဆန်းသွားတာပေါ့"

ထိုအခါကျမှ မင်းမျိုး သတိဝင်လာပြီး...

"ဟာ...မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ဗျို့ဆရာ ထပ်မပေးနဲ့တော့





တော်ပြီ ဘယ်လောက်ကျသလဲ"

"ခြောက်ရာ့ရှစ်ဆယ်နဲ့..."

မင်းမျိုး စကားမဆုံးခင် တစ်ထောင်ကျပ်တန်တစ်ရွက် ပေးလိုက် ...

"ပြန်မအမ်းနဲ့တော့"

ဟု ပြောလိုက်သည်။ စားပွဲထိုး ထွက်သွားသည်။ ဦးမျိုးမြင့်က မင်းမျိုးကို စိုက်ကြည့်ပြီး...

"မင်းက ငါသောက်တာကို ဘာဖြစ်လို့ တားချင်ရတာလဲ၊ မင်းက အဖေလား၊ ငါက အဖေလား"

"အဖေက အဖေပါ၊ ဒါပေမယ့်"

ဖေဖေ တော်တော် မူးနေပြီလားဟု သူတွေးသည်။

ဘီယာသုံးလုံးနဲ့တော့ သည်လောက် မဖြစ်နိုင်၊ တမင် ဂျိုတိုက်နေ တာ ဖြစ်ရမည်။

"ပြန်ကြရအောင် ဖေဖေ"

"ငါ့ဘာသာ ပြန်ချင်မှ ပြန်မှာပေါ့"

"မဟုတ်သေးပါဘူး ဖေဖေရယ်"

မင်းမျိုးက ဦးမျိုးမြင့် လက်မောင်းကို ကိုင်လိုက်သည်။ ဦးမျိုးမြင့် က လက်ကို ပုတ်ချလိုက်၏။

"မင်း ငါ့ကို လာမနှောင့်ယှက်နဲ့၊ မင်းလဲ မင်းကြိုက်သလို နေနိုင် တယ်၊ ငါလည်း ငါကြိုက်သလို နေမယ်"

"ဖေဖေ ညက ပြန်မလာလို့ မေမေ သိပ်စိတ်ပူနေတယ်"

ထိုအခါကျမှ ဦးမျိုးမြင့် မျက်နှာထား ပြောင်းသွားသည်။

"မင်းပြန်တော့၊ ငါ့ဘာသာ သွားမယ်"

"ကျွန်တော် ကားမောင်းပြီး ပို့ပေးပါ့မယ်"

"ဘာကွ...မင်းက ငါ့ကို မူးပြီး ကားမမောင်းနိုင်တော့ဘူး ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဖေဖေ"

"ဒါဆို သွားတော့"

ပြောလို့ရမည် မဟုတ်မှန်း သိသဖြင့် မင်းမျိုး ထထွက်လာခဲ့သည်။ အပေါက်ဝနား အရောက်တွင် စောစောက စားပွဲထိုးက ပြုံး၍ နှုတ်ဆက်သည်။ မင်းမျိုးက. . .

"နောက်ထပ် မှာရင် မပေးနဲ့တော့နော်"

ဟု ခပ်တိုးတိုး ပြောသည်။

"စိတ်ချပါ ခင်ဗျာ"

မင်းမျိုး အောက်ထပ်ကို ဆင်းခဲ့သည်။ သူ့အဖေကို စိတ်မချသဖြင့် လက်ဖက်ရည်ခန်းထဲမှာ ထိုင်စောင့်နေသည်။

ခဏအကြာတွင် ဦးမျိုးမြင့် ကားပေါ် တက်ပြီး မောင်းထွက်သွားသည်ကို မှန်ပေါက်မှတစ်ဆင့် မြင်ရသည်။ ထိုအခါကျမှ မင်းမျိုးလည်း ဟိုတယ်အပြင်ထွက်ပြီး ကားတစ်စင်း ငှား၍ အလုပ်ရုံသို့ ပြန်လာခဲ့သည်။

အိမ်ကို ဖုန်းဆက်သည်။ အဖေ ပြန်လာနေပြီဟု အမေ့ထံ ပြောဖို့ ဖြစ်သည်။ တစ်ဖက်က ဖုန်းကိုင်ပြီး ထူးသည်။

"ဟဲလို ပြောပါ"

ဖေဖေ့အသံ။ မင်းမျိုး အံ့သြသွားသည်။ သမ္မတ ဟိုတယ်သည် အလုပ်ရုံနှင့်စာလျှင် အိမ်က ပိုဝေးသည်။ သူက ကားငှားရသည့်အချိန် ပိုကြာသွားသည် မှန်သော်လည်း အငှားကားသည် အတော် မြန်မြန် မောင်းခဲ့သည်။ တော်ရုံတန်ရုံ မြန်အောင် မောင်းလို့ကတော့ အဖေထက် အလျင် အိမ်ပြန်မရောက်နိုင်။

ဖေဖေ ဘယ်လိုများ မောင်းသွားပါလိမ့်ဟု သူ အံ့ဩနေရခြင်း ဖြစ်သည်။

◊ ◊ ◊





ဦးမျိုးမြင့်တို့အိမ်မှာ ပြဿနာ တက်သလို ဦးစိန်ကြည်တို့လည်း နည်းနည်း ကသိကအောက် ဖြစ်သွားသည်။ ဦးမျိုးမြင့်တို့အိမ်က ပြန်လာတွင် စိန်ကြည်၏ မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်နေသည်။

ဟိုအိမ်မှာ ဖြစ်ခဲ့သည့်ကိစ္စကို တစိမ့်စိမ့် တွေးပြီး ရှက်နေခြင်း ဖြစ်သည်။ ကိုယ်က မိန်းကလေးရှင် ဖြစ်လျက်နှင့် တန်ဖိုးမြှင့်ပြီး မနေတတ်ခဲ့၊ ပြောကြစတမ်းဆိုလျှင် ကိုယ့်ဘက်ကတောင် နည်းနည်း လျှော့သွားခဲ့သေးသည်။

ဦးမျိုးမြင့်တို့အိမ်ကို လာလည်တုန်းက သူတို့သားကို ခေါ်မလာခဲ့။ ဒီကို သွားသည့်အခါကျတော့ သမီးကို ခေါ်သွားခဲ့သည်။ ကိုယ်က သမီးကို သူတို့သားနှင့် ပေးစားချင်လွန်းလို့ အိမ်ထိအောင် သွားပြသလို ဖြစ်သွားသည်။

ဦးမျိုးမြင့်နှင့်က ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ ဒါတွေ ဘာမှမတွက်ဘဲ နေခဲ့သည်။ ဦးမျိုးမြင့်က ဘီယာသောက်ကြရင်း သားရေး သမီးရေးကိစ္စကို သွယ်ဝိုက်၍ ပြောသည့်အခါတွင် သူကလည်း ကျေနပ်သည့် အရိပ်အယောင် ပြခဲ့သည်။

ခုတော့ သူတို့သားက ကိုယ့်သမီးကို ကြည့်တောင် မကြည့်ချင်လို့ ရှောင်ထွက်သွားခဲ့ပြီဆိုတော့. . . တွေးကြည့်လျှင် အလွန် အောင့်သက်သက် နိုင်သောကိစ္စ။

ကိုယ့်ကိုယ်ကို ဒေါသဖြစ်သလို ဦးမျိုးမြင့်ကိုလည်း မကျေနပ်။ ကိုယ့်သား ကိုယ်မပိုင်ပဲ ဘာကြောင့် အစွန်းထွက်သည့်စကားတွေ ပြောခဲ့ရသနည်း။ ယောကျ်ားလေးရှင် တစ်ယောက်အဖို့ ဘာမျှ အရေးမကြီးသော်လည်း မိန်းကလေးဘက်က ဘယ်လောက် နစ်နာနိုင်သည်ကို မတွေးမိဘူးလား။

သည်ကြားထဲမှာ ဒေါ်မြရင်က. . .

"ဘယ်လိုလဲ ကိုစိန်ကြည်၊ ရှင်ပြောတော့ ကိုမျိုးမြင့်တို့က သမီးကို တော်တော်သဘောကျနေဆို၊ ခုပုံမျိုးကြီးကတော့ မဟန်ပါဘူးရှင်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သမီးသိက္ခာတောင် ကျသွားသလို ဖြစ်နေတာပေါ့"

ဟု ပြောသဖြင့်. . .

"ဘာကွ၊ မင်းကတော့ မထားက သူ့သားအကြောင်း ပြော တုန်းက မင်းပဲ ပြုံးပြုံးကြီး လုပ်နေပြီးတော့"

"အို. . . ဒါကတော့ ရှင်ပဲ ပြောတယ် မဟုတ်လား၊ ကိုမျိုးမြ သားနဲ့ဆိုရင် သဘောမတူစရာ မရှိပါဘူး"

"တော်ကွာ၊ တော်. . . အဲဒီအကြောင်း မပြောနဲ့တော့"

ဟု ငေါက်လိုက်သည်။

◊ ◊ ◊

အမှန်တော့ သည်လောက်အထိ ဖြစ်သွားစရာ အကြောင်းမ ပြောကြဆိုကြသော စကားများသည် ဘာမျှ ဖြစ်ဖြစ်မြောက်မြော မရှိသေး။ ခက်တာက အရိပ်အမြွက်လောက် ပြောလျှင်ပင် ချက်က သဘောပေါက်လောက်အောင် ဦးစိန်ကြည်က အကင်းပါးနေခြင်းပင် ဖြ သည်။

ဦးမျိုးမြင့် တကွက် အတွက်လွဲသွားတာက မင်းမျိုးသည် ခင် ကြည်ကို မြင်လျှင် ကျိန်းသေ ကြိုက်သွားရမည်ဟု ယုံကြည်ခြင်း ဖြစ်သည်။ ခုတော့ မင်းမျိုးက ကြည့်တောင် မကြည့်သဖြင့် ခက်နေသည်

အမှန်က မင်းမျိုးကို အလျှင်ကြည့်ခိုင်းရမည်။ ကြိုက်ပြီဆို ဦးစိန်ကြည်တို့ကို စကားစရမည်။ အရာရာတွင် အကွက်စေ့အော ဆောင်ရွက်ခဲ့ပြီး သည်တစ်ကွက်ကျမှ လွဲချော်သွားသဖြင့် ဦးမျိုးမြ သူ့ကိုယ်သူ မကျေနပ်။





ညှံ့သည် ရော်သည်ဟူ၍တော့ ဝန်မခံချင်သေး၊ မင်းမျိုးသာ ခင်ခင်ကြည်ကို မြင်လျှင် သူ့တွက်ကိန်း မလွဲနိုင်။ ခွေးကောင်က ကြည့်ရုံ ကလေးတောင် မကြည့်သဖြင့် ပြဿနာ တက်ရခြင်း ဖြစ်သည်။

ဦးမျိုးမြင့်သည် မင်းမျိုးကို စကားဟဟ မပြောဘဲ ခပ်တန်းတန်း လုပ်နေလိုက်သည်။ မင်းမျိုးနှင့် မျက်နှာချင်း မဆိုင်မိအောင် ရှောင်နေ သည်။ မင်းမျိုးကလည်း သူ့အဖေ စိတ်ဆိုးနေမှန်း သိ၍ ရှောင်နေသဖြင့် သားအဖ မဆုံမိဘဲ ရှိနေ၏။

တစ်ခါတစ်ခါတော့ အလုပ်ရုံမှာ ဆုံမိကြသည်။ ထိုအခါ မင်းမျိုး က. . .

"ဖေဖေ ဘာခိုင်းစရာ ရှိသေးလဲ"

ဟု မျက်နှာချိုသွေးတတ်သည်။ ထိုအခါမျိုးတွင် ဦးမျိုးမြင့်က. .

"မရှိဘူး"

ဟူ၍သာ ခပ်ပြတ်ပြတ် ပြောလွှတ်လိုက်၏။ ဤသို့ဖြင့် သူတို့ သားအဖနှစ်ယောက်တို့ ခပ်တန်းတန်း ဖြစ်လာကြလေသည်။

ဒေါ်ထားထားသည်လည်း သားအဖ နှစ်ယောက် အကြားမှာ အနေရခက်နေသည်။ သူသည် ဒေါ်မြရင်ကို အရိပ်အမြွက်လောက် စကားသွင်းထားခဲ့ဖူးကြောင်း ဦးမျိုးမြင့်ကို မပြောရဲ၊ ပြောလျှင် သူပါ အဆူခံရနိုင်သည်။

မျှော်လင့်ချက်တော့ မကုန်တတ်သေးချေ။ ဒေါ်မြရင်တို့ ဆိုင်ကို တစ်ခါသွားပြီး အရိပ်အခြေ ကြည့်သည်။ ဒေါ်မြရင်သည် သူ့ကို တွေ့ သောအခါ မဆိုစလောက် အိုးတိုးအမ်းတမ်း ဖြစ်နေသော်လည်း စိတ်ခု နေသည့် အမူအယာ မပြသဖြင့် သက်သာရာ ရသည်။

ဦးမျိုးမြင့်ကတော့ မျက်နှာပူပြီး ဦးစိန်ကြည်ဆီ တစ်ခေါက်မှ မသွားဖြစ်တော့ချေ။

. . . ◎◎◎ . . .



www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြည်ကို သွားတော့ ကြည့်လိုက်ဦးမှပဲဟု မင်းမျိုး စိတ်ကူးသည်။ ပထမအကြောင်းက သူ့အဖေ စိတ်ကျေနပ်စေရန် ဖြစ်သည်။ ဒုတိယ အကြောင်းကတော့ သူ့အဖေ စိတ်ဆိုးပြီး အိမ်ပြန်မအိပ်ဘဲ ဖြစ်သွားရလောက်အောင် သည်ကောင်မလေးက ဘယ်လောက် ချောနေလှနေလို့လဲဟု သိချင်သောကြောင့် ဖြစ်သည်။

သိပ်တော့ အထင်မကြီးလှချေ။ လူကြီးဆိုတာမျိုးက သူတို့ခေတ်တုန်းကလို ပုစံမျိုးကြီးတွေကို လှတယ် ထင်ချင်ထင်တတ်ကြတာ၊ ခုခေတ်ပေါ် မိန်းကလေးတွေကို ကြည့်မရသဖြင့် ဟိုခေတ်ပုံစံ မြင်တိုင်း သဘောကျနေတာလည်း ဖြစ်နိုင်သည်။

တော်ရုံတန်ရုံလောက်နဲ့တော့ သူ့စိတ်ကို ခိုက်လောက်စရာမရှိဟု မင်းမျိုး ထင်သည်။ အတော်လှသည်ဆိုသော မိန်းကလေးမျိုးကို သူ တွေ့ဖူးခဲ့ပြီ၊ မတုန်လှုပ်ခဲ့။

ဈေးထဲကို ဝင်လာပြီးနောက် ခင်ခင်ကြည်တို့ဆိုင်ဘက် အလျှင်





သွားသေးဘဲ သူ့သူငယ်ချင်း ကံကြီးတို့ဆိုင်ကို အလျင်သွားသည်။ တစ်ယောက်တည်း သွားကြည့်ရတာထက် သူငယ်ချင်းတစ်ယောက် ပါလျှင် နည်းနည်း အကြောင်းသက်သာမည် ထင်သောကြောင့် ဖြစ်သည်။

ကံကြီးကို သူ့ဆိုင်မှာ မတွေ့ရ။ သူ့မိန်းမကိုသာ တွေ့ရသည်။

"ကံကြီးရော"

ဟု သူမေးလျှင်. . .

"ရှင်တို့သူငယ်ချင်းအကြောင်းလဲ သိသားပဲ၊ ဘယ်တုန်းက ဆိုင်မှာ ဖင်မြဲဖူးလို့လဲ၊ ကိုသိန်းထွန်းတို့ ဆိုင်ဘက်များ သွားသလား မသိဘူး"

ကံကြီးက ပြောလည်းပြောစရာ၊ ဆိုင်မှာ ထိုင်နေသည့်အချိန်ထက်၊ တခြားဆိုင်တွေ လျှောက်သွားပြီး လေပစ်နေတာက များသည်။ တစ်ခုတော့ ရှိသည်။ ခုလို ဆိုင်တကာ နှံ့အောင် ရောက်နေသဖြင့် ဈေးနှုန်းအခြေအနေ ပစ္စည်းအဝင်အထွက် အခြေအနေတို့ကို အမြဲမပြတ် သိနေသဖြင့် ဆိုးတော့ မဆိုးလှ။

သိန်းထွန်းတို့ ဆိုင်ဘက် လျှောက်လာခဲ့သည်။ သူ့ကို မြင်လျှင် သိန်းထွန်းမိန်းမက. . .

"ကိုသိန်းထွန်းကို လာရှာတာလား၊ မရှိဘူး၊ ကံကြီးနဲ့ နှစ်ယောက်ထွက်သွားတာပဲ၊ လက်ဖက်ရည်ဆိုင် သွားမယ် ပြောသွားတယ်"

ဟု ဆိုသည်။ လက်ဖက်ရည်ဆိုင်သို့ လိုက်ရပြန်သည်။ သူတို့ကို တွေ့သဖြင့် မင်းတို့ကို လိုက်ရှာနေတာကွဆိုပြီး ဝင်ထိုင်သည်။

ကံကြီးက. . .

"ဘာလဲကွ. . . ဆေးလာဝယ်တာလား၊ ငါ့ဆိုင်မှာ ကိုးရိုးယားဖျင်ဆေး ရှိတယ်ကွ၊ မင်းအဘိုးကြီးအတွက် ဝယ်သွားပါလား"

"ဆေးဝယ်ဖို့ မဟုတ်ပါဘူးကွာ၊ ကိစ္စတစ်ခု ရှိလို့"

"ဘာကိစ္စလဲ၊ မိန်းမလိုချင်ရင်တော့ ကံကြီးကို မတိုင်ပင်နဲ့ ဒီကောင့်လို မိန်းမကြောက်နေဦးမယ်"

သိန်းထွန်းက ဝင်ပြောသည်။ မင်းမျိုးက သူ့အဖြစ်အပျက်တို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပြီး. . .

"အဲဒါကွာ၊ အဖေ စိတ်ကျေနပ်ပါစေတော့လို့ အဲ့ဒီခင်ခင်ကြည် ဆိုတဲ့ ကောင်မလေးကို သွားကြည့်မလို့၊ ငါတစ်ယောက်တည်းဆို ကြောင်လို့ မင်းတို့ကို ခေါ်တာ"

"နေစမ်းပါဦး၊ မင်းပြောတာ ခင်ခင်ကြည်နေ၁၊ ဖိနပ်ဆိုင် ထွက်တယ်"

"အေးလေ"

"ဆိုင်ထွက်တာ နှစ်လသုံးလပဲ ရှိဦးမယ်၊ ဟုတ်လား"

"ဖြစ်နိုင်တယ်၊ သူတို့ နယ်က ပြန်ရောက်တာမှ တစ်နှစ်တောင် မပြည့်သေးဘူး"

သိန်းထွန်းနှင့် ကံကြီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကံကြီးက. . .

"မင်း ဒီကောင်မလေးကို တစ်ခါမှ မမြင်ဖူးတာ အမှန်ပဲလား"

"ငယ်ငယ်ကတော့ မြင်ဖူးတာပေါ့၊ ခု ကြီးမှ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ခု ပြဿနာတက်တာ အဲဒါပေါ့ကွ၊ ငါက သိပ်စိတ်မဝင်စားလို့ မကြည့်ဘဲ နေခဲ့တာ"

"အင်း. . . မင်း မမြင်ဖူးသေးလို့ ဒီစကား ပြောတာ နေမှာပါ"

ဟု သိန်းထွန်းက ပြောသည်။ ကံကြီးကလည်း. . .

"ခင်ခင်ကြည်ကိုမှ စိတ်မဝင်စားဘူးဆိုရင် မင်း ဒီတစ်သက်မှာ ဘယ်မိန်းကလေးကိုမှ စိတ်မကူးနဲ့တော့"

"ဘယ်လိုကွ၊ မင်းတို့က ညွှန်းလှချည်လား"

"အေး. . . ဟုတ်တယ်၊ မင်းက ဘယ်လိုဖြစ်နေသလဲဆိုတော့ သားသားနားနား စီးစေချင်လို့ ရေနိုးသီးသန့်ကားပေါ် တွန်းတင်ပေးတာကို အိုက်တယ်ဆိုပြီး ခုန်ချတာမျိုးပဲ"

"ကဲပါ ကြာပါတယ်၊ လာ. . . သွားကြည့်မယ်၊ မင်း တကယ်မြင်ရတော့မှ ငါတို့ပြောတာ ဟုတ်မဟုတ် ဆုံးဖြတ်"





ဆိုပြီး ကံကြီးနှင့် သိန်းထွန်းတို့က ဦးဆောင်ခေါ်သွားသည်။ ဆိုင်တန်းတစ်ခုထဲသို့ ချိုးဝင်သည်။ မင်းမျိုးက ဘယ်ဘက်အခြမ်းကို ကြည့်လာမိသဖြင့် ဖိနပ်ဆိုင်တစ်ဆိုင်က အမျိုးသမီးတစ်ယောက်ကို မြင်သည်။ ပိန်ခြောက်ခြောက်၊ ဒါကြီးကိုများဟု ပြောမည်ကြံခိုက်။

"ဟော့ကောင် ညာဘက်မှာကွ"

သိန်းထွန်းက လက်တို့ပြီး ခပ်တိုးတိုး ပြောသည်။

သူ ညာဘက်ကို လှည့်ကြည့်သည်။ ရှေ့ဘက် ခပ်ယွန်းယွန်းမှာ ဖိနပ်ဆိုင်တစ်ဆိုင်၊ ထိုင်ခုံပေါ်မှာ ထိုင်နေသော မိန်းကလေးတစ်ယောက်၊

တစ်စုံတစ်ယောက်က သူ့ကို နောက်မှ ဆောင့်တွန်းလိုက်သည်ဟု ထင်သည်။ ယောင်ပြီး နောက်ကို လှည့်ကြည့်မိမလိုတောင် ဖြစ်သွားသည်။ တကယ်က ဘယ်သူမှ သူ့ကို တွန်းခြင်းမဟုတ်၊ သူ့နှလုံးသားသည် တစ်မိနစ်လျှင် အကြိမ်ခုနစ်ဆယ်ဝန်းကျင်မျှ ပုံမှန်ခုန်နေရာမှ ရုတ်တရက် အကြိမ်တစ်ရာ ကျော်သွားသောကြောင့် အင်နားရှား သဘောအရ ဆောင့်တွန်းခံလိုက်ရသလို ဖြစ်သွားခြင်း။

"ဟော့ကောင် သတိထား"

ကံကြီးက သတိပေးလိုက်ရသည်။ သူသည် ဗိုလ်ရှခံ စင်မြင့်ရှေ့မှ ဖြတ်လျှောက်ရင်း အလေးပြုသလို ခင်ခင်ကြည်တို့ ဆိုင်ရှေ့မှအဖြတ်တွင် မျက်နှာကို ခင်ခင်ကြည်ဘက်သို့ တစ်သမတ်တည်း လှည့်ထားမိခြင်း ဖြစ်သည်။

ချက်ချင်း မျက်နှာလွှဲလိုက်ရသည်။ သို့ရာတွင် ခင်ခင်ကြည်ကို မြင်နေတုန်း၊ အခြားတစ်ဖက်ကို လှည့်လိုက်ပြန်သည်။ မြင်နေရတုန်းပဲ။ ခင်ခင်ကြည်သည် သူ့မျက်စိထဲမှာ စွဲလျက် ကပ်ပါလာခြင်း ဖြစ်၏။

သူသည် ကံကြီးနှင့် သိန်းထွန်းတို့ နှစ်ယောက်ကြားတွင် ငုတ်တုတ်ကြီး လျှောက်လာခဲ့သည်။ ငုတ်တုတ်ဆိုလျှင် ထိုင်လျက်သာ ဖြစ်သင့်ပါလျက် သူ့ပုံစံမှာ မတ်တတ်လျှောက်နေသော်လည်း ငုတ်တုတ်ကြီးသို့ ဖြစ်နေသည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါလေး ရှုလိုက် သူငယ်ချင်း"

ဆိုပြီး က်ကြီးက နှာခေါင်းဝမှာ ရှူဆေးဗူး လာပေးတော့မှ သူ သတိပြန်လည်လာသည်။ ဝင်ရောက် ပူးကပ်နေသော နတ်စိမ်း ရုတ်တရက် ပြန်ထွက်သွားသောသူကဲ့သို့ စောစောတုန်းက ဘာဖြစ်သွားပါ လိမ့်ဟု ကြောင်တောင်တောင် တွေးနေမိလေသည်။

◈ ◈ ◈

ဒါမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးချေ။ သူ ပြန်၍စဉ်းစားလို့ရသလောက်တော့ ခင်ခင်ကြည်ကို မြင်လိုက်ရသောအခါ ဇက်ပိုးကို အနှက်ခံလိုက်ရသလို မိုက်ကနဲ ဖြစ်သွားရသည်။

တော်တော် ထူးဆန်းပေတာပဲ၊ သူသည် တော်တော်လှသည် ဆိုသော မိန်းကလေးတွေ တွေ့ဖူးပါသည်။ ကျောင်းမှာတုန်းက သူတို့ရွာ၏ အလှဘုရင်မဘွဲ့ ရသော ကျောင်းသူနှင့် ရင်းနှီးခင်မင်ခဲ့ဖူးသည်။ သူ မတုန်လှုပ်ခဲ့။

ခင်ခင်ကြည်နှင့်ကျတော့ ဘယ်လိုဖြစ်သွားမှန်းမသိ၊ တစ်ကြိမ် မြင်လိုက်ရုံဖြင့် စွဲလမ်းသွားမိခြင်းအတွက် သူ့ကိုယ်သူ အံ့ဩရသည်။

ဖြစ်နိုင်တာကို စဉ်းစားကြည့်သည်။ သူသည် ခင်ခင်ကြည်ကို မမြင်ဖူးခင်က ကြိုတင် အထင်သေးထားနှင့်ခဲ့သည်။ တကယ် တွေ့ရသောအခါ အထင်နှင့်အမြင် တစ်လွဲစီ ဖြစ်နေသောကြောင့် ပို၍ 'ထိ' သွားခြင်း ဖြစ်ပေလိမ့်မည်။

ဥပမာ. . . လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် အကျိုးအမြတ်





ရှိမည်ဟု မျှော်လင့်ထားပြီး တကယ်လည်း မြတ်စွန်းခြင်းထက် ရှုံးမည်ဟု ထင်ထားပြီးမှ မမျှော်လင့်ဘဲ မြတ်စွန်းလာခြင်းက ပို၍ ဝမ်းမြောက်ဖွယ် ကောင်းခြင်းသဘော ဖြစ်လိမ့်မည်။

ထိုသို့ မဟုတ်လျှင်တော့ ဖူးစာဆိုသော အရာကို လွှဲချရပေတော့မည်။

သူနှင့် ခင်ခင်ကြည်တို့သည် ဘဝဘဝက ဆုတောင်းကြောင့် ဖူးစာရေစက် ဆုံခဲ့ကြခြင်း ဖြစ်ရမည်။ ထို့ကြောင့်သာ မြင်မြင်ချင်း ခွဲလမ်းမိခြင်း ဖြစ်နိုင်သည်။

တစ်ဖက်က စဉ်းစားကြည့်ပြန်တော့ သူတို့နှစ်ယောက်သည် ခုမှ တွေ့ဖူးကြသည်မဟုတ်၊ ငယ်ငယ်တုန်းက တွေ့ဖူးမြင်ဖူးခဲ့ပြီးသား၊ ဟိုတုန်းကတော့ ဖူးစာတွေဘာတွေ သတိမပြုမိခဲ့။ ခင်ခင်ကြည် အိမ်ကို လာလျှင် သူနှင့် ကစားတာလည်း မဟုတ်၊ ညီမတွေနှင့်သာ ကစားကြခြင်း ဖြစ်သည်။ သူက သိပ်တောင် ရင်းရင်းနှီးနှီး မနေခဲ့။ တစ်ခါတစ်ခါ နှပ်ချေးတရှုံ့ရှုံ့နှင့် ကောင်မလေး ဆိုပြီးတော့တောင်မှ ရွံသလိုလို ရှိခဲ့သေးသည်။

ဒါဆို ဖူးစာဆိုတာ ဟုတ်ပါ့မလား၊ ထိုအရာသည် အချိန်မကျသေးလျှင် ငုပ်ကွယ်နေပြီး အချိန်တန်တော့မှ ဘွားခနဲ ပေါ်လာတတ်တာမျိုးလား။

ဖူးစာကြောင့် ခင်ခင်ကြည်ကို မြင်မြင်ချင်း စွဲလမ်းမိသည် ဆိုလျှင် ခင်ခင်ကြည်ကလည်း သူ့ကို မြင်မြင်ချင်း သူ့လိုပင် ထူးထူးခြားခြား တုန်လှုပ်သွားရပေလိမ့်မည်။

ဈေးထဲမှာ ဆိုင်ရှေ့မှာ ဖြတ်လျှောက်စဉ်က ခင်ခင်ကြည်သည် သူ့ကို မြင်မသွားချေ။ ထို့ကြောင့် သူ့ကို မြင်လျှင် ဘယ်လိုဖြစ်သွားမည်ဟု သိခွင့်မကြုံခဲ့။

နောက်ပိုင်း မြင်လာသည့်အခါ ထူးထူးခြားခြား ဖြစ်မလာခဲ့ရင်တော့ ဘယ်လိုလုပ်မလဲ။ ဖူးစာဟူသည် တစ်ဖက်သတ် ဖြစ်နိုင်မ[illegible]

တစ်ခုတော့ ရှိသည်၊ မိန်းကလေးတို့၏ ပင်ကိုသဘာဝမှာ နှေး



www.burmeseclassic.com

www.burmeseclassic.com



ကွေးတတ်သည်။ ထို့ကြောင့် သူ့ကို မြင်မြင်ချင်းမှာတော့ ရှေးအတိတ်[...] ရေစက်ကို ချက်ချင်း မှတ်မိချင်မှ မှတ်မိမည်။ တဖြည်းဖြည်း တရေး[...] ပေါ်လာချင် ပေါ်လာပေလိမ့်မည်ဟု ဖြေတွေး တွေးလေသည်။

ထားတော့ အချုပ်ဆိုရလျှင် ခင်ခင်ကြည်ကို သူ စိတ်ဝင်စားမိ[...] သူ၏ဘဝတစ်သက်တာတွင် ပထမဦးဆုံးသော အချစ်။ တစ်ခါမှ မခံစား[...] ရဖူးသော ရင်ခုန်မှုမျိုး။

ခင်ခင်ကြည်ကို စိတ်ဝင်စားနေကြောင်း မိဘများကို ဖွင့်ပြော[...] လိုက်ရ ကောင်းမလား။

မဖြစ်သေး။ လူကြီးတွေက သွားကြည့်ပါဆိုတုန်းက လျစ်လျူရှု[...] ခဲ့ပြီး ခုကျမှ ချစ်လှပါပြီ၊ ကြိုက်လှပါပြီဟု ပြောရမှာ ခက်နေသည်။

အဖေ့ကိုတော့ မပြောရဲ၊ အဖေက သူ့အပေါ် စိတ်ဆိုးမ[...] တတ်သေး၊ ခုနေခါ သွားပြောလျှင် အဖေက ထေ့လိုက်ငေါ့လိုက် လှော[...] လိုက်မယ့်ဖြစ်ခြင်း။

အမေ့ကို ပြောတော့ ပြောရဲသည်။ သို့ရာတွင် ရှက်စရာကြီး[...]

ပြီးတော့ ကိုယ်ကသာ ကြိုက်နေတာ၊ ခင်ခင်ကြည်က ဘယ်[...] သဘောထားမည် မသိသေး၊ လူငယ်ချင်း အဆင်ပြေအောင် အလျင်လုပ်[...] ရမည်။ ပြီးတော့မှ လူကြီးတွေကို အသိပေး။

အဖေ အမေတို့တော့ ဝမ်းသာမှာ သေချာသည်။

သူဖြစ်နေပုံကို တွေးပြီး ပြုံးမိသေးသည်။ ထုံးစံအတိုင်းဆိုလျှင် လူငယ်ချင်း မေတ္တာမျှပြီးတော့မှ လူကြီးတွေကို အသိပေး။ သဘောတူ[...] အောင် လုပ်ရမှာ။

ခုတော့ လူကြီးတွေက လူငယ်ချင်း မြင်တောင် မမြင်ရသေး[...] ကြိုပြီး သဘောတူထားနှင့်နေပြီ။ ကောင်းတော့လည်း ကောင်းသည်[...] နောက်ပိုင်းကိစ္စ စိတ်ပူစရာ မလိုတော့။ ခင်ခင်ကြည်ကို စိတ်[...] လက်အေး ချဉ်းကပ်နိုင်တာပေါ့လေ။

တစ်ခုရှိပြန်သည်။ သည်လိုကိစ္စမျိုးဟာ ကျိတ်ပြီး စဉ်းစားနေ[...]





[...]ထက် တခြားလူများကို ဖွင့်ပြောပြရတာ ပိုပြီး အရသာရှိသည်။ [...]ကြီးတွေကို မပြောရဲသဖြင့် သူငယ်ချင်းတွေကိုပဲ ပြောပြရပေတော့မည်။

... ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြည်သည် ပလတ်စတစ် ခြင်းတောင်းကလေးကို ဆွဲပြီး ဈေးထဲက ထွက်လာသည်။ ကားရပ်ရန် ကွက်လပ်ကို ရောက်လာသည်။ ကားပေါ်က ထိုင်ကြည့်နေသော မင်းမျိုးက မြင်သည်။

ကားပေါ်က ဆင်းသည်။ ခင်ခင်ကြည်နောက်သို့ လိုက်သည်။ မြင်းပျံကားဂိတ်အနီးတွင် မီလာသည်။

ခင်ခင်ကြည် လမ်းလျှောက်ပုံမှာ အလွန်ကြည့်၍ ကောင်းသည်။ အရပ်အမောင်း အနေတော်၊ ခန္ဓာကိုယ် အချိုးအစားက ဖွံ့ဖွံ့ထွားထွား ကြီး မဟုတ်၊ ခပ်သွယ်သွယ်၊ ပိန်သည်လည်း မဟုတ်၊ ရှိသင့်ရှိထိုက်သော အသားဆိုင်တို့ ရှိသည်။

မိန်းကလေးတွေ လမ်းလျှောက်ပုံ အမျိုးမျိုး ရှိသည်။ တချို့က ခြေလှမ်းများကို မျဉ်းပြိုင်နှစ်ကြောင်းပေါ် တစ်ဖက်စီ ချသွားသည်။ တချို့ကတော့ ခြေဦးနှစ်ဖက်ကို တြိဂံပုံ ဘဲသွား သွားနည်း၊ အတွင်းကို စုသွားတော့ ခြေနည်းနည်း ခွင်နေသူတို့ ဖြစ်တတ်သည်။

တချို့ကတော့ ခြေလှမ်းများကို မျဉ်းဖြောင့်တစ်ကြောင်းတည်း ကြည့်ကောင်းအောင် လျှောက်သည်။ ဒါကတော့ မယ်ရွေးပွဲတွေမှာ လျှောက်ပုံ လျှောက်နည်း ဖြစ်သည်။ ထိုကဲ့သို့ လျှောက်လျှင် တင်သားတွေ ပိုကားပြီး လှုပ်တတ်သည်။ သို့ရာတွင် အလှပြရုံသက်သက်အတွက်သာ ကောင်းသည်။ ခုကာလကို ခပ်သုတ်သုတ် လှုပ်ရှားရပုံမျိုးနှင့် မကိုက်လှချေ။

ခင်ခင်ကြည်ကတော့ မျဉ်းပြိုင်နှစ်ကြောင်းပေါ် ခြေလှမ်းချပြီး လျှောက်တတ်သည်။ မျဉ်းပြိုင်နှစ်ကြောင်း၏ အကွာအဝေးမှာ သိပ်ကျယ်လှသဖြင့် သိပ်မလှုပ်၊ သိပ်မခါ၊ သိပ်မကားတော့ပဲ ကြည့်ကောင်းကလေး ဖြစ်သည်။

ပြီးတော့ ခြေထောက်ချပုံ။

တချို့က ဖနောင့်ကို အလျှင်ချသည်။ တချို့က ခြေဖျား၊ တချို့က ခြေဖဝါး တစ်ခုလုံး စုံချသည်။ ခင်ခင်ကြည်ကတော့ ခြေဖျားကို အလျှင်ချတယ် ဆိုရုံကလေး။

ခြုံ၍ပြောရလျှင် သူ့အရပ်အမောင်း၊ သူ့ကိုယ်အချိုးအစားနှင့် သူ့ လမ်းလျှောက်ပုံတို့သည် အလွန်သပ်ရပ်လှပသော ကကြိုးတစ်ခုကဲ့သို့ ကြည့်ကောင်းလှပေသည်။

မင်းမျိုးက ခင်ခင်ကြည်ဘေးမှ ယှဉ်လျက် လျှောက်လိုက်သည်။ ခင်ခင်ကြည်က ရုတ်တရက် သတိမပြုမိသေး။

"ကြည်"

ဟု သူ ခေါ်လိုက်သည်။ ခင်ခင်ကြည် ဆတ်ခနဲ ဖြစ်သွားသည်ကို သိသိသာသာ မြင်လိုက်ရသည်။

"ကိုယ် ပြောစရာလေး တစ်ခု ရှိလို့ပါ"

ခင်ခင်ကြည်က သူ့ကို ဖျတ်ကနဲ တစ်ချက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။

"အလျှင်ဆုံး ကိုယ့်ကိုယ်ကို မိတ်ဆက်ပါရစေ၊ ကိုယ့်နာမည်က မင်းမျိုးပါ"

"ဟင်" ဆိုသော အာမေဋိတ်သံ တိုးတိုး ကြားရသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကြည်က ကိုယ့်ကို မြင်ဖူးလိမ့်မယ် မထင်ဘူး၊ ကိုယ်ကတော့ ကြည့်ကို မြင်ဖူးပါတယ်၊ တမင်တကာ ကြည့်ချင်လွန်းလို့ လာကြည့်ခဲ့တာပါ၊ အိမ်ကို ကြည်တို့ လာလည်တုန်းက ကိုယ် ထွက်မတွေ့ဘဲ ရှောင်ထွက်သွားတာက ကိုယ့်စိတ်တွေ အရမ်းလှုပ်ရှားပြီး မကြည့်ရဲလို့ပါ။ အဲဒီတုန်းကသာ ကြည့်ကို မြင်လိုက်ရရင် မူးမေ့သွားလိမ့်မယ် ထင်တယ်၊ အခုတော့ ရှူဆေးဗူး အသင့်ဆောင်လာပါတယ်"

ခင်ခင်ကြည် တစ်ဖက်ကို မသိမသာ လှည့်သွားသည်။ ဟိုဘက်လှည့်ပြီး ပြုံးလိုက်တာ ဖြစ်လိမ့်မည်။ သူ အားတက်သွား၏။

"ဒီလောက်ဆိုရင် ကိုယ် ဘာပြောချင်တယ်ဆိုတာ ကြည် သိလောက်ပြီ ထင်ပါတယ်၊ ကိုယ့်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ မသိရဘူးလား"

ခင်ခင်ကြည် ဘာမှပြန်မပြော။

"လူကြီးတွေကလဲ ကိုယ်နဲ့ကြည်နဲ့ကို သဘောတူပြီးသားပါ၊ ကြည်ရဲ့ သဘောတစ်ခုပဲ ကျန်ပါတော့တယ်၊ ကြည်ကသာ လက်ခံမယ်ဆိုရင် အစစအရာရာ အားလုံး အဆင်ပြေသွားမှာပါပဲလေ"

ခင်ခင်ကြည် ခေါင်းငုံ့လျက်သာ လျှောက်နေသည်။ သူ ခင်ခင်ကြည်ကို အနီးကပ် ကြည့်ခွင့်ရနေ၏။

အသားက ဖြူတာလဲမဟုတ်၊ ညိုတာလဲမဟုတ်၊ ညိုဝါရောင်ဟု သူ သတ်မှတ်၏။ ထိုကဲ့သို့သော အသားအရည်မျိုးက ရှားသည်။ ပြီးတော့ တချို့မိန်းကလေးများသည် ရှေ့က ကြည့်လျှင် လှသော်လည်း ဘေးတိုက်ကြည့်သောအခါ သိပ်မဟုတ်တော့ချေ။ တချို့ကျတော့ ဘေးတိုက်သာ ကြည့်ကောင်းပြီး ရှေ့က ကြည့်လျှင် မလှဘဲ ဖြစ်နေတတ်သည်။

ခင်ခင်ကြည်ကျတော့ အရပ်ရှစ်မျက်နှာမှ အမျိုးမျိုး ရှုထောင့်ပြောင်းပြီး ကြည့်လျှင်လည်း လှနေလိမ့်မည်ဟု ထင်၏။

"ကြည်"

သူက ထပ်ခေါ်ပြန်သည်။ ခင်ခင်ကြည် တစ်ချက်မော့ကြည့်



သည်။ မျက်လုံးအရောင် ဖျတ်ခနဲ တစ်ချက် လက်သည်။ မိုးရွာပြီးစ သစ်ရွက်ဖျားမှာ တွဲလွဲခိုနေသော ရေစက်ကလေးကို နေရောင်ခြည် ထိလိုက်ရာမှ ဖြစ်ပေါ်လာသော ရောင်ပြန်ကို သတိတရ ရှိစေသည်၊

"ပြောပါဦးလေ"

ခင်ခင်ကြည်က မဖြေ၊ ဖွင့်ဟစရာ နှုတ်ခမ်းနှစ်လွှာ မရှိလေသလား၊ သူ့နှုတ်ခမ်းသည် တစ်လွှာတည်းပေလား၊ မင်းမျိုး အားမလိုဖြစ်လာသည်။

ခင်ခင်ကြည်၏ လက်မောင်းနှစ်ဖက်ကို ကိုင်၍ သူ့ဘက်သို့ ရုတ်တရက် ဆွဲလှည့်လိုက်၏။ အံ့သြသွားဟန်ဖြင့် နှုတ်ခမ်းလေးသည် ခုမှ ပွင့်ဟလာသည်။

ဩော်. . . သူ့နှုတ်ခမ်းနှစ်လွှာ ဖွင့်ဟလာဖို့အရေး ကမာကောင်ရဲ့ အခွံနှစ်ခြမ်းကို ဆွဲဟရသလိုပဲလား၊ ခက်ခဲပါဘိ။

ထိုကမှာ နှုတ်ခမ်းကလေးကို. . .

"ဟာ. . . အဓိပ္ပါယ် မရှိတာကွာ"

ဟူသော သန်းဝင်း၏ အသံကြီးက သူ့နားထဲတွင် ဟိန်းဟိန်း မြည်သွားပြီး အတွေးပျက်သွားရသည်။ ဖြစ်ပုံမှာ အေးသိန်းက ခင်ခင်ကြည်ကို ချဉ်းကပ်သည့်အခါ သည်လိုပြော သည်လိုလုပ်ဟု သညာပေးနေတုန်း မင်းမျိုး စိတ်ကူးယဉ်ကြည့်နေခြင်း ဖြစ်၏။

"မင်းတို့ပဲ စဉ်းစားကြည့်ပါဦး၊ ယုဇနပလာဇာဈေး ပတ်ဝန်းကျင်လို ဒီလောက် ရှုပ်တဲ့နေရာမှာ အေးသိန်း ပြောသလို သွားလုပ်လို့ကတော့ တစ်ယောက်တစ်ချက် ဝိုင်းရိုက်ပြီး ရဲစခန်းကို တန်းပို့လိုက်မှာပေါ့ကွ"

ဟု သန်းဝင်းက ဆက်ပြောသည်၊ အေးသိန်းက. . .

"အေးလေ၊ အဲသလို ဖြစ်အောင်ပဲ တမင်လုပ်ခိုင်းတာ၊ ဒါမှ ခင်ခင်ကြည်က မင်းမျိုးကို သနားပြီး ကြိုက်သွားမှာ မဟုတ်လား"

"အဲမာ. . . မင်းတုန်းကလို ဖြစ်အောင်လို့ပေါ့လေ"

ဟု မင်းမျိုးက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးသိန်းသည် မြင့်မြင့်သောင်းကို လိုက်ခဲ့စဉ်က မြင့်မြင့်သောင်း၏ မောင်များက ဝိုင်းထိုးခြင်းကို ခံရဖူးသည်။ သည်ကောင် ဖူးယောင် ကွဲပြဲသွား၏။ သူကတော့ ဘာမျှ ပြန်မလုပ်ဘဲ နှုတ်ခမ်းမှ စီးကျလာသော သွေးများကို လက်ခုံဖြင့် ဟန်ပါပါ သုတ်ရင်း မျက်ရည်ဝဲလျက် 'ထိုးပါကွာ ထိုးပါ၊ သတ်ချင်လဲ သတ်ပါ၊ အချစ်အတွက် သေရဲပါတယ်' ဟု ပြောခဲ့သည်။ ထိုအကြောင်းကြောင့် မြင့်မြင့်သောင်းက သနားပြီး သူ့ကို ပြန်ချစ်ခဲ့ခြင်း ဖြစ်၏။

"မင်းတုန်းက မြင့်မြင့်သောင်းရဲ့မောင်တွေက ဆုံးမလောက်ရုံ သဘောထားပြီး သိပ်မလုပ်လို့ပေါ့ကွာ၊ ခုဟာက သူစိမ်းတွေ၊ ရန်ကုန်က လူတွေအကြောင်းလဲ သိသားပဲ၊ အဲဒီလို တစ်ယောက်တစ်ချက် ဝိုင်းဆော်ဖို့ဆိုရင် ဘယ်တော့မှ လက်နှေးတာ မဟုတ်ဘူး၊ တခြားလူထက် ခင်ခင်ကြည်ရဲ့ လက်ဝါးနဲ့ အရင်တွေ့မှာပဲ"

သန်းဝင်းက ပြောသည်။ အေးသန်းက. . .

"အေးပါကွာ၊ ငါလဲ သိပါတယ်၊ သက်သက် ဒီကောင်ကို ချွန်ပေးနေတာ၊ တကယ်တော့ ဒီကောင်ကလဲ ဒီလောက် သတ္တိမရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား"

ဟု မေးသည်။ မင်းမျိုးက. . .

"ရှိသင့်သလောက်တော့ ရှိပါတယ်၊ ဒါပေမယ့် မင်း ပြောသလောက်တော့ မလုပ်ရဲဘူး"

"ဒါနဲ့ မင်းပြောတော့ လူကြီးတွေက သဘောတူထားပြီးသားဆို"

"အင်းလေ၊ မင်းတို့ကို ပြောပြီးသားပဲ၊ နှစ်ဖက်စလုံးက သဘောတူနေတာ၊ ငါကသာ ခုမှ . . ."

"ဒါဆိုလဲ လူကြီးတွေ ဖွင့်ပြောပြီး သွားတောင်းခိုင်းပေါ့"

"အဲဒါမျိုးတော့ မလုပ်ချင်ဘူး၊ သူ့သဘောထားက ဘယ်လိုရှိမှန်း မသိသေးတာ"

"မင်းလိုကောင်မျိုးကို မကြိုက်ဘဲ မနေပါဘူးကွာ"





"သူ့မှာ ရည်းစားတွေဘာတွေ ရှိချင်ရှိနေမှာ"

"ကံကြီးတို့ သိန်းထွန်းတို့က ပြောတော့ မရှိဘူးလို့ ပြောတယ်ဆို"

"ဒီကောင်တွေက ဈေးပတ်ဝန်းကျင်လောက်ပဲ သိမှာ၊ တခြားမှာ ရှိချင်ရှိနေမှာပေါ့"

"တကယ်လို့ သူ့မှာ တကယ်ပဲ ရည်းစားရှိနေတယ်ဆိုရင်ကော"

အေးသန်းမေးခွန်းကြောင့် မင်းမျိုး တုန်လှုပ်သွားသည်။ တကယ်လို့ ခင်ခင်ကြည်မှာ ချစ်သူရှိနှင့်နေပြီးနေလျှင်. . .။ သူ နောက်ဆုတ်လိုက်ရုံသာ ရှိသည်။ ထိုသို့စဉ်းစားလိုက်ရုံဖြင့် ရင်ထဲက ဟာပြီး ဝမ်းနည်းသွား၏။ သူ့မျက်နှာ ချက်ချင်း ညှိုးကျသွားသည်ကို သတိထားမိသော သိန်းဝင်းက. . .

"ဘယ်လိုလဲဟ၊ စကားအဖြစ် ပြောတာတောင် ခုချက်ချင်း ဝမ်းရောဂါ ဖြစ်သွားသလို ချုံးကျသွားတာပဲ၊ တကယ်သာ သူ့မှာ ရည်းစားရှိနေလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေမလား မသိဘူး၊ သည်းချင်တော့လဲ ဝါဆိုဝါခေါင် မိုးထက်တောင် ပိုသည်းနေပါလား"

"ကဲပါလေ၊ သူ့မှာ ရည်းစားမရှိသေးဘူးပဲ သတ်မှတ်လိုက်ရအောင်၊ ဒီတော့ မင်း ဘာလုပ်မယ် စိတ်ကူးသလဲ"

"လူကြီးတွေကိုတော့ ဖွင့်မပြောချင်သေးဘူး၊ ငါတို့ချင်း ပြေလည်အောင် အလျှင်လုပ်ချင်တယ်"

"ဒီတော့. . ."

"ငါ သူနဲ့ ရင်းနှီးမှု ရအောင် အလျှင်လုပ်လျှင် ကောင်းမယ်"

"မင်းနဲ့ သူနဲ့ ငယ်ငယ်ကတည်းက သိခဲ့ပြီးသားပဲ"

"အဲဒါက ငယ်ငယ်ကပဲ၊ ငါတို့ချင်း မတွေ့ကြတာက ဆယ့်ငါးနှစ်လောက် ရှိပြီ၊ ခုလည်း ငါကသာ သူ့ကို မြင်ဖူးတာ၊ သူက ငါ့ကို မမြင်ဖူးသေးဘူး၊ ခုချိန် ငါ့ကို မြင်လျှင် မှတ်မိမယ် မထင်ဘူး၊ ငါ့စိတ်ထဲက ငါဘယ်သူလဲ ဆိုတာ သူ့ကို အသိမပေးသေးဘဲနဲ့ ချဉ်းကပ်ပြီး နောက်မှ အသိပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာသဘောလဲ"

"သူဟာ ငါ့အပေါ်မှာ မိဘတွေ သဘောတူထားပြီးတဲ့လူမို့လို့ ချစ်တာလား၊ တကယ်လို့ ငါဟာ သူနဲ့ လုံးဝမသိသေးဘဲ လူတစ်ယောက် ဆိုလျှင်ကော ဘယ်လို သဘောထားမလဲလို့ သိချင်လို့"

"မင်းတွေးပုံက ကြောင်ပါတယ်ကွာ၊ အရေးကြီးတာက သူ့ အချစ်ကို မင်းရဖို့ပဲ မဟုတ်လား"

ဟု သန်းဝင်းက ဝင်ပြောရာ အေးသိန်းက သန်းဝင်းကို လက်ကာပြပြီး. . .

"နေပါစေ. . . လုပ်ချင်သလို လုပ်ပါစေ"

"မဟုတ်သေးဘူးကွ၊ ဒီကောင်က လူစိမ်းတစ်ယောက်အနေနဲ့ ချဉ်းကပ်ပြီး မရတော့မှ ကျွန်တော် မင်းမျိုးလေ၊ မသိဘူးလေ ဆိုပြီး ပြန်လုပ်ရလျှင် ကွဲလိမ့်မယ်"

"ဖြစ်ပါတယ်၊ အဲဒီအခါကျတော့လဲ ကျွန်တော်က လူကြီးမိဘရဲ့ အရှိန်အဝါကို မဆိုးဘဲ ရိုးသားသန့်စင်တဲ့ အချစ်နဲ့ ချစ်ကြောင်း ပြချင်လို့ ဒီလိုလုပ်ရတာပါလို့ ပြော၊ ပိုတောင် ကောင်းသေးတယ်"

"ကဲလေ၊ ပြီးရောပေါ့"

သန်းဝင်းကပါ သဘောတူလိုက်သည်။

"မပြီးသေးဘူးဟ၊ ဒီကောင် ပြောလို့သာ ခင်ခင်ကြည်ဆိုတာ ငါတို့ သိရုံသိရတာ၊ တစ်ခါမှတောင် မမြင်ဖူးသေးဘူး၊ ဘယ်လို ဖြစ်နေသလဲဆိုတော့ တစ်ခါမှ မမြင်ဖူးတဲ့ မင်းသမီးအသစ် ပါတဲ့ ဇာတ်ကားကို မကြည့်ရသေးဘဲနဲ့ ဝေဖန်သလို ဖြစ်နေတယ်"

ဟု အေးသိန်းက ပြောသည်။ သန်းဝင်းကပါ. . .

"ဒါတော့ ဟုတ်တယ်ကွ မင်းမျိုး၊ မင်း ငါတို့ကို တစ်ရက်လောက် လိုက်ပြကွာ"

"ပြတော့ ပြမယ်၊ မင်းတို့ စိတ်ဓာတ်ကြံ့ခိုင်ဖို့တော့ လိုလိမ့်မယ်"

"ဘာဖြစ်လို့လဲ"





"သူ့ကို မြင်လျှင် မင်းတို့ မူးမေ့သွားမှာစိုးလို့၊ အဲ. . . ရှူဆေးဗူး လေးဘာလေး ဆောင်ချင်ဆောင်ခဲ့ပေါ့"

"တော်တော် ကြီးကျယ်တဲ့ကောင်၊ အေး. . . ရှူဆေးဗူးတော့ ဆောင်ရမယ်၊ ဖိနပ်ဆိုင်ဆိုတော့ သားရေနံ့တွေ၊ ရော်ဘာနံ့တွေ နံနေမှာ မို့လို့"

ဟု အေးသိန်းက ပြောသဖြင့် မင်းမျိုးက ခွေးကောင်ဟု ဆဲလိုက်သည်။

◊ ◊ ◊

မင်းမျိုးသည် ခင်ခင်ကြည်နှင့် ရင်းနှီးခွင့်ရအောင် ချဉ်းကပ်ဖို့ အကြံထုတ်ရသည်။ တခြားနည်းလမ်းတွေတော့ သူလည်း မစဉ်းစားတတ်ချေ၊ ဈေးရောင်းနေသော မိန်းကလေး တစ်ယောက်နှင့် ရင်းနှီးလိုလျှင် သူ့ဆိုင်မှာ သွားဝယ်တာ အကောင်းဆုံးဟူ၍သာ တွေးမိ၏။

ထို့ကြောင့် ခင်ခင်ကြည်ဆိုင်မှာ ဖိနပ်သွားဝယ်ဖို့ စိတ်ကူးသည်။ အမေ့အတွက် ဖိနပ်တစ်ရံလောက် ဝယ်ရမည်။ သူတစ်ယောက်တည်း မသွားရဲသဖြင့် ကံကြီးကို အဖော်ခေါ်သည်။ ကံကြီးက အင်တင်တင် လုပ်နေ၏။

"မင်းဘာသာ သွားပါကွာ၊ တော်ကြာ မင်းလိုလို ငါလိုလို ထင်နေပါဦးမယ်"

ဟု ပြောသည်။

"ဒီတစ်ခါတည်း လိုက်ခဲ့ပေးပါကွာ၊ နောက်ဆိုရင် ငါ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သွားပါမယ်၊ ခုတစ်ခါတော့ ပထမဆုံးအကြိမ်ဆိုတော့ ကြောင်တော
တောင် နိုင်လို့ပါ"

"ဖိနပ်ဝယ်တာပဲကွာ၊ ကြောင်ရမှာလား"

"လိုက်ခဲ့ပါကွာ"

ကံကြီးက ဟောင်ဖွာဟောင်ဖွာ ပြောရင်း လိုက်လာသည်။ ခင်ခင်ကြည်တို့ ဆိုင်ရှေ့မှာ ရပ်သဖြင့် သူလည်း ရပ်လိုက်သည်။

"ဘာအလိုရှိပါသလဲရှင်"

ခင်ခင်ကြည်အသံကို ပထမဆုံး ကြားဖူးခြင်း။ ရုပ်နှင့်အသံနှင့် လိုက်ဖက်သည်ဟု အရေးထဲမှာ အပြေးအလွှား တွေးလိုက်မိသေးသည်။

"ဘာများ အလိုရှိပါသလဲ"

ဟု ထပ်မေးသည်။

"ဖိနပ်"

ဟု သူ ယောင်ယောင်ကန်းကန်း ပြောသည်။ ပြောပြီးမှ သူ့စကား အူကြောင်ကြောင်နိုင်ပုံကို တွေးမိသည်။ ဖိနပ်ဆိုင် လာမှတော့ ဖိနပ်မလိုချင်လို့ ဘာလိုချင်ရဦးမှာလဲ။ တကယ် လိုချင်တာကတော့ ဖိနပ် မဟုတ်။ ထားပါတော့လေ။

သူရှက်သွားသည်။ ခင်ခင်ကြည်ကို မကြည့်ရဲ။ ခင်ခင်ကြည်က တော့ စျေးသည်တို့ ထုံးစံအတိုင်း...

"သြော်... ဟုတ်ကဲ့၊ ဘယ်လို ဖိနပ်မျိုးလဲ၊ ယောက်ျားစီးလား မိန်းမစီးလား၊ ကြည့်ပါ၊ မန္တလေးဖိနပ်တွေလဲ ရှိပါတယ်၊ ဆင်ကြယ်တို့ ကျွဲရိုင်းတို့လဲ ရှိပါတယ်"

ဟု ပျူငှာစွာ ပြောနေသည်။ မင်းမျိုးက အူကြောင်ကြောင် ဖြစ်နေတုန်း...

"ဟော့ကောင် ဘာဖိနပ်ယူမှာလဲတဲ့"

"သြော်... ဟို မိန်းမစီးဖိနပ် တစ်ရံလောက်"

"ရပါတယ်၊ ဘယ်တံဆိပ်ထဲက ယူမှာလဲ"





ဘာအမျိုးအစား ယူမည်ဟူ၍လည်း ကြိုတင်စဉ်းစားထားခြင်း မရှိ။ မင်းမျိုးသည် ဘာတံဆိပ်ယူရ ကောင်းမလဲ စဉ်းစားသည်။ ဖိနပ် အမျိုးအစားပေါင်း မြောက်မြားစွာ ရှိပါလျက် ခုချိန်မှာ တစ်ခုမှ ခေါင်းထဲ ဝင်မလာတော့။ သူ့နာမည်ကိုသူ ပြန်၍မမေ့သေးခြင်းကိုတောင် ကျေးဇူး တင်ရဦးမည်။

"အဲ... ဘာတံဆိပ်ဖြစ်ဖြစ်ပေါ့၊ ကောင်းတာလေး"

"ကတ္တီပါခင်း၊ ကတ္တီပါကြိုးနဲ့ ယူမလား"

"ဟုတ်ကဲ့"

"ဘယ်နံပါတ်လောက် ယူမှာလဲ"

သူ မသိ။ အမေ့အတွက် ဖိနပ်ဝယ်မည်ဟုသာ စိတ်ကူးသည်။ ဒေါ်ထားထား နံပါတ် ဘယ်လောက် စီးတတ်မှန်း သူ မသိခဲ့ချေ။ ခုနလို ကြည့်ကောင်းတဲ့ နံပါတ်ကလေးသာ ရွေးပေးပါဟု ပြောလို့မဖြစ်။ ထို့ကြောင့်...

"ခုနစ်"

ဟု ပါးစပ်ထဲ တွေ့ရာ ပြောလိုက်သည်။ ခင်ခင်ကြည်က ဖိနပ် ဘူးတွေကို ရွေးနေ၏။ သူ့လက်ကလေးများကို မြင်ရသည်။ လက်သည်း ဆိုးထား၊ လက်သည်းမရှည်။ ညီညာတိကျစွာ လှီးဖြတ်ထားသည်။ လက်ချောင်းတွေ လှပကြောင်းကို မြင်ဖြစ်အောင် မြင်သည်။

ခင်ခင်ကြည်က ဖိနပ်ဘူးသုံးဘူး ယူပြီး သူ့ရှေ့မှာ ချ၍ ဖွင့်ပြသည်။ အရောင်သုံးမျိုး၊ နက်ပြာ နီညိုနှင့် အနက်၊ မင်းမျိုးက နီညိုရောင် ကို ရွေးလိုက်ပြီး...

"ဘယ်လောက်လဲ"

မေးသည်။

"လေးရာ့ရှစ်ဆယ်နဲ့ပဲ ယူသွားပါ"

မင်းမျိုးသည် စျေးတောင် မဆစ်တော့ပဲ တစ်ထောင်ကျပ်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။ ခင်ခင်ကြည် လှမ်းယူပြီး ငွေသေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၊ ငွေစက္ကူများ ရေတွက်ပြီး ပြန်အမ်းသည်။ မင်းမျိုးသည် ခင်ခင်ကြည် လက်ကို မထိမိအောင် သတိကြီးစွာ ထား၍ ငွေစက္ကူခေါက်၏ အစွန် အဖျားကို ကိုင်၍ ယူသည်။

သူသည် တစ်ခု သွားစဉ်းစားလိုက်မိ၏။ ခုဝယ်တာက မိန်းမ ဖိနပ်ဆိုတော့ ခင်ခင်ကြည်က သူ့ကို တစ်မျိုးထင်သွားနိုင်သည်။ အမေ့ အတွက်ဆိုတာ ပေါ်လွင်ထင်ရှားအောင် ဘယ်လို လုပ်ရပါ့မလဲဟု တွေး ရင်း လွှတ်ကနဲ ပြောလိုက်မိသည်။

"ဒီဖိနပ်က ကျွန်တော့်အမေနဲ့မှ တော်ပါ့မလား မသိဘူး"

ပြောပြီးမှ ရှက်သွားသည်။ အမေ စီးသော ဖိနပ်နံပါတ်ကို သူ ကိုယ်တိုင်တောင် မသိဘဲနဲ့ ခင်ခင်ကြည်က ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။

ခင်ခင်ကြည်ကတော့ ပြုံး၍. . .

"တော်မှာပါ။ မတော်ရင်လဲ ပြန်လဲလို့ ရပါတယ်"

မင်းမျိုးသည် ရှက်ရှက်နှင့်ပင် ကျေးဇူးပဲဆိုပြီး ထွက်လာသည်။

"ဖိနပ်ဘူး ယူသွားဦးလေ"

တစ်ရှက်က နှစ်ရှက် ဖြစ်ရပြန်သည်။ ခင်ခင်ကြည်ကတော့ သူ့ကို မဟားပါ။ ကြင်နာရရသာ ပြုံးနေသည်။

"မင်းနှယ်ကွာ. . . တော်တော် ရုပ်ပျက်ဆင်းပျက် ဖြစ်တယ် နည်းနည်းပါးပါး ထိန်းပါလားကွ"

ဟု ကံကြီးက ပြောသည်။

"အေးကွာ ငါလဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

"ဖိနပ်ကိုလဲ ဈေးမဆစ်ဘဲ ယူလာတယ်"

"တန်ပါတယ်ကွာ"

"အင်း. . . ဒါတော့ ဟုတ်တယ်၊ အဲဒီဖိနပ်မျိုးဟာ အနည်းဆုံး ငါးရာနဲ့ အထက်လောက် ရောင်းတာ၊ ခု ပေးလိုက်တဲ့ဈေးက အရင်း လောက်ပဲ ရှိတယ်၊ ဘာဖြစ်လို့ လျှော့ပေးတာလဲ မသိဘူး"

"ဟေ. . . ဟုတ်လား"





မင်းမျိုး မြူးသွား၏။ ကံကြီးက ဆက်ပြောသည်။

"ငါက ဒီဈေးထဲကမို့ မျက်မှန်းတန်းမိနေလို့ပဲ ဖြစ်ရမယ်"

ဘာပဲဖြစ်ဖြစ် မင်းမျိုးသည် နှလုံးအထူးကု သမားတော်ကြီး စ်ဦးဦးထံ သွားဖို့ လိုအပ်နေပြီ ဖြစ်သည်။ သူ့မှာ နှလုံးခုန် စည်းချက် မှန်သည့်ရောဂါ ရနေပြီ။

ခက်တာက ဆရာဝန်ကြီးရှေ့ ရောက်လျှင် သူ့နှလုံးသားက မှန်ဖြစ်နေလိမ့်မည်။ ခင်ခင်ကြည်ရှေ့ ရောက်မှသာ ဖောက်လွဲ ောက်ပြန် ဖြစ်တတ်တာ။ ဆရာဝန်ကြီးဆီ သွားပြသည့်အခါတွင် ခင်ခင် ကြည်ကိုပါ ခေါ်သွားရမလို ဖြစ်နေပြီ။

တကယ်တော့ သူ့ရောဂါကို ဆရာဝန်တွေ ကုလို့မရ။ ကုသနိုင် သူ တစ်ယောက်တည်းသာ ရှိသည်။ လူနာဆိုတာကလည်း ကိုယ့်ရောဂါကို ဆရာဝန် သိအောင် ပြောပြရမည်။ ဆရာဝန်ကတော့ လူနာဆီ လာပြီး နေကောင်းရဲ့လား၊ နေမကောင်းလျှင် ဆေးကုသပေးမယ်လေဟု ပြော သိမ့်မည် မဟုတ်။ လူတစ်ယောက်ကို မြင်၍ နေထိုင်မကောင်းဘူးဟု သူဆရာသည့်တိုင် နေမကောင်းဘူး မဟုတ်လား၊ ကျွန်တော်နဲ့ ကုပါလားဟု တားစပ်လို့ မသင့်တော်ချေ။

မှန်သည်။ မိန်းကလေးတစ်ယောက်၏အခြေအနေသည် တစ်ခါ စ်ရံ ဆရာဝန်နှင့် တူ၏။ တစ်ခုပဲ ကွာသည်၊ ဆရာဝန်က သူ့ဆီ ာသမျှ လူနာမှန်သမျှ လူမျိုးမရွေး ဘာသာမရွေး ကုသပေးရမည်။ န်းကလေးတစ်ယောက်ကတော့ သူ့ဆီ လာသူတွေထဲက တစ်ယောက် တည်းကိုသာ ရွေးချယ် ကုသပေးရလိမ့်မည်။

ခင်ခင်ကြည်၏ တစ်ဦးတည်းသော ရာသက်ပန်လူနာ သူဖြစ် ချင်၏။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



အေးသိန်းနှင့် သန်းဝင်းတို့ကို ခင်ခင်ကြည်အား လေ့လာ
လိုက်ပြသည်။ ခင်ခင်ကြည်တို့ ဆိုင်တန်းဘက် ရောက်သောအခါ မင်း
က နေရာကို ညွှန်ပြသည်။ သူကတော့ လိုက်မသွားခဲ့။ လက်ဖက်ရည်ဆိုင်
မှာ သွားထိုင်စောင့်နေသည်။ သန်းဝင်းနှင့် အေးသိန်းတို့က ခင်ခင်ကြည်
ဆိုင်ရှေ့မှ ဖြတ်လျှောက်ရင်း မသိမသာ အကဲခတ်သည်။ ပြီးတော့
လက်ဖက်ရည်ဆိုင်ကို လိုက်လာ၏။

"ဘယ်လိုလဲကွ"

ဟု မင်းမျိုးက မေးသည်။ သူသည် ခင်ခင်ကြည်ကို ဒီကော
တွေ သဘောကျမှာ သေချာကြောင်း သိပြီးဟန်ဖြင့် ခပ်မိန့်မိန့် ပြုံးနေ
သည်။

"အင်း. . . သိပ်မဆိုးပါဘူးကွ"

ဟု အေးသိန်းက ပြောသည်။ မင်းမျိုး ထင်ထားတာက သူတို့
သည် သူ့ကို ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ကြမည်။ ခင်ခင်ကြည်





ယ်လောက် လှကြောင်း၊ ကျက်သရေ ရှိကြောင်း ပြောကြမည်။ ပြီး
တော့ မင်းအတွက် ဂုဏ်ယူပါတယ်၊ မင်း သိပ်အရွေးတော်တယ် သူငယ်
င်း စသည်ဖြင့် ချီးကျူးကြလိမ့်မည် ဟူ၍။

ခုတော့ အေးသိန်း ပြောပုံက အေးစက်စက်။ သန်းဝင်းကို
ကြည့်တော့လည်း ဟက်ဟက်ပက်ပက် မရှိချေ။

"မင်းတို့ သေသေချာချာကော ကြည့်ခဲ့ရဲ့လား"

ဒီကောင်တွေ ခင်ခင်ကြည်ကို တွေ့ခဲ့တာ ဟုတ်ချင်မှဟုတ်မည်။
င်ခင်ကြည် တစ်နေရာရာ သွားနေလို့ ဆိုင်အစောင့်ထားခဲ့သော အမျိုး
မီး တစ်ယောက်ယောက်ကိုပဲ တွေ့ခဲ့တာများလား။

သန်းဝင်းက. . .

"သေသေချာချာ ကြည့်ခဲ့တာပေါ့ကွ"

"သူကော ဟုတ်ရဲ့လား၊ မင်းတို့ လူများ မှားပြီလား"

"မမှားပါဘူး၊ သူတို့ဆိုင် အသွားမှာ သိန်းထွန်းနဲ့ တွေ့လို့ သူ
ကောင် ငါတို့နဲ့ လိုက်လာသေးတယ်၊ သိန်းထွန်းကိုယ်တိုင်က ခင်ခင်ကြည်
ပြတာ၊ အခုတောင် ဒီကောင် ကံကြီးကို ခေါ်ပြီး လိုက်လာလိမ့်မယ်"

မင်းမျိုး စိတ်ဓာတ် နည်းနည်းကျသွားသည်။ သူက သိပ်လှ
ကျက်သရေ ရှိသည်ဟု ထင်ထားသော မိန်းကလေး တစ်ယောက်ကို
ငယ်ချင်းတွေက သာမန်အဆင့်လောက်သာ မြင်သည်။ သူကပဲ ခေတ်
က်ကျနေလို့လား၊ သို့တည်းမဟုတ် ဟိုကောင်တွေကပဲ အိမ်ထောင်
ည်တွေ ဖြစ်နေလို့ အလှတရားကို မခံစားတတ်တော့လား။

သူသည် စကားသိပ်မပြောတော့ဘဲ ခပ်ငေါင်ငေါင် ထိုင်နေ
ည်။ အေးသိန်းနှင့် သန်းဝင်းတို့ကတော့ ဘာမျှ သတိမထားမိဘဲ
ားဖောင်စွာ ပြောနေကြသည်။

ကံကြီးနှင့် သိန်းထွန်းတို့ ရောက်လာသည်။ ထိုအခါကျမှ မင်းမျိုး
တက်သွား၏။ သူတို့က ခင်ခင်ကြည်ကို အထင်ကြီးနေကြသူတွေ
တ်လား။ သူ့ဖက်က ကူပြီးပြောကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြီးက ဝင်ထိုင်ပြီး လက်ဖက်ရည် မှာသည်။ မင်းမျိုးက ဒူးယားဘူးကို သူတို့ဘက် ထိုးပေးလိုက်ရ၏။

"ကဲ. . . မင်းတို့နှစ်ယောက်နဲ့ ဒီကောင်တွေနှစ်ယောက်နဲ့ အမြင်ချင်း မတူဘဲ ဖြစ်နေကြတာ အခု ပြောကြပေတော့"

သိန်းထွန်းက. . .

"ဘာမတူတာလဲ"

ဟု မေးပြန်သည်။

"ဒီလိုလေ. . . ခင်ခင်ကြည်ကို သိပ်လှတယ်လို့ ပြောတယ်၊ ဒီကောင်တွေက သာမန်လောက် ပြောနေတယ်၊ အဲဒါပြောတာ"

ကံကြီးက ရယ်သည်။ သန်းဝင်းက ကံကြီးကို မျက်စိတစ်ဖက် မှိတ်ပြသည်။ ကံကြီးက. . .

"ဒါကတော့ သူတို့လဲ သူတို့မြင်သလို ပြောတာ ဖြစ်မှာပေါ့လေ"

"လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပဲကွာ"

ဟု သိန်းထွန်းကလည်း ပြောသည်။ သန်းထွန်းနှင့် ကံကြီးတို့က သူ့ဘက်မှ ကူမပြောသဖြင့် မင်းမျိုး အလိုမကျ ဖြစ်သွားသည်။

"ဒါဆိုလဲ ပြီးရောပေါ့ကွာ၊ ငါသွားတော့မယ်"

မင်းမျိုးက ထရပ်လိုက်သည်။ သန်းဝင်းက လှမ်းဆွဲပြီး. . .

"နေဦးလေ၊ လက်ဖက်ရည်ဖိုး ရှင်းသွားဦးမှပေါ့"

"ဘာလို့ ရှင်းရမှာလဲ"

"လက်ဖက်ရည်တောင် မတိုက်ဘူးဆိုရင်တော့ မင်းကောင်မလေးဟာ သိပ်မဆိုးပါဘူးဆိုတဲ့ အဆင့်ကနေ တော်တော် ရုပ်ဆိုးတယ်ဆိုတဲ့အဆင့် ရောက်သွားလိမ့်မယ်"

သူ ဘာဆိုလိုကြောင်း မင်းမျိုး နားလည်သလိုလို ရှိသွား၍ ပြန်ထိုင်သည်။

အေးသိန်းက. . .

"လက်ဖက်ရည် တစ်ခွက်လောက်နဲ့ဆိုရင် သိပ်မဆိုးပါဘူးဆိုတဲ့





လောက်ပဲ ရမှာပေါ့ကွ"

"ဆီချက်ကျွေးမယ်"

ဟု မင်းမျိုး ပြောသည်။

"ဆီချက်ဆိုရင် လှသားပဲဆိုတာလောက်တော့ ဖြစ်နိုင်တယ်၊ အရမ်းလှတယ်၊ သိပ်သားနားတယ်ဆိုတဲ့ အဆင့်ကတော့. . ."

အေးသိန်း ပြောပြီး သန်းဝင်းကို ကြည့်သည်။ သန်းဝင်းက စကားဆက်သည်။

"ညနေစာ တစ်ဝိုင်းပေါ့ကွာ"

"ခွေးကောင်တွေ. . . တော်တော် လူပါးဝတယ်"

"ဒီတော့ မင်းသဘောတူပြီ ဆိုပါတော့"

သိန်းထွန်းက မေးသည်။

"မင်းတို့ စားချင်တယ်ဆိုရင်တော့ ငါကျွေးမယ်၊ အဲဒီစကား ကြားရဖို့အတွက်တော့ မကျွေးနိုင်ဘူး"

မင်းမျိုး အရှက်ပြေ ပြောမှန်း အားလုံး သိသည်။ ကံကြီးက နာရီကြည့်လိုက်ပြီး. . .

"ဟာ. . . လေးနာရီတောင် ထိုးပြီ၊ ဒါ ညနေပဲကွာ၊ ကဲ. . . သွားကြရအောင်၊ မင်း ငါတို့ကို ဘယ်မှာ ကျွေးမှာလဲ"

မင်းမျိုး ခဏစဉ်းစားပြီး. . .

"မေ ဂါးဒင်း"

ဟု ပြောသည်။

"မင်းအတွက် ငါတို့ သိပ်ဂုဏ်ယူပါတယ် သူငယ်ချင်း"

အေးသိန်းနှင့် သန်းဝင်းတို့က ပြိုင်တူလို ပြောပြီး မင်းမျိုး၏ လက်တစ်ဖက်စီကို ဆွဲ၍ လှုပ်ယမ်းနှုတ်ဆက်ကြသည်။ မင်းမျိုး မပြုံးဘဲ မနေနိုင်။

◆ ◆ ◆



www.burmeseclassic.com

မင်းမျိုးသည် ခင်ခင်ကြည်တို့ဆိုင်ကို အကြောင်းမရှိ အကြောင်းရှာပြီး သွားဖို့ အခက်တွေ့နေရသည်။

ယေဘုယျအားဖြင့်ဆိုလျှင် ဈေးဆိုင်က မိန်းကလေးတစ်ယောက်ကို ကြိုက်ရသည်မှာ မဆိုးလှဟု ဆိုနိုင်သည်။ အိမ်ထဲမှာချည်း နေသော မိန်းကလေးတစ်ယောက်၊ ရုံးသွားရုံးပြန်၊ ကျောင်းသွားကျောင်းပြန် လုပ်နေသော မိန်းကလေးတစ်ယောက်ထက် ပိုပြီး ရင်းနှီးမှု ရအောင် ပြုဖို့ လွယ်ကူသည်။ ဆိုင်မှာ ပစ္စည်းတစ်ခုခု သွားဝယ်ရင်း စကားပြောလို့ ရသည်။

သို့ရာတွင် ခင်ခင်ကြည် ရောင်းတာက ဖိနပ်တွေ ဖြစ်နေသည်။ ဖိနပ်ဆိုတာမျိုးက မကြာခဏ ဝယ်လို့ ဖြစ်သည် မဟုတ်ချေ။ တစ်ခါဝယ်ပြီးလျှင် လေးငါးခြောက်လလောက် ထပ်ဝယ်စရာ မလိုတော့။ ဆေးလိပ်တို့ ကုန်မျိုးစုံတို့ကို ခဏခဏ သွားဝယ်လို့ ရသော အရာမျိုး မဟုတ်။

ဖိနပ်တွေ တစ်ရံပြီးတစ်ရံ မကြာမကြာ သွားဝယ်နေလျှင် စီးတာ မဟုတ်ဘဲ ချက်စားနေသလားဟု ထင်စရာ။ ယုတ္တိလည်း မရှိ။ ခင်ခင်ကြည် ရောင်းတာ ဖိနပ်မို့လို့သာ တော်တော့သည်။ နာရီဆိုင်သာဆိုပြဿနာ။ နာရီတစ်လုံးပြီးတစ်လုံး သွားဝယ်ရတာနှင့် မွဲလိမ့်မည်။

စဉ်းစားကြည့်ပြန်တော့လည်း ယုတ္တိရှိစရာ လိုလို့လား။ မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားလျှင် အကြောင်းမရှိ အကြောင်းရှာပြီး ချဉ်းကပ်ရစမြဲ မဟုတ်လား။

ထိုကိစ္စသည် ရာဇဝတ်မှု မဟုတ်။ ကိုယ့်ကို မသင်္ကာ ဖြစ်မှာကြောက်နေဖို့ မလိုချေ။ မသင်္ကာ ဖြစ်လည်း ပိုတောင် ကောင်းပေသေးသည်။ ကိုယ်က စိတ်ဝင်စားတာ မှန်မှန်သိသွားနိုင်တာပေါ့ဟု တွေးသည်။

ထို့ကြောင့် သူ အကြောင်းရှာသည်။ အမေ့အတွက် ဝယ်ခဲ့သော ဖိနပ်က အမေနှင့် မတော်လို့ဟု အကြောင်းပြပြီး သွားသည်။ နောက်တစ်ပတ်လောက် အကြာတွင် သူ့အတွက်ဆိုပြီး ဖိနပ်တစ်ရံ သွားဝယ်သည်။ သူငယ်ချင်းတွေကိုလည်း ဖိနပ်ဝယ်ချင်လျှင် ဆိုင်ကောင်းကောင်းရှိတယ်၊ ငါဝယ်ပေးမည်ဟု ကြေညာထားသည်။



အမေ့ကို သူဝယ်လာသည့် ဖိနပ်ပေးသောအခါ အမေက. . .

"ဘယ်ဆိုင်က ဝယ်တာလဲ"

မေးသေးသည်။ သူက. . .

"မောင်ပါ ဖိနပ်ဆိုင်က"

ဟု ပြောလိုက်သည်။

"ခင်ခင်ကြည်တို့ဆိုင် ရှိသားပဲ၊ အဲဒီမှာ ဝယ်တာ မဟုတ်ဘူး"

ဟု ပြုံး၍ပြောသည်။ မင်းမျိုးက ဘာမျှပြန်မပြောဘဲ ရယ်နေလိုက်သည်။

"သားက တော်တော် ခေါင်းမာတာပဲ"

မင်းမျိုးသည် သူ့အမေ ဘာမျှ မသိသေးသည်ကို စိတ်ထဲတကျိတ်၍ သဘောကျနေသည်။

လေးငါးခါလောက် ဖိနပ်သွားဝယ်ပြီးသောအခါ ခင်ခင်ကြည်နှင့် မျက်မှန်းတန်းမိပြီး ရင်းနှီးစ ပြုလာသည်။ အရောင်းအဝယ်နှင့် မဆိုင်သည့် အခြား အာလာပသလ္လာပ စကားမျိုးတွေ မပြောဖြစ်ကြသေးသည့်တိုင် သာမန် ရောင်းဝယ်သူ ဆက်ဆံမျိုးထက်တော့ ပိုလာခဲ့ပြီ ဖြစ်သည်။

မင်းမျိုး မကြာခဏ ရောက်လာပြီး ဖိနပ်ဝယ်လေ့ ရှိသည်ကို ဘေးက ဆိုင်တွေကတောင် သိနေပြီ၊ မင်းမျိုး လာလျှင်. . .

"ဖိနပ်ကိုယ်စားလှယ်ကြီး လာပြီ"

ဟု မကြားတကြား ပြောလေ့ ရှိသည်။ မင်းမျိုးကလည်း ယုတ္တိရှိအောင်. . .

"ကျွန်တော်တို့အိမ်က မိသားစု သိပ်များတာ၊ မြို့ထဲ ထွက်ဖြစ်တဲ့လူကလဲ ကျွန်တော်ပဲ ရှိတော့ ဝယ်စရာ ခြမ်းစရာရှိ ကျွန်တော်ချည်းဝယ်ရတာပဲ"

ဟု သူ မကြာခဏ လာရသည့် အကြောင်းရင်းကို ဆင်ခြေပေးထားသည်။ သူ ဘယ်သူဘယ်ဝါ ဟူ၍တော့ အသိမပေးသေး။

www.burmeseclassic.com



ခင်ခင်ကြည်သည် သူ့ကို ငယ်ငယ်က မြင်ဖူးခဲ့သော်လည်း မှတ်မိလိမ့်မည် မဟုတ်။ ခုနောက်ပိုင်း လူကြီးချင်း ပြန်ဆုံကြသော်လည်း မိမိတို့ချင်းတော့ တစ်ခါမျှ မဆုံဖြစ်ခဲ့ချေ။

အဒေါ့်စိတ်ကူးက ခင်ခင်ကြည်ကို ဖွင့်ပြောပြီး အံ့ဩဝမ်းသာစေမည်။ လောလောဆယ်မှာတော့ သူ့နာမည်ကို မောင်မျိုးဟူ၍ပင် သိထားစေမည်။

◊ ◊ ◊

"ဩော်... ဘာများ အလိုရှိလို့ပါလဲ"

ဆိုင်ရှေ့ လာရပ်သော မင်းမျိုးကို ခင်ခင်ကြည်က ဧည့်ကြို စကားပြောသည်။ မင်းမျိုးသည် မနက်တုန်းက တစ်ခေါက် လာခဲ့သေးသည်။ ဆိုင်မှာ ဒေါ်မြရင်ပါ ရှိနေသဖြင့် အသာပြန်လှည့်ထွက်သွားခဲ့သည်။ ခုနေ့လယ်ပိုင်းကျမှ တစ်ခေါက် ပြန်လာခြင်း ဖြစ်သည်။

"အိမ်နေရင်း စီးဖို့ ဖိနပ်တစ်ရံလောက် လိုချင်လို့ပါ"

မင်းမျိုးသည် ခင်ခင်ကြည်ရှေ့ ရောက်လျှင် ရင်ခုန်မြဲ၊ စိတ်လှုပ်ရှားမြဲ ဖြစ်သော်လည်း အလျင်ကလောက်တော့ ရှိုးတိုးရှန့်တန့် မဖြစ်တော့ချေ။

"အိမ်နေရင်းအတွက်ဆိုရင် ရော်ဘာဖိနပ်ပဲ ယူပေါ့၊ နာရီတံဆိပ် ကောင်းတယ်"

"ဒီမှာ လုပ်တာ မဟုတ်လား"

"ဟုတ်ကဲ့ ပြည်တွင်းဖြစ်ပါ၊ ဒါပေမယ့် ခိုင်လဲ ခိုင်တယ်၊ ဈေးလဲ သက်သာတယ်၊ ဟိုကလာတာတွေက ဈေးသိပ်တက်နေတယ်၊ လမ်းတွေ



ပိတ်နေလို့ ပစ္စည်းအဝင်နည်းကယ်လေ"

"အင်း... ဖိနပ်တွေကလဲ ဈေးတွေ သိပ်တက်တယ်နော်"

"ဟုတ်တယ်၊ ကတ္တီပါဖိနပ်တွေလဲ အခုဆို လေးရာကျော်မှပဲ ကောင်းကောင်း ရတော့တယ်"

"ဖိနပ် ရောင်းတဲ့လူတွေ သိပ်မြတ်မှာပဲ၊ ကျွန်တော်တောင် ရောင်းချင်လာပြီ"

မင်းမျိုးက နောက်လိုက်သည်။ သူ့ရည်ရွယ်ချက်ကတော့ ရင်းနှီးမှု အရှိန်အဟုန်ကို တစ်ဆင့် မြင့်ရုံလောက်သာ ဖြစ်သည်။ စကားက အကွက်ဝင်ပြီး မမျှော်လင့်ဘဲ အဓိပ္ပါယ် ပို၍ စွန်းထွက်သွားသည်။ ကျွန်တော်တောင် ဖိနပ်ရောင်းချင်တယ် ဆိုသဖြင့် ဖိနပ်သည် ဖြစ်ချင်သည်၊ ခင်ခင်ကြည်နှင့်အတူ ဖိနပ်ရောင်းချင်သည်ဟု ဆိုလိုရာကျသည်။ မင်းမျိုးသည် သူ့ကိုယ်သူ ကျိတ်၍ ချီးကျူးမိ၏။

ခင်ခင်ကြည်ကတော့ မတွေးမိယောင်ပြု၍ ခပ်ပြုံးပြုံးပင်...

"ကျွန်မကလည်း တစ်ဆင့်ယူရောင်းရတာပါ၊ ကိုယ်စားလှယ်ဆီက ယူကတည်းက ဈေးကြီးပေးယူရတာ၊ ကိုယ့်အတွက် သိပ်မကျန်လှပါဘူး"

"ဖိနပ်တစ်ရံ ရောင်းရင် တစ်လ စားသောက်လောက်ရုံပဲပေါ့"

ခင်ခင်ကြည် ရယ်သည်။ သူ သဘောကျ နှစ်ခြိုက်စွာ ရယ်ခြင်းကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင် ဖြစ်သည်။

မင်းမျိုးသည် မဆီမဆိုင် ကျောက်မျက်ရတနာပြပွဲကို သွားသတိရလိုက်သည်။ ခင်ခင်ကြည်သည် ပုလဲပုတီးတစ်ကုံးကို ဘာကြောင့်များ ပါးစပ်ထဲ ထည့်ထားရပါလိမ့်ဟု တွေးမိသည်။ အမှန်တော့ ပုလဲပုတီး မဟုတ်၊ ညီညာဖြူဖွေးလှပသော သွားကလေးများ။

သည်နေ့ စကားပြောရတာ အဆင်ပြေသည်။ ရောင်းသူ ဝယ်သူမျှ မကတော့။ ခင်မင်ရင်းနှီးမှု တစ်ဆင့်တိုးလာခဲ့ပြီဟု မင်းမျိုး ယူဆသည်။ ခင်ခင်ကြည်ကလည်း သူ့ကို ခင်မင်ရင်းနှီးသည့် အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူသည် ဖိနပ်ဝယ်ပြီးနောက် ပျော်ရွှင်ကြည်နူးစွာ ထွက်သွား
သူထွက်သွားပြီးနောက် တစ်ဖက်ဆိုင်မှ အေးအေးသန်းက. . .

"ဖိနပ်ကိုယ်စားလှယ်ကြီးက မဆိုးဘူးနော်၊ ယောကျ်ားပီပီသ
ခန့်ချော ချောတယ်၊ ကြည်နဲ့သာဆို သိပ်လိုက်မှာပဲ"

ဟု စသည်။

"တကယ်က သူစိတ်ဝင်စားနေတာ အေးအေးသန်းကို ဖြစ်
အဲဒီဘက် မလာရဲလို့ ဒီဆိုင်ကို လာတာ သိရဲ့လား"

"မဖြစ်နိုင်တာ၊ သူလာရင် ဒီဘက်ကို တစ်ချက်တောင် လှ
ကြည့်တာ မဟုတ်ဘူး၊ ဒီဘက်တင် မကပါဘူးလေ၊ တခြား ဘယ်သူ
ရှိတယ် ထင်တာမှ မဟုတ်ဘဲ"

ခင်ခင်ကြည် ပြုံးနေသည်။

"သူက ဘယ်သူလဲ"

ဟု အေးအေးသန်းက မေးသည်။

"မသိဘူး"

ခင်ခင်ကြည်က ဖြေသည်။

"လူပုံကတော့ သားသားနားနားပဲ၊ ကလေကချေထဲကတော
မဟုတ်နိုင်ဘူး၊ ရည်ရည်မွန်မွန်လဲ ရှိတယ်၊ မိကောင်းဖခင် သားသမီး
တူတယ်"

အေးအေးသန်းက မှတ်ချက်ပေး၏။ ခင်ခင်ကြည်က. . .

"ဘယ်အတပ်ပြောနိုင်ပါ့မလဲ"

ဟု ပြန်ပြောသည်။

တကယ်တော့ သူ ဘယ်သူဆိုတာ ခင်ခင်ကြည် သိပြီးသာ
ပထမတစ်ကြိမ် လာတုန်းက သတိမပြုမိ။ ဝယ်သူတစ်ယောက်အနေဖြင့်
သာ သာမန်လောက် ကြည့်မိသည်။ နောက်တစ်ခါ လာတော့ မြင်ဖူးပ
တယ်ဟု ထင်လိုက်သည်။ နောက်ထပ် တစ်ကြိမ် လာသောအခါ ဒ





မြင့်၏သား မင်းမျိုးဆိုတာပဲဟု သိလိုက်၏။ မင်းမျိုးတို့အိမ် သွား
ည်တုန်းက နံရံပေါ်မှာ ချိတ်ထားသော မင်းမျိုး၏ဓာတ်ပုံကို တွေ့ဖူး
ားသောကြောင့် ပြန်မှတ်မိလာခြင်း ဖြစ်သည်။

ထိုသူသည် ဖိနပ်ဝယ်ဖို့ အကြောင်းပြပြီး သူ့ထံသို့ မကြာခဏ
တတ်သည်။ မိမိ၏ ဆိုင်သက်တမ်းအတွင်း သည်လောက် ဖိနပ်
များ ဝယ်သော ဖောက်သည်မျိုး မတွေ့ဖူးသေးချေ။

အကြောင်းရင်းက ရှင်းနေသည်။ သို့ရာတွင် မရှင်းတာ တစ်ခုရှိ
သည်။ လူကြီးတွေက မိမိနှင့် မင်းမျိုးကို နေရာချထားပေးချင်နေကြ
ည်။ အမေတို့အဖေတို့ ထိုအကြောင်း ပြောနေသည်ကို အိမ်က ထမင်း
က် ဒေါ်ပိန် ကြားသွားသဖြင့် တစ်ဆင့် ပြန်ပြောပြ၍ သိကြခြင်း
ဖြစ်သည်။

သို့ရာတွင် သူတို့အိမ် သွားလည်တုန်းက မင်းမျိုးက ထွက်တောင်
တွေ့။ မျက်နှာတောင် မပြဘဲ ရှောင်ထွက်သွားသည်။ ထိုအတွက်
ကြောင့် လူကြီးတွေမှာ မျက်နှာအထားရခက်သွားကြရသေးသည်။

ခုကျမှ ဘယ့်နှယ်ကြောင့် မကြာခဏ ဆိုင်ကို လာနေရသလဲ။
သူ့မိဘတွေကပဲ အတင်းအကျပ် တိုက်တွန်းလို့လား။ သူကိုယ်တိုင်ကပဲ
စိတ်ဝင်စားနေလို့လား။

ခင်ခင်ကြည်သည် မင်းမျိုးနှင့် စကားပြောရသည့်အခါတိုင်း
စိတ်ထဲမှာ လှုပ်ရှားသလို ခံစားရသည်။ ဒါကတော့ လူကြီးတွေ သဘော
တူထားသူ တစ်ယောက်ဟု သိနေသဖြင့် ရှက်စိတ် ဖြစ်ပေါ်လာခြင်းသာ
ဖြစ်ရမည်ဟု သူထင်သည်။ သေသေချာချာတော့ မသိ။

. . . . . .



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ မင်းမျိုးက စာတစ်စောင် ပေးသောအ
တွင် ခင်ခင်ကြည် အံ့ဩခြင်း မဖြစ်တော့ချေ။

တစ်ရက်တော့ ခင်ခင်ကြည်တို့ဆိုင်သို့ မင်းမျိုး ရောက်လာ
သည်။ သူ့တူလေးအတွက် ဖိနပ်ဝယ်ချင်လို့ဟု ဆိုသည်။ ခါတိုင်းနေ့မျာ
လို မဟုတ်။ ဒီတစ်ခါ ဖိနပ်ဝယ်ရာတွင် အလျင်လို ခင်ခင်ကြည် ရွေးပေး
သည့် ဖိနပ်ကိုပင် ကောင်းတယ်ဆိုပြီး ယူသွားတာမျိုး မဟုတ်။

ဖိနပ်တစ်မျိုး ပြလျှင် ဈေးမေးသည်။ ပြီးတော့ တခြားဟာ
ရှိသေးလားဟု ပြောသည်။ နောက်တစ်မျိုး ပြလျှင် ဈေးမေးပြီး အဲလိုပ်မျ
ထပ်ပြခိုင်းပြန်သည်။

အမှန်မှာ မင်းမျိုး၌ အကြံအစည် ရှိနေသောကြောင့် ဖြစ်သည်။
သူသည် ငါးရာကျပ်တန်တစ်ရွက်ကြားတွင် စာတစ်စောင်ကို ညှပ်ထည့်
ထားသည်။ ဖိနပ်ဖိုး ပေးရင်း စာကိုပါ တစ်ခါတည်း ပေးလိုက်မည်ဟု
စိတ်ကူးထား၏။

တစ်ခုရှိတာက ငွေစက္ကူကြားမှာ ညှပ်ထားသောစာကို ခင်ခင်

ကြည် မမြင်ခင် ဆိုင်က ပြန်ထွက်ချင်သည်။ ငွေပြန်အမ်းတာကို စောင့်လို့
မဖြစ်၊ သည်တော့ ဖိနပ်က ငါးရာတန်အတိ ဖြစ်ဖို့လိုသည်။ သို့တည်း
မဟုတ် ငါးရာထက် ပိုဖို့ လိုသည်။ ငါးရာတန် အတိအကျ ဖြစ်လျှင်
ကောင်းသည်။ ဒါမှ စာညှပ်ထားသော ငါးရာတန်ကို တစ်ခါတည်း
ပေးလိုက်လို့ ရသည်၊ ထို့ကြောင့် ဖိနပ်တစ်မျိုးပြီးတစ်မျိုး ရွေးနေခြင်း
ဖြစ်သည်။

"ဒီဟာလေးကော"

ခင်ခင်ကြည်က ဖိနပ်ကလေး တစ်ရံကို ပြသည်။ ကောင်းတာ
ကောင်းတာ၊ သူ့တူ ကြိုက်တာ မကြိုက်တာထက် ဈေးနှုန်းက အရေး
ကြီးနေသဖြင့် သေသေချာချာ မကြည့်တော့ဘဲ. . .

"ဘယ်လောက်လဲ"

ဟူ၍သာ မေးလိုက်သည်။

"ငါးရာရောင်းတယ်၊ လေးရာ့သုံးဆယ်နဲ့ပဲ ယူပါ"

အရေးထဲ ခင်ခင်ကြည်က ဈေးလျှော့ပေးနေသေးသည်။ မင်းမျိုး
အကြံတစ်ခု ရသည်။

"အဲဒါပဲ ယူမယ်"

ဟု ပြောလိုက်သည်။ ခင်ခင်ကြည်က ဖိနပ်ကို စက္ကူအိတ်ဖြင့်
ထည့်ပေးသည်။ မင်းမျိုးသည် ရှပ်အကျီအိတ်ထဲက ငါးရာတန်ကို သတိ
ထား၍ ဆွဲထုတ်သည်။ အမှန်တကယ် ကြာရမည့်အချိန်ထက် ပိုကြာ
သည်။ ရှာဖွေရေး အဖွဲ့ဝင်တွေရှေ့မှာ တားမြစ်ပစ္စည်းတစ်ခုကို လက်ဆွဲ
အိတ်ထဲက ဆွဲထုတ်ပြနေရသလို ရင်တွေ တထိတ်ထိတ် ခုန်နေသည်။

စာညှပ်ထားသော ငါးရာတန်ကို ဖိနပ်ဘူးတစ်ခုပေါ် တင်ပေး
သည်။

"ပြန်မအမ်းပါနဲ့တော့၊ ကျွန်တော့်ကို လျှော့ပေးပေါင်း များပြီ"

ဟု ပြောပြီး အမြန်လှည့်ထွက်လာခဲ့သည်။

ခင်ခင်ကြည်က ငါးရာတန်ကို လှမ်းယူရင်း နေပါဦးဟု ပြောမည်







www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးမှ မပြောဖြစ်၊ ငါးရာတန်ခေါက်က ခပ်ထူထူဖြစ်နေသောကြောင့်ပင် နှစ်ရွက်ထပ်ပြီး ပေးမိသလားဟု ကြည့်သည်။ မဟုတ်၊ ကြားမှာ စာအိတ်တစ်အိတ် ညှပ်ထားခြင်းသာ ဖြစ်သည်။

တစ်နေ့တွင် သည်လို ဖြစ်လာလိမ့်မည်ဟု တွက်ထားပြီးသား ဖြစ်၍ သိပ်မအံ့သြချေ။ သည်စာနှင့် ပတ်သက်၍ ဘယ်လို လုပ်မလဲ ဆိုတာတော့ စဉ်းစားဖို့ ရှိသည်။

မင်းမျိုးသည် အလျင်တုန်းက မိမိကို ရှိတယ်လို့တောင် မထင်ခဲ့ သူတို့အိမ် သွားလည်တာတောင် ထွက်နှုတ်ဆက်ဖော်မရ၊ ကိုယ့်ဘက်က တောင် နည်းနည်း လျှော့သွားသေးသည်။ မိန်းကလေး တစ်ယောက် အနေဖြင့် ယောက်ျားလေးတစ်ယောက် အိမ်ကို သွားပြီး ကိုယ့်ကိုယ်ကို ပြရသည့်သဘော ဖြစ်သွားသည် မဟုတ်လား၊ ဒါကို ကိုယ်တော်မြတ်က လျစ်လျူရှုပြီး လစ်ထွက်သွားခဲ့သေးသည်။

ခင်ခင်ကြည်သည် ရိုးသားအေးဆေးသူ ဖြစ်သလို မိန်းကလေး တစ်ယောက်လည်း ဖြစ်နေသေးသည်။ ဘယ်လောက် ရိုးသည့်အေးသည့် မိန်းကလေးဖြစ်ဖြစ် ကိုယ်က ယောက်ျားလေးတွေကိုသာ စိတ်မဝင်စားဘဲ နေချင်နေမည်။ ယောက်ျားလေးတို့၏ စိတ်ဝင်စားမှုကိုတော့ အနည်းနှင့် အများ အလိုရှိတတ်ကြသည်သာ ဖြစ်သည်။ ခင်ခင်ကြည်သည် အလျင်က မင်းမျိုး၏ လျစ်လျူရှုခြင်းကို ခံခဲ့ရဖူးသည်။ ခုမှ မင်းမျိုးက ပြန်လည်စိုက်လာသောအခါ မိန်းကလေးတို့ မာနအရ ကလဲ့စားချေလိုသောစိတ် ပေါ်လာသည်။ မင်းမျိုးကို နည်းနည်းတော့ ပညာပေးရဦးမည်ဟု တွေးသည်။

ခုလို မင်းမျိုးနှင့် ပတ်သက်၍ ဂရုတစိုက် တွေးနေမိခြင်းကပင် သူသည်လည်း မင်းမျိုးအပေါ် စိတ်ဝင်စား ရှိနေသည် ဟူ၍တော့ သူ့ဘာသာသူ မတွေးမိသေး။

◊ ◊ ◊



နှစ်ပတ်လောက် ကြာအောင် မင်းမျိုး ပျောက်နေသည်။ စာပေးပြီးတော့မှ သူ့ဘာသာသူ ရှက်ပြီး မလာရဲတာ ဖြစ်လိမ့်မည်။ ဒါကို ထောက်ရှုခြင်းအားဖြင့် မင်းမျိုးသည် သည်ဘက်မှာ အတွေ့အကြုံ မရှိခဲ့ဖူးသည်ဟု ဆိုနိုင်သည်။ သူ့ကို သဘောကျနေသူတွေက နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြဖူးသည်။

များသောအားဖြင့်တော့ မင်းမျိုးလိုပင် ဆိုင်မှာ ဖိနပ်လာဝယ်ရင်း ရင်းနှီးမှု ရအောင် ပြုလုပ်ကြသည်။ သို့ရာတွင် မင်းမျိုးလောက်တော့ ဖိနပ်အများအပြား မဝယ်ဖြစ်ကြ၊ ဖိနပ်အများဆုံး ဝယ်သူကိုသာ ပြန်ချစ်ရမည်ဆိုလျှင် မင်းမျိုးမှတပါး အခြားမရှိချေ။

တစ်ချို့လူတွေက တစ်ခေါက်နှစ်ခေါက်လောက် လာပြီး ဝင်ရောတတ်၊ မိတ်ဖွဲ့တတ်သည်။ ပြီးတော့ အလွန်ရင်းနှီးသော မိတ်ဆွေတန်ပန်ဖြင့် အအေးသွားသောက်ရအောင် အသုပ်စားပါလား စသည်ဖြင့် ခေါ်တတ်သည်။

ကိုယ်က ဈေးသည်မို့ အဆင်ပြေအောင် အထိုက်အလျောက် ဆက်ဆံနေသည်ကို တလွဲထင်ပြီး အခွင့်ကောင်း ယူကြခြင်း ဖြစ်သည်။

ထိုအခါမျိုးတွင် ခင်ခင်ကြည်က ယဉ်ကျေးစွာ ငြင်းပယ်ရသည်၊ တချို့ မသိတတ်သူတွေကျတော့လည်း အပြတ်ပြောတန် ပြောပစ်ရသည်။

တချို့လူတွေကျတော့ ဈေးသိမ်းပြီး အပြန်တွင် စကားလိုက်ပြောသည်။ သူတို့အဖို့ သိပ်တော့ အခွင့်အရေးမရ၊ များသောအားဖြင့် သားအမိနှစ်ယောက် အတူပြန်တတ်ကြပြီး မကြာခဏဆိုသလို အဖေက ကားနှင့် လာကြိုတတ်သောကြောင့် ဖြစ်သည်။

ဈေးထဲကပဲ ခင်ခင်ကြည်ကို စိတ်ဝင်စားနေသူတွေ ရှိသေးသည်၊ ဈေးသူဈေးသားချင်းဆိုပြီး လာမိတ်ဖွဲ့ကြသည်။ တချို့က ဘာအကူအညီ ပေးရမလဲ ဆိုတာနှင့် စသည်။ တချို့ကလည်း သမာဓိပိုး ပိုးသည်၊ တချို့ကျတော့ အကြောင်းမရှိ အကြောင်းရှာပြီး လာစကားပြောရင်းအနီးတီတိ လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲမှာ လူလည်တွေ ရှိသလို ရိုးရိုးသားသား လုပ်ကိုင်စားသော သူတွေလည်း ရှိသည်။ ကြွေးသိက္ခာ ရှိသူတွေ အများအပြား ရှိသည်။ ခင်ခင်ကြည်ကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စား။

မင်းမျိုးသည် ဘယ်သူနှင့်မှ မတူတာတော့ အမှန်ပင်၊ သူ ဆိုင်ကပ်ပုံက ကြွေ့ရသည်။ ရင်းနှီးကျွမ်းဝင်မှုကို တဖြည်းဖြည်းချင်း ရအောင် ယူသည်။ ပြီးမှ. . .

ငွေစက္ကူကြားမှာ စာညှပ်ပေးတာကတော့ နည်းနည်း ကလေး ကလား ဆန်သလိုပဲ။ သေသေချာချာ စဉ်းစားကြည့်တော့လည်း သူ့မှာ ဒီတစ်နည်းပဲ ကြိုးစားစရာ ရှိသည်။ ဆိုင်မှာ လာပြီး စကားပြောလို့လည်း မကောင်း၊ ဆိုင်သိမ်းပြီး အပြန် လိုက်စကားပြောတာမျိုးကလည်း ကြွေ ပျက်လှသည်။ ခုလို ငွေစက္ကူထဲ စာညှပ်ပေးတာက အသိမ်မွေ့ဆုံး အယဉ်ကျေးဆုံးနည်းဟုပင် လက်ခံရမည်။

တစ်ခုရှိတာက မင်းမျိုးသည် လူကြီးချင်း ခင်မင်နေကြသည်ကို သိပါလျက် ဘာကြောင့် သူ့ကိုယ်သူ လူစိမ်းတစ်ယောက်လို နေရသလဲ ဆိုတာ ဖြစ်သည်။ မိဘ၏ အရှိန်အဝါကို မသုံးဘဲ သူ့အစွမ်းအစနှင့်သူ ရိုးရိုးသားသား ကြိုးစားလိုခြင်း ဆိုလျှင်တော့ လေးစားရပေမည်။

သို့တည်းမဟုတ် သက်သက် လှည့်စားနေတာမျိုး ဆိုလျှင်တော့ အတော် စိတ်ကသိကအောက် ဖြစ်စရာကိစ္စ။

တစ်ရက်မှာတော့ မင်းမျိုးဆိုင်ကို ရောက်လာသည်။ သူသည် အတော် အားမွေးပြီးမှ လာခဲ့ရကြောင်း သိသာ၏။ မင်းမျိုးသည် ခင်ခင် ကြည်တို့ ဆိုင်တန်းထဲ ချိုးဝင်လာသည်ကို ခင်ခင်ကြည် လှမ်းမြင်လိုက် သည်။ လျှောက်လာပြီးမှ ဒီဘက်ထိ မလာရဲသဖြင့် ထောင့်ဖြတ်လမ်းနှိုး ထဲ ကွေ့ဝင်သွားသည်။ အတန်ကြာမှ အားသစ်လောင်းပြီး ဟိုဘက် တစ်ကွေ့က ပြန်ပေါ်လာပြန်သည်။

လမ်းဆုံတွင် ခဏတွေပြီး ရပ်နေသည်။ ပြီးမှ အားတင်းလိုက် ဟန် ပြုပြီး လျှောက်လာသည်။ သူ့ခြေလှမ်းတွေ နှေးနေ၏။





ခင်ခင်ကြည်တို့ ဆိုင်ရှေ့ ရောက်လာသည်။ မင်းမျိုးသည် ခင် ခင်ကြည်ကို မကြည့်ရဲ၊ ဆိုင်ရှေ့မရပ်ဘဲ ဆက်လျှောက်မလို လုပ်ပြီးမှ ကျောင်းသွားမည်မှန်း သိ၍ ရပ်လိုက်သည်။

"ဘာအလိုရှိလို့ပါလဲ"

ခင်ခင်ကြည်က မေးနေကျအတိုင်း မေးသည်။ သူ့အသံသည် ပုံမှန်ထက် တိုးနေသည်။ မင်းမျိုးက သူ့ကို တစ်ချက်ကြည့်သည်။ ခေါင်း ငြိမ်ငုံ့သွားပြီး. . .

"ဟို. . . ဟို"

ဟု ဘာပြောရမှန်းမသိဘဲ ဖြစ်နေသည်။

"ဪ. . . ဟိုနေ့က မေ့ကျန်ခဲ့တာ လာယူတာလား"

"ခင်ဗျာ"

"ဟိုတစ်ခေါက် လာတုန်းကလေ၊ ငါးရာတန်ကြားထဲမှာ ညှပ်ပြီး ပါလာတာ၊ ကျွန်မလဲ နောက်မှ တွေ့လို့ သိမ်းထားတယ်"

ဟု ပြောပြီး သူ့ပိုက်ဆံအိတ်ထဲက စာကို ထုတ်ယူလိုက်သည်၊ ထိုစာအိတ်သည် ဟိုတစ်နေ့က ပိုက်ဆံပေးရင်း မတော်တဆ ညှပ်ပြီး ပါလာသည့် သဘောမျိုး ပြောလိုက်ခြင်း ဖြစ်သည်။

သူ့ကို ပေးခြင်းမဟုတ်ဟု ဆိုလိုခြင်း ဖြစ်သည်။

မင်းမျိုးသည် ကြောင်အအ ဖြစ်နေသည်။ သူ ချွေးတွေ ပြန်လာ ၏။ ပြောမိပြောရာ ပြောချလိုက်သည်။

"မဟုတ်ဘူး. . . ဒါ. . . ဒါ. . . ဟိုဒင်း. . . တကယ်ပေးတာ၊ မယူဘူး၊ မယူဘူး"

ဆိုပြီး ချာကနဲ လှည့်ထွက်သွားသည်။

ခင်ခင်ကြည် ပြုံးလိုက်၏။ တကယ်တော့ ဒီစာကို သူဖတ်ပြီး သား ဖြစ်သည်။ ပြီးတော့မှ စာကို အမျိုးအစားချင်း တူသော စာအိတ် အသစ်တစ်ခုထဲ ပြန်ထည့်ပြီး ပိတ်ထားခြင်း ဖြစ်သည်။

စာထဲမှာ သိပ်ထွေထွေထူးထူး ရေးမထားချေ။ ခင်ခင်ကြည်တို့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှိကြောင်း၊ သူ့မေတ္တာကို တုံ့ပြန်ဖို့အကြောင်း ချွဲချွဲပြစ်ပြစ် မဟုတ်ဘဲ တည်ငြိမ်ရိုးစင်းသော စကားလုံးများဖြင့် ရေးထားသည်။

တစ်ခုပဲ ထူးခြားသည်။ စာ၏အောက်ခြေမှာ မင်းမျိုးဟု ရေး မထားဘဲ မောင်မျိုးဟူ၍ ရေးထားသည်။

သူ့ကိုယ်သူ လျှို့ဝှက်ထားသည့် အချက်က တစ်ချက်၊ အစတုန်းက ဂရုမစိုက်သလို နေခဲ့ပြီး ခုကျမှ ပြန်ချဉ်းကပ်နေခြင်းက တစ်ချက်တို့ကြောင့် မင်းမျိုးကို နည်းနည်း ပညာပေးလိုက်ခြင်း ဖြစ်သည်။

ပညာပေးသည်ဟုသာဆိုရသည်။ ပညာအပေးခံရသူသာမဟုတ်၊ ပညာပေးသူ ကိုယ်တိုင်ပါ ရိုက်ခတ်မှုဒဏ် ခံရသည်။

ဆုံးဖြတ်ပြီးသားမို့သာ ခုလိုလုပ်လိုက်ရသည်၊ သူကိုယ်တိုင်လည်း မင်းမျိုးရှေ့မှာ စိတ်တွေ လှုပ်ရှားနေ၏။ မင်းမျိုး ထွက်သွားတော့ လူတစ်ယောက်အပေါ် အနိုင်ရလိုက်သလို ပျော်ရွှင်ခြင်း မဖြစ်ချေ။ ရင်ထဲက ဟာသလိုလို မောသလိုလို ရင်တွေလည်း ခုန်ကျန်ခဲ့သည်။

အလို. . . သူ့လက်ဖျားမှာ ချွေးတွေ စို့လို့ပါလား။

◊ ◊ ◊

မင်းမျိုးသည် နေမထိ ထိုင်မသာ ဖြစ်နေသည်။

အလိုလိုက သတ္တိနည်းရတဲ့ကြားထဲ စာကို နှစ်ခါပြန်ပေးရသည့်အဖြစ် ရောက်သွားရ၏။ ခင်ခင်ကြည်ကိုလည်း သည်လောက်တောင် ရိုးအရသလားဟု အားမလို အားမရ ဖြစ်ရသည်။ တစ်ဖက်ကလည်း ကျေနပ်သည့်စိတ် ပေါ်ပေါက်လာသည်။ ကိုယ့်ကို စာပေးတာတောင်





သေးမှန်း မသိသည့် မိန်းကလေး တစ်ယောက်မှန်း သိရသောကြောင့်ပင်၊

သည်လို မိန်းကလေး တစ်ယောက်သည် အချစ်ရေး အချစ်ရာမှာ လုံးဝ အတွေ့အကြုံ မရှိကြောင်း သေချာသွားပြီ မဟုတ်လား၊

တစ်ဖန် သည်လောက် ရိုးစင်းသည့် မိန်းကလေးဆိုလျှင် သူ့အချစ်ကို လက်ခံ တုံ့ပြန်ဖို့ အတော်ကြာအောင် စောင့်ရမည့်ပုံ ပေါ်သည်။ ဟိုးရှေးရှေးတုန်းကလို သုံးနှစ်သုံးမိုး စောင့်ကြည့် အကဲခတ်နေလျှင် အခက်ပဲ။

ခင်ခင်ကြည်ထက် စာလျှင် ကိုယ်က ပိုပြီး လည်လည်ဝယ်ဝယ်ရှိတယ်ဟု မင်းမျိုး တွေးပြီး အားတက်သွားသည်။ ခုကိစ္စမှာ သူကပါ သတ္တိနည်းနေလို့ မဖြစ်၊ အဲဒီလိုသာလျှင် ဇာတ်လမ်းက ဘယ်လိုမှ ပြတ်မည် မဟုတ်ချေ။

သည်တော့ သူ သတ္တိရှိဖို့ လိုသည်။ ခင်ခင်ကြည်လို ရိုးအသော မိန်းကလေး တစ်ယောက်အပေါ်မှာတော့ သူ နားပူနားဆာ လုပ်ရဲလိမ့်မည် ထင်သည်။

သို့ဖြင့် ဈေးဘက်သို့ တစ်ခေါက် ထပ်ရောက်ရပြန်သည်၊ ဆိုင်တန်း အဝင်ထိပ်မှ အသာ ကဲကြည့်လိုက်သည်။ ဆိုင်မှာ ခင်ခင်ကြည်ကို မတွေ့ရ။ ဆိုင်မှာ ဒေါ်မြရင်သာ ထိုင်နေသည်။ ခင်ခင်ကြည်က ဈေးကို မလာတာလား၊ ဟိုနားသည်နား သွားနေတာလား။

ခဏတော့ စောင့်ကြည့်မည်ဟု စိတ်ကူးသည်။ ကံကြီးနှင့် သိန်းထွန်းတို့ကို ခေါ်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ရင်း အချိန်ဖြုန်းမည်ဆိုပြီး သူတို့ ဆိုင်တွေဘက် လာခဲ့၏။ ထုံးစံအတိုင်းပင် နှစ်ယောက်စလုံး မရှိ။ ပစ္စည်းသွားယူမယ်ဆိုပြီး မနက်ကတည်းက ထွက်သွားကြသည်ဟု ဆိုသည်။

တစ်ယောက်တည်းပဲ သွားထိုင်ရတော့မည်။ စားသောက်ဆိုင်တန်းတွေဘက် လျှောက်လာသည်။ ကက်ဆက်ဆိုင်တွေကို ကျော်ပြီးနောက် စားသောက်ဆိုင်သစ်တွေဘက် ရောက်လာသည်။ သူ့ရင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ခုန်သွား၏။ အအေးဆိုင်မှာ ထိုင်နေသော ခင်ခင်ကြည်ကို တွေ့လိုက်ရ သောကြောင့်ပင်။

ဦးနှောက် အလုပ်များသွားသည်။ သွားတွေ့သင့် မတွေ့သင့် သည်အအေးဆိုင်က ဈေးနယ်မြေအတွင်းမှာ ရှိနေသည်။ ခင်ခင်ကြည်တို့ နယ်မြေဆိုပါစို့။ သည်နေရာမှာ ခင်ခင်ကြည်က သူနှင့်အတူ အအေးဆိုင် ထိုင်ပြီး စကားပြောခွင့် ပြုပါ့မလား၊ အားနာပါးနာနှင့် ခွင့်ပြုသည့်တိုင် အောင် ခင်ခင်ကြည့်အတွက် သင့်တော်ပါ့မလား၊ သိက္ခာကျစရာ ရှိမ လား။

ထိုသို့ စဉ်းစားနေစဉ်မှာပင် ခင်ခင်ကြည် ထိုင်နေတာက သူ လျှောက်သွားသည့် လမ်းကြောင်းနှင့် ဘေးတိုက် အနေအထား၊ သူ လျှောက်လာသည်ကို ခင်ခင်ကြည် မြင်နိုင်သည်။ သို့ရာတွင် မသိဟန် ပြုနေသည်။ သူသည် လဟာပြင်ပေါ်မှာ လမ်းလျှောက်နေရသလို ခြေ တစ်လှမ်းပြီးတစ်လှမ်း ရှုန်းကန်နေရသည်။ ဘာပဲဖြစ်ဖြစ် ခြေလှမ်းနှေး သည့်တိုင် ရပ်နေတာ မဟုတ်သဖြင့် နောက်ဆုံး ခင်ခင်ကြည်နား ရောက် သွားသည်။

“ကျွန်တော် ထိုင်ပါရစေ”

ဟု ပြောသည်။ ခင်ခင်ကြည်က ထိုအခါကျမှ မြင်သွားဟန်ဖြင့်

“ဩော်. . . ဟုတ်ကဲ့”

ဟု ပြန်ပြောသည်။ သူ ကုလားထိုင်တစ်လုံး ဆွဲပြီး ဝင်ထိုင် သည်။

“အအေး လာသောက်တာလား”

ဟု သိသိကြီးနှင့် မေးသည်။ ခင်ခင်ကြည်က ဟုတ်ကဲ့ ဆိုသည်။

“ဆိုင်ဘက်တောင် ရောက်ခဲ့သေးတယ်”

သူ့စကားမှာ တမင် ရည်ရွယ်ချက်နှင့် ပြောလိုက်ခြင်းတော့ မဟုတ်။ သို့ရာတွင် ခင်ခင်ကြည်ကို တွေ့ချင်လို့ ဆိုင်ကို လာသည်၊ မတွေ့သဖြင့် လိုက်ရှာသည်ဟု အဓိပ္ပါယ် သက်ရောက်သွားသည်။ ဆက်





ပြောဖို့ စကားရှာနေတုန်း. . .

“ဘာသောက်မလဲ”

ဟု ဆိုင်ရှင် အမျိုးသမီးက လှမ်းမေးသည်။ ခင်ခင်ကြည် သောက်နေတာကို ကြည့်သည်။ နှင်းသီးဖျော်ရည်။

“နှင်းသီးပဲ ပေးပါ”

ပြောပြီး တစ်ဆက်တည်း. . .

“ကျွန်တော် အအေးဖိုး ပေးပါရစေ”

ခင်ခင်ကြည်က. . .

“နေပါစေ ရပါတယ်”

ဟု ပြောသည်။ နှင်းသီးဖျော်ရည် ရောက်လာသည်အထိ ဘာ စကားမှ ဆက်မပြောဖြစ်၊ ဖျော်ရည် တစ်ငုံသောက်သည်။ စိတ်လှုပ်ရှား လာသဖြင့် ဆေးလိပ်သောက်ချင်လာသည်။ စီးကရက်ဘူးနှင့် မီးခြစ် အဆင်သင့် ရှိသည်။ သို့ရာတွင် သောက်လို့ မဖြစ်၊ ဆေးလိပ် မီးခိုးငွေ့ကို ဘချို့မိန်းကလေးတွေက မကြိုက်တတ်ချေ။

ပြောစရာစကားသည် ထွေထွေထူးထူး မဟုတ်၊ သူ့စာကို ဖတ် ပြီးပြီလားဟု မေးဖို့ပင်။ ထိုစကားသည် မြန်မာစကားစစ်စစ် ဖြစ်သည်၊ သို့တိုင်အောင် သူ မကျွမ်းကျင်သော တိုင်းခြား ဘာသာစကားတစ်ခုကို ပြောရမည်ကဲ့သို့ အခက်အခဲ ဖြစ်နေသည်။ ကိုယ်ပြောချင်တာကို အစီ အစဉ် ကျနမှန်ကန်အောင် ပြောနိုင်လိမ့်မည် မဟုတ်ဟု ထင်နေ၏။

ခင်ခင်ကြည်၏ ဖန်ခွက်ကို မျက်လုံးရောက်သွားသည်၊ လက် နှစ်လုံးလောက်ပဲ ကျန်တော့သည်။ တစ်ငုံစာ၊ သည်တစ်ခါ မော့သောက် ပြီးလျှင် ခင်ခင်ကြည် ထထွက်သွားလို့ ရပြီ။ အချိန်မရှိတော့။ ခင်ခင်ကြည် ဖန်ခွက် လှမ်းအကိုင်လိုက်တွင်. . .

“ကျွန်တော့်စာကို ဖတ်ပြီးပြီလား”

ခင်ခင်ကြည် ဖန်ခွက်ကို လက်ပြန်လွှတ်လိုက်သည်။ ဘာမှတော့ ပြန်မပြော၊ မင်းမျိုးကသာ။



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်ပြီးပြီလို့ ထင်ပါတယ်၊ သဘောထားကို သိပါရစေ"

မဖြေဘဲ အအေးဖန်ခွက်ကို တစ်ဖန် ပြန်ယူသည်၊ သောက်သည်။ လက်တစ်လုံး နီးပါးသာ ကျန်သည်။ ဖန်ခွက်ကို ပြန်ချသည်။ စားပွဲစွန်းကို လက်တစ်ဖက်ထောက် ကိုင်သည်။ ထရပ်ဖို့ ဟန်ပြင်သည့်သဘော။ မင်းမျိုး အလျှင်အမြန်. . .

"ပြောပါဦး၊ စကားတစ်ခွန်းလောက်ဖြစ်ဖြစ် ပြောပါ"

ခင်ခင်ကြည် သက်ပြင်း အသာအယာ ချသည်။ ပြီးတော့. . .

"မဖြစ်နိုင်ပါဘူး"

ခင်ခင်ကြည် ခဏဆိုင်းပြီးမှ. . .

"ကျွန်မမှာ အိမ်က သဘောတူထားတဲ့သူ ရှိပြီးသားပါ ကိုမင်းမျိုး"

မင်းမျိုး ဟင်ကနဲ ဖြစ်သွားသည်။ ခင်ခင်ကြည် ထရပ်လိုက်သည်။

"သွားပါဦးမယ်"

သူ ထွက်သွားသည်။ မင်းမျိုး ငိုင်တွေရင်း ထိုင်လျက် ကျန်ခဲ့သည်။ စောစောက သောက်ခဲ့သော နှင်းသီးဖျော်ရည်များသည် အပြင်းထန်ဆုံး အက်ဆစ်များအဖြစ် အသွင်ပြောင်းပြီး သူ့ရင်ထဲက အသည်းနှလုံးကို တိုက်စား လောင်မြိုက်ပစ်လိုက်ပြီ ထင်သည်။ ရင်ထဲမှာ ဟာသွား၏။

သက်သာရာ ရလိုရငြား စီးကရက်တစ်လိပ် ယူပြီး ဖွာသည်။ လေးငါးဖွာ ဆက်တိုက် အားရပါးရ ရှိုက်လိုက်သောအခါ စိတ်နည်းနည်း ငြိမ်သွားသည်။ ထိုအခါတွင် အသိဉာဏ်တွေ ပြန်လည်နိုးကြားလာသည်။ စဉ်းစား ဆင်ခြင်နိုင်လာသည်။

ခင်ခင်ကြည် နောက်ဆုံး ပြောသွားသော စကားမှာ ထူးခြားမှု တစ်ခု ပါနေသည်ဟု ထင်သည်။ ဘာလဲ၊ ဟုတ်ပြီ။ ကိုမင်းမျိုးဟု သူ့နာမည်ကို ထည့်သုံးနှုန်းသွားခြင်း။





ဒါဆို ခင်ခင်ကြည်က ဘယ်သူဆိုတာ သိနေပြီပေါ့။ ပြီးတော့ ခင်ခင်ကြည်ရဲ့စကား၊ ကျွန်မမှာ လူကြီးတွေ သဘောတူထားတဲ့သူ ရှိပြီးသားဆိုတာ. . .။ ခင်ခင်ကြည်မှာ တခြားသူ မရှိ၊ လက်စသတ်တော့ လူကြီးတွေ သဘောတူထားတဲ့သူဆိုတာ သူကိုယ်တိုင်ပါပဲလား၊ ခင်ခင်ကြည်က သူ့ကို သွယ်ဝိုက်စွာ အဖြေပေးသွားခြင်းပါကလား။

"ဟာ. . . ဟုတ်သားပဲ"

ဟု လွှတ်ခနဲ ပြောမိသည်။ ပြီးမှ ဆိုင်ရှင် အမျိုးသမီးများ ကြားသွားသလားဟု ရှက်ကိုးရှက်ကန်းဖြင့် ကြည့်သည်။ တော်ပါသေးရဲ့၊ သူ့အလုပ်နှင့်သူ ရှုပ်နေပေလို့။

တစ်ဝက်လောက် ကျန်နေသေးသော နှင်းသီးဖျော်ရည် ဖန်ခွက်ကို လှမ်းအယူတွင် စားပွဲပေါ်က လက်ကိုင်ပုဝါ တစ်ထည်ကို တွေ့သည်။ ခင်ခင်ကြည် ကျန်ခဲ့တာပဲ။

လက်ကိုင်ပုဝါကို ယူ၍ သူက ထွက်လာခဲ့သည်။

"ဒီမှာ. . . ဒီမှာ"

ဆိုင်ရှင် အမျိုးသမီးက လှမ်းခေါ်သည်၊ ထိုအခါကျမှ အအေးဖိုး ငွေမရှင်းရသေးကြောင်း သတိရသည်။

"ဆောရီးဗျာ"

ဟု ရှက်ရယ် ရယ်ရင်း ငွေရှင်းလိုက်သည်။ ပြန်အမ်းငွေ ယူပြီး ထွက်လာခဲ့သည်။ ခင်ခင်ကြည်တို့ ဆိုင်ခန်းထဲ ချိုးဝင်ခါနီးမှာ ဆိုင်မှာ ခင်ခင်ကြည်တို့အမေ ဒေါ်မြရင်လည်း ရှိနေကြောင်း သတိရ၏။

ဆိုင်တန်းထိပ်မှ ချောင်းကြည့်သည်။ ကံကောင်းချင်တော့ သူ လှမ်းကြည့်သည့် အချိန်မှာပင် ဒေါ်မြရင်က ခင်ခင်ကြည်ကို တစ်စုံတစ်ခု မှာကြားပြီး ထွက်သွားသည်ကို တွေ့ရသည်။

သေချာအောင် ခဏစောင့်သည်။ ပြီးတော့ ဆိုင်ရှိရာသို့ လျှောက်သွားသည်။ ခင်ခင်ကြည်က သူ့ကို မမြင်သေး။ ဆိုင်ရှေ့မှာ သူ ရပ်ပြီး ချောင်းဟန့်လိုက်မှ မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ကိုင်ပုဝါ ကျန်ခဲ့လို့ လာပေးတာပါ"

ခင်ခင်ကြည်၏ မျက်နှာသည် ပန်းရောင်သမ်းနေသည်။

"ကျေးဇူးပဲ"

ဆိုပြီး လက်ကိုင်ပုဝါကို လှမ်းယူသည်။ မင်းမျိုးက. . .

"ကျွန်တော် နောက်ဆုတ်ပေးလိုက်ပါပြီ"

ဟု ပြောသည်။ ပြီးတော့ ချာကနဲ လှည့်ထွက်သည်။ ခင်ခင်ကြည် တစ်စုံတစ်ရာ လှမ်းပြောလိုက်ချင်သည်။ မပြောဖြစ်။ လက်ကိုင်ပုဝါလေးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ လက်ကိုင်ပုဝါကြားထဲတွင် မာခေါက်ခေါက် အရာတစ်ခု ပါရှိကြောင်း အတွေ့အထိအရ သိလိုက်သည်။

လက်ကိုင်ပုဝါကို ဖြန့်လိုက်သည်။ အထဲမှာ ကတ်ပြားလေးတစ်ခု မင်းမျိုးတို့ အလုပ်ရဲ့ လိပ်စာကတ်ပြား။ ကျောဘက်တွင်. . .

"သိပ်ပျော်တယ် သိပ်ချစ်တယ် ကြည်ရယ်"

ဟု ရေးထားသည်။





သူတို့နှစ်ယောက်မှာ ချစ်သူတွေ ဖြစ်ခဲ့ကြသည့်တိုင်အောင် သူများတကာလို မကြာခဏ ချိန်းတွေ့နိုင်ကြသည်တော့ မဟုတ်ချေ။

ခင်ခင်ကြည်က ဆိုင်ထိုင်နေသည်။ တစ်လမှာ နောက်ဆုံးနှစ်ပတ်၏ တနင်္ဂနွေနှစ်ရက်သာ ဈေးပိတ်သည်။ ထိုရက်မျိုး၌ မင်းမျိုးက အားဘဲ ဖြစ်ချင်ဖြစ်နေတတ်ပြန်သည်။ သူကလည်း အလုပ်က ခပ်များများ။

လူလစ်သည့်အချိန်မှာ ဆိုင်ကို လာပြီး ခဏတဖြုတ် စကားပြောရသည်။ တစ်ခါတစ်လေကျမှ အပြင်ထွက်ပြီး လည်ပတ်ကြရသည်။ ရုပ်ရှင်ကြည့်ချင်ကြည့် အင်းလျားကန်စပ်တို့ ကန်တော်ကြီးစောင်းတို့မှာ ထားထိုးရပ်ပြီး စကားပြောချင်ပြော။

လူကြီးတွေ သိသွားလို့လည်း ဘာမျှ အရေးမကြီးသည့်တိုင် ခုလို ခိုးကြောင်ခိုးဝှက် တွေ့ရသည်က အရသာတစ်မျိုး။

"ကိုမျိုးက ကိုယ့်ကိုယ်ကို ဘယ်သူလဲဆိုတာ မပြောဘဲ လျှို့ဝှက်ထားတာကို ကြည်က ကြိုပြီးသိနေတယ်ဆိုတော့ ဘယ်လိုလုပ် သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးက မေးသည်။

"သိတာပေါ့။ ကိုမျိုးတို့အိမ်မှာ ထမင်းလာစားတုန်းက ဧည့်ခန်း ထဲမှာ ကိုမျိုးဓာတ်ပုံ ချိတ်ထားတာ တွေ့ဖူးတယ်လေ၊ ကြည့်ကို သိ အထင်မသေးပါနဲ့၊ ဒီလောက်လဲ မအ,သေးပါဘူး"

မင်းမျိုးက ရယ်၍. . .

"အင်း. . . ဓာတ်ပုံကို တစ်ခါမြင်ဖူးရုံနဲ့ အပြင်မှာ တွေ့တွေ့ချင်း မှတ်မိတယ်ဆိုတော့ တော်တော် စွဲလမ်းခဲ့လို့ပေါ့နော်"

"အံမယ်. . . ဒီကပဲ သူ့ကို စပြီး စိတ်ဝင်စားရသလိုလို သူ့ဓာတ် ပုံက၊ ကဲလေ. . . ထားပါ။ သူကတော့ လူကိုယ်တိုင် လာပြတာတောင် မကြည့်ချင်လို့ ရှောင်ထွက်သွားခဲ့သေးတယ် မဟုတ်လား"

"ဟာ. . . အဲဒီကိစ္စကို သိပ်အားနာတာပဲ သိလား၊ တောင်းပန် ချင်နေတာ ကြာပြီ၊ ခုမှပဲ တောင်းပန်ရတော့မယ်၊ အဲဒီတုန်းက မကြည့် ချင်လို့ ရှောင်ထွက်သွားတာ မဟုတ်ပါဘူး၊ ကြည်နဲ့ မျက်နှာချင်းဆိုင်ရမှာ ရှက်လို့"

"ဟင်း. . . ဒါလား ရှက်တဲ့လူ၊ တစ်ပတ်တစ်ခါလောက် ဖိနပ် တွေ လာလာဝယ်နေတာကျတော့ မရှက်ဘူးလား၊ ဖိနပ်တွေကို ထောပတ် သုတ်ပြီး စားပစ်နေတာ ကျနေတာပဲ"

"ဒါကတော့ ကြိုက်မရှက် ငိုက်မရှက် ဆိုတဲ့ စကားလိုပေါ့လေ ကဲ. . . မကျေနပ်ရင် ကိုမျိုးကို အပြစ်ပေး"

"ဘယ်လို အပြစ်ပေးရမလဲ၊ ရိုက်ရမှာလား"

"ရိုက်လေ၊ ကိုမျိုးတို့ ငယ်ငယ်တုန်းက ဖေဖေ ရိုက်သလိုရိုက်"

"ဘယ်လိုလဲ"

"ငယ်ငယ်က ကိုမျိုး ဆိုးတဲ့အခါ မေမေက ဟောဒီမှာ အဖေကြီး ရေ၊ ဒီကောင်လေးကို ရိုက်စမ်းပါလို့ ပြောတဲ့အခါ ဖေဖေက ကဲ. . ရိုက်ရ မယ်၊ လာခဲ့ဆို အနားကို ခေါ်ပြီးတော့ တုတ်နဲ့ ရိုက်ရမလား၊ နှာခေါင်းနဲ့ ရိုက်ရမလားလို့ မေးတယ်၊ ကိုမျိုးက နှာခေါင်းနဲ့ ရိုက်လို့ ပြောတော့





မျိုးက ဖက်နမ်းတာပေါ့၊ အဲဒီလိုလေ"

"သွားပါ သိပ်လူလည်ကျတာပဲ၊ ရှက်စရာကြီး"

"ကြည်ကလဲ လည်တာပါပဲ၊ ကိုမျိုးကို အစောကြီးကတည်းက သိလျက်သားနဲ့ မသိချင်ယောင် ဆောင်နေတာတို့၊ စာပေးမှန်း သိလျက်နဲ့ သိသလို လုပ်နေတာတို့"

"ဒါကတော့ ရိုးရိုးအအ ကောင်မလေးဆိုပြီး လိမ်ညာသွားမှာ လို့ နည်းနည်း လုပ်ပြထားရတာလေ"

"လည်ရင်လဲ ချစ်မှာပဲ၊ ရိုးရင်လဲ ချစ်ရင်ပဲ"

ဆိုပြီး မင်းမျိုးက ခင်ခင်ကြည် ခါးကလေးကို ဖက်ထားလိုက် သည်။

"ဟင်း. . . သူများတွေ မြင်ကုန်မယ်"

ခင်ခင်ကြည်က မင်းမျိုး၏ လက်ကို အသာဖယ်သည်။ မင်းမျိုး တ်ဘဲ. . .

"မမြင်ပါဘူး ကြည်ရယ်၊ ကားထဲမှာပဲဥစ္စာ"

ခင်ခင်ကြည်က မရုန်းတော့၊ နည်းနည်း လျှော့ဦး ဟူ၍သာ သည်။

သူတို့ ကားရပ်ထားသောနေရာမှ ကြည့်လျှင် ရွှေတိဂုံစေတီတော် ကြီးကို နောက်ခံပြုထားသော ကန်တော်ကြီးရေပြင်ကို လည်းကောင်း ဝိုက် ခန်းမကို လည်းကောင်း၊ ကန်တော်ကြီး ဟိုတယ်မှာ လုပ်လျှင် ကောင်းမလား စဉ်းစားနေသည်။

ကရဝိက်ကို ပိုကြိုက်သည်။ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားကို ယောင်လာ၏။ ဝတ်ကောင်းစားလှ ဝတ်ထားကြသော ဧည့်ပရိသတ် က ခန်းမကြီးအပြည့်၊ နှစ်ဖက်ဆွေမျိုးသားချင်းများ၊ မိတ်ဆွေ သူငယ် များ။

"မင်္ဂလာအချိန် ကျရောက်ပြီ ဖြစ်ပါ၍ သတို့သားနှင့် သတို့သမီး မင်္ဂလာ စင်မြင့်ပေါ်မှာ နေရာယူကြပါရန် ပန်ကြားဖိတ်ခေါ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား"

အခမ်းအနားမှူး၏ အသံ၊ ထို့နောက် စောင်းမောင်နေဝါ၏ အစပျိုး တီးလုံး၊ ပြီးတော့ ခင်ဖြူကြည်၏ အခါတော်ပေးသံ ထွက်ပေါ်လာ၏။

ခင်ခင်ကြည် စကားဝါရောင် သတို့သမီးဝတ်စုံကို ဝတ်ထားသည်။ ဆံထုံး ထုံးထားသဖြင့် ပိုပြီး ကျက်သရေရှိရှိ လှနေသည်။ မင်းမျိုးကလည်း အဝါနုရောင် ရှပ်အင်္ကျီ၊ အဖြူရောင် တိုက်ပုံနှင့် ရွှေဖလားရောင် လုံချည်တို့ကို ဝတ်ထားသည်။ အလွန် လိုက်ဖက်ညီလွန်းသော မင်္ဂလာစုံတွဲ။

သူတို့နှစ်ယောက် တွဲလျက် ခန်းမအလယ် မင်းလမ်းအတိုင်း လျှောက်လာသည်။ မြင်ရသူတို့ ရင်သပ်ရှုမော ခြေလှမ်းကို မှန်အောင် တစ်လှမ်းချင်း သတိထား၍ နင်း. . .

"ဟာ. . . ကိုမျိုး ကိုမျိုး၊ လုပ်ပါဦး"

ခင်ခင်ကြည့်အသံ ကြားသဖြင့် လန့်ဖျပ်ပြီး ဘာလဲ ဘာလဲဟု ပြောသည်။ အဖြစ်မှန်ကို ချက်ချင်း သိသည်။ သူ အတွေးလွန်ပြီး မင်္ဂလာခန်းမထဲမှာ လျှောက်လှမ်းနေသည်ဟု ထင်၍ ကားခြေနင်းမှ ကလပ်ကို နင်းမိခြင်း ဖြစ်သည်။ ထို့ကြောင့် ကားကလေးသည် ရေကန်ဘက်သို့ ကုန်းလျှောအတိုင်း လိမ့်ဆင်းနေခြင်းပင်။ ကလပ်ကို အမြန်လွှတ်လိုက်မှ တုန့်ခနဲ ရပ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမျိုးရယ်"

မင်းမျိုးက ရယ်၍ သူ စိတ်ကူးယဉ်သွားပုံကို ပြောပြသည်။ ခင်ခင်ကြည်ကလည်း ရယ်သည်။

"တော်တော်ပိုတဲ့ ကိုမျိုးပဲ"

ဟု ပြောသည်။

"လက်ထပ်ကြပါစို့ ကြည်ရယ်၊ လူကြီးတွေကို ဖွင့်ပြောလိုက်တော့မယ်နော်"





"အို. . . မပြောပါနဲ့ဦး"

"ဘာဖြစ်လို့လဲ"

"ပြောလိုက်ရင် မင်္ဂလာကိစ္စ စီစဉ်ကုန်ကြမှာ"

"အဲဒါ မကောင်းဘူးလား"

"ကောင်းတော့ ကောင်းတာပေါ့၊ ဒါပေမယ့် ချစ်သူဘဝနဲ့ အားရအောင် နေချင်သေးတယ်"

"ကိုမျိုးတော့ နီးချင်လှပြီ"

"ဒီ့ထက် နီးရဦးမှာလား၊ ဖက်ထားလိုက်တာ၊ ကြားလေတောင် ဝင်လို့မရဘူး"

ဟု ခင်ခင်ကြည်က ချစ်စနိုး ပြုံး၍ ပြောသည်။

◈ ◈ ◈

မင်းမျိုးသည် အလိုလိုနေရင်း စိတ်တိုနေသည်။ အလုပ်ထဲမှာ ကြာကြာ စိတ်ဝင်စားလို့ မရ၊ အလုပ်သမားတွေအပေါ်မှာလည်း တော်ရုံတန်ရုံ အမှားကလေးလောက်ကို သည်းမခံနိုင်ဘဲ ဝေါက်ငမ်းမိသည်။ ဆူပို့ပူဖို့ မပြောနှင့်၊ စကားကိုပင် မာမာထန်ထန် မပြောခဲ့ဖူးသော မင်းမျိုးကို သူ့အလုပ်သမားတွေ အံ့သြနေကြသည်။

အိမ်မှာလည်း သည်လိုပဲ၊ ဘာမဟုတ်တာလေးနှင့် ဒေါသထောင်းခနဲ ထွက်လာသည်။ အမြဲ ရိုရိုသေသေ ဆက်ဆံခဲ့သော အဒေါ်ဝမ်းကွဲ အရွှေကို ထမင်းပွဲ ပြင်တာ နည်းနည်းလေး နောက်ကျသွားသဖြင့် ဆူပူလိုက်မိ၏။

အေးအေးချမ်းချမ်း နေတတ်သော မင်းမျိုးတစ်ယောက် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲနေသဖြင့် ဒေါ်ထားထားက. . .

“ဘာတွေများ အလိုမကျစရာ ဖြစ်နေလို့လဲ သားရယ်”

ဟု ပြောတာကိုတောင်. . .

“ဘာမှ မဟုတ်ပါဘူး”

ဟု ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ ဒေါ်ထားထားလည် အံ့ဩနေသည်။ ခုတလော သူ့သား အမူအရာတွေက ထူးခြားနေ ဟိုရက်တွေတုန်းကတော့ တစ်ခုခု အူမြူးနေသလိုလို ပြုံးပြုံးပြုံးပြုံးနှ လေကလေး တချွန်ချွန်၊ သီချင်းကလေး တအေးအေးနှင့်။ ခုတစ် ချက်ချင်း သုန်သုန်မှုန်မှုန် ဖြစ်သွားပြန်သည်။ တစ်မျိုးတော့ တစ်မျိုးပဲ တွေးသည်။

အမှန်က မင်းမျိုး ဖြစ်နေသည်မှာ. . .

တစ်ရက်တွင် ခင်ခင်ကြည်နှင့်အတူ ထိုင်နေရင်း မင်းမျိုး ဆေးလိပ်သောက်သည်။ ခင်ခင်ကြည်က. . .

“ဆေးလိပ်တွေ မသောက်ပါနဲ့လား ကိုမျိုးရယ်၊ ကျန်းမာရေး ထိခိုက်၊ ငွေလဲ ကုန်သေး၊ ပြီးတော့ ကြည်က ဆေးလိပ်နံ့ မခံနိုင်ဘူး သိပ်မုန်းတာပဲ”

ဟု ပြောသည်။

ထိုနေ့မှစ၍ မင်းမျိုး ဆေးလိပ်ဖြတ်သည်။ ဖြတ်ခါစတွင် ဘယ် လိုမှ နေ၍မရ၊ ဂနာမငြိမ်ဘဲ ဖြစ်နေသည်။ ငြိမ်ငြိမ်ထိုင်နေလို့လည် မရ၊ စိတ်ကလည်း အမြဲလှုပ်ရှားနေသည်။ အလကား နေရင်း စိတ်တိုပြီး ဒေါသဖြစ်နေသည်။

သူ ဆေးလိပ်ဖြတ်သည့်အကြောင်း အမေ့ကိုတော့ ပြောမပြဖြ ချေ။ ပြောလျှင် ခင်ခင်ကြည့် ကိစ္စကိုပါ ပြောမိလိမ့်မည်။ ပြော ပြဿနာ ဖြစ်မည်တော့ မဟုတ်၊ အမေက ဝမ်းသာအားရ ဖြစ်ပြီး အဖေ့ကိုပြော၊ မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်လိမ့်မည်။

ခင်ခင်ကြည်က လက်မထပ်ချင်သေး၊ ချစ်သူဘဝနှင့် အား





အောင် နေချင်သေးသတဲ့၊ ဟုတ်တော့ ဟုတ်သည်။ အိမ်ထောင်သည်ဘဝ ဆိုတာက တစ်သက်လုံး နေသွားရမည် ဖြစ်သည်။ ချစ်သူဘဝကား တိုတောင်းသော ကာလကလေး၊ အိမ်ထောင်သည်ဘဝ၏ ပျော်စရာ ချင်စရာ ကြည်နူးစရာတွေက ရှေ့လျှောက် အကြာကြီး တွေ့ရဦးမည်၊ ချစ်သူဘဝကို လွတ်လွတ်လပ်လပ် တိုးတိုးကျိတ်ကျိတ် ရင်ခုန်ရတာမျိုးက နောက်ပိုင်း ပြန်လိုချင်လို့တော့ ရမည်မဟုတ်ချေ။

ဆေးလိပ်ဖြတ်သည့် ကိစ္စကို အမေ့အား မပြောဖြစ်သော်လည်း သူငယ်ချင်းတွေကိုတော့ ပြောပြလိုက်ရသည်။

သူငယ်ချင်းတွေက ခင်ခင်ကြည်နှင့် မိတ်ဆက်ပေးပါဟု တောင်း ဆိုလေသည်။ ထို့ကြောင့် သန်းဝင်းတို့ အိမ်မှာ ဆုံကြသည်။ ခင်ခင်မော်က နေ့ဖြူ မုန့်ဟင်းခါး ချက်ကျွေးသည်။

စကားထိုင်ပြောရင်း အေးသိန်းက မင်းမျိုးကို ဆေးလိပ် လှမ်း ပေးသည်။ မင်းမျိုးက လက်ကာပြပြီး. . .

“ငါ ဆေးလိပ်မသောက်တော့ဘူး”

ဟု ပြောသည်။

“ဟာ. , . ဘယ်လိုဖြစ်တာလဲ”

“သူက မကြိုက်လို့ကွ”

ခင်ခင်ကြည်ကို ညွှန်ပြရင်း ပြောသည်။ သန်းဝင်းက. . .

“ဟေ. . . မင်းက ဘယ်လိုလဲကွ၊ ဟိုတုန်းကတော့ ရှိတယ် တောင် မထင်ဘဲနဲ့၊ သည်းမယ့်သည်းတော့လဲ လွန်လွန်းလှချည်လားကွာ၊ တကယ်လို့ ခင်ခင်ကြည်က ထမင်းစားတာ မကြိုက်ဘူးဆိုရင် မင်း ထမင်းဖြတ်မှာလား”

“ပေါင်မုန့်စားမှာပေါ့ကွ”

“ငပေါပဲ”

ခင်ခင်ကြည်က ပြုံး၍သာ နေသည်။ မင်းမျိုးက. . .

“မင်းက ငါ့ကျတော့ ပြောတယ်၊ မင်းတုန်းကကော ခင်ခင်မော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ခါစတုန်းကလေ၊ အဲဒီအချိန်က ဆံပင်ရှည် ပြဿနာ တက်နေတဲ့ အချိန်၊ မင်း ဆံပင်ရှည်တာကို မင်းအမေလဲ ပြောလို့မရ၊ ဆရာ ဆရာမ တွေ ပြောလည်းမရ ဖြစ်နေတာလေ၊ ခင်ခင်မော်က ဆံပင်ရှည်နဲ့ဆိုတော့ ညှင်းသိုးသိုးကြီးလို့ ပြောလိုက်တာနဲ့ နောက်တစ်နေ့မှာ ချက်ချင်း ညှပ်ပစ် လိုက်တာလေ"

"အေး. . . ဟုတ်တယ်ကွ"

ဟု အေးသိန်းကပါ ဝင်ပြောသည်။ သန်းဝင်းက. . .

"အံမာ. . . မင်းကကော ဘာထူးလို့လဲ၊ မြင့်မြင့်သောင်းဆီက ပထမဆုံး ပြန်လာတဲ့စာထဲမှာ အားကစားလေးဘာလေးလဲ လုပ်ပါ၊ သူ သိပ်ပိန်တယ်ဆိုလို့ ဒိုက်ထိုး ဝိတ်မ လုပ်တာလေ၊ ပြီးတော့ အသားလည်း မည်းတယ်၊ ဝက်ခြံတွေကလည်း ကြည့်မကောင်းဘူးဆိုလို့ ကြံရတန စနိုး လိမ်းတာလေ"

ဟု အေးသိန်းကို ပြန်နှိပ်သည်။ မင်းမျိုးက သန်းဝင်းဘက်က ကူပြီး ဟားပေးသည်။ မြင့်မြင့်သောင်းက အေးသိန်း လက်မောင်းကို ဆွဲလိမ်ပြီး. . .

"ကြည့်စမ်း. . ဒီက ပေးတဲ့စာတွေကို သူငယ်ချင်းတွေ လျှောက် ပြတယ်ပေါ့လေ၊ တော်တော် ပေါတယ်၊ အရှက်ကို မရှိဘူး"

ခင်ခင်မော်က ခင်ခင်ကြည့်ကို. . .

"သူတို့ သူငယ်ချင်းတွေက ဒီလိုပဲ၊ လိုက်လဲ လိုက်တယ်"

ဟု ပြောရာ ခင်ခင်ကြည်က. . .

"ဟုတ်တယ်၊ သူလဲ သိပ်မထူးပါဘူး"

ဟု မင်းမျိုးကို ပြုံးကြည့်၍ ပြောသည်။

"ကဲ. . . ငါတို့ ယောက်ျားလေးတွေအကြောင်းတော့ ပြောပြီးပြီ နင်တို့ မိန်းကလေးတွေအကြောင်း ပြောရဦးမယ်"

ဟု သန်းဝင်းက ပြောသည်။ မြင့်မြင့်သောင်းက. . .

"ဘာလဲ ဘာအကြောင်းလဲ"





"ဟိုဒင်းလေ၊ ဟိုတစ်ခါ အေးသိန်းနဲ့နင်နဲ့ ရန်ဖြစ်ပြီး အေးသိန်း က နင့်ကို ကွာမယ်လို့ ပြောလို့ ကိုယ့်ကိုယ်ကို သတ်သေမယ်ဆိုပြီး ကြံ သေ်တာလေ"

"ဟေ့ကောင်. . . ပြောရင်လဲ အဖြစ်အပျက် အစအဆုံး ပြောမှ ပေါ့၊ ငါ့မိန်းမက သူ့ကိုယ်သူ သတ်သေဖို့ ခင်ခင်မော်နဲ့ သွားတိုင်ပင်တာ ပါ ပြော"

ဟု အေးသိန်းက ပြောရာ. . .

"ဟင်. . . ကိုယ့်ကိုယ်ကို သေကြောင်းကြံတာများကွာ၊ သူများ သွားတိုင်ပင်ရသေးတယ်လို့"

မင်းမျိုးက စကားဝင်ထောက်သည်။

"တကယ် မသေရဲလို့ပေါ့ကွ၊ သူများ သွားတိုင်ပင်ရင် တားမှာပဲ ဆိုတာ သိလို့"

"ဒါပေမယ့် အထင်နဲ့အမြင် လွဲသွားတယ်လေ၊ ဟေ့ကောင် ဟိုကျတော့ ခင်ခင်မော်ကလဲ မင်းမှာ အရင်က ရည်းစားရှိခဲ့တာ သိသွား လို့ သူ့ကိုယ်သူ အဆုံးစီရင်တော့မယ်လို့ ကြံနေတာ"

"ဟင်. . . နောက်တော့ ဘာဖြစ်လို့"

အေးသိန်း၏ စကားကို ခင်ခင်ကြည်က ဖြတ်၍ ဝင်မေးသည်။ မင်းမျိုးကပင် စကားဆက်သည်။

"ဒီလိုလေ၊ သူတို့နှစ်ယောက် အကြံတူနေတော့ ဒီကိစ္စကို နှစ် ယောက် တိုင်ပင်ပြီး လုပ်မယ်လို့ ဆုံးဖြတ်ကြရော၊ မြင့်မြင့်သောင်းက ရေထဲ ခုန်ချဖို့ ပြောတယ်၊ ခင်ခင်မော်က ရေမွန်းမှာ ကြောက်တယ်၊ အဆိပ်သောက်ဖို့ ပြောတယ်၊ မြင့်မြင့်သောင်းက အဆိပ်သောက်ရင် ခံရမယ့် မချိမဆန့် ဝေဒနာကို မခံစားရဲဘူး၊ ဒီလိုနဲ့ ငြင်းကြခုန်ကြရင်း ဘာမှ မလုပ်ဖြစ်ကြတော့ဘူး"

"အလကား ပြောတာ၊ တို့ကို သက်သက် အပုပ်ချတာ၊ ကိုယ့် ကိုယ်ကိုတောင် သတ်သေလိုက်ချင်တယ်ဆိုတဲ့ စကားလောက်ပဲ ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဟုတ်တယ် မဟုတ်လား"

ဟု မြင့်မြင့်သောင်းက ခင်ခင်မော်ကို လှမ်းပြောသည်။ ခင်ခင်မော်က. . .

"ဟုတ်တယ်၊ သူတို့ ချဲ့ကားပြီး ပြောတာ"

ဟု ဆိုသည်။ သန်းဝင်းက. . .

"အဲဒီဓာတ်ပုံဆရာနန်းက သူတို့နှစ်ယောက် သဘောထားချင်း မတိုက်ဆိုင်တာ နာလိုက်တာကွာ"

ပြောသဖြင့် ခင်ခင်မော်က ကျောကို ထုသေးသည်။

"ကဲ. . . အပြန်အလှန် နှိပ်လို့တော့ ပြီးပြီ၊ စကားကောင်း ပြောရအောင်၊ မင်းတို့ ဘယ်တော့ လက်ထပ်မှာလဲ"

အေးသိန်းက မေးသည်။

"လောလောဆယ်တော့ လက်မထပ်ချင်သေးဘူးကွာ"

"ဟာ. . . တော်ကြာ ဝါဝင်သွားမယ်၊ ခုပဲ ဆောင်းကုန်တော့မယ်"

"ဝါမဝင်ခင်တော့ ဖြစ်အောင် လုပ်မှာပါ"

"လူကြီးတွေကို ပြောပြီးပြီလား"

"မပြောပြရသေးဘူးကွ၊ ပြောရင် အမြန်ဆုံး စီစဉ်ကုန်မှာစိုးလို့"

"မင်းတို့ကလဲ အဆန်းပါလားဟ၊ သူများတွေမှာ လူကြီးတွေသိရင် ခွဲမှာစိုးလို့ အသိမပေးရဲဘူး၊ မင်းတို့ကျတော့ အတင်းပေးစားနေမှာစိုးလို့ ဆိုတော့. . ."

"ဟုတ်တယ်၊ သူတို့အတွဲလဲ တော်တော် ကြောင်တာပဲ"

သန်းဝင်းက အကွက်ဝင်တုန်း ပြန်တွယ်လိုက်သည်။

. . . . . .





ဒေါ်ထားထားသည် မင်းမျိုးကို သက်မကောင်း ရှိနေသည်။ သားဒုတလော တစ်မျိုးဖြစ်နေသည်။ ခု ပျော်လိုက်၊ တော်ကြာ ဒေါသဖြစ်လိုက်၊ ပြီးတော့ ဆေးလိပ်ဖြတ်သည်ဟုလည်း ကြားသည်။ တစ်ခါတစ်လေ အလုပ်အားသည့် ရက်များတွင် တစ်နေ့လုံး အခန်းအောင်းပြီး နေချင်နေသည်။

တချို့ရက်များတွင် ကျွန်တော် နေမကောင်းလို့ အလုပ်ရုံ မသွားဖြစ်ဘူးဟု သူက အဖေကို ပြောသည်။ အဖေလုပ်သူ အလုပ်ရုံကို ထွက်သွားတော့မှ ဆေးခန်းသွားလိုက်ဦးမယ်ဆိုပြီး သူပါ ထွက်သည်။

ဆေးခန်းသာ ဆိုသည်၊ ဝတ်ကောင်းစားလှနှင့်။ နေမကောင်းသည့်ပုံ မဟုတ်၊ ပြန်လာတော့လည်း ညနေစောင်းမှ။ မျက်နှာက ပြုံးလို့ရွှင်လို့၊ ဒီကောင်လေးမှာ ရည်းစားတွေ ဘာတွေရော ရှိနေပြီလားဟု တွေးသည်။

ဒီနေ့လည်း ထမင်းစားပြီးကတည်းက သူ့အခန်းထဲ ဝင်အောင်းနေသည်။ နည်းနည်းတော့ အစ်အောက် မေးကြည့်ဦးမှပဲဟု စိတ်ကူးပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုး၏ အခန်းသို့ လာခဲ့သည်။

အခန်းတံခါးက စေ့ရုံသာ စေ့ထားသည်။ အသာတွန်းဖွင့်လိုက် ၏။ မင်းမျိုးသည် အိပ်ရာပေါ်မှာ ပက်လက်လှဲနေသည်။ မျက်စိမှိတ်ထား သည်။ ကက်ဆက် အသေးစားလေးမှ နားကျပ်ကို နားနှစ်ဖက်မှာ တပ် ထားသည်။

"သားရေ"

ဟု ခေါ်လိုက်သည်။ မင်းမျိုးက မကြား၊ နားကျပ်ထားလို့ မကြား တာပဲဆိုပြီး ခပ်ကျယ်ကျယ် တစ်ခွန်း ထပ်ခေါ်သည်။ မင်းမျိုး မလှုပ် အသက်ရှူနေပုံက ခပ်မှန်မှန် ဖြစ်နေသဖြင့် အိပ်ပျော်နေသည် ထင်ရ၏။

ခုတင်နားသို့ လျှောက်သွားသည်။ မင်းမျိုး၏ လက်ကို အသာ ကိုင်၍ သားဟု ခေါ်ကြည့်လိုက်သည်။ မလှုပ်၊ အိပ်ပျော်နေပြီ။

မင်းမျိုး၏ ရင်ဘတ်ပေါ်မှာ တင်ထားသော ကတ်ပြားဖြူ ကလေးတစ်ခု တွေ့ရသည်။ ယူကြည့်လိုက်သောအခါ ဒေါ်ထားထား အံ့သြသွား၏။ ဝမ်းလည်း သာသွားသည်။ သူ ပြုံးလိုက်သည်။ ခင်ခင် ကြည်၏ ဓါတ်ပုံ။

ကြည့်စမ်း၊ ဒီကောင်လေး ဒါကြောင့် ဂဏှာမငြိမ် ဖြစ်နေရတာ ကိုး။ ဓာတ်ပုံကို မင်းမျိုး ရင်ဘတ်ပေါ် အသာပြန်တင်ပေးခဲ့ပြီး အခန်းထဲ က ထွက်လာခဲ့သည်။

◊ ◊ ◊

နောက်တစ်နေ့မနက် မင်းမျိုး ကော်ဖီသောက်ရန် ထမင်းစားခန်း ထဲ ဝင်လာသောအခါ စားပွဲမှာ ထိုင်နေသော ဒေါ်ထားထားကို တွေ့ရ သည်။ မင်းမျိုး ဝင်ထိုင်သည်။





"မေမေ. . . သောက်ပြီးပြီလား"

"ပြီးပြီ သား" ၊

"ဖေဖေရော"

"မင်းအဖေတော့ လမ်းလျှောက်ထွက်သွားပြီ၊ သား ညက အစောကြီး အိပ်လို့ စောစောနိုးမယ် ထင်နေတာ"

ဟု ပြုံးပြုံးပြောသည်။

"ဟိုတစ်ရက်က အိပ်ပျက်သွားတာနဲ့၊ ညကတော့ တစ်ဝကြီး အိပ်ပစ်လိုက်တာ မေမေ"

ပေါင်မုန့် တစ်ချပ်ကို မီးကင်သည့် စက်ထဲ ထည့်သည်။ ဒေါ် ထားထားက ကော်ဖီတစ်ခွက် ငှဲ့ထည့်ပေးသည်။ ခဏအကြာတွင် မီးကင် ပြီးသား ပေါင်မုန့် စက်ထဲက ထွက်လာသည်။ မင်းမျိုး ပေါင်မုန့်ကို ယူပြီး ကြက်ဥ ထောပတ်မွှေကြော်နှင့် တို့စားသည်။ ကော်ဖီသောက် သည်။

စားသောက်ပြီး ခေါင်းမော့လိုက်သောအခါတွင် သူ့ကို ပြုံးကြည့် နေသော ဒေါ်ထားထားကို တွေ့ရသည်။ မလုံမလဲ ဖြစ်သွားပြီး. . .

"မေမေ. . . ဘာပြုံးတာလဲ"

"ဩော်. . . ညက သား စိတ်ကူးတွေ ယဉ်ပြီး ကက်ဆက် နားကြပ်တောင် မဖြုတ်နိုင်ဘဲ အိပ်ပျော်သွားတာကို တွေးမိလို့ပါ"

မင်းမျိုး တွေပြီး စဉ်းစားနေတုန်း. . .

"ညက သား အိပ်ပျော်နေတုန်း မေမေ အခန်းထဲ ဝင်လာသေး တယ်"

ဟု ဒေါ်ထားထားက ပြောသည်။ မင်းမျိုး နားလည်သွား၏။ ခင်ခင်ကြည် ဓာတ်ပုံကို အမေ မြင်သွားသည်။

"မေမေ တွေ့ပြီးပြီပေါ့"

ဟု မေးလိုက်သည်။

"ဟုတ်တယ် သား၊ ငါ့သားကတော့ကွယ်၊ တကယ့် မင်းသာ



www.burmeseclassic.com

www.burmeseclassic.com



သတင်းကိုများ မေမေတို့ကို မပြောဘဲ လျှို့ဝှက်ထားရတယ်လို့၊ စောစော သိရတော့ စောစော ဝမ်းမသာရပါလား။ မင့်အဖေကိုလဲ"

မင်းမျိုးက လက်ကာပြပြီး. . .

"ဖေဖေ့ကိုတော့ မပြောပါနဲ့ဦး မေမေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"ဖေဖေ့ကို ပြောရင် အမြန်ဆုံး သွားတောင်းတော့မှာပဲ"

"အဲဒါ မကောင်းဘူးလား"

"ကျွန်တော်တို့ လက်မထပ်ချင်သေးဘူး မေမေ"

"ဘာ. . ဘယ်လိုကွယ့် အဆန်းပါလား"

"ကျွန်တော်တို့ လွတ်လွတ်လပ်လပ် နေချင်သေးတယ်"

"ဒီလိုလုပ်ပါလား သား၊ အခု စေ့စပ်ထားလိုက်ပေါ့၊ လက်ထပ်တာကိုတော့ နည်းနည်းဆိုင်းပြီး. . ."

"မဖြစ်သေးပါဘူး၊ ဖေဖေ့အကြောင်းလဲ သိသားပဲ၊ ဟောဟော ဒိုင်းဒိုင်း လုပ်ချင်တာ၊ ခဏလောက်ဆိုင်းဖို့ ပြောလို့ရမှာ မဟုတ်ဘူး"

"သားတို့က ဘယ်လောက် ကြာအောင် နေချင်သေးတာလဲ နောက်တစ်ဝါ စောင့်ရဦးမှာလား"

"ဒီလောက်တော့ မဟုတ်သေးပါဘူး မေမေ၊ ဝါမဝင်ခင် စီစဉ်မှာပါ၊ သုံးလေးလပေါ့၊ နော်. . မေမေ၊ ဖေဖေ့ကိုတော့ မပြောပါနဲ့ဦးနော်"

"အေးပါ သားရယ်၊ ဒါပေမယ့် မေမေတော့ ဒီအကြောင်းတို့ နှုတ်လုံဖို့ အတော်ကြိုးစားရလိမ့်မယ်၊ မင်းအဖေ ဝမ်းသာစေချင်လှပြီ"

"ဟာ. . . လုပ်ပြန်ပြီ၊ သွားမပြောရဘူးနော်"

"အင်းပါ အင်းပါ၊ သားတို့ အဆင်ပြေတယ်ဆိုတာကိုပဲ မေမေ ဝမ်းသာလှပါပြီ၊ ဒါနဲ့ နေစမ်းပါဦး၊ အစကတော့ သားက ရှောင်ဖယ်ဖယ် အင်တင်တင် လုပ်နေပြီး ခုမှ ဘယ်လိုက ဘယ်လို"

မင်းမျိုး ရှက်ရယ် ရယ်၍. . .

"ဖေဖေတို့ မေမေတို့ ကျေနပ်အောင် သွားကြည့်လိုက်ဦးမယ်



ဆိုပြီး သွားကြည့်ရာက. . . အဲ. . . သူက သိပ်လှတာ မေမေ"

ဒေါ်ထားထား အသံထွက်အောင်ပင် ရယ်သည်။

"အင်း. . . ငါ့သား လူပျိုကြီး ဒီတစ်ခါတော့ စွံပါပြီနော်"

"မေမေကလဲ"

ဟု ရယ်၍ ပြောရင်း မင်းမျိုး ထထွက်သွားသည်။

◈ ◈ ◈

ဒေါ်ထားထားသည် ဒေါ်မြရင်တို့ ဆိုင်သို့ သွားသည်။ ဆိုင်မှာ ဒေါ်မြရင်ရော ခင်ခင်ကြည်ပါ ရှိနေသည်။

"ဟော. . . ထားပါလား၊ ဘယ်က လှည့်လာသလဲ"

"ရင်ရင့်ဆီပဲ တမင်လာတာ၊ မတွေ့တာလဲ ကြာလို့ စကားလေး ဘာလေး ပြောရအောင်လို့"

ဟု ပြောပြီး ခင်ခင်ကြည့်ကို အကဲခတ်ကြည့်လိုက်သည်။ ခင်ခင်ကြည်က ဒေါ်ထားထားကို. . .

"ဒေါ်ဒေါ် နေကောင်းရဲ့လား"

ဟု ပြုံး၍ နှုတ်ဆက်သည်။ ကောင်မလေး ကြည့်ရတာ ရှက်သလိုလို ဖြစ်နေသည်ဟု ဒေါ်ထားထား သတိပြုမိသည်။

"ငါ့တူမကြီးကတော့ ဘယ်အချိန်ကြည့်ကြည့် လှနေတာပဲနော်"

"ဒေါ်ဒေါ်ကလဲ မြှောက်နေပြန်ပါပြီ"

"ကဲလေ၊ မြှောက်တယ်ပဲ ထားပါတော့၊ တစ်ခုခု ကျွေးပေတော့"

"ကျွေးပါတယ် ဒေါ်ဒေါ်ရဲ့၊ ဘာစားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ သမီးကိုယ်စား ကျွန်မကပဲ ကျေးပါ့မယ်"

ခင်ခင်ကြည်ကို ဆိုင်စောင့် ထားခဲ့ပြီး ထွက်လာကြသည်။

"ထား ဘာစားချင်လဲ"

"ကော်ပြန့်စိမ်း စားမလားလို့"

"ကောင်းသားပဲ"

ကော်ပြန့်ဆိုင်မှာ ထိုင်ကြသည်။ ဒေါ်ထားထားက ကော်ပြန့်စိမ်း စား၍ ဒေါ်မြရင်က ကော်ပြန့်ကြော် စားသည်။ စားပြီး ရေနွေးကြမ်း သောက်ကြရင်း. . .

"ရင်ရင့်ကို ပြောစရာတစ်ခု ရှိသေးတယ်"

ဒေါ်ထားထား စကားစသည်။ ဒေါ်မြရင်က ဒေါ်ထားထား ပန်းကန်ထဲ ရေနွေးကြမ်း ဖြည့်ပေးရင်း နားထောင်နေသည်။

"သားတို့ကိစ္စလေ"

"ဆိုစမ်းပါဦး"

"ရင်ရင် သိရင် အံ့သြသွားမယ်"

မသိခင်ကပင် ဒေါ်မြရင် မျက်နှာက အံ့သြပုံ ပေါက်နေ၏။

"ရင်ရင်လဲ သိထားသင့်တယ် ထင်လို့ ပြောတာ၊ ဒီလို ရင်ရင်ရေ."

အသံကို နည်းနည်းနှိမ့်၍. . .

"ကျွန်မသားနဲ့ ရင်ရင့်သမီးနဲ့ မေတ္တာမျှနေကြပြီတဲ့"

"ရှင်"

ဒေါ်မြရင် တကယ် အံ့သြသွားပြီး. . .

"ဟုတ်ရဲ့လား ထားရယ်"

"သိပ်ဟုတ်တာပေါ့၊ သားကိုယ်တိုင်က ပြောတာပဲလေ"

"ကျွန်မ တော်တော် အံ့သြသွားတယ်"

ဒေါ်ထားထားက ထိုင်ခုံကို ဒေါ်မြရင်ဘက်သို့ တိုးရွှေ့ပြီး. . .

"အံ့သြတာ ထားစမ်းပါဦး၊ ရင်ရင့်သဘောက ဘယ်လိုလဲ"





"မေးနေဖို့ လိုသေးလို့လား ထားရယ်၊ ထားရဲ့သားပဲဟာ၊ ကျွန်မ ကျေနပ်စရာ ဘာရှိလို့လဲ"

"ကျွန်မကတော့ တော်တော် ဝမ်းသာနေတယ် ရင်ရင်ရေ၊ အင်း ပဲ သားအတွက် စိတ်အေးရတော့တယ်၊ သူတို့ အဖေချင်းကလဲ ငယ် ငယ်ချင်းတွေ၊ ကျွန်မတို့နှစ်ယောက်ဆိုတာကလဲ ညီအစ်မအရင်းအချာ ကို နေကြတာကလား၊ သားနဲ့သမီးက ခုလိုဆိုတော့ တကယ့် မိသားစု တစ်စုတည်းလို ဖြစ်ကြတော့မှာနော်"

"ကျွန်မလဲ ဝမ်းသာပါတယ်"

"တစ်ခုတော့ ပြောထားရဦးမယ်၊ ခုကိစ္စကို ကိုစိန်ကြည်ကိုတော့ အသိမပေးနဲ့ဦးနော်"

"ဟင်. . . ဘာဖြစ်လို့လဲ၊ အသိမပေးလို့ ဖြစ်မလား"

"နောက် ဖြည်းဖြည်းတော့ အသိပေးတာပေါ့လေ၊ ကျွန်မလဲ ကိုမျိုးမြင့်ကို ဘာမှ မပြောသေးဘူး"

"ဘာကြောင့် မပြောရတာလဲ"

"သားက တောင်းပန်ထားလို့ပါ၊ သူတို့က လောလောဆယ် လက်မထပ်ချင်ကြသေးဘူးတဲ့၊ သူတို့အဖေများ သိရင် စိတ်မြန်လက်မြန်နဲ့ စီစဉ်ကုန်မှာစိုးလို့တဲ့"

"သူတို့က ဘာကြောင့် အချိန်ဆွဲချင်နေရတာလဲ"

"တစ်ယောက်အကြောင်း တစ်ယောက် ပိုပြီး လေ့လာနိုင်အောင် လို့ပါ၊ ဒါမှ အိမ်ထောင်သည်ဘဝကျရင် အထစ်အငေါ့ မရှိဘဲ အဆင်ပြေ မယ်တဲ့လေ"

ဒေါ်မြရင် ခေါင်းကုတ်သည်။

"အင်း. . . ခေတ်ကာလ သားသမီးတွေများ ဘယ်လို နားလည် ရမှန်းတောင် မသိတော့ပါဘူး၊ မြန်ချင်လဲ သူတို့၊ နှေးချင်လဲ သူတို့"

"ထားပါတော့လေ၊ သုံးလေးလလောက် နောက်ကျမှာပါ၊ ဆောင် ခင်တော့ ဖြစ်အောင် စီစဉ်ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ထားရယ်"

"ကျွန်မကတော့ မင်္ဂလာဆောင်ကို အင်းလျားလိတ်မှာ လုပ်ဖေ မလားလို့ စိတ်ကူးနေတယ်"

"ကောင်းပါတယ်၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားလေ၊ ကျွန်ုပ် တို့ မိတ်ဆွေသင်္ဂဟတွေထဲမှာ ချမ်းသာတဲ့လူတွေ ရှိသလို ချို့ချို့တဲ့တဲ့ လူတွေလဲ ရှိတယ်၊ တချို့က ကားတွေဘာတွေ ရှိတာ မဟုတ်ဘူး၊ အင်း လျားလိတ်မှာဆိုရင် ကားငှားရဘာရနဲ့ သက်သက် ဒုက္ခပေးသလို ဖြစ်နေ မယ်"

"ဒါလဲ ဟုတ်တာပဲ၊ ကဲလေ. . . စထရင်းပေါ့၊ ကရဝိတ်တို့ ကန်တော်ကြီးလဲ ထည့်စဉ်းစားတန် စဉ်းစားရမှာပဲ"

ဒေါ်မြရင်သည် ခေါင်းတညိတ်ညိတ်နှင့် စိတ်ကူးတွေ ယဉ်နေပုံ ရသည်။

. . . . . .





ရုပ်ရှင်ရုံက ထွက်လာပြီးနောက် သမ္မတဟိုတယ် လက်ဖက်ရည် ခန်းမှာ ထိုင်သည်။ ဆင်းဒဝစ်နှင့် လက်ဖက်ရည်အိုး မှာသည်။

သည်ဆိုင်က လူရှင်းသည်။ သန့်ရှင်းသန့်ရပ်သည်။ ဆိတ်ငြိမ် သည်။ အေးအေးဆေးဆေး ထိုင်စကားပြောလို့ ကောင်းသည်။ အခန်းထဲ မှာ စားပွဲသုံးခုလောက်မှာသာ ရှိသည်။ စားပွဲတစ်ခုမှာ နိုင်ငံခြားသား သုံးယောက် ထိုင်နေသည်။ တစ်ယောက်က ခင်ခင်ကြည်ကို မကြာခဏ လှမ်းလှမ်းကြည့်သည်။

ခင်ခင်ကြည်က ရိုးရိုးကလေး ဝတ်လာသည်။ ယောထမိနှင့် အင်္ကျီဖြူလက်ရှည်။ ထို့ကြောင့် မြန်မာဆန်ဆန် လှနေ၏။ နိုင်ငံခြားသား တွေ ငေးကြည့်ရသော အလှကြောင့် မင်းမျိုး ဂုဏ်ယူနေသည်။

"ကြည်က သိပ်လှတာပဲ"

ဟု သူက ရုတ်တရက် ပြောလိုက်သဖြင့်. . .

"ကိုမျိုးကလဲ ဘာအရူးထတာလဲ"

"အရူးထတာ မဟုတ်ဘူး၊ ကြည့်ရင်းကြည့်ရင်းက တစ်စိမ့်စိမ့်



www.burmeseclassic.com

www.burmeseclassic.com

လှတာလို့ ပြောတာ"

ပြောပြီး စိုက်ကြည့်နေပြန်သည်။ ခင်ခင်ကြည်က. . .

"ဟင်း. . . အဲဒီလို မကြည့်နဲ့"

ဆိုပြီး ခေါင်းငုံ့သွားသည်။

"တကယ်ပါ ကြည်ရယ်၊ ကြည် လှပုံကလေ. . . ဆီဆေးနဲ့ ဆွဲထားတဲ့ ပုံတူပန်းချီကားတစ်ချပ်ကို ကြည့်ရသလိုပဲ"

"ရှင်းစမ်းပါဦး"

ဟု ခင်ခင်ကြည် ပြုံး၍ ပြောသည်။

"ဒီလိုလေ၊ ကာလာနဲ့ ရိုက်ထားတဲ့ မိန်းမလှလေး တစ်ယောက်ရဲ့ ဓာတ်ပုံ၊ ထားပါတော့ ပြက္ခဒိန်အဖုံးတစ်ခု၊ လှတော့ လှတယ်၊ နံရံမှာ အလှချိတ်ထားရုံသက်သက်ပဲ၊ ကြာတဲ့အခါကျတော့ ရိုးသွားရော၊ ဆီဆေး ပုံတူပန်းချီကားတစ်ချပ်ကျတော့ ဘယ်တော့မှ မရိုးဘူး၊ တစိမ့်စိမ့် ကြည့် လေ တန်ဖိုးရှိလေပဲ၊ ကြည်ရဲ့အလှဟာ ဆီဆေးပန်းချီကား တစ်ချပ်လို ဂုဏ်ယူစရာ အလှမျိုးလို့ ဆိုလိုတာပဲ"

"တော်ပါတော့. . . မနေတတ်တော့ဘူး"

မင်းမျိုးက ဆက်ပြောဦးမည် ပြုစဉ် လက်ဖက်ရည်နှင့် မုန့် ရောက်လာသည်။ မင်းမျိုးသည် ခင်ခင်ကြည့် ပန်းကန်ထဲသို့ အကျရည် နို့သကြားတို့ ထည့်ပေးသည်။ ခင်ခင်ကြည်အတွက် နို့များများ၊ သူ့ အတွက်တော့ ခပ်ကျဲကျဲ ဖျော်သည်။

ခင်ခင်ကြည်က ဆင်းဒဝစ်တစ်ခု ယူပြီး မင်းမျိုးကို ကမ်းသည်။

"စားပါ၊ ကြည် စားလေ"

"ဘယ်ဟုတ်မလဲ၊ ကိုမျိုးက အသက်ကြီးလို့ ဦးချတာ"

မင်းမျိုးက မုန့်ကို လှမ်းယူသည်။

"ကိုမျိုးက ဆေးလိပ်ဖြတ်လိုက်တော့မှ ဝလာတယ်၊ ညညဆို ကောင်းကောင်း အိပ်ပျော်တယ်၊ တစ်ခါတစ်ခါ ကြည့်အကြောင်း စဉ်းစား တဲ့အခါကျမှ အိပ်လို့မပျော်တာ၊ ကြည်ကော ကိုမျိုးအကြောင်း စဉ်းစားပြီး



အိပ်ပျော်တာမျိုး မဖြစ်ဘူးလား"

"ဟင့်အင်း. . . ကြည်တော့ ပျော်အောင် အိပ်ပစ်လိုက်တာပဲ"

"အင်၊ ဒါဆို ကိုမျိုးကို မေ့ထားလို့ ရတယ်ပေါ့"

"ဘယ်ဟုတ်မလဲ၊ မြန်မြန်အိပ်ပျော်မှ အိပ်မက်ထဲမှာ ကိုမျိုးနဲ့ တွေ့ရမှာ မဟုတ်လား"

ခင်ခင်ကြည် တွေးပုံကို မင်းမျိုး သဘောကျသွားသည်။

"အစတုန်းက ကြည့်ကို ဒီလောက် လာလိမ့်မယ် မထင်ဘူး တော်တော် ရိုးရိုးတုံးတုံး နိုင်လိမ့်မယ် ထင်တာ"

"ကိုမျိုးနဲ့ ပေါင်းနေမှ ဒီလောက်တော့ ရှိမှာပေါ့"

"ကိုမျိုးက အိပ်မက်ထဲမှာ တော်တော် ကဲသလားဟင်"

ဟု မင်းမျိုးက မေးလိုက်သည်။ ခင်ခင်ကြည်က သွားဟု တိုးတိုး ရေရွတ်ပြီး လက်ထဲက ပေါင်မုန့် အပိုင်းအစကလေးဖြင့် ပစ်ပေါက်မည့် ဟန် ရွယ်သည်။ မင်းမျိုး ရယ်နေ၏။

"သူ နောက်နေတာနဲ့ စကားကောင်းကောင်း မပြောရဘူး၊ ပြောစရာ ရှိတယ် သိလား"

"ကိုမျိုးလဲ ပြောစရာ ရှိတယ်"

"ပြောလေ"

"ကြည် အရင်ပြောပါ"

ခင်ခင်ကြည်က လက်ဖက်ရည်တစ်ငုံ သောက်ပြီးမှ. . .

"ဆိုင်ကို ကိုမျိုးတို့ အမေ လာသွားတယ်၊ မေမေ့ဆီ လာလည် တာ ဘာပြောသွားသလဲ သိလား"

"သိတယ် ထင်တာပဲ၊ ကဲပါ ဆက်သာပြော"

"ကြည်တို့ နှစ်ယောက်အကြောင်း ပြောသွားတာပေါ့၊ ကိုမျိုးတို့ အမေကို ကိုမျိုး ပြောပြလိုက်သလား"

မင်းမျိုးက သူ အိပ်ပျော်နေတုန်း ရင်ဘတ်ပေါ် တင်ထားသော ဓာတ်ပုံကို ဒေါ်ထားထား တွေ့သွားသည့်အကြောင်း ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မေမေက ကြည့်ကို မေးတယ်"

"ကြည်က ဘာပြောလိုက်သလဲ"

"ဟုတ်မှန်တဲ့အတိုင်း ဝန်ခံလိုက်ရတာပေါ့"

"ဒေါ်ဒေါ်က ဘာပြောသလဲ"

"ဘာပြောရမလဲ. . . သဘောတူတော့တာပေါ့"

"ကြည်ပြောပုံက ချွင်းချက်တစ်ခု ပါနေသလိုပဲ၊ ဘာလဲ"

"အမေတွေရဲ့ ထုံးစံအတိုင်း ပြောတာပေါ့လေ"

"ဘာပြောတာလဲ"

ခင်ခင်ကြည်က ရှက်သလို မျက်နှာထားဖြင့် ခေါင်းခပ်ငုံ့ငုံ့ ဖြစ်သွားသည်။ တိုးတိုးပြောသည်။

"လက်မထပ်ခင် ထိန်းထိန်းသိမ်းသိမ်း နေဖို့ပေါ့"

"ဩော်. . . ဒါများ ကြည်ရယ်၊ ကိုမျိုးကို ယုံတယ် မဟုတ်လား"

ခင်ခင်ကြည် ခေါင်းညိတ်သည်။ ရုပ်ရှင်ရုံထဲမှာတုန်းက လူရှင်းသော ထောင့်ဆုံးခုံမှာ ထိုင်ရသော်လည်း မင်းမျိုးက လက်ကလေးကို ဆုပ်ကိုင်ထားရုံကလွဲပြီး အခွင့်အရေး ပိုမယူခဲ့။ တကယ်တော့လည်း မင်းမျိုးအဖို့ ဒီလောက်ဆိုလျှင်ပင် တစ်ပတ်လောက် တသသ ဖြစ်နေလိမ့်မည်။

"ကဲ. . . ကြည်တော့ ပြောပြီးပြီ၊ ကိုမျိုး ပြောစရာ ရှိတယ်ဆိုတာလဲ ပြောလေ"

"ကိုမျိုး ပြောချင်တာလဲ အဲဒါပဲ၊ မေမေ သိသွားတယ် ဆိုတဲ့ အကြောင်း ဖေဖေ့ကိုတော့ မပြောဖို့ ပိတ်ထားတယ်"

"ကြည်လဲ မေမေ့ကို အဲဒီလိုပဲ မှာထားတယ်"

ဆင်းဒဝစ်တစ်ခု ကျန်နေသည်။ မင်းမျိုးက. . .

"ကြည် စားလိုက်လေ"

ဟု ပြောပြီး ယူပေးသည်။

"ကိုမျိုး စားပါ"





"ကိုမျိုးက သုံးခုစားပြီးပြီလေ၊ ဒါဇင်ဝက် မှာထားတာဆိုတော့ ကြည်က နှစ်ခုပဲ စားရသေးတာပေါ့၊ ရော့. . . ကြည် စားလိုက်"

"ဟင့်အင်း ဒီလိုလုပ်၊ တစ်ယောက်တစ်ဝက်"

မင်းမျိုး ပေါင်မုန့်ကို တစ်ချပ်စီ ခွာလိုက်သည်။ အစာများသော အချပ်ကို ခင်ခင်ကြည်အား ပေးလိုက်သည်။ သူတို့နှစ်ယောက် ဆင်းဒဝစ်ကို နှစ်ချပ်ခွဲပြီး စားနေပုံကို မြင်သောအခါ စောစောက ကွက်ကြည့်ကွက်ကြည့် လုပ်နေသော နိုင်ငံခြားသားက သဘောကျပြီး ပြုံးသည်၊ မင်းမျိုးကို လက်ညှိုးနှင့်လက်မ ဝိုင်းပြသည်။

မင်းမျိုး မျက်မှောင်ကုတ်သွား၏။ လက်ညှိုးနှင့် လက်မ ဝိုင်းပြခြင်းသည် ပိုက်ဆံဟု အဓိပ္ပါယ်ရသည်။ ဘာသဘောနှင့် ဒါမျိုး လုပ်ပြတာလဲ၊ နောက်မှ အနောက်နှင့်အရှေ့ လက်ဟန်ခြေဟန်ဖြင့် သင်္ကေတပြပုံခြင်း မတူသည်ကို သွားသတိရ၏။

အရှေ့တိုင်းသားတို့အဖို့ လက်ပိုက်ခြင်းသည် အရိုအသေ ပေးခြင်းဟု အဓိပ္ပါယ်ရသော်လည်း အနောက်တိုင်းသားတို့ အတွက်တော့ လက်ပိုက်လျှင် မခန့်လေးစားလုပ်ခြင်းဟု ယူဆသည်။ ထို့အတူ လက်ညှိုးနှင့် လက်မ ဝိုင်းပြခြင်းကို အနောက်နိုင်ငံသားတို့က 'အိုကေ' ဟု အဓိပ္ပါယ်ကောက်ကြောင်း ဖတ်ဖူးသည်။

သည်နိုင်ငံခြားသားသည် မင်းမျိုးနှင့် ခင်ခင်ကြည်တို့နှစ်ယောက် လိုက်ဖက်ညီခြင်း၊ ကြင်ကြင်နာနာ ရှိခြင်းတို့ကို သဘောကျ၍ 'အိုကေ'ဟု ချီးကျူးလိုက်ခြင်းပင်။ ထို့ကြောင့် မင်းမျိုးက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

စားသောက်ပြီးတော့ ငွေရှင်းပြီး ထွက်လာခဲ့ကြသည်။ မင်းမျိုးက ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းလာသည်။ ခင်ခင်ကြည်က ကားအမြန်မောင်းတာ မကြိုက်သောကြောင့် ဖြစ်သည်။

"ကြည့်ကို ကိုမျိုး မေးစရာတစ်ခု ရှိသေးတယ်၊ မေးမယ်မေးမယ်နဲ့ မမေးဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေးချင်လဲ နောက်မှမေး၊ ကားမောင်းရင်း စကားပြောတာ မကောင်းဘူး၊ အာရုံက နှစ်ခုဖြစ်နေတော့ မတော်တဆ. . ."

"ဒီလောက်တော့လဲ ကျွမ်းပါသေးတယ် ကြည်ရာ"

ယောက်လမ်းအတိုင်း လာပြီး ဘုရားလမ်းကို ဖြတ်၍ ဦးဝိစာရ လမ်းပေါ် ရောက်လာသည်။

"ကဲ. . . လမ်းရှင်းပြီ၊ ပြောမယ်၊ ကြည် ကိုမျိုးအချစ်ကို လက်ခံခဲ့တာဟာ ကိုမျိုးမှန်း သိလို့လား၊ တကယ်လို့ ကိုမျိုးမှန်း မသိဘဲ တခြားလူ တစ်ယောက်လို့ ထင်နေခဲ့ရင်ကော ဘယ်လိုလဲ"

"ကြည် ပြောတတ်သလို ပြောမယ်နော်၊ ကိုမျိုးကို လက်ခံခဲ့တာက ဒီလို ကိုမျိုးရယ်၊ ကိုမျိုးမှန်း သိပေမယ့်လည်း ကြည် လက်ခံချင်မှ လက်ခံမှာပဲ၊ ကိုမျိုးရယ်လို့ မသိဘဲ တခြားလူတစ်ယောက်လို့ ထင်နေခဲ့မယ့်လည်း လက်ခံချင်မှ လက်ခံမိမှာပဲ၊ ကြည်ပြောတာ ရှင်းရဲ့လားဟင်"

"ရှင်းတယ် သိပ်ရှင်းတယ်၊ ကြည် ခုလိုပြောတာကို ကိုမျိုး သဘောကျတယ်၊ မိဘတွေ သဘောတူတဲ့သူမို့ လက်ခံတာ မဟုတ်ဘူး ကိုယ်က တကယ်ချစ်တဲ့သူမို့ လက်ခံ. . . ဟိုက် ပြဿနာပဲ"

မင်းမျိုး ပြောနေရင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသဖြင့်. . .

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

"ဟိုမှာ ရှေ့က မီးပွိုင့်မှာ ကြည်တို့ကား ရပ်ထားတယ်"

"ဟင်. . . ဖေဖေ ဖြစ်မှာပဲ၊ ဘယ်လိုလုပ်မလဲ"

ကားချင်းက ပေငါးဆယ်လောက်ပဲ ကွာတော့သည်။

"ဝပ်နေ ဝပ်နေ၊ မြန်မြန်လုပ်"

ခင်ခင်ကြည်သည် ကိုယ်ကို ကြုံ့ပြီး ကားဒက်ရှ်ဘုတ်နှင့် ကွယ်၍ ဝပ်နေလိုက်သည်။ မင်းမျိုး အပြင်းအထန် စဉ်းစားရပြီ၊ ဦးစိန်ကြည်၏ ကားက ဝိဇယ မီးပွိုင့် ဘယ်ဘက်ယာဉ်ကြောမှာ ရပ်ထားသည်။ မြေနီကုန်းဘက် ကွေ့မည့်သဘော၊ သူ့ကားဘေးယာဉ်ကြောမှာ ကားမရှိ၊ မင်းမျိုးအနေဖြင့် ဦးစိန်ကြည်၏ကားနှင့် ယှဉ်လျက် ရပ်လို့မဖြစ်၊





ပုန်းနေသော ခင်ခင်ကြည်ကို မတော်တဆ မြင်သွားနိုင်သည်။ ထို့အတူ ဦးစိန်ကြည်၏ ကားနောက်က လိုက်ပြီး ကွေ့လို့လည်း မဖြစ်၊ ညာဘက် ယာဉ်ကြောအတိုင်း ယူပြီး ကွေ့ထွက်သွားဖို့လည်း မဖြစ်နိုင်တော့။ သူ့နောက် ညာဘက်ယွန်းယွန်းမှာ ကားတစ်စင်း ရှိနေသည်။

ဖြစ်လိုရာဖြစ်ဆိုပြီး ဦးစိန်ကြည်၏ ကားနောက်ကပင် ရပ်လိုက်သည်။

"ခေါင်းမဖော်နဲ့နော်"

ထိုစဉ်တွင် မင်းမျိုး၏ ကားဘေးမှာ ရိန်းဂျားတစ်စင်း လာရပ်သည်။ အပေါ်စီး ဖြစ်နေသဖြင့် ရိန်းဂျား မောင်းလာသူက ဇက်ကလေး ပုပြီး ပုန်းနေသော ခင်ခင်ကြည်ကို မြင်သည်။ ဘယ်လိုဖြစ်တာပါလိမ့်ဆိုသော သဘောနှင့် ခပ်ကြောင်ကြောင် ကြည့်နေသည်။ မင်းမျိုးလည်း ဘာလုပ်ရမှန်း မသိသဖြင့် ဟဲဟဲဆိုပြီး သွားဖြဲပြလိုက်သည်။ ဟိုလူကလည်း ဘုမသိ ဘမသိ ပြန်ရယ်ပြလိုက်၏။

မီးစိမ်းသည် ဦးစိန်ကြည်ကား မြေနီကုန်းဘက် ကွေ့သည်။ မင်းမျိုးက တည့်တည့် မောင်းထွက်လာခဲ့သည်။ ကွယ်သွားတော့မှ ခင်ခင်ကြည် ခေါင်းပြန်ဖော်သည်။

"တွေ့များ သွားသလား မသိဘူး"

"မတွေ့နိုင်ပါဘူး၊ နောက်ပြီး ကိုမျိုးကို ကြည်တို့အဖေ မြင်ဖူးတာမှ မဟုတ်ဘဲ"

"ကားကို မှတ်မိချင် မှတ်မိနေမှာ၊ နောက်ကြည့်မှန်ကနေ ကြည့်ရင် နံပါတ်ကို မြင်ရတာပဲဟာ"

"စိတ်မပူနဲ့လေ၊ သိသွားတော့လဲ မြန်မြန်လက်ထပ်ဖြစ်ရုံအပြင် တခြားမရှိပါဘူး"

"ဟုတ်သားပဲ၊ ကြည်တို့အဖြစ်က ရယ်ရတယ်နော်၊ မိဘတွေ သဘောတူမှန်း သိလျက်နဲ့ ခိုးကြောင်ခိုးဝှက် လုပ်နေကြတာ"

"အဲဒါက အရေးမကြီးဘူး၊ ကြည်က ခုလောလောဆယ် အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လို့ မဖြစ်သေးဘူး၊ ဘယ်လိုလုပ်မလဲ"

ခါတိုင်းဆိုလျှင် မင်းမျိုးက မြေနီကုန်းဈေးထိ လိုက်ပို့သည်။ ခင်ခင်ကြည်က ထိုမှတစ်ဆင့် အိမ်သို့ သူ့ဘာသာ ပြန်သည်။ သည်နေ့ ကျတော့ ဦးစိန်ကြည်နှင့် ရှေ့ဆင့်နောက်ဆင့် အိမ်ပြန်ရောက်တာမျိုး မဖြစ်ချင်။

"ဒီလိုလုပ်လေ၊ ကြည့်ကို ဝင်းဝင်းတို့အိမ် လိုက်ပို့ပေး၊ အဲဒီမှာ ခဏခိုနေလိုက်မယ်၊ အဲဒီမှာ ညနေစောင်းအထိ နေမယ်၊ အိမ်ကိုလဲ ဝင်းဝင်းတို့ဆီမှာ ရောက်နေတယ်လို့ ဖုန်းဆက်လိုက်မယ်၊ ဒါဆို မသင်္ကာ စရာ မရှိတော့ဘူးပေါ့"

"ကောင်းသားပဲ၊ အရေးအကြောင်းဆို ကြည်ကမှ ကိုမျိုးထက် ပိုပြီး အကြံကောင်း ဉာဏ်ကောင်း ထွက်သေးတယ်"

"သူ့မလဲ လူကို အမြဲ ချီးကျူးနေတာပဲ"

"ချစ်တာကိုး"

ခင်ခင်ကြည် မျက်စောင်းထိုးသည်။

◊ ◊ ◊

ဦးစိန်ကြည်ကလည်း လူပါးတစ်ယောက်ပင် ဖြစ်သည်။ဟိုတစ်နေ့ က မြင်တွေ့ခဲ့ရသည်ကို စိတ်ထဲမှာ မတင်မကျ ဖြစ်နေ၏။ သူ ကား မောင်းလျှင် နောက်ကြည့်မှန်ကို ကြည့်သည့်အကျင့် ရှိ၏။

ဟိုနေ့က မီးပွိုင့်မှာ ကားရပ်တုန်း နောက်က ဘောက်စ်ဝက်ဂွန် ကားတစ်စင်း လာနေသည်ကို တွေ့သည်။ ဦးမျိုးမြင့်ကားနှင့် တူသည်ဟု





ရှိုက် ကြည့်မိသည်။ ကားထဲမှာ လူနှစ်ယောက် ပါသည်။ တစ်ယောက် က မိန်းကလေး တစ်ယောက်နှင့် တူသည်။ ကားမှန်ကို နေရောင်ဟပ်နေ သဖြင့် သဲသဲကွဲကွဲတော့ မမြင်ရ။

ထိုကားက သူ့ကားနောက်မှာ လာရပ်သည်။ နံပါတ်ကို ကြည့် လိုက်တော့ ဦးမျိုးမြင့်၏ကား၊ မောင်းလာသူက လူငယ်တစ်ယောက်၊ ဦးမျိုးမြင့်နှင့် နည်းနည်းဆင်သည်။ မင်းမျိုးပင် ဖြစ်ရမည်။

ထူးဆန်းတာက ခုန ကြည့်တုန်းက လူနှစ်ယောက် တွေ့ရသည်။ ခုတော့ မင်းမျိုး တစ်ယောက်တည်းကိုပဲ တွေ့ရတော့သည်။ မိန်းကလေး တစ်ယောက်ဟု ယူဆရသော တစ်ယောက်က ဘယ်ရောက်သွားသလဲ၊ ကားရပ်ပြီး ဆင်းသွားတာလဲ မဖြစ်နိုင်။ ကားမရပ်ဘဲ တောက်လျှောက် မောင်းလာခဲ့တာပဲ။

ပုန်းနေတာပဲ ဖြစ်ရမည်။ ဘာကြောင့် ပုန်းသလဲ၊ တစ်ယောက် ယောက် မမြင်စေချင်လို့၊ ဘယ်သူ မမြင်စေချင်တာလဲ၊ မိမိမှလွဲ၍ မဖြစ် နိုင်။ ဒါဆို. . .

ဦးစိန်ကြည် ဆက်စပ်စဉ်းစားကြည့်သည်။ ခုတလော သမီး လမ်းအထွက်များသည်ဟု ယူဆရသည်။ ဈေးမိတ်ရက်များတွင် သူငယ် ချင်းအိမ် သွားဦးမည်ဆိုပြီး ထွက်သွားတတ်သည်။

အိမ်ပြန်ရောက်သောအခါလည်း သမီးကို မတွေ့ရ။ သမီး ဘယ် သွားလဲဟု မေးသောအခါ ဒေါ်မြရင်က သူငယ်ချင်း တစ်ယောက်အိမ် သွားတယ်ဟု ဆိုသည်။ ဒေါ်မြရင် မျက်နှာထားက မလုံမလဲ ဖြစ်နေဟန်။

သူ အိမ်ပြန်ရောက်ပြီး နာရီဝက်ခန့် အကြာတွင် သမီးထံမှ တယ်လီဖုန်း လာသည်။ အင်းလျားလမ်းက သူငယ်ချင်းတစ်ယောက် အိမ်က ဆက်တာဟု ပြောသည်။

အချိန်က လေးနာရီလောက်ပဲ ရှိသေးသည်။ စိတ်ပူစရာကောင်း သည့် အချိန်မဟုတ်။ ဒါကို စိတ်ပူနေမှာစိုးလို့ ဆိုသော သဘောဖြင့် ဖုန်းဆက်ခြင်းသည် ရိုးရိုးသားသား မဟုတ်၊ တစ်စုံတစ်ခုကို ဖုံးကွယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဖြစ်နိုင်သည်။ သမီးသည် သူ့သူငယ်ချင်းအိမ်ကို တကယ် သွားတာပါဟု သက်သေပြခြင်း၊ ဥပဒေစကားဖြင့်ပြောရလျှင် 'အလီဘိုင်' ပြခြင်း ဖြစ်သည်။

မင်းမျိုး၏ ကားပေါ်မှာ ရိပ်ခနဲ တွေ့လိုက်ရသော မိန်းကလေး လိုလို လူတစ်ယောက်သည် သမီးဖြစ်နိုင်သည်။

သို့ဖြင့် သူသည် ဈေးထဲမှာ စုံစမ်းကြည့်သည်။ သူ ဝယ်နေကျ ဈေးဆိုင်မှ ကုလားလေးကို စောင့်ကြည့်ခိုင်းသည်။ သိပ်မကြာခင် သတင်း တစ်ခု ရသည်။ သမီးဆီကို ရုပ်ခပ်ဖြောင့်ဖြောင့် ကောင်ကလေး တစ်ယောက် လာတတ်သည်။ လာလျှင် ဒေါ်မြရင် မရှိသည့်အချိန်မှာ လာသည်။ သူနှင့် သမီးတို့ တော်တော်ရင်းနှီးပုံ ရသည်။ တစ်ခါတစ်လေ ဆိုင်မှာ ဒေါ်မြရင် ရှိနေလျှင် သမီးက အအေးဆိုင်မှာ ကောင်လေးကို ချိန်းထားပြီး စကားပြောကြသည်။

နောက်တစ်ခါ ကောင်လေး လာပြီး ပြန်လျှင် နောက်က မယောင်မလည် လိုက်သွား၊ သူ စီးလာသည့် ကားနံပါတ်ကို မှတ်ထား ဟု မှာခဲ့သည်။

မကြာမီ သိရ၏။ ထိုကောင်လေးသည် ဗောက်ဝက်စ်ဂွန် ကား နက်ပြာရောင်နှင့် လာသည်။ နံပါတ်က. . .

မင်းမျိုးဖြစ်ကြောင်း သေချာသွားသည်။ သူတို့က ဒီလို ဖြစ်နေ ကြပြီကိုး၊ ဘာကြောင့် လူကြီးတွေကို အသိမပေးဘဲ နေသလဲဆိုတော့ တွေးလို့မရ။ ဦးစိန်ကြည်သည် ထိုကိစ္စကို ဆက်ပြီး မသိချင်ယောင် ဆောင်နေလိုက်၏။





ဒီနေ့ အလုပ်တွေ အရေးကြီးနေသဖြင့် အလုပ်သမားတွေ ဘင် မနက်လုံး မအားကြရ၊ ထမင်းစားချိန် ခဏသာ နားရပြီး တောက် လျှောက် ဆက်လုပ်ကြရာ သုံးနာရီလောက်မှာ ပြီးသလောက် ရှိသွား သည်။

"ဒီနေ့တော့ တော်တော် ပင်ပန်းသွားတယ် ကိုမျိုးရေ၊ ညကျရင် တော့ အဖြူနှစ်လုံးလောက် ဆုချရမယ်နော်"

ဟု အလုပ်သမားခေါင်းဆောင် ကိုနီက တောင်းဆိုသည်။ ဟုတ် လည်း ဟုတ်သည်။ သူတို့ တော်တော် ပင်ပန်းကြသည်။

နယ်မှ လာသော ဟိုင်းလပ်ကားတစ်စီး အတိုက်ခံရသဖြင့် အမြန်ဆုံး ဘော်ဒီပြုပြင်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် မနက်ကတည်း က ဘော်ဒီထုသူကထု၊ သံပြားဖြတ်သူက ဖြတ်၊ ဂဟေဆော်သူကဆော် ပုတင်းဖို့သူကဖို့နှင့် တက်ညီလက်ညီ လုပ်ကြရာ ဆေးမှုတ်ဖို့ပဲ ကျန်သော အဆင့်သို့ ရောက်လာသည်။

"ပေးမှာပေါ့ဗျာ၊ ညနေအတွက်တင် မကဘူး၊ အခု နေ့လည်သဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် တိုက်ဦးမယ်၊ အလုပ်အားတဲ့လူတွေ သွားသောက်ကြ၊ ကျန်တဲ့လူတွေအတွက် အပြန်ကျ ချိုင့်နဲ့ ဆွဲခဲ့၊ နောက်ပြီး ခင်ဗျားတို့ကို သတင်းကောင်းတစ်ခု ပေးရဦးမယ်၊ ဖေဖေကလည်း ခင်ဗျားတို့ကို ဘောက်ဆူးသပ်သပ် ပေးလိမ့်ဦးမယ်"

"ဟေး. . . ဒါမှ တို့ဆရာကွ"

အလုပ်သမားတွေ ဝမ်းသာအားရ အော်ဟစ်သံတွေ ဆူညံသွားသည်။ ဒီကားအတွက် ဦးမျိုးမြင့်တို့လည်း အမြန်ကြေးအဖြစ် ငွေပိုရမည် ဖြစ်သည်။ ထို့ကြောင့် ဦးမျိုးမြင့်က အလုပ်သမားတွေကို ဆုအဖြစ် အပိုကြေး ထပ်ပေးမည် ဖြစ်သည်။

ဦးမျိုးမြင့်သည် အလုပ်သမားတွေအပေါ် အခွင့်အရေးတွေ ရက်ရက်ရောရော ပေးသလို စည်းကမ်းလည်း အလွန်ကြီးသည်။ ပစ်စလက်ခတ် လုပ်လျှင် ရေသာခိုလျှင် အပျင်းကြီးလျှင် သိပ်စိတ်ဆိုးသည်။ ထို့ကြောင့် ဦးမျိုးမြင့်ကို ကြောက်လည်း ကြောက်၊ လေးလည်း လေးစားကြသည်။

မင်းမျိုးကျတော့ သဘောလည်း ကောင်းပြီး အလုပ်သမားတွေနှင့် ရောရောနှောနှော နေသဖြင့် ပြောရဲဆိုရဲ ရှိကြသည်။

ကိုနီတို့အုပ်စု လက်ဖက်ရည် သောက်ဖို့ ထွက်သွားကြသောအခါ မင်းမျိုး သူ့စားပွဲမှာ ထိုင်သည်။ အံဆွဲထဲက ပုံစံစာရွက်တွေ ထုတ်သည်။

သူသည် အလုပ်လုပ်ရာတွင် သမားရိုးကျအတိုင်း မဟုတ်ဘဲ ထွင်တတ်တာတွေရှိသည်။ စံနစ်လည်း ကျသည်။ ပစ်ကပ်(ခေါ်)နောက်ဖွင့် ကားတစ်စီးအဖို့ အမိုးက တော်တော် အရေးပါသည်၊ ကားတစ်စီးသည် နဂိုပုံစံက ဘယ်လောက် လှနေနေ၊ အမိုးတပ်ပုံ ဟန်မကျလျှင် တော်တော် အရုပ်ဆိုးသွားတတ်သည်။

ထွင်လွန်းလျှင်လည်း မကောင်း၊ တစ်ချို့ကားများမှာ အမိုးပုံဆန်း တပ်လိုက်မှ မြင်းလှည်းအမိုးနှင့် တူသွားတာမျိုး ရှိသည်။ ပြီးတော့ အမိုးကို ကား၏ပုံစံ အနိမ့်အမြင့်ကိုလည်း ကြည့်ရသည်။ ခေါင်းလုံးလား





ခေါင်းပြားလား၊ ကိုယ်ထည်က ရှည်မျောမျောလား၊ ကျယ်ကျယ်ပြန့်ပြန့်လား ကြည့်၍ လိုက်ဖက်အောင် တပ်ပေးရသည်။

မင်းမျိုးက လူသုံးများသော မာဇဒါ၊ ဘီခြောက်ရာ၊ ဟိုင်းလပ်၊ ပါဘလစ်ကာ၊ ဆန်နီ စသော ကားများကို ဘေးတိုက် အနေအထားတို့မှ ခာတ်ပုံရိုက်ထားသည်။ ပြီးတော့ ထိုဓာတ်ပုံများကို ဖိုတိုစတက်ဖြင့် မိတ္တူများ ကူးယူသည်။

မိတ္တူပုံများပေါ်တွင် အမိုးဒီဇိုင်း နမူနာ အမျိုးမျိုး ဆွဲကြည့်သည်၊ ကားတစ်မျိုးအတွက် ဒီဇိုင်း ဆယ်ခုလောက် ထုတ်ထားသည်။ ကားပိုင်ရှင်တွေကို ပြပြီး ကြိုက်နှစ်သက်ရာကို ပြုလုပ်ပေးသည်။

ဒီဇိုင်းအဖြစ် စိတ်ကြိုက် ပြင်ဆင်ပြီးမှ အမှန်တကယ် ပြုလုပ်ခြင်း ဖြစ်သဖြင့် အမှားနည်းသည်။ လုပရုံသာ မဟုတ်၊ ခိုင်ခံ့မှုကိုပါ ထည့်တွက်ရသဖြင့် လွယ်ကူသောအလုပ်ကား မဟုတ်ချေ။

ဤသို့ အဘက်ဘက်က စေ့စပ်သေချာအောင် ပြုလုပ်ပေးသဖြင့် သူတို့လုပ်ငန်း နာမည်ကြီးခြင်းလည်း ဖြစ်သည်။

ခုတစ်ခါ အမိုးတပ်ဆင်ပေးရမှာက သူ့ယောက်ဖကားဖြစ်သည်၊ မေနွယ်မြင့် ယောကျ်ား ဇော်ဝင်းမြင့် နိုင်ငံခြားက သွင်းလာသော ဒုတ်ဆန်း ဆန်နီကား၊ ဒီကားကို အမိုးဒီဇိုင်းပုံစံသစ် ထုတ်ပြီး တပ်မည်၊ သူထုတ်ထားသော ပုံစံက အမိုးနှင့် ကိုယ်ထည်ကို တွဲသည့်တန်းများ ထောက်တိုင်များကို ဖျောက်ထားခြင်း ဖြစ်သည်။ ရုတ်တရက် ကြည့်လျှင် အမိုးသည် သူ့ဘာသာ လေထဲမှာ သီးခြားလွတ်နေသလို ထင်စေရမည်။

သူ့ ဒီဇိုင်းပုံစံကို သဘောကျစွာ ကြည့်နေတုန်း ကူရှင်ချုပ်သည့် ကောင်လေး သူ့နား ရောက်လာသည်။

"အစ်ကို နက်ဖြန်မနက်ကျရင် ကူရှင်တွေ ချုပ်တော့မယ်"

"ဆန်နီကားအတွက်လား"

"ဟုတ်ကဲ့၊ အဲဒါ. . . အစက နည်းနည်းလိုနေတယ်"

"ဟေ. . . ဘယ်လောက် လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ကိုက်လောက် လိုမယ် အစ်ကို"

"ပြဿနာပဲ. . . အဲဒီအစက သိပ်ရှားနေတာ၊ ဟိုးအရင်က လက်ကျန်တွေကွ၊ အကုန်ဖြတ်ဝယ်ထားတာ၊ ဒါနဲ့ မင်းကို အစက မေးတော့ ရတယ်ဆို"

"ကျွန်တော်က ထုံးစံအတိုင်း ဘေးတန်းထိုင်ခုံ လုပ်မယ် မှတ်လို့ ပြောလိုက်တာ၊ ခုဟာက ဆလွန်းကားလို ကူရှင်မျိုး တစ်ခုပါသေးတယ် မဟုတ်လား၊ အဲဒါက ပိုကုန်မှာမို့လို့"

မင်းမျိုးက နာရီကို ကြည့်သည်။

"ဈေးတောင် ပိတ်ခါနီးပြီ၊ သွားတော့ သွားကြည့်လိုက်မယ်၊ ရမှရပါ့မလား မသိဘူး"

မင်းမျိုး ဈေးသို့ ထွက်လာခဲ့သည်။ တစ်ချို့ဆိုင်တွေက သိမ်းတောင် သိမ်းစ ပြုနေပြီ။ သူလိုချင်သော သားရေမျိုးက ဘယ်ဆိုင်မှာမှ မရှိ။ တစ်ချို့ဆိုင်တွေဆိုလျှင် မြင်တောင် မမြင်ဖူး၊ မတတ်သာသည့်အဆုံး ဟိုအမျိုးသမီး ဆိုင်ကိုပင် သွားရတော့သည်။

"ပျောက်လှချည်လား ဆရာလေး"

"ဟုတ်တယ်ဗျာ၊ အလုပ်များနေလို့"

"ဘာလဲ. . . လဟာပြင်ဈေးထဲမှာလား အလုပ်များနေတာ"

"ဘာလဲဗျ၊ ဘာပြောတာလဲ"

"မသိချင် ခက်မယ်နော်၊ ဒီကလဲ မျက်စိနဲ့ နားနဲ့ပါပဲ၊ ကောင်မလေးက တော်တော်လှတယ်နော်"

"ကျွန်တော့် ညီမလေးပါ"

"လုပ်မနေနဲ့"

မင်းမျိုး ရယ်နေလိုက်သည်။ ဒီအမျိုးသမီး တော်တော်လျှင်တယ်ဟု တွေးမိသည်။

"ကဲ. . . ဆိုစမ်းပါဦး ဘာကိစ္စ"

မင်းမျိုးက နမူနာ သားရေစကို ပြသည်။ အမျိုးသမီးက ပခုံးတွန့်



က်ပြီး. . .

"ကိုမင်းမျိုးတို့ လုပ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ဒါမျိုး ခ ဝင်မှ မဝင်တော့တာ"

သို့ရာတွင် သူ့ဆီမှာ ရှိကြောင်း သူ့မျက်နှာထားအရ သိသာ ည်။

"ရမယ် မဟုတ်လား"

ဟု မေးသည်။

"လိုသလောက်တော့ ရမှာ မဟုတ်ဘူး၊ အရင်ကျန်တဲ့ ဖြတ်ကို းထားတာ လေးငါးကိုက်လောက်ပဲ ရှိမယ်"

"ဟာ. . . အတော်ပါပဲ၊ ကျွန်တော် လိုချင်တာကလည်း အဲဒီ ာက်ပဲ"

"ဒါဆိုလဲ ပြီးရောပေါ့၊ ကဲ. . . ဆိုင်သိမ်းရအောင်ဟေ့၊ မြန်မြန် ကြ"

ဟု ဆိုင်အကူ မိန်းကလေးတစ်ယောက်နှင့် ကောင်လေး နှစ် ာက်ကို လှမ်းပြောသည်။ မင်းမျိုး နားမလည်နိုင်ဘဲ. . .

"ဘယ်လိုလဲ. . . ပစ္စည်းက"

"အိမ်မှာ သိမ်းထားတယ်လေ၊ အိမ်လိုက်ယူရမှာ၊ တို့များလဲ ပြန်ဖို့ အဆင်ပြေသွားတာပေါ့"

မင်းမျိုးသည် အိမ်ကို မလိုက်ချင်၊ သို့ရာတွင် ခုကျမှ မလိုက်ဘူး ပြောရမှာ အားနာသဖြင့် ဆိုင်သိမ်းပြီးအောင် စောင့်နေလိုက်ရသည်၊ င်က ထွက်လာကြသောအခါ ဆိုင်အကူ မိန်းကလေးပါ ပါလာသဖြင့် းမျိုး စိတ်အေးသွားရသည်။ သို့ရာတွင် ကားနား ရောက်သောအခါ. . .

"ဟော. . . အခုမှ သတိရတယ်၊ ဟိုဆိုင်က ယူသွားတဲ့ပစ္စည်း က် ပိုက်ဆံ မတောင်းရသေးဘူး၊ ကဲကဲ. . . နင်ပဲ သွားတောင်းလိုက် င် နင့်ဘာသာ ပြန်ခဲ့"

ဆိုပြီး ကောင်မလေးကို လွှတ်လိုက်သည်။ ထို့နောက် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



က ကားရှေ့ခန်း မင်းမျိုးဘေးမှာ ဝင်ထိုင်လိုက်သည်။ မကန့်ကွက်သ
သဖြင့် ဘာမှမပြောတော့ဘဲ မောင်းထွက်လာခဲ့ရသည်။

အမျိုးသမီး နေတာက မြို့လယ် တိုက်ခန်းတစ်ခန်းမှာ
ထပ် ဖြစ်သည်။ တိုက်ခန်းရှေ့မှာ ကားရပ်ပြီးနောက် ကားထဲမှာပဲ စော
မည်ဟု မင်းမျိုး စိတ်ကူးသည်။

"ကဲ. . . ဆင်းလေ"

အမျိုးသမီးက ပြောသည်။ မင်းမျိုး ဆင်းလိုက်ရသည်။ တိုက်
တံခါးကို အပြင်က သော့ခတ်ထားသည်။ အထဲမှာ ဘယ်သူမှ ရှိဟန်မ
အမျိုးသမီးက သော့ဖွင့်သည်။ တံခါးဖွင့်သည်။ အိမ်ထဲ ဝင်သည်။ မင်း
သည် ခဏမျှ တွေရပ်နေပြီးမှ လိုက်ဝင်သည်။

အိမ်ထဲ အရောက်တွင် အမျိုးသမီး၏ အပြောကိုပင် မစော
တော့ဘဲ ဧည့်ခန်းကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့၊ ကော်
သောက်သွားပါဦး၊ ဖျော်လိုက်မယ်"

"နေပါစေ၊ ကျွန်တော် အချိန်မရလို့"

"အံမယ်. . . ပစ္စည်းရဖို့ပဲ အဓိက ထားတာပေါ့လေ၊ တော်သော
စိမ်းကားတယ်"

"အင်း. . . ကိုမျိုးတို့ကတော့ တော်တော် ကံကောင်းတယ်နော်
ပစ္စည်းတစ်ခုခု လိုချင်ရင် ဘယ်လောက်ရှားရှား အဆင်ပြေပြီး ရသွ
တတ်တယ်၊ တို့များကလဲ သူလိုချင်ရင် အဆင်သင့် ရအောင် စောင့်နေ
သလိုပဲ"

ဟု ပြုံးစစနှင့် ပြောသည်။ သူ ပြောသည်မှာ ကားကူ
ချပ်ဖို့ သားရေစအကြောင်း ဖြစ်သော်လည်း တခြား အဓိပ္ပါယ်လည်း
ကောက်လို့ ရသဖြင့် မင်းမျိုး ကြက်သီးထချင်သွားသည်။

"ကဲ. . . ခဏထိုင်ဦး၊ ပစ္စည်းသွားယူဦးမယ်"

ဆိုပြီး အတွင်းခန်းထဲသို့ သွက်လက်စွာ လှမ်းဝင်သွားသည်





အကြာတွင် အိမ်နေရင်း အဝတ်အစား လဲပြီး ပြန်ထွက်လာသည်၊
ကြီးက ရှန်သားလက်ပြတ်။

"ခဏစောင့်ဦးနော်၊ ပစ္စည်းက ရှာရဦးမှာ"

ဟု ပြောပြီး ပြန်ဝင်သွားပြန်သည်။ ဆယ့်ငါးမိနစ်လောက် ကြာ
သည်အထိ ပြန်ထွက်မလာ၊ မင်းမျိုးသည် သည်အခန်းထဲမှာ ဆက်ထိုင်
နေချင်တော့၊ အကြံတစ်ခု ရသည်။ အပြင် ပြန်ထွက်ပြီး ကားစက်ဖုံးကို
၍ ကားပြင်ချင်ယောင် ဆောင်နေလိုက်မည်ဟု စိတ်ကူးသည်။

ထိုစဉ်မှာပင် စောစောက ပိုက်ဆံတောင်းနိုင်းလိုက်သော ဆိုင်
ကောင်မလေး ပြန်ရောက်လာသည်။ သည်တော့မှ မင်းမျိုးလည်း
က်ပြင်းချနိုင်တော့သည်။

◊ ◊ ◊

မြင့်မြင့်သောင်းက လက်ဖက်သုပ်၊ ငါးခြောက်ကြော်နှင့် ရေနွေး
ကြမ်းအိုး တင်ထားသောဗန်းကို စားပွဲပေါ် ချပေးသည်။

"ကဲ. . . အေးအေးဆေးဆေး စကားပြောကြ၊ တို့လို အိမ်ထောင်
သည်တွေကတော့ တနင်္ဂနွေလဲ မအားရဘူး၊ လျှော်ဖွပ်စရာတွေ တင်ပဲ
ကြီး လုပ်လိုက်ဦးမယ်"

"အေးသိန်းရော"

စောစောက ခဏတဖြုတ် ထိုင်စကားပြောပြီး ပျောက်သွား
သော အေးသိန်းကို မင်းမျိုးက မေးသည်။

"သူ့လဲ ဝင်ကူခိုင်းရမှာပဲ၊ ဒီနေ့မှ ခြင်ထောင်ရော၊ စောင်ရော



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းအုံးစွပ်တွေရော လျှော်ရမှာ၊ ငါတစ်ယောက်တည်း မနိုင်

မြင့်မြင့်သောင်းသည် ကိုယ်ဝန် လအတော်ရင့်နေပြီ ဖြစ်

"နင်တို့လဲ အခုသာ လျှောက်လည်လိုက်ကြ၊ စားလိုက် သော လိုက်၊ ရုပ်ရှင်ကြည့်လိုက် နေနိုင်တာ၊ အိမ်ထောင်သည် ဘဝရော ဟိုကိစ္စ ဒီကိစ္စတွေနဲ့ လုံးလည်ချာလည် လိုက်နေတော့မှာ၊ အခု အ အောင် လည်ထားလိုက်ကြ"

ဟု ပြောပြီး ထွက်သွားသည်။ မင်းမျိုးက ငါးခြောက်ကြော် တစ်ပိုင်း ယူ၍ ခင်ခင်ကြည်ကို လှမ်းပေးရင်း...

"အားမကျဘူးလား" မေးသည်။

"ဘာကို အားကျရမှာလဲ၊ ခြင်ထောင်တွေ စောင်တွေ လျှော် တာကိုလား၊ တနင်္ဂနွေတောင် မနားဘဲ လျှော်ရဖွပ်ရတာလား"

ခင်ခင်ကြည်က ပြောပြီး ငါးခြောက်ကို ဖဲ့ဝါးသည်။ ရေ ကြမ်း နှစ်ပန်းကန် ငှဲ့သည်။ မင်းမျိုးက ရေနွေးကြမ်း ပန်းကန်ကို ယူ သုံးလေးကြိမ် မှုတ်သည်။ မသောက်သေးဘဲ...

"အိမ်ထောင်တစ်ခု တည်ထောင်ကြတဲ့အခါ လွယ်လွယ်လေး တော့ ဘယ်ရပါ့မလဲ ကြည်ရယ်၊ ဒါပေမယ့် ကိုမျိုးတို့အတွက်က တခြားလူတွေလောက် မခက်ခဲနိုင်ပါဘူး၊ ကိုမျိုးတို့မှာက စားဝတ်နေ အဆင်ပြေနေတယ် မဟုတ်လား၊ နောက်ပြီး ကိုမျိုးနဲ့ လက်ထပ်ပြီး ကြည် အဝတ်လဲ လျှော်စရာ မလိုပါဘူး"

"ဟင်... ကြည် ဘာမှ မလုပ်ဘဲတော့ မနေတတ်ဘူးနော်၊ ဆို ကိုတော့ ဆက်ထွက်မှ ဖြစ်မယ်၊ နောက်ပြီး ကြည်က ထမင်းဟင်း ချက်တာလဲ ဝါသနာပါတယ်၊ အဲဒါတွေတော့ လုပ်ခွင့်ပေးမှ ဖြစ်မယ်"

"ကိုမျိုးကလဲ ဇိမ်နဲ့ နေတတ်တဲ့ မိန်းမမျိုး မလိုချင်ပါဘူး၊ ကြည် ချက်တဲ့ ထမင်းဟင်းကိုလဲ ကိုမျိုး စားချင်ပါတယ်၊ မေမေဆိုလဲ ဒီလိုပဲ မီးဖိုထဲမှာ ဟင်းအိုးပြင်တာလောက်ဖြစ်ဖြစ် ဝင်လုပ်ရမှ ကျေနပ်တာ"

မင်းမျိုး ရေနွေးကြမ်း တစ်ငုံသောက်သည်။ လက်ဖက်တစ်ဇွန်း





ခပ်သည်။ ခင်ခင်ကြည်က လက်ဖက်ဇွန်းထဲသို့ ငါးခြောက်ကြော် တစ်ဖဲ့ ထည့်ပေးသည်။

"ကြည် တစ်ခုတော့ ပူတယ် သိလား"

"ဘာကိုလဲ၊ ပူရမှာကို ပူတာလား"

"စကားကောင်း ပြောမလို့၊ နောက်မနေနဲ့"

"ကဲ... ပြော"

"ဖေဖေတို့ မေမေတို့က ကြည်နဲ့ ခွဲနိုင်ပါ့မလား မသိဘူး၊ ကြည် ကိုမျိုးတို့အိမ်မှာ လိုက်နေတာကို ခွင့်ပြုပါ့မလားလို့"

"အဲဒါတော့ ညှိရမှာပဲ၊ ကိုမျိုးကလဲ အိမ်မှာ သားကြီးဖြစ်နေတယ်၊ ညီမတွေကလဲ သူတို့အိမ်နဲ့သူတို့ ထားပါလေ... ဒါတွေက ပြေလည်သွားမှာပါ"

မင်းမျိုးက ခင်ခင်ကြည်ကို စိုက်ကြည့်ပြီး...

"ကြည်... ကိုမျိုးတို့ လက်ထပ်ကြပါစို့"

"စောပါသေးတယ်၊ ဝါဝင်ဖို့ လိုသေးတာပဲ၊ ဝါမဝင်ခင် ဖြစ်ရင် ပြီးရော မဟုတ်လား"

"ကိုမျိုး ဆိုလိုတာတွေက လူကြီးတွေ၊ အဲ... ဖေဖေတို့တွေကို ဖွင့်ပြောလိုက်ဖို့ပါ၊ ဒါမှ စီစဉ်စရာ ရှိတာ ကြိုပြီး စီစဉ်နိုင်မယ် မဟုတ်လား၊ လူကြီးချင်း စကားပြောဖို့ လက်ထပ်ရက် သတ်မှတ်ဖို့ နောက်တစ်ခုက နွေဘက် သိပ်ရောက်သွားရင် မကောင်းဘူးလား"

"ဘာကို မကောင်းရမှာလဲ"

"နွေဆိုတော့ ပူတာပေါ့"

"ဘာဆိုင်လို့လဲ"

"ဩော်... ညားခါစ ကိုယ့်ချစ်သူနဲ့ အေးအေးဆေးဆေး ကြည်ကြည်နူးနူး နေရမယ့်အချိန်မှာ ချွေးတလုံးလုံး ပူလောင် အိုက်စပ်နေရ ဘယ်ကောင်းပါတော့မလဲ"

"ဒါဆို မိုးဦးကျမှ စီစဉ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့လဲ မိုးနဲ့လေနဲ့ဆိုတော့ မကောင်းဘူးလေ၊ မင်္ဂလာဆောင်ပွဲ လုပ်တဲ့နေ့ကျမှ မိုးတွေ အရမ်းရွာနေရင် ခက်မယ်၊ ကိုမျိုးပြောတာ မဟုတ်ဘူးလား"

ခင်ခင်ကြည်က ဘာမျှပြန်မပြောဘဲ စဉ်းစားနေသည်။ မင်းမျိုးကပင် ဆက်၍. . .

"ကိုမျိုးတို့မှာ ချစ်သူတွေရယ်လို့သာ ဆိုတယ်၊ ဘယ်မှာ ခဏခဏ တွေ့ရလို့လဲ၊ တစ်လမှ တစ်ခါနှစ်ခါ၊ ကိုမျိုးကတော့ ကြည့်ကိုနေ့တိုင်း တွေ့ချင်တာပဲ၊ နေ့တိုင်းတောင် မဟုတ်ဘူး၊ အချိန်တိုင်း တွေ့ချင်နေတယ်၊ လက်ထပ်ကြပါစို့ ကြည်ရယ်နော်"

မင်းမျိုးက ခင်ခင်ကြည့် လက်ဖမိုးကို အုပ်ကိုင်လိုက်သည်။

ခင်ခင်ကြည်က ဆတ်ကနဲ ရှန်းမည်ပြုပြီးမှ ငြိမ်နေလိုက်သည်။

"ဘယ်လိုလဲ ကြည်"

"ကိုမျိုးသဘောပဲလေ"

ဟု ခင်ခင်ကြည် ပြောသည်။

. . . ❀❀❀ . . .





ထမင်းဝိုင်းတွင် သားအမိ သားအဖ သုံးယောက် ဆုံသည်။ ဒေါ်ထားထားက ငါးဖယ်နှင့် အုန်းနို့ချက်ဟင်းကို ဦးမျိုးမြင့် ပန်းကန်ထဲ ခပ်ထည့်ပေးပြီး. . .

"စားကြည့်ပါဦး၊ ဘယ်လို နေသလဲလို့၊ ရှင်ကြိုက်တတ်လို့ ချက်ထားတာ၊ အုန်းနို့တော့ နည်းနည်း လျှော့ထားတယ်၊ သိပ်အီမှာစိုးလို့"

"ကောင်းပါတယ်၊ အသက်ကြီးလာတော့ အဆီအဆိမ့် နည်းနည်း လျှော့ထားမှ"

ဆိုပြီး ငါးဖယ်တစ်ဖတ် မြည်းကြည့်သည်။

"ဟာ. . ကောင်းတယ်ကွာ၊ သိပ်ကောင်းတယ်၊ ငါ့မိန်းမလက်ရာ ဘယ်တုန်းက မကောင်းဘဲ ရှိခဲ့ဖူးလို့လဲ၊ ဒါကြောင့်လဲ ဘာဟင်းပဲချက်ချက် အရွှေနဲ့ချည်း လွှတ်မထားနဲ့၊ တစ်ချက်နှစ်ချက် ဝင်မွှေတာလောက်ဖြစ်ဖြစ် လုပ်ပါလို့ မှာထားတာပေါ့"

ဒေါ်ထားထားက ပြုံး၍ ဘေးမှာ ရပ်နေသော အရွှေကို လှမ်းကြည့်သည်။ အရွှေက မဲ့ပြုံးပြုံး၏။

"ကျွန်မလဲ ဝင်တော့ ကြည့်ပါတယ်၊ ဒီနေ့တော့ နည်းနည်း မအီမသာ ရှိတာနဲ့ မီးဖိုထဲတောင် မဝင်ဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"ဟုတ်တယ် ကိုမျိုးမြင့်ရဲ့၊ ဒါ ကျွန်မ ချက်တာ မဟုတ်ဘူး။ အရှေ့ပဲ အစအဆုံး ချက်တာပဲ"

မင်းမျိုးက ခေါင်းငုံ့ပြီး ရယ်နေသည်။

"အေး. . . ဒါကြောင့် နည်းနည်း ပေါ့သလိုလိုတော့ ရှိတယ် ထင်သား"

ဟု ဦးမျိုးမြင့် အရှက်ပြေ ပြောသည်။ အရှေ့က. . .

"အစ်ကိုကြီးလဲ သူ့မိန်းမမှ သူ့မိန်းမ၊ ခုနတော့ ကောင်းလှချည်ရဲ့ဆို"

"အေးပါ ကောင်းပါတယ်၊ ငါ့မိန်းမ သင်ပေးတဲ့ နည်းအတိုင်း တသဝေမတိမ်း လိုက်ချက်တာ ဒီလောက်တော့ ကောင်းမှာပေါ့လေ"

အရှေ့က မျက်စောင်းထိုးပြီး ထွက်သွားသည်။ ဦးမျိုးမြင့်က တဟားဟား ရယ်နေ၏။

ထမင်းစားပြီးနောက် လိမ္မော်သီး တစ်လုံးစီ စားနေကြတုန်း ဒေါ်ထားထားက မင်းမျိုးကို မျက်ရိပ်ပြလိုက်သည်။ ခုလို စိတ်ကြည်ကြည်လင်လှင် ဖြစ်နေတုန်း ပြောဖို့ တိုက်တွန်းခြင်း ဖြစ်သည်။ မင်းမျိုးက မပြောရဲ၊ သူ့အဖေကို ကွက်ကြည့်ကွက်ကြည့် လုပ်နေရုံသာ။

ဦးမျိုးမြင့်က စားသောက်ပြီးသဖြင့် အိမ်ရှေ့ခန်း ထွက်သွားပြီး ပက်လက်ကုလားထိုင်မှာ ထိုင်၍ သတင်းစာ ဖတ်နေသည်။

ထမင်းစားခန်းမှာ သားအမိ နှစ်ယောက် ကျန်ခဲ့သည်။

"သားကလဲကွယ်. . . သိပ်နှုတ်နှေးတာပဲ၊ ပြောစရာရှိတာ ပြောပေါ့၊ မင်းအဖေ စိတ်ကြည်လင်နေတုန်း"

"ကျွန်တော် မပြောရဲဘူး မေမေ"

"ကဲ. . . ဒီလိုလုပ်၊ မေမေ ရှေ့က လမ်းကြောင်းပြီး ပြောပေးမယ်"

သားအမိနှစ်ယောက် အိမ်ရှေ့ခန်း ထွက်လာသည်။ မင်းမျိုးက ဦးမျိုးမြင့်ရှေ့မှာ ယို့ယို့ကလေး ရပ်သည်။ ဦးမျိုးမြင့်က မော့မကြည့်၊

"ကိုမျိုးမြင့်. . . သားက ပြောစရာတစ်ခု ရှိလို့တဲ့"

ဦးမျိုးမြင့်မှ မျက်နှာတစ်ချက် လှန်ကြည့်ပြီး. . .

"အေး. . . ပြော"

ဆိုကာ ခေါင်းဆတ်ပြသည်။ မင်းမျိုးက မပြောရဲသေးဘဲ ဖြစ်နေပြန်သည်။ သူ့အမေကို အကူအညီ တောင်းသလို ကြည့်၏။

"ဟိုဥစ္စာပါ၊ သားက ကိုစိန်ကြည်တို့ ရင်ရင်တို့ရဲ့ သမီးလေးကိစ္စ ပြောချင်လို့တဲ့၊ သူလဲ သွားကြည့်ခဲ့ပြီးပါပြီ"

ဒေါ်ထားထားက စကားဝင်ကြောင်းပေးရပြန်သည်။

"အဲဒါ ဘာဖြစ်သလဲ"

ဦးမျိုးမြင့် ခပ်ဆတ်ဆတ် မေးသည်။ စောစောတုန်းကလို ကြည်ကြည်လင်လင် မဟုတ်တော့ပြန်သဖြင့် မင်းမျိုး ပြောရမှာ တွန့်နေပြန်သည်။ ခင်ခင်ကြည်တို့ အိမ်ကို လာလည်သည့်နေ့မှစ၍ ဦးမျိုးမြင့်က သူ့ကို ခပ်မှန်မှန်သာ ဆက်ဆံခဲ့သဖြင့် မဝံ့မရဲ ဖြစ်နေခြင်းလည်း ပါသည်။ သူက အဖေကို ဖွင့်ပြောရမှာ ခင်ခင်ကြည်ကို ဖွင့်ပြောရတာထက် ခက်သေးတယ်ဟု တွေးလိုက်မိသေးသည်။

"ပြောလိုက်လေ သား"

ဒေါ်ထားထားက တိုက်တွန်းပြန်တော့မှ. . .

"ဟို. . . အဲဒီကိစ္စကို ဖေဖေတို့ သဘောကျသလို စီမံတဲ့အတိုင်း ကျွန်တော်. . . ဟို. . . နာခံပါတော့မယ်လို့. . . အဲဒါ. . . အင်း"

"ဘာ. . ."

ဦးမျိုးမြင့်က ဆတ်ခနဲ မော့ကြည့်ပြီး ပြောလိုက်သဖြင့် မင်းမျိုး လန့်ပြီး ခြေတစ်လှမ်း ဆုတ်မလိုတောင် ဖြစ်သွားသည်။

"ဘာလဲ. . . မင်းက ငါတို့ စိတ်ချမ်းသာပါစေတော့ဆိုပြီး လိုက်လျောတော့မယ် ဆိုပါတော့၊ နေပါစေကွာ၊ ငါတို့ကို ဘာမှ ငဲ့မနေနဲ့၊ မင်း မိန်းမ မယူချင်သေးဘူး မဟုတ်လား၊ ဒီတော့ ဒုက္ခရှာမနေပါနဲ့ကွာ







www.burmeseclassic.com

www.burmeseclassic.com



အေးအေးသာ နေပါ"

မင်းမျိုး ဘာပြန်ပြောရမှန်း မသိဘဲ ခေါင်းကုတ်နေသည်။ ဦးမျိုးမြင့်ကပင်. . .

"ငါတို့က ဖြစ်စေချင်လို့ စီစဉ်လိုက်ပြီးတော့မှ နောင်တစ်နေ့ ပြဿနာ တက်လာလျှင် ငါတို့ကြောင့်ဆိုပြီး လက်ညှိုးထိုးတာ မခံနိုင်ဘူး"

"မ. . . မဟုတ်သေးဘူး ဖေဖေ"

ဒေါ်ထားထားကလည်း တစ်စုံတစ်ခု ဝင်ပြောမည်အပြု ဦးမျိုးမြင့်က အပြောမခံဘဲ. . .

"အေး. . . မင်းအနေနဲ့တော့ မိဘစကားကို နားထောင်မယ်ဆိုတဲ့ အတွက်တော့ ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့်လဲ ငါတို့ စိတ်ချမ်းသာဖို့ အတွက် မင်းက စိတ်ဆင်းရဲရမယ်၊ အနစ်နာခံပေးရမယ် ဆိုတာတော့ မလိုလားဘူး၊ အင်း. . . မင်းရဲ့ဆန္ဒကို မမေးမြန်းဘဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် လျှောက်လုပ်ပစ်ခဲ့တာဟာ ဖေဖေ့အမှားပဲ၊ ဖေဖေ့ကို ခွင့်လွှတ်ပါကွာ"

ဦးမျိုးမြင့်က တကယ် စိတ်မကောင်းသည့် လေသံဖြင့် ပြောသည်။ ဦးမျိုးမြင့်သည် မင်းမျိုးကို ကောင်းကောင်း ပညာပေးနေခြင်း ဖြစ်ကြောင်း ဒေါ်ထားထား ရိပ်မိသဖြင့် ဘာမှ ဝင်မပြောဘဲ နေနေသည်။ မင်းမျိုးကတော့ ထူပူနေသဖြင့် မတွေးမိသေးဘဲ. . .

"ဒီ. . . ဒီလိုပါ ဖေဖေ၊ ကျွန်တော်ကိုယ်တိုင်ကလဲ သူ့အပေါ် ဟိုဒင်းဖြစ်ပါတယ်"

"ဘာဖြစ်တာလဲ"

"ကျွန်တော် ခင်ခင်ကြည်ကို စိတ်ဝင်စားနေမိပြီ ဖေဖေ"

"ဘာ. . . စိတ်ဝင်စားတယ် ဟုတ်လား၊ စိတ်ဝင်စားလျှင် မင်း ဘာသာ သွားပြော၊ ငါတော့ ပြောမပေးနိုင်ဘူး"

"မဟုတ်ဘူး ဖေဖေ"

"မဟုတ်ရင် ပြီးရော"

"မဟုတ်ဘူးဆိုတာ ဟုတ်တယ်လို့ ပြောတာပါ"





ဒေါ်ထားထား ပြုံးမိ၏။ သူ ဝင်ပြောပေးမှ ဖြစ်တော့မည်ဟု. . .။

"ဒီလိုပါ ကိုမျိုးမြင့်၊ သားနဲ့ ခင်ခင်ကြည်တို့ဟာ လူငယ်ချင်းလဲ မေတ္တာမျှနေကြတယ်လေ၊ ဒါကြောင့် ကျွန်မတို့က လူကြီးတို့ ဝတ္တရားအတိုင်း"

ဦးမျိုးမြင့် ဝုန်းခနဲ ထရပ်သည်။ မင်းမျိုးသည် လန့်ပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်သွားသည်။

"လူငယ်ချင်း မေတ္တာမျှနေကြရင် မင်းတို့ဘာသာ လုပ်ချင်တာ လုပ်ကြ၊ ငါ ဘာမှ လုပ်မပေးနိုင်ဘူး၊ စိန်ကြည်တို့ကို ငါ ဘယ်လိုလုပ် မျက်နှာပြရမလဲ၊ သူတို့ ဒီကို လာလည်တုန်းက မင်းလုပ်ထားတဲ့ကိစ္စ ကြောင့် တစ်ခါကနစ်ခါ မျက်နှာအပျက်မခံနိုင်ဘူး၊ ဒါပဲ"

ဟု ပြောပြီး ထွက်သွားသည်။

မင်းမျိုးသည် ဒေါ်ထားထားကို မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ ဒေါ်ထားထားကတော့ ခပ်ပြုံးပြုံးပင်။

မင်းမျိုး၏ လက်မောင်းကို ကိုင်၍. . .

"စိတ်မပူပါနဲ့ သားရယ်၊ အဆင်ပြေသွားမှာပါ၊ မင်းအဖေ အကြောင်း မေမေ သိပါတယ်"

ဟု နှစ်သိမ့်ပြီး ဦးမျိုးမြင့် နောက်ကို လိုက်သွားသည်။

◇ ◇ ◇

ဦးမျိုးမြင့်သည် အိပ်ခန်းထဲ ရောက်သောအခါ ခုတင်ပေါ် ထိုင်ချလိုက်ပြီး တဟားဟား ရယ်နေသည်။ ထိုစဉ်တွင် ဒေါ်ထားထား အခန်းထဲ ဝင်လာသဖြင့် မျက်နှာပိုးသတ်၍ တည်လိုက်ပြီး. . .

"ဘာလဲ. . . ဘာမှ လာထပ်မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေါက်လိုက်သည်။ ဒေါ်ထားထားက အပြုံးမပျက်. . .

"လုပ်မနေပါနဲ့ ကိုမျိုးမြင့်ရယ်၊ ဒီလောက် နှစ်ပေါင်းများစွာ ပေါင်းလာတဲ့ဟာ ရှင့်အကြောင်း မသိဘဲ နေပါ့မလား၊ ရှင် စောစောက ဘာလို့ ရယ်နေရတာလဲ"

ထိုအခါကျမှ ဦးမျိုးမြင့် ပြန်ရယ်လိုက်ပြီး. . .

"ခွေးမသား. . အဲ. . ခွေးမျိုး. . အဲ. . . ခွေးကောင်၊ ကျွန်တော်က ခင်ခင်ကြည် ကြိုက်နေပြီ၊ လိုက်တောင်းပေးပါဆို ပြီးတဲ့ကိစ္စကို ဖေဖေတို့ သဘောကျသလို စီမံပါဘာညာနဲ့၊ သူကပဲ ငါတို့ကို လိုက်လျောရသလို အကြောကြီးနဲ့ လာလုပ်လို့ ဒီကောင့်ကို စိတ်နည်းနည်း ညစ်သွားအောင် လုပ်လိုက်တာ"

"ကဲပါ၊ ခုတော့ ရှင်ဖြစ်စေချင်သလို ဖြစ်သွားပြီ မဟုတ်လား"

"ငါ ရိပ်မိနေတာ ကြာပါပြီကွာ"

"ဟင်. . . ဟုတ်လား"

"အေး. . . ဒီကောင် ခုတလော သိပ်သွက်နေတယ်၊ မျက်နှာကြီးလဲ မချိုမချဉ်နဲ့၊ ပြီးတော့ တစ်ခါတစ်ခါ အလုပ်ရုံကနေ လှစ်ခနဲ လှစ်ခနဲ ပျောက်ပျောက်သွားကတည်းက မသင်္ကာ ဖြစ်နေတယ်"

"ကဲ. . . ဒီတော့ ကိုစိန်ကြည်တို့ ရင်ရင်တို့နဲ့ တိုင်ပင်ပြီး လုပ်စရာ ရှိတာ ဆက်လုပ်ဖို့ပဲ ကျန်တော့တာပေါ့"

"အင်း. . . ဒါပေမယ့် စိန်ကြည်တို့နဲ့ မျက်နှာချင်း ပြန်ဆိုင်ရမှာ မျက်နှာတော့ အပူသားကွ၊ ဟိုတစ်ခါ သူတို့ အိမ်လာတုန်းက ဟိုကောင် လုပ်လိုက်ပုံနဲ့ မျက်နှာပျက်ထားရတာ"

"အို. . . ဒါက အဲသေးအဖွဲ့ပါလေ၊ ခု အဆင်ပြေပြီပဲဟာ"

"စိန်ကြည်က အမှတ်သည်းခြေ ကြီးတယ်ကွ၊ သူတို့ ဒီကို လာပြီးတဲ့နောက် ငါလဲ အားနာလို့ သူ့ဆီတောင် မရောက်ဘူး၊ လမ်းမှာတော့ တစ်ခါတွေ့တယ်၊ သိပ်ဟက်ဟက်ပက်ပက် မရှိဘူးကွ၊ အိုးတိုးအမ်းတမ်း ဖြစ်နေတယ်"



"ဒါကတော့ သူက သမီးရှင်ပဲလေ၊ နည်းနည်းတော့ ရှိမှာပေါ့၊ နှမကတော့ ဒီကြားထဲ ရင်ရင်နဲ့ တွေ့ဖြစ်ပါတယ်၊ ရင်ရင်က ဘယ်လိုမှ သဘောမထားပါဘူး"

"ဘာလဲ. . . သားနဲ့ ခင်ခင်ကြည်နဲ့ အကြောင်းကိုလဲ မင်းတို့ချင်းတော့ ပြောပြီးကြပြီ ဆိုပါတော့"

"ဒါပေါ့ရှင်"

"အင်း. . . မင်းလည်း ခြေလှမ်းတော့ အတော် သွက်တာပဲ၊ သားအကြောင်း စိန်ကြည်ကိုရော အသိပေးပြီးပြီလား"

"အသိမပေးနဲ့ဦးလို့ ပြောထားတာပဲ"

"အေး. . . ကောင်းတယ်"

"ကဲ. . . ဒီတော့ စကားပြောဖို့ဆိုဖို့ ဘယ်တော့လောက် စီစဉ်ချင်သလဲ"

"ခုပဲ စီစဉ်ချင်တယ်"

"အို. . . မဟုတ်တာ"

"ဘာမဟုတ်ရမှာလဲ၊ လုပ်စရာရှိ မြန်မြန်ထက်ထက် လုပ်လိုက်ပြီးတာပဲ၊ ကဲ. . . အဝတ်အစားလဲ၊ စိန်ကြည်တို့အိမ် သွားရအောင်"

"ခုသွားလို့ ဘယ်ဖြစ်ဦးမလဲရှင်၊ နည်းနည်းပါးပါး ကြိုပြောပြီး ချိန်းရဦးမှာပေါ့၊ နောက်ပြီး ကျွန်မတို့ချည်း သွားလို့လဲ မကောင်းသေးပါဘူး၊ လူကြီးလူကောင်း တစ်ယောက်နှစ်ယောက်တော့ ပါဦးမှပေါ့"

"ငါက လူကြီးလူကောင်း မဟုတ်လို့ ကလေကချေလား"

"မဟုတ်သေးပါဘူးလေ၊ ဒါမျိုးဆိုတာ ထုံးစံအတိုင်း လုပ်မှပေါ့၊ ကြားထဲက ပြောဆိုပေးဖို့ ဂုဏ်သရေရှိ. . ."

"မလိုပါဘူးကွာ၊ စိန်ကြည်နဲ့ ငါနဲ့က သူငယ်ချင်းတွေပဲဟာ၊ ကြားထဲက ဘယ်သူပြောဖို့ လိုဦးမှာလဲ"

"ဒါ သားရေး သမီးရေးရှင့်၊ တစ်သက်လုံးကိစ္စ၊ မင်္ဂလာဆောင် ပေါ့ပေါ့ဆဆ လုပ်လို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ အခုဟာက ငါတို့ချင်း နားလည်မှု ရအောင် ညှိရုံလောက်ပါ။ စေ့စပ်ကြောင်းလမ်းတာကို နောက်တော့ သက်သေ လုပ်တာပေါ့၊ အဲဒီအခါကျတော့ မင်းကြိုက်သလိုလုပ်၊ ဂုဏ်သရေရှိ လူကြီး လူကောင်းတွေ ဆယ်ယောက်လောက် ခေါ်သွား ဟုတ်ပြီလား"

ဆိုပြီး သူ့အင်္ကျီတွေ ချိတ်ထားသည့် ဗီရိုကို ဖွင့်သည်။

"နေစမ်းပါဦး၊ ရှင်က ဘာလို့ ဒီလောက် လောနေရတာလဲ"

ဦးမျိုးမြင့်က အင်္ကျီတစ်ထည်ကို ချိတ်မှ ဖြုတ်နေသဖြင့် လှည့် မကြည့်ဘဲ. . .

"ဒီကိစ္စအတွက် ငါစောင့်နေရတာ ဘယ်လောက် ကြာပြီလဲ နောက်တစ်ရက်တောင် မဆိုင်းနိုင်ဘူးကွ"

ဒေါ်ထားထား ပြုံးသည်။ သူ့ယောကျ်ားအကြောင်း သိပြီးသား ဖြစ်၍ ထပ်ပြောမနေတော့။

'ရင့်ရင့်ဆီ ဖုန်းဆက်တော့မှ ပိုကောင်းမယ်၊ ကျွန်မတို့ လာမယ် ဆိုတဲ့အကြောင်း"

"သဘောပဲ"

ဒေါ်ထားထား အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။ မင်းမျိုး ဧည့်ခန်းထဲမှာ ခပ်ကြောင်ကြောင် ထိုင်နေဆဲ။ ဒေါ်ထားထားကို မြင်သော အခါ. . .

"ဖေဖေက ဘာတဲ့လဲ"

"အဆင်ပြေပါတယ် သားရယ်၊ မင်းအဖေက မင်းကို သက်သေ စနေတာပါ"

"ဒါဆို စေ့စပ်ဖို့ကိစ္စ"

"အေး. . . မေမေတို့ သွားကြမယ်လေ"

"ဘယ်တော့လဲ"

"အခုပဲတဲ့ကွယ်"

"ဟာ. . . ဖေဖေကလဲ လုပ်တော့မယ်"





"မင်းအဖေအကြောင်း သိသားပဲ၊ သားကကော သဘောမကျ ဘူးလား၊ မြန်လေကောင်းလေပေါ့"

"ကျွန်တော်ကော လိုက်ရမှာလား"

မင်းမျိုး မေးလိုက်ပုံမှာ ငယ်ငယ်က လူကြီးတွေ အပြင်သွားခါနီး မေးပုံမျိုး။

"သား လိုက်ဖို့ မလိုသေးပါဘူး၊ ခုဟာက လူကြီးချင်း အသိ အမှတ် ပြုရုံပဲ၊ နောက်မှ စေ့စပ်ပွဲ သက်သက်လုပ်မယ်"

ဒေါ်ထားထား ဖုန်းလှည့်သည်။ တစ်ဖက်က ဖုန်းကိုင်သည်။ ခင်ခင်ကြည် ဖြစ်၏။

"သမီးလား၊ ဒေါ်ဒေါ်ပါ၊ အေး. . . မေမေ ရှိလား၊ သမီး ခဏ လောက်"

ဖုန်းကိုင်သူမှာ ခင်ခင်ကြည် ဖြစ်ကြောင်း သိသဖြင့် မင်းမျိုး စကားပြောချင်လာသည်။ သို့ရာတွင် မသင့်တော်မှန်း သိသဖြင့် ဆန္ဒကို မျိုသိပ်ထားလိုက်ရ၏။

"ဟဲလို"

ဒေါ်မြရင် ဖုန်းကိုင်သည်။

"ရင်ရင်လား ထားပါ၊ ကျွန်မတို့ ခုပဲ အဲဒီကို လာကြမလို့ ကိုစိန်ကြည်ရော ရှိတယ် မဟုတ်လား၊ အင်း. . . ဟိုကိစ္စပေါ့၊ အင်း ပြောထားလိုက်တော့လေ၊ ဒါပဲနော်. . ."

◊ ◊ ◊

"ကိုမျိုးမြင့်တို့ လာလည်ကြမလို့တဲ့"

ဟု ဒေါ်မြရင်က ပြောသည်။ ဦးစိန်ကြည်က မျက်မှောင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် ကုတ်ပြီး. . .

"ဘာကိစ္စတဲ့လဲ"

"ဩော်. . . သားရေးသမီးရေးကိစ္စ ဆိုပါတော့"

"သားရေးသမီးရေး ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မလဲ သမီး ဟိုတစ်နေ့က ပြောမှပဲ သိတော့တယ်၊ ဒီလို ကိုစိန်ကြည်ရေ့၊ သမီးနဲ့ မောင်မင်းမျိုးနဲ့ လူငယ်ချင်း မေတ္တာမျှနေကြပြီလေ"

"ဟုတ်လား၊ ဟာ. . . ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ"

ဦးစိန်ကြည်က ဘာမျှ မသိသေးဟန် ဆောင်ပြီး မေးလိုက်သည်။ တကယ်တော့ သူ သိပြီးသား၊ ဒေါ်မြရင် ပြောသော ဟိုတစ်နေ့ကလည်း ကျွန်မလဲ သိတယ်ဆိုတာ မမှန်ကြောင်းလဲ သိပြီးသား။

"ကျွန်မလဲ အံ့ဩတာပဲ၊ တိုက်တိုက်ဆိုင်ဆိုင်ရှင်၊ လူကြီးချင်း သဘောတူနေကြပြီးတော့ လူငယ်ချင်းကလဲ မေတ္တာမျှသွားကြတယ်ဆိုတော့ အားလုံး အဆင်ပြေချင်လို့ ဖြစ်လာကြတာပဲ"

ဒေါ်မြရင်က ဝမ်းသာအားရ ပြောသည်။ ဦးစိန်ကြည်က ပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ကဲ. . . ကျွန်မ အဝတ်အစားလေးဘာလေး လဲလိုက်ဦးမယ်"

"ဘာ. . . မင်းက ဘယ်သွားဦးမလို့လဲ"

"အို. . . ဘယ်မှ မသွားပါဘူး၊ ဟိုက လာကြရင် ဧည့်ခံဦးမယ်လေ၊ ရှင်လဲ အဝတ်အစား လဲထားပါလား"

"ဟာ. . . ကိုယ့်အိမ်ကိုယ် နေတဲ့ဟာ"

"ဒါက မင်္ဂလာ ယူရမယ့်အချိန်လေ၊ အိမ်နေရင်း အဝတ်အစားနဲ့ ဘယ်ဖြစ်ပါ့မလဲ"

"ဩော်. . . ဩော်. . . ဟုတ်လား၊ လဲဆိုလဲ လဲရတာပေါ့လေ"

. . . [illegible] . . .





ဦးမျိုးမြင့်နှင့် ဦးစိန်ကြည်၊ ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့ မျက်နှာချင်းဆိုင် ထိုင်နေမိကြပြီ။ ခင်ခင်ကြည်ကိုတော့ ဒေါ်မြရင်က ထွက်မလာနဲ့ဦး၊ ခေါ်မှလာဟု မှာထားသည်။

"ငါတို့လဲကွာ၊ အလုပ်က များတာနဲ့ မင်းတို့ အိမ်ဘက်တောင် မရောက်ဖြစ်ခဲ့ဘူး"

ဦးမျိုးမြင့်က ပြောသည်။ အလျင်က မျက်နှာပူသဖြင့် မလာဖြစ်ခဲ့သည်ကို အကြောင်းပြ ကာကွယ်လိုက်၏။ ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့ကလည်း သူတို့ချင်း တွေ့ဖြစ်ခဲ့ကြသည်ကို ခုမှပဲ တွေ့ကြသယောင် ဟန်ဆောင်နေကြ၏။

"ခုမှပဲ မဖြစ်ဖြစ်အောင် ကြိုးစားပြီး လာခဲ့ရတာလေ ရင်ရင်ရဲ့"

ဒေါ်ထားထားက ပြောရာ ဒေါ်မြရင်ကလည်း. . .

"အင်း. . . ဒီလိုမှလဲ တွေ့ကြတော့မှာကိုး"

ဟု အလိုက်သင့် ပြန်ပြောသည်။

"အေးအေးဆေးဆေးပဲ မဟုတ်လား၊ ထမင်းစားပြီးမှ ပြန်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ဦးစိန်ကြည်က ပြော၏။ ဦးမျိုးမြင့်တို့ ဘာကိစ္စ လာသည်ကို သူ သိပြီးဖြစ်သော်လည်း မသိသလို လုပ်နေသည်။

မပိန်က လက်ဖက်ရည်နှင့် မုန့်များ လာချပေးသည်။ ထို့နောက် အတွင်းခန်း ဝင်ပေါက်နားမှာ အသာခိုကပ်၍ နားစွင့်နေသည်။ ခင်ခင်ကြည်သည် လူကြီးတွေ ဘာပြောကြသလဲဟု သိလည်း သိချင်သည်။ သူကိုယ်တိုင် ချောင်းနားထောင်လို့လည်း မသင့်တော်၊ ထို့ကြောင့် မပိန်ကို စောင့်နားထောင်ခိုင်းထားခြင်း ဖြစ်သည်။

ဦးမျိုးမြင့်နှင့် ဦးစိန်ကြည်တို့သည် အလ္လာပသလ္လာပ စကားတွေ ပြောနေကြသည်။ လိုရင်းကို မစရသေး၊ ဦးမျိုးမြင့်က ဦးဆောင်၍ ငယ်ငယ်က ပျော်စရာ ကောင်းပုံတွေ ပြောနေခြင်း ဖြစ်သည်။ ဦးစိန်ကြည်က ခေါင်းညိတ်လိုက်၊ အင်းလိုက်လိုက်၊ တစ်ခွန်းတစ်လေ ဝင်ပြောလိုက်နှင့် ရှိသည်။

တကယ်တော့ ဦးမျိုးမြင့်သည် စကားပြောရင်းက ဦးစိန်ကြည်ကို အကဲခတ်နေခြင်း ဖြစ်သည်။ ဦးစိန်ကြည်ကလည်း ဦးမျိုးမြင့်ကို ပြန်လှန် အကဲခတ်နေ၏။

ဒေါ်မြရင်သည် သည်းခံ စောင့်ဆိုင်းမနေနိုင်တော့သဖြင့်. . .

"သားတော်မောင်ကော ဘာဖြစ်လို့ ခေါ်မလာသလဲ"

ဟု 'ဟိုအကြောင်း' ကို စကားစနိုင်အောင် လမ်းစဖွင့်ပေးလိုက်သည်။ ဒေါ်ထားထားသည် ရင်ရင်က သည်လိုတော့လဲ အပါးသားပဲ ဆိုသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"အဲဒါ ပြောမလို့ပေါ့၊ သား မောင်မင်းမျိုးအကြောင်းလေ၊ တိုင်ပင်စရာလေး ရှိလို့ လာခဲ့ကြတာပဲ"

ဒေါ်ထားထားက ပြောပြီး ဦးမျိုးမြင့်ကို ကြည့်သည်။

ဦးမျိုးမြင့်က ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်ပြီး. . .

"အေးကွာ၊ ကိုယ့်သူငယ်ချင်း အချင်းချင်း အကြောင်းသိတွေပဲ၊





သိပ်ပြောနေစရာလဲ မလိုတော့ပါဘူး၊ ကိစ္စကတော့. . ."

"ဆိုစမ်းပါဦး"

ဦးစိန်ကြည်က စကားထောက်ပေးသည်။

"သားရေးသမီးရေး ဆိုပါတော့"

ဦးစိန်ကြည်က ဘာမှ ထူးခြားမှုမရှိသလို နေသည်။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသလိုလည်း ရှိသည်။ ဘာမျှတော့ ပြန်မပြော။ ဦးမျိုးမြင့်က. . .

"မင်းမျိုးဆိုတာက မင်းတို့ရဲ့ တူလိုသားလို နေခဲ့တာပဲ မဟုတ်လား၊ ခင်ခင်ကြည်ကိုလဲ ငါတို့က သမီးရင်းလို သဘောထားပါတယ်။ အင်းလေ. . . ဒီလောက် ပြောရင် မင်းတို့လည်း သဘောပေါက်ပါပြီ၊ အကြောင်းသိတွေပဲဟာ၊ အဆင်ပြေလိမ့်မယ် ထင်ပါတယ်"

"သမီးက တစ်ဦးတည်းသော သမီးဆိုတော့ အရိပ်တကြည့်ကြည့်နဲ့ နေခဲ့တာလေ၊ ဗိုင်းကောင်းကျောက်ဖိ ဖြစ်အောင်လဲ သွန်သင်ဆုံးမထားတာဆိုတော့. . ."

ဒေါ်မြရင်၏ စကားကို ဒေါ်ထားထားက ဆက်၍. . .

"ဒါကြောင့်လဲ ကျွန်မတို့က သားအတွက် သင့်တော်မယ်ထင်လို့"

ဦးစိန်ကြည်က လက်ကာပြပြီး. . .

"မဖြစ်နိုင်ပါဘူး"

ဟု ရုတ်တရက် ပြောလိုက်သည်။ ဘယ်လိုမှ ထင်မထားသော စကား ဖြစ်သဖြင့် ကျန်သုံးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"အားတော့ နာပါတယ်ကွာ၊ ငါ့အနေနဲ့ သမီးကို အိမ်ထောင်ပြုပေးဖို့ စိတ်ကူးမရှိသေးဘူး"

ဦးမျိုးမြင့်မှာ အငိုက်မိသလို ဖြစ်ပြီး ဘာပြန်ပြောရမှန်း မသိအောင် ရှိနေသည်။ ဒေါ်ထားထားသည်လည်း ထို့အတူ။ အဆိုးဆုံးက ဒေါ်မြရင် ဖြစ်သည်။ သူကိုယ်တိုင်ပင် ဦးစိန်ကြည်ကို ဘယ်လိုနားလည်



www.burmeseclassic.com

www.burmeseclassic.com



ရမှန်း မသိတော့။

"ကိုစိန်ကြည်ရယ် စဉ်းစားပါဦး"

ဒေါ်ထားထား၏အသံ ခပ်ပျော့ပျော့ ထွက်လာသည်။ ဒေါ်မြရင်ကလည်း ကြားဝင် စေ့စပ်ဖို့ ကြိုးစားသည့်အနေဖြင့်. . .

"ထားရေ. . . ကိုစိန်ကြည်က သူ့သမီးကို ကလေးပဲ ရှိသေးတယ် အောက်မေ့နေတာ"

ဦးစိန်ကြည်က ခေါင်းကို ယမ်းလိုက်ပြီး. . .

"ဘယ်ကလာ ကလေးလို့ ထင်ရမှာလဲ၊ သမီးအသက် အစိတ်ရှိပြီဆိုတာ ငါသိသားပဲ"

"ဒါဖြင့် ဘာဖြစ်လို့"

"ငါ့အကြောင်းနဲ့ ငါပေါ့ကွာ"

ဦးမျိုးမြင့် အမေးကို ဦးစိန်ကြည် ဖြေသည်။

"တခြား စီစဉ်ထားတာများ ရှိလို့လားရှင်"

ဒေါ်ထားထား ဝင်မေးပြန်သည်။ ဦးစိန်ကြည်က ခေါင်းခါပြ၏။

"ဒါဆိုလည်း လက်ခံလိုက်ပါလား ကိုစိန်ကြည်ရယ်"

"မဖြစ်နိုင်ဘူးလို့ ပြောပြီးပြီပဲ မထား"

ဦးမျိုးမြင့်သည် အခြေအနေကို ရိပ်စားမိစ ပြုလာပြီ။ မိမိတို့အိမ်ကို ဦးစိန်ကြည်တို့ လာသည့်နေ့က ဖြစ်ပျက်ခဲ့သည့်ကိစ္စကြောင့် သူတို့ဘက်က တန်ဖိုးပြန်မြှင့်ဖို့အတွက် ခုလို လုပ်နေခြင်း ဖြစ်ရမည်။ ဦးစိန်ကြည်မှာ ငယ်ငယ်ကတည်းက အကြောမခံချင်တတ်သည့်ဉာဉ်ရှိကြောင်း သတိရမိ၏။

ထိုအချိန်တွင် မပိန်ကလည်း သူ ချောင်းနားထောင်၍ သိရသမျှ အခြေအနေကို ခင်ခင်ကြည်ထံ သတင်းပို့သည်။ ခင်ခင်ကြည် စိုးရိမ်သွားသည်။ အခြေအနေက ထင်ထားတာနှင့် ပြောင်းပြန်ဖြစ်နေ၏။ ရှေ့ဆက် ဘာတွေ ပြောကြမလဲဟု သိချင်လာသည်။ ထို့ကြောင့် သူကိုယ်တိုင်ပင် တံခါးပေါက်အကွယ်မှ စောင့်နားထောင်နေလိုက်သည်။





ခုချိန်မှစ၍ ဦးမျိုးမြင့်နှင့် ဦးစိန်ကြည်တို့ ပညာပြိုင်ကြရတော့သည် ဖြစ်၏။ လောလောဆယ်တွင် ဦးစိန်ကြည်က အသာစီး ရနေသည်။ သို့ရာတွင် ဦးမျိုးမြင့်ဆီမှာ ထုတ်သုံးစရာ နည်းဗျူဟာတစ်ခု ကျန်သေးသည်။ ထို့ကြောင့်. . . .

"အခုလို လာပြောရတာက ငါတို့ လူကြီးတွေရဲ့ သဘောတစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ လူငယ်တွေရဲ့ ဆန္ဒအရ လာပြောရတာပါ"

"ဘယ်လိုပါလိမ့်"

"မင်း မသိသေးဘူး ထင်တယ်၊ သားနဲ့သမီးတို့ဟာ သူတို့လူငယ်ချင်းလဲ မေတ္တာမျှနေကြပြီ ဆိုတာပဲပေါ့ကွာ"

ဦးမျိုးမြင့်က ခပ်ပြုံးပြုံး ပြောသည်။ ဦးစိန်ကြည် တွေခနဲ ဖြစ်သွား၏။ အံ့ဩသွားခြင်းကား မဟုတ်ချေ။ ထိုကိစ္စကို သူ သိနေပြီးဖြစ်ကြောင်း ဖွင့်ပြောလိုက်ရ ကောင်းမလား၊ ခုမှ သိရသလို လုပ်လျှင် ကောင်းမလား ချိန်ဆနေခြင်း ဖြစ်သည်။

"ဒါ အမှန်ပဲလား"

ဒေါ်မြရင်ဘက် လှည့်မေးသည်။

"ဟုတ်ပါတယ်"

ဟု ဖြေသည်။

"ငါ့ကို စောစောက ဘာဖြစ်လို့ မပြောသလဲ"

တကယ် ပြောပြီးသား ဖြစ်ပါလျက် မပြောရသေးသလို လုပ်နေသဖြင့် ဒေါ်မြရင် ဘာပြန်ပြောရမှန်းမသိ။ ခဏကြာမှ. . .

"သမီးက ရှင်ဆူမှာစိုးလို့ မပြောပါနဲ့ဦးဆိုလို့"

ဟု မဝံ့မရဲ ဟန်ကလေးဖြင့် ပြောလိုက်သည်။ ဝမ်းထဲကတော့ ကျေနပ်နေ၏။ ဒေါ်ထားထားက မသိမသာ ပြုံးသည်။ ဦးမျိုးမြင့်ကတော့ ဦးစိန်ကြည်၏ အမူအယာ ပြောင်းလဲမှုကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ တော်တော် ဟန်ဆောင် ကောင်းတဲ့ကောင်ဟု စိတ်ထဲက မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ."

ဦးစိန်ကြည်က စကားပြောဖို့ အစပျိုးသည်။ ကျန်လူသုံးယောက်သည် ဦးစိန်ကြည်ကို စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ ချောင်းနားထောင်နေသော ခင်ခင်ကြည်လည်း ဗိုင်းကြည့်ရင်း ပြောမည့်စကားကို ရင်တွေ ဖိုနေ၏။ ဦးစိန်ကြည်က အားလုံးကို တစ်ယောက်စီ ပြန်ကြည့်လိုက်ပြီးမှ. . .

"ဆနွင်းမကင်းလေးများ စားကြပါဦး၊ အောင်ကြီးဆိုင်က ဝယ်ထားတာ၊ အတော်ကောင်းတယ်"

ဦးမျိုးမြင့် သက်ပြင်းချလိုက်သည်။

"စိန်ကြည်. . မင်းနဲ့ငါဟာ တစ်ယောက်အကြောင်းတစ်ယောက်သိတဲ့ ငယ်သူငယ်ချင်းတွေပါကွာ၊ ဒီလောက် ပြောနေရမယ့်လူတွေ မဟုတ်ပါဘူး၊ တကယ်လို့ ငါတို့နဲ့ ပတ်သက်ပြီး၊ အဲ. . . ငါ့သားနဲ့ ပတ်သက်ပြီးတော့ မင်းစိတ်ထဲမှာ မရှင်းတာ ရှိရင် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

ဦးမျိုးမြင့် ချောင်ပိတ်ဖမ်းဖို့ ကြိုးစားလိုက်ခြင်း ဖြစ်သည်။ ဦးစိန်ကြည်က ပြုံး၍. . .

"မင်းတို့ကသာ သားရေးသမီးရေးဆိုပြီး ပြောနေတယ်၊ ငါတို့က မင်းတို့သားကို မြင်တောင် မမြင်ဖူးသေးဘူး"

ဦးစိန်ကြည် လိုချင်နေသောအချက်၏ လမ်းစကို ရပြီဟု ဦးမျိုးမြင့် ထင်လိုက်သည်။ သူပြောတာ နည်းလမ်းကျနေသည်။ ထို့ကြောင့်. . .

"အေး. . . ဒါတော့ ငါတို့ရဲ့ ချွတ်ယွင်းချက်ပဲ၊ ဒီနေ့လဲ သားကို ခေါ်လာမလို့ဟာ၊ လူကြီးတွေရှေ့မှာ အနေရခက်နေမှာစိုးလို့၊ အေးကွာ. . တစ်နေ့လောက် မင်းမျိုးကို ခေါ်လာခဲ့ပါ့မယ်၊ မင်းတို့ ငါ့သားနဲ့ စကားပြောကြည့်ပါဦး"

ဒေါ်မြရင်ကတော့ မင်းမျိုးနှင့် စကားပြောခဲ့ဖူးပြီ ဖြစ်၏။ ထိုရက်တွင် မင်းမျိုး ဆိုင်ကို ရောက်လာသည်။ ခင်ခင်ကြည်က မိတ်ဆက်





ပေးသည်။ ကောင်လေးက ရည်ရည်မွန်မွန်ကလေး၊ ရိုးသားပုံလည်းရသည်။ မကျေနပ်စရာ ဘာမျှမရှိ၊ သို့ရာတွင် ခုချိန်မှာတော့ ထိုအကြောင်းကို ပြောပြလို့ မဖြစ်နိုင်ချေ။

ဦးစိန်ကြည်က ပြောပြန်သည်။

"ငါတို့မှာ ဒီသမီးလေး တစ်ယောက်တည်း ရှိတယ်ဆိုတာလဲ သတိထားဦးမှပေါ့၊ သမီးရှင်ဆိုတာ အစစအရာရာ သတိထားရတယ်၊ နောက်ပြီး ငါ့သမီးက သိပ်ရိုးတာ၊ အကောင်းအဆိုး သိပ်ခွဲခြားနိုင်တာ မဟုတ်ဘူး၊ ယုံလွယ်တတ်တယ်"

"မင်းမျိုးက ငါ့သားပါကွ"

"မင်းသားဆိုပြီး ဗွတ်နှစ်ယုံလို့ ရမလား မျိုးမြင့်"

ဦးမျိုးမြင့် မျက်မှောင် ကုတ်သွားသည်။ ဦးစိန်ကြည်က ဘာကြောင့် ဒီလိုစကားတွေ ပြောနေသလဲ။ မင်းမျိုးမှာ မရိုးမသား လုပ်ထားတာ တစ်ခုများ ရှိနေသလား၊ မဖြစ်နိုင်။

"ငါ့သားကိုတော့ ငါယုံတယ်ကွာ"

ဟု ပြောလိုက်သည်။ ဦးစိန်ကြည်က. . .

"ငါတော့ မယုံနိုင်ဘူး"

"ရှင်းရှင်းပြောစမ်းပါ စိန်ကြည်၊ မင်းသမီးကို ငါ့သားနဲ့ သဘောမတူနိုင်ဘူးပေါ့"

"အေး. . . ဒီသဘောပဲ"

ခင်ခင်ကြည် မျက်လုံးပြူးသွားသည်။ ခုချိန် ထွက်ပြီး တစ်ခုခု ဝင်ပြောရကောင်းမလား၊ ဘာပြောရမှန်း သူ မသိ၊ အခြေအနေက ရှုပ်ထွေးနေသည်။ ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့သည်လည်း မထင်တာတွေ ဖြစ်နေသဖြင့် ကြက်သေသေပြီး တစ်ခွန်းမှ မဟနိုင်ဘဲ ဖြစ်နေ၏။

"အေး. . . ဒါဆို ပြီးတာပဲ၊ တစ်ခုတော့ ငါသိချင်တယ်၊ မင်းက ငါ့သားကို ဘာသဘောမကျစရာ ရှိလို့လဲ"

"လူဆိုတာ ခက်သားကလားကွာ၊ အပြင်ပန်းအားဖြင့် ရိုးတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ရပေမယ့် မမြင်ကွယ်ရာမှာ ရိုးချင်မှ ရိုးမှာပေါ့"

"မင်းက ငါ့သားကို လူရုပ်လူပွေလို့ ဆိုလိုတာလား"

ဦးမျိုးမြင့် မျက်နှာထားတည်တည်ဖြင့် မေးလိုက်သည်။ ဦးစိန်ကြည်က ပုံမှန်လေသံဖြင့်. . .

"ဒါကတော့ မင်းသားကို မင်းပြန်မေးကြည့်ပေါ့ကွာ"

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ ကိုစိန်ကြည်"

ဒေါ်မြရင် မနေနိုင်တော့ပဲ ဝင်ဟန့်သည်၊ မရ။

"ငါ အဓိပ္ပါယ်ရှိတဲ့စကားကို ပြောနေတာ၊ မျိုးရိုးဆိုတာလဲ ထည့်တွက်ရသေးတယ်နော်"

"မင်း စကားပြောတာ ကြည့်ပြောရင် ကောင်းမယ် စိန်ကြည်"

ဦးမျိုးမြင့် လေသံက မာလာသည်။

"အို. . . နေပါဦးလေ၊ ဘာတွေ ဖြစ်နေတယ်ဆိုတာလဲ ရှင်းပြပါဦး ကိုစိန်ကြည်"

ဦးစိန်ကြည်က ပြုံး၍. . .

"သိချင်ရင်တော့ ပြောရတာပေါ့ဗျာ၊ ခင်ဗျားတို့သားဟာ ရှေ့တင်မှာ ရိုးချင်ယောင်ဆောင်ပြီး ကွယ်ရာကျတော့ ရုပ်တယ်ပွေတယ်ဆိုတာ ကျုပ်ကိုယ်တိုင် မျက်မြင်ပဲ၊ အင်းလေ. . . ဒါကလဲ မဆန်းပါဘူး သားဆိုတာ အဖေနဲ့ တူတတ်တာပဲ"

"ဟော့ကောင်. . . မင်း ငါ့ကို မစော်ကားနဲ့"

ဦးမျိုးမြင့် ဝုန်းကနဲ ထရပ်လိုက်သည်။ သူ ငယ်ငယ်က ရည်းစားများခဲ့တာကို ဦးစိန်ကြည်သည် ရုပ်သည်ပွေသည်ဟု စွပ်စွဲလိုက်ခြင်း ဖြစ်သည်။

"ဒီမှာ စိန်ကြည်၊ မင်းသမီးနဲ့ ငါ့သားကို မပေးစားနိုင်ဘူး၊ ဒါပဲ မဟုတ်လား၊ မဆိုင်တာတွေ ပြောနေစရာ မလိုဘူး၊ ငါ့ဘာသာ ငယ်ငယ်က စွံလို့ ရည်းစားများတယ် ဘာဖြစ်သလဲ၊ ဒါ ရုပ်တာပွေတာ မဟုတ်ဘူး၊ မင်း ငါ့လို မစွံခဲ့လို့ မနာလို ဖြစ်ပြီး ငါ့သားကို ရမယ်ရှာတာ





သား၊ ဒီမှာ မမြရင်၊ ခင်ဗျားက ကျုပ်တို့ကို အိမ်အလည် ဖိတ်ပြီးမှ ခွေးနဲ့ ရှူးတိုက်သလို ဖြစ်နေပြီ"

"ဘာကွ"

ဦးစိန်ကြည်လည်း ဝုန်းခနဲ ထရပ်သည်။

"မင်း ငါ့အိမ်ထဲက အခုထွက်သွား"

"မသွားတော့ ဘာလုပ်ချင်သလဲ"

"အင်"

ဦးစိန်ကြည်က ရှေ့တစ်လှမ်း တိုးသည်။ ဦးမျိုးမြင့်က အကျီလက်မောင်းကို ပင့်ပြီး. . .

"သတ္တိရှိရင် လာခဲ့လေကွာ"

"တယ်လေ၊ ငါ"

"တော်ကြပါတော့၊ လူကြားလို့တောင် မကောင်းဘူး"

ဒေါ်ထားထားက ဦးမျိုးမြင့်လက်ကိုဆွဲသည်။ ဦးမျိုးမြင့်က ခါထုတ်၏။ ဒေါ်မြရင်ကလည်း ဦးစိန်ကြည်ကို ဆွဲသည်။ မရ။

"မင်းက ဘာကောင်လဲ၊ ပိုက်ဆံလေး နည်းနည်း ချမ်းသာလို့ လုပ်ါးဝတာလား"

ဦးစိန်ကြည်စကားက ဦးမျိုးမြင့် ဒေါသကို ဆွပေးလိုက်သည်။ သူ ငယ်ငယ်က ရုန်းကန် လှုပ်ရှားခဲ့ရသည်ကို အစဖော်၍ စော်ကားခြင်း။

"ဟင်. . . မင်း. . . မင်း"

ဦးမျိုးမြင့်က လက်သီးနှင့် လှမ်းထိုးသည်။ ဦးစိန်ကြည်က ငုံ့ရှောင်ပေးလိုက်သည်။ ဦးမျိုးမြင့်ကို ပြန်ထိုးသည်၊ မထိ။ လက်သီးက လေထဲမှာ ဝဲဝဲသွား၏။

"အံမယ်လေး. . . ဒုက္ခပါပဲ၊ လုပ်ကြပါဦး"

"ဆွဲပါဦး ရင်ရင်ရဲ့၊ ဆွဲပါ"

ခင်ခင်ကြည်လည်း ပြေးထွက်လာပြီး သူ့အဖေကို ဝင်ဆွဲသည်။ ဆွဲကြ၊ လွဲကြ၊ ရုန်းကြ၊ ကန်ကြနှင့် ဝုန်းဒိုင်းကြဲကုန်သည်။ မနိုင်



www.burmeseclassic.com

www.burmeseclassic.com



လန့်ဖျပ်ပြီး. . .

"အံမယ်လေး. . . လုပ်ကြပါဦးတော်၊ ဒီမှာ သတ်ကုန်ကြပြီ" ဟု အသံကုန် အော်သည်။ ထိုအခါကျမှ ဦးစိန်ကြည်က. . .

"ဟေ့. . . မပိန် တိတ်စမ်း"

ဟု ဟန့်လိုက်သည်။

ဦးစိန်ကြည်ကို ဒေါ်မြရင်နှင့် ခင်ခင်ကြည်တို့က တစ်ဖက်စီ ဆွဲထားသည်။ ဦးမျိုးမြင့်ကို ဒေါ်ထားထားက လက်မောင်းကို ကိုင်ချုပ်ထားရသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် အတန်ကြာအောင် အပြန်အလှန် စိုက်ကြည့်နေကြသည်။

ဦးစိန်ကြည်က. . .

"ဒီမှာ မျိုးမြင့်၊ မင်းနဲ့ငါနဲ့ ဒီတစ်သက် ဆက်ပြီး ပတ်သက်စရာ အကြောင်းမရှိတော့ဘူး၊ နောက်ဆုံး စကားတစ်ခွန်းတော့ ပြောလိုက်မယ် မင်းသားက ရွှေထွက်နေရင်တောင် ငါ့သမီးနဲ့ မပေးစားဘူး၊ ဒါပဲ"

ဦးမျိုးမြင့်က မခိုးမခန့် ရယ်၍. . .

"အေး. . . ငါကလဲ ဒီလိုပါပဲ၊ မင်းသမီးက ရေနံထွက်နေရင် တောင် ငါ့သားနဲ့ မပေးစားဘူး၊ ဒါပဲ. . . သွားမယ်"

◊ ◊ ◊

"ရှင် ဘယ်လို လုပ်လိုက်တာလဲ ကိုစိန်ကြည်"

ဦးမျိုးမြင့်တို့၏ကား ဝူးခနဲ မောင်းထွက်သွားချိန်မှာပင် ဒေါ်မြရင်က ပြောလိုက်သည်။





"ဘယ်လို လုပ်လိုက်တာလဲဆိုတော့ ငါ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပဲ"

"ရှင် သဘောမတူနိုင်ဘူးဆိုရင်လဲ စောစောက ကျွန်မကို ကြိုပြီး အသိပေးဖို့ ကောင်းပါတယ်၊ အဲသလိုဆိုလဲ သူတို့ကို အိမ်ကို လာဖို့ ကျွန်မ ဘယ်ဖိတ်ပါ့မလဲ"

"အခု မင်းက ဖိတ်လို့ လာကြတာလား"

"ကျွန်မက ဖိတ်တယ်တော့ ဘယ်ဟုတ်မလဲ၊ သူတို့ လာမယ်လို့ အကြောင်းကြားတဲ့အချိန်မှာ ကျွန်မက လိုလိုလားလား ဖိတ်ခေါ်လိုက်မိတာ ပြောတာ၊ အခုတော့ မျက်နှာပျက်စရာတွေ ဖြစ်ကုန်ပြီ"

"မျက်နှာပျက်လဲ မတတ်နိုင်ဘူး၊ ပြောစရာ ရှိတာတော့ ပြောရမှာပဲ"

"ရှင်လုပ်ပုံက ပြန်စဉ်းစားကြည့်ပါဦး၊ အစတုန်းကတော့ ရှင်ပဲ သဘောတူတယ်ဆို၊ ခုကျမှ ရုတ်တရက် ချက်ချင်းကြီး သဘောမတူတော့ ဘူးဆိုတော့. . ."

"ဒါက ငါ့အကြောင်းနဲ့ ငါပဲ"

"အဲဒီအကြောင်းကို စောစောစီးစီး ပြောရမှာပေါ့၊ ခု ရှင်လုပ်ပုံ က သူတို့ကို တမင်တကာ အကွက်ဆင်ပြီး အိမ်ကို ခေါ်ပြီးတော့မှ စော်စော်ကားကား လုပ်လွှတ်လိုက်တာပဲ"

ဒေါ်မြရင်သည် သူ့ယောက်ျားကို မပြောစဖူး မကျေမနပ် ပြော နေသည်။ ဦးစိန်ကြည်က. . .

"ဩော်. . . မင်းကလဲ မျိုးမြင့်တို့မိုင်း မိနေတာကိုး"

"မိုင်းမိနေတာ မဟုတ်ဘူး၊ ကျွန်မက ရှင်သဘောတူပြီးသား ဆိုပြီးတော့ စီစဉ်စရာ ရှိတာ စီစဉ်တာ၊ ရှင်ကသာ ကိုမျိုးမြင့်အပေါ် မကျေမနပ်နေတာကို ကလေးတွေကို မားစာခံ လုပ်ပြီး တစ်ယောက် ဘည်း ကျိတ်ကြံခဲ့တာ"

"တော်စမ်း၊ မင်းကများ ငါ့ကို"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြရင်က မပြောစဖူး ခံပြောနေသဖြင့် ဦးစိန်ကြည် ဒေါသပိုဖြစ်လာသည်။ ခင်ခင်ကြည်သည် အဖေနှင့်အမေပါ ဆက်ပြီး ရန်ဖြစ်ကုန်ကြမည် စိုးရိမ်ပြီး. . .

"တော်ကြပါတော့ ဖေဖေ မေမေ"

"တော်လို့ မရသေးဘူး၊ ငါ မေးရဦးမယ်၊ မင်းတို့က အဲဒီ မင်းမျိုးဆိုတဲ့ကောင်ကို ဘယ်လိုများ ထင်နေကြသလဲ"

"ကျွန်မ မြင်တာက သူဟာ ရိုးရိုးသားသား ရည်ရည်မွန်မွန် ရှိတဲ့ လူငယ်တစ်ယောက်ပဲ"

ခင်ခင်ကြည်ကလည်း ယောင်ပြီး ခေါင်းညိတ်မိသည်။ ဦးစိန်ကြည်က ရယ်လိုက်၏။

"ဒါကြောင့် မင်းတို့ကို ရိုးတယ် အတယ်လို့ ပြောတာပေါ့၊ တကယ်တော့ မင်းမျိုးဆိုတဲ့ကောင်ဟာ ရိုးချင်ယောင် ဆောင်နေတဲ့ ကောင်၊ အပြင်ပန်းအားဖြင့် ကြည့်ရင် သိပ်ရိုးသားတယ်လို့ ထင်ရတယ်၊ နောက်ကွယ်မှာ လူမသိသူမသိ ရှုပ်ပွေနေတယ်ဆိုတာ မင်းတို့ မသိဘူး မဟုတ်လား"

"သူများသားသမီးကို စွပ်စွပ်စွဲစွဲ မလုပ်ပါနဲ့ရှင်"

"ဒီမှာ မမြရင်၊ ကျုပ်က မတရား စွပ်စွဲနေတာ မဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်လို့ ပြောနေတာ"

"ဟင်"

"ဟုတ်တယ်၊ ဒီကောင်ဟာ တစ်ခုလပ် မိန်းမတစ်ယောက်နဲ့ ရှုပ်နေတာ"

တစ်ချိန်လုံး ဘာမှ ဝင်မပြောဘဲ နေနေသော ခင်ခင်ကြည် စိုးရိမ်လာသည်။ ထို့ကြောင့်. . .

"ဟုတ်ပါ့မလား ဖေဖေရယ်၊ ဖေဖေ အထင်မှားတာများလား"

ဟု လေသံပျော့ပျော့ဖြင့် ပြောသည်။

"မသေချာဘဲ ပြောတာ မဟုတ်ဘူး သမီး၊ မင်းမျိုးနဲ့ အဲဒီမိန်းမနဲ့





တိုက်ခန်းတစ်ခုထဲကို နှစ်ယောက်တည်း ဝင်သွားတာ ဖေဖေကိုယ်တိုင် မြင်တယ်"

"နှစ်ယောက်တည်းလို့ ဘာကြောင့် ပြောနိုင်တာလဲ"

ဟု ဒေါ်မြရင်က အတွန့်တက်၍ မေးသည်။

"ပြောနိုင်တယ်၊ အပြင်ကနေ သော့ခတ်ထားတဲ့အခန်းကို သော့ဖွင့်ပြီး ဝင်သွားကြတာ၊ အထဲမှာ တခြား ဘယ်သူမှ မရှိနိုင်ဘူး"

"သူတို့ချင်း မောင်နှမ တော်တာများ. . ."

ဟား. . . ဆိုပြီး ဦးစိန်ကြည် လက်ကာပြ၍. . .

"ငါက မသေချာဘဲ ပြောတတ်တဲ့ကောင်မျိုး မဟုတ်ဘူး၊ ဒီမိန်းမ အကြောင်းကို စုံစမ်းကြည့်ပြီးပြီ၊ တစ်ခုလပ်၊ ယောကျ်ားလေးတွေ တွေ့ရင် ပရောပရီ လုပ်တတ်တယ်၊ ဝတ်တာစားတာ နေတာထိုင်တာ ပြောတာ ဆိုတာကအစ လုံးဝ ကျက်ခြွေမရှိဘူး၊ သူနဲ့မင်းမျိုးနဲ့ တော်တော် အရောတဝင် နေကြတယ်လို့ ကြားရတယ်၊ တွဲသွားတွဲလာ ရှိဖူးတယ်၊ ကဲ. . . ဒီလိုမိန်းမမျိုးနဲ့ တွဲတယ်ဆိုကတည်းက ဘယ်လိုကောင်လဲဆိုတာ စဉ်းစားကြည့်. . ."

ဒေါ်မြရင် တစ်စုံတစ်ခု ပြောမည် ပြုသည်။ ဦးစိန်ကြည်က ပြောခွင့်မပေးဘဲ သူ့စကားကိုသာ ဆက်သည်။

"အေး. . . အဆိုးဆုံးကတော့ အဲဒီမိန်းမဟာ ကောင်လေး ငယ်ငယ်ချောချောတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ညားနေတယ်ဆိုတဲ့ကိစ္စပဲ၊ လုံးဝ ခိုင်လုံတဲ့သတင်းကို ငါ ကြားပြီးပြီ၊ ကဲ. . ဒီတော့. . . သမီး ခင်ခင်ကြည်၊ ဖေဖေ တစ်ခုပဲ ပြောမယ်၊ ဒီကောင်နဲ့ အဆက်အသွယ် ဖြတ်တော့. . . ဒါပဲ"

ဒေါ်မြရင်က ရင်ဘတ်ကို ဖိ၍ 'ဘုရား. . . ဘုရား' ဟု ရေရွတ်သည်။ ခင်ခင်ကြည် ငိုသည်။

◊ ◊ ◊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ ဘာတွေ ဖြစ်ကုန်မှန်းတောင် မသိတော့ပါဘူး"

ကားကို တရကြမ်း မောင်းနေသော ဦးမျိုးမြင့်ကို ဒေါ်ထားထား က ပြောသည်။

"ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ မင်းအမြင်ပဲ၊ စိန်ကြည် ပြောတာ မင်းလဲ ကြားတယ် မဟုတ်လား၊ ငါ့ကို ဘယ်လောက် စော်ကားလိုက် သလဲလို့"

"ဒီလိုလဲ မဟုတ်သေးဘူးလေ"

"ဘာမဟုတ်ရမှာလဲ၊ ငါ့သားကို လူရှုပ်လူပွေလို့ ပြောတဲ့အပြင် ဒါ မျိုးရိုးကြောင့်ဆိုပြီး ငါ့ကိုပါ စော်ကားလိုက်တာ"

"သူ့အနေနဲ့ သားအပေါ်မှာ အထင်မှားစရာ တစ်ခုခုများ ရှိနေ လို့လားမှ မသိတာ"

"အထင်မှားစရာ ရှိရင် ဖွင့်မေးပေါ့ကွ၊ ခုဟာက ရှင်းရှင်းလေး ငါတို့ကို တမင်မျှားခေါ်ပြီး အရှက်ခွဲလိုက်တာပဲ၊ စိန်ကြည့်အကြောင်းကို ငါသိတယ်၊ နည်းနည်းလေးမှ အတင်စီး မခံဘူး၊ သူ့အပေါ် နည်းနည်း





ကြာထားတယ် ထင်ရင် မှတ်ထားပြီး ပြန်ကလဲ့စား ချေတတ်တယ်"

"ကျွန်မတို့က သူတို့အပေါ် ဘာများ တင်စီးမိလို့လဲ"

"ဟာ. . . ငါတို့အိမ်ကို သူတို့ လာလည်တုန်းက မင်းသား လုပ်ပုံ ကြောင့် သူတို့အဖို့ ရှက်စရာ ဖြစ်သွားတယ် မဟုတ်လား၊ ဒါကို ပြန် ကလဲ့စားချေတာပေါ့"

"ဒီလောက်နဲ့တော့ ဟုတ်မယ် မထင်ဘူး၊ တခြား တစ်ခုခု ရှိဦး မှာပါ၊ ကျွန်မလဲ ရင်ရင့်ကို နည်းနည်းပါးပါး မေးစမ်းကြည့်. . ."

"ဘာမှ မေးစရာ မလိုဘူး၊ ဒီလောက် စော်ကားတာ၊ ကိစ္စက ပြတ်နေပြီ၊ ဘာမှ ထပ်ပြောစရာ မလိုတော့ဘူး"

ဟု ဆိုပြီး ဦးမျိုးမြင့်က ကားစက်ရှိန်ကို ထပ်မြှင့်လိုက်ပြန်သည်။ ကားမောင်းနေတုန်း ဒေါသဖြစ်လျှင် မတော်တဆ တိုက်မိကုန်မှာစိုးသဖြင့် ဒေါ်ထားထား ထိုအကြောင်း စကားမဆက်တော့ပဲ. . .

"ဖြည်းဖြည်းမောင်းပါ ကိုမျိုးမြင့်ရယ်"

ဟူ၍သာ သတိပေးလိုက်သည်။ ဦးမျိုးမြင့်ကတော့ ကားစက်ရှိန် ကို မလျှော့၊ သူ့ဒေါသကလည်း မလျော့ချေ။

အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် တပြိုင်နက် သတင်းကို ကြားချင်ဇောနှင့် စိတ်လှုပ်ရှားစွာ စောင့်နေသော မင်းမျိုးက အိမ်ရှေ့ထိ ထွက်ကြိုသည်။

"ဘယ်လိုလဲ ဖေဖေ၊ ဘာတဲ့လဲ"

ကားတံခါးကို ဖွင့်ပေးရင်း မစောင့်နိုင်တော့ဘဲ မေးသည်။

"ဘာမှ လုပ်မနေနဲ့၊ မင်းကို အဲဒီကောင်မလေးနဲ့ မပေးစားနိုင် တော့ဘူး"

"ဗျာ. . .,ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ကွာ၊ ငါ သဘောမတူနိုင်ဘူး၊ ဒါပဲ"

ဦးမျိုးမြင့်က မင်းမျိုးကို တွန်းဖယ်ပြီး အိမ်ထဲ ဝင်သွားသည်။ မင်းမျိုးသည် အံ့သြပြီး ခပ်ကြောင်ကြောင် ဖြစ်နေရာမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မေမေရာ"

ဟု သူ့အမေဘက် လှည့်မေးသည်။

"မေမေလဲ ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ ကိုစိန်ကြည်က သားနဲ့ ခင်ခင်ကြည်ကို သဘောမတူနိုင်ဘူးတဲ့"

"ဟင်"

မင်းမျိုး အကြီးအကျယ် အံ့သြသွားသည်။ သူလည်း ဘာတွေဖြစ်နေမှန်းတောင် မသိတော့။

"ဟုတ်တယ် သားရယ်၊ အဲဒါ မင်းအဖေနဲ့ ကိုစိန်ကြည်နဲ့လဲ စကားတွေ များပြီး ထိုးကြကြိတ်ကြမယ်တောင် ဖြစ်သေးတယ်"

"သိပ်လဲ စိတ်မပူပါနဲ့၊ မေမေ ထပ်ကြိုးစားကြည့်ပါဦးမယ်"

ပြောသာ ပြောလိုက်ရသည်။ ဒေါ်ထားထား၏ မျက်နှာထားမှာ သိပ်အားရစရာ မရှိလှချေ။

. . . . . .





မင်းမျိုးသည် အကြီးအကျယ် စိတ်ဓါတ်ကျနေ၏။ ဦးစိန်ကြည်က သူ့ကို လူရုပ်လူပွေတစ်ယောက်ဟု စွပ်စွဲသည့်ကိစ္စကို ရှင်းလင်းပြောပြရန် ခင်ခင်ကြည့်ဆီ သွားသည်။

ခင်ခင်ကြည်နှင့် နှစ်ယောက်ချင်း တွေ့ဖို့ ဆိုသည့်ကိစ္စက လွယ်တာ မဟုတ်၊ အလျင်ကတော့ သူက လူရိပ်လူယောင် ပြပြီး အအေးဆိုင်က သွားစောင့်နေ၊ ခင်ခင်ကြည်က ဒေါ်မြရင်ကို အကြောင်းတစ်ခုခု ပြပြီး ထွက်လာလို့ ရသည်။ ဒေါ်မြရင်ကလည်း သိသာသိစေ မမြင်စေနဲ့ ဟူသော ပုံစံမျိုး ဖြစ်နေသည်။

ခုကျတော့ သူက ဘယ်လောက်ပဲ လူရိပ်လူယောင်ပြပြ ခင်ခင်ကြည်က ထွက်မလာဘဲ နေသည်။

ခင်ခင်ကြည် တစ်ယောက်တည်း ဆိုင်မှာ ရှိနေသည့်အချိန်ကို သွားသွားချောင်းရတာလည်း အမော၊ လေးငါးကြိမ် သွားချောင်းပြီးမှ ထိုအခွင့်အရေးကို ရသည်။ သို့ရာတွင် ခင်ခင်ကြည်က သူ့ကို ခပ်အေးအေးပင် ခပ်မှန်မှန် တုံ့ပြန်ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com



"အအေး သွားသောက်ရအောင်"

ဟု သူခေါ်သည်။ ခင်ခင်ကြည်က ခေါင်းခါသည်။

"ကိုမျိုး ရှင်းပြပါရစေ"

ဟု သူပြောသည်။ ခင်ခင်ကြည်က. . .

"ရှင်းနေပြီးသားပဲဟာ၊ ထပ်ရှင်းပြစရာ မလိုတော့ပါဘူး"

"မဟုတ်သေးပါဘူး ကြည်"

"ကျွန်မ တစ်ခု တောင်းပန်ပါရစေ ကိုမင်းမျိုး၊ ကျွန်မကို နောက်ထပ် လာပြီး မနှောင့်ယှက်ပါနဲ့တော့"

ဟု မျက်နှာထားတင်းတင်း ပြောလွှတ်လိုက်သည်။ ခင်ခင်ကြည်သည် သူ့အဖေ၏ စကားကို ယုံကြည်နေပြီ ဖြစ်၏။ ယုံမည်ဆိုလည်း ယုံလောက်သည်။

ဒေါ်ထားထားသည် ဒေါ်မြရင်နှင့် သွားတွေ့သည်။ ဒေါ်မြရင်က တင်းတင်းမာမာတော့ မဟုတ်၊ သို့ရာတွင် နည်းနည်း အေးစက်စက် ဖြစ်နေသည်။ ဒေါ်ထားထားက အစ်အောက်ပြီး စကားနှိုက်ယူတော့မှ မင်းမျိုးကို ဦးစိန်ကြည်က ဘာကြောင့် လူရှုပ်လူပွေဟု ပြောကြောင်း သိရသည်။

"မယုံနိုင်စရာပါလား ရင်ရင်ရယ်၊ သားဟာ ဒီလိုလူမျိုး မဟုတ်ပါဘူး၊ ခုထိ ရည်းစားဆိုလို့တောင် ခင်ခင်ကြည်လေးတစ်ယောက်ကိုပဲ ထားဖူးတာပါ၊ မဟုတ်နိုင်ဘူး ထင်ပါတယ်"

"ကျွန်မလဲ မယုံချင်ပါဘူး ထား၊ ဒါပေမယ့်၊ ကိုစိန်ကြည်က သူကိုယ်တိုင် တပ်အပ် မြင်တာပါဆိုတော့ မယုံဖို့ အခက်သားကလား"

ဟု စကားလှအောင် ပြောလွှတ်လိုက်သည်။ ဒေါ်ထားထား ရှေ့ဆက်ပြီး ရည်ရွယ်ဖို့ ခက်နေသည်။ ထိုအကြောင်းကို ဒေါ်ထားထားက ပြန်ပြောပြသဖြင့် မင်းမျိုး သိရသည်။

"ငါ့သားကကော သူတို့ ပြောသလို တကယ်များ ဖြစ်နေလို့လား သားရယ်"





"ဟာ. . . မေမေကပါ ကျွန်တော့်ကို မယုံတော့ဘူးလား"

"ယုံပါတယ် သားရယ်၊ ခုဟာက"

"တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားရတာပါ မေမေ၊ ခက်နေတာက ဒီကိစ္စမှာ သူတို့ ထင်သလို မဟုတ်ပါဘူးလို့ပဲ ကျွန်တော် ငြင်းနိုင်တယ်၊ မဟုတ်ကြောင်း ယုံကြည်လောက်အောင် သက်သေပြဖို့ မလွယ်ဘူး မေမေရ"

"အေး. . . ဟုတ်တယ်၊ သူတို့ဘက်က ကြည့်ပြန်တော့လဲ စွပ်စွဲချင်စရာပဲကိုး၊ ပြီးတော့ သူတို့မှာက ဒီသမီးလေး တစ်ယောက်ထဲ ရှိတာ၊ ထောင့်စုံအောင် စဉ်းစားမှာပေါ့၊ အဘက်ဘက်က စိတ်ချရတဲ့ လူကိုပဲ လိုချင်မှာပေါ့၊ ဒါ သဘာဝ ကျပါတယ်၊ ခုကိစ္စကို မေမေတို့ ကြိုသိမထားတာ မှားသွားတယ်၊ သိခဲ့ရင် တစ်မျိုးတစ်ဖုံ စီစဉ်လို့ရတာပေါ့၊ ခုတော့ ကိုစိန်ကြည်က ဟိုရောက်မှ ဖွင့်ပြီး စွပ်စွဲလိုက်တော့ မင်းအဖေကလဲ စိတ်တွေ ဆိုးပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပဲ၊ မေမေလဲ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

မင်းမျိုးသည် သူ့ကိစ္စကို သန်းဝင်းတို့ အေးသိန်းတို့ကိုလည်း ပြောပြပြီး အကြံဉာဏ် တောင်းသည်။ သူတို့လည်း ဘာမျှ အကြံကောင်း ဉာဏ်ကောင်း မပေးနိုင်။

"မူရင်းပြဿနာက မလွယ်ပါလားကွာ၊ ခင်ခင်ကြည်ကိုယ်တိုင်က သူ့အဖေစကား ယုံနေတော့ ခက်တာပဲ"

ဟူ၍သာ ပြောနိုင်ကြသည်။

မင်းမျိုးသည် ခုမှ နောင်တတွေ ရနေသည်။ ဟိုးအလျှင် သူ့အဖေက ခင်ခင်ကြည်ကို သွားကြည့်ခိုင်းစဉ် စောစောစီးစီး သွားကြည့်မိလျှင် ခုလို ဖြစ်လာမည်မဟုတ်၊ ခုလောက်ဆို သူနှင့် ခင်ခင်ကြည်တို့ လက်ထပ်လို့တောင် ပြီးနေပြီ။

ခုတော့. . .

ခင်ခင်ကြည်ကို အပြစ်တော့ မတင်ရက်ပါ၊ ခင်ခင်ကြည်သည်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ရိုးသားသူကလေး ဖြစ်သည်။ အေးအေးဆေးဆေး ရိုးရိုးသားသား နေသူတစ်ယောက်အဖို့ ချစ်သူသည် ရှုပ်ရှုပ်ပွေပွေ လူတစ်ယောက် ဖြစ် နေလျှင် ဘယ်လောက် ယူကြုံးမရ ဖြစ်စရာ ကောင်းလိုက်ပါသနည်း။

◊ ◊ ◊

ခင်ခင်ကြည် ယူကြုံးမရ ဖြစ်ရသည်။ သူသည် အသက်နှစ်ဆယ့် လေးနှစ် အရွယ်အထိ အချစ်ရေး အချစ်ရာကို မစဉ်းစားခဲ့၊ ချစ်သူ ရည်းစားဟူ၍ တစ်ယောက်မျှ မရှိဖူးခဲ့။

မင်းမျိုးသည် သူ့ဘဝတွင် ပထမဆုံးသော ချစ်သူ။ ထိုသူကိုပင် တစ်ဦးတည်းသော ချစ်သူဟု သတ်မှတ်ခဲ့သည်။ မင်းမျိုးသည် အဘက် ဘက်က ပြောစရာ မရှိအောင် ပြည့်စုံသည်ဟု ယူဆသည်။ အထူးသဖြင့် ခုချိန်မှာ ရှားပါးပစ္စည်းလို ဖြစ်နေသော လောင်းကစားနှင့် အသောက် အစား ကင်းရှင်းမှု။

သို့ရာတွင် မင်းမျိုးထံမှာ သူ မသိသော အရည်အချင်းတစ်ခု လည်း ရှိနေသည်။ ဟန်ဆောင်မှု၊ အင်းလေ. . . ဟန်ဆောင်ကောင်းပြီ ဆိုမှတော့ ဘယ်မှာ လာပြီး ရိပ်မိနိုင်ပါတော့မလဲ။

ဖြစ်နိုင်လျှင် အဖေ့စကားကို သူ မယုံချင်။ သို့ရာတွင် ယုံရမည် ပင် ဖြစ်သည်။ ဖေဖေသည် မင်းမျိုးအပေါ် သူ အထင်လွဲစေရန် တမင် လီဆည်၍ ပြောလိမ့်မည် မဟုတ်တာ သေချာသည်။ မင်းမျိုးနှင့် သူ့ကို အဖေတို့ပဲ သဘောတူခဲ့ဖူးသည် မဟုတ်လား။

အဖေ့စကားကို ယုံလိုက်ရပြီဆိုသည်နှင့် တစ်ပြိုင်နက် မင်းမျိုး ကို မုန်းရတော့မည် ဖြစ်သည်။ မုန်းလို့ကား မရ၊ တကယ် မုန်းသွားသည်





ဆိုင်အောင် မေ့လို့ မလွယ်တတ်ကြောင်း ကြားဖူးသည်။ သူ့ကို မမုန်းနိုင် သေးသူ တစ်ယောက်အဖို့ကား မေ့ပစ်ဖို့ တော်တော် ခက်ပေမည်၊ သာပဲဖြစ်ဖြစ် မင်းမျိုးကို တာဝန်အရ မုန်းရမေ့ရပေတော့မည်။

"ဘာအလိုရှိပါသလဲ၊ ကြည့်ပါ"

အမေ့အသံ ကြားမှ လွင့်နေသောစိတ်ကို ပြန်သိမ်း၍ အလုပ်ထဲ ပြန်ရောက်သည်။ ဆိုင်ရှေ့မှာ အမျိုးသမီးတစ်ယောက် လာရပ်နေသည်၊ ပေါ်လာဝယ်သူ မဟုတ်။

"ဒါ ဒေါ်မြရင်တို့ဆိုင် ဟုတ်ပါတယ်နော်"

မေးသည်။

"ဟုတ်ပါတယ်"

"ခင်ခင်ကြည်ဆိုတာ. . ."

အမျိုးသမီးက ခင်ခင်ကြည်ကို ကြည့်သည်။ ခင်ခင်ကြည်က. .

"ဟုတ်ပါတယ် ကျွန်မပါပဲ၊ ဘာကိစ္စများ ရှိလို့ပါလဲ"

"ညီမနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

"ကိုမင်းမျိုး ကိစ္စပါ"

"ရှင်"

"ဟုတ်ပါတယ်၊ ပြောစရာလေး ရှိလို့ပါ၊ အအေးတစ်ခုခု သောက် ရင်း ပြောရအောင်"

ခင်ခင်ကြည်က ဒေါ်မြရင်ကို ကြည့်သည်၊ ဒေါ်မြရင် စဉ်းစား သည်။ မင်းမျိုး ကိစ္စတဲ့၊ တစ်ခုခု ထပ်သိလာနိုင်စရာ အကြောင်းရှိသည်၊ သို့အတွက် အကျိုးယုတ်စရာ မရှိ။ ထို့ကြောင့်. . .

"သမီး လိုက်ချင် လိုက်သွားလေ"

ဟု ပြောလိုက်သည်။

ခင်ခင်ကြည်နှင့် အမျိုးသမီးတို့ အအေးဆိုင်မှာ ထိုင်သည်၊ ဒါကလင် လီမွန်မှာသည်။ အမျိုးသမီးက သူ့ကိုယ်သူ မိတ်ဆက်သည်၊ ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်မနဲ့ ကိုမင်းမျိုးနဲ့ ကိစ္စကို ပြောချင်လို့ လာခဲ့တာပါ"

ဟု စကားစသည်။ ဖန်ခွက်ထဲသို့ စပါကလင် လောင်းထည့် တစ်ငုံနှစ်ငုံ သောက်သည်။ ခင်ခင်ကြည်က ဘာမျှ စကားထောက်မ ဘဲ အကဲခတ်ရင်း နားထောင်နေသည်။

အမျိုးသမီးသည် အသက်သုံးဆယ့်ငါးနှစ်လောက် ရှိပြီ၊ ရုပ်ရ က အသင့်အတင့်သာ ရှိသော်လည်း ပြင်တတ်ဆင်တတ်သည်။ အဝ အစားတွေက နောက်ဆုံးပေါ်တွေ၊ ရေမွှေးနံ့ တသင်းသင်း ရသည် ကိုယ်လုံးကိုယ်ပေါက်က တောင့်တောင့်တင်းတင်း ဖွံ့ဖွံ့ထွားထွား၊ ဆောင်မှု ရှိသော ပုံစံမျိုးပင်။

"အစ်မက သားရေထည်တွေ သားရေတုတွေ ရောင်းတဲ့ဆို ဖွင့်ထားပါတယ်၊ ကိုမင်းမျိုးက ဆိုင်မှာ ပစ္စည်းလာဝယ်ရင်း ခင်မင် တာပါ။ လုပ်ငန်းသဘောအရ ခင်မင်ကြတာပဲ ရှိပါတယ်၊ ဒီထက်ပို မပတ်သက်ပါဘူး"

ခင်ခင်ကြည်ကို သူ အကဲခတ်လိုက်ပြီး ဆက်ပြောသည်။

"တစ်ခုတော့ အမှန်အတိုင်း ဝန်ခံချင်တယ်၊ ဟိုတစ်ချိန် အစ်မအနေနဲ့ ကိုမင်းမျိုးအပေါ်မှာ စိတ်ဝင်စားမှု ရှိခဲ့ပါတယ်၊ ဒါပေမယ့် ကိုမင်းမျိုးက အစ်မအပေါ်မှာ လုံးဝ စိတ်ဝင်စားမှု မရှိခဲ့ပါဘူး၊ နောက် တော့ ကိုမင်းမျိုးနဲ့ ဒီက ညီမတို့ မေတ္တာမျှနေကြပြီဆိုတာ သိရကတည်း အစ်မလဲ ကိုမင်းမျိုးအပေါ်မှာ ရိုးရိုးသားသားပဲ သဘောထားလိုက် တယ်၊ ဟိုတစ်ရက်က ညီမတို့အဖေ တွေ့တယ်ဆိုတဲ့ ကိစ္စကလဲ ကိုမင်းမျိုး က အစ်မတို့ဆိုင်မှာ ပစ္စည်းလာဝယ်တယ်၊ ပစ္စည်းက အိမ်မှာ ရောက်နေ လို့ လိုက်ယူတာပါ၊ ဒါပါပဲ၊ အဲဒီတုန်းက အစ်မတို့ နှစ်ယောက်တည်း မဟုတ်ပါဘူး၊ အစ်မနဲ့ အတူနေတဲ့ ကလေးမက တစ်နေရာ ဝင်နေ နည်းနည်း နောက်ကျသွားတာပါ"

ခင်ခင်ကြည် ထိုအမျိုးသမီး ပြောတာကို ယုံသင့်မယုံသင့် စဉ်း စားနေသည်။ ဘာမှ ပြန်မပြောသေး။





"အစ်မ ပြောတာကို ယုံစေချင်ပါတယ်၊ အစ်မနဲ့ ကိုမင်းမျိုးနဲ့ ကယ်သာ ပတ်သက်နေကြတယ်ဆိုရင် ခုလို လာပြီး ရှင်းပြနေစရာ ာလိုသလဲ၊ အသာနေလိုက်ရုံပေါ့၊ ကိုမင်းမျိုးနဲ့ ညီမနဲ့ ပြဿနာဖြစ်လေ အစ်မအဖို့ ပိုကောင်းလေပဲ မဟုတ်လား၊ ခုတော့ အစ်မကြောင့် လူ အစ်ဖက်သားမှာ နစ်နာပြီး ပြဿနာတွေ မဖြစ်စေချင်လို့ လာရှင်းပြရတာ ပါ"

ခင်ခင်ကြည်က တွေနေဆဲ။

"နောက်တစ်ခု အစ်မ ပြောချင်ပါသေးတယ်၊ အစ်မမှာလဲ ချစ်ရ ယ်သူ ရှိနေပြီ ဆိုတာပါပဲ၊ အလျှင်က အစ်မရဲ့ ပထမ ခင်ပွန်းနဲ့ ကွဲနေတယ် ဆိုပေမယ့် တရားဝင် မကွာရှင်းရသေးလို့ ဒီအတိုင်း နေနေ ရတာပါ၊ ခုတော့ အားလုံး ကိစ္စတွေ ရှင်းကုန်ပြီမို့ မကြာခင် လက်ထပ်ကြ တော့မှာပါ၊ ဒီလောက်ဆိုရင် အစ်မ ပြောတာ ယုံပြီ မဟုတ်လားဟင်"

ခင်ခင်ကြည် ခေါင်းဆတ်ခနဲ ဖြစ်သွား၏။

မင်းမျိုး စားပွဲမှာ ထိုင်ငိုင်နေသည်။ အလုပ်သာ လုပ်နေရသော် လည်း အလုပ်ထဲမှာ စိတ်မဝင်စားနိုင်၊ လုပ်စရာ ရှိတာတွေ စီစဉ်ပေး၍ အလုပ်သမား ခေါင်းဆောင် ကိုနီနှင့် လွှဲထားခဲ့ပြီး ထိုင်ငိုင်နေသည်။

အလုပ်သမားတွေက မင်းမျိုး ဖြစ်နေသည့် ပြဿနာကို တစ်စွန်း တစ်စ ရိပ်မိသည်။ ထို့ကြောင့် မင်းမျိုး စိတ်ပြေလက်ပျောက် ရှိစေရန် ရယ်စရာ မောစရာများ လာပြောကြသည်။ မင်းမျိုးက အားနာပါးနာ ပြုံးပြရုံလောက်သာ၊ ရွှင်ရွှင်လန်းလန်း မရှိ။

အလုပ်ရုံရှေ့မှာ ကားတစ်စင်း ထိုးဆိုက်လာသည်။ မေနွယ်မြင့် တို့ ကား။ ကားပေါ်က မေနွယ်မြင့်၏ယောက်ျား ဇော်ဝင်းမြင့် ဆင်းလာ သည်။

"ကိုကြီးရေ. . . ဘာကျွေးမှာလဲ"

ဟု အော်ပြီး ဝင်လာသည်။ မင်းမျိုး စားပွဲရှေ့က ကုလားထိုင် မှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြောလေ၊ ကိုကြီး ဘာကျွေးမှာလဲ"

မင်းမျိုး သူ့ကို ကြောင်ကြည့်နေရာမှ. . .

"စိတ်ရှုပ်ရတဲ့ကြားထဲကွာ"

ဟု ခပ်ငေါက်ငေါက် ပြောလိုက်သည်။

"စိတ်ရှုပ်မနေနဲ့ ကိုကြီးရေ၊ ရှင်းသွားပြီ"

"ဘာရှင်းတာလဲ"

"ခင်ခင်ကြည်က ကိုကြီးကို အထင်လွဲနေတဲ့ကိစ္စလေ"

"ဘာ. . . အဲဒါ ဘာဖြစ်သလဲ"

"အဲဒီကိစ္စကို ဟိုအမျိုးသမီးက ခင်ခင်ကြည်နဲ့ တွေ့ပြီး သူ့ကို စွပ်စွဲတာ မဟုတ်ကြောင်း ရှင်းပြလိုက်ပြီ"

"ဟေ. . . အဲဒီ အမျိုးသမီးက ဘယ်လိုလုပ် သိသွားတာလဲ"

"သူ ဘာမှ မသိသေးပါဘူး ကိုကြီးရ"

"ဘာ. . . မသိဘဲနဲ့ ဘယ်လိုလုပ်၊ ဟာ. . . မင်းဟာက ဘာတွေလဲ၊ ရှင်းရှင်းပြောစမ်းကွာ"

"ပြောမှာပါ၊ စီးကရက်တစ်လိပ်လောက်၊ အော်. . . ဟုတ်သားပဲ ကိုကြီးမှ ဆေးလိပ်မသောက်တော့ဘဲ"

"ငါ ဝယ်ခိုင်းလိုက်ပါ့မယ်ကွာ"

ဆိုပြီး မင်းမျိုးက အလုပ်သမားတစ်ယောက် ခေါ်၍ စီးကရက် တစ်ဘူး ဝယ်ခိုင်းလိုက်သည်။

"ကဲ. . . မင်းစကား ဆက်ဦး"

"ဒီလို ကိုကြီးရ၊ ကိုကြီးတို့ ပြဿနာ ဖြစ်ရတဲ့အကြောင်း မေနွယ်မြင့် ပြောပြလို့ သိရတော့ ကျွန်တော်လဲ ဘာကူညီရ ကောင်းမလဲ စဉ်းစားရင်း အကြံတစ်ခု ရလို့"

"ဘာအကြံလဲ"

"ကျွန်တော်နဲ့ သင်္ဘော အတူတူ လိုက်ဖူးတဲ့ စကင်းအော်ဖစ်ဆာရဲ့ စကင်းကို သွားအကူအညီ တောင်းရတာပေါ့"





"ဘာလဲကွ၊ စကင်းအော်ဖစ်ဆာရဲ့ စကင်းဆိုတာ"

"စကင်းအော်ဖစ်ဆာရဲ့ ဟိုဒင်းပေါ့ ကိုကြီးရာ"

"နေစမ်းပါဦး၊ သူနဲ့ကော ဘာဆိုင်လို့လဲ"

"ဘာမှမဆိုင်ဘူး"

"ဒါဖြင့်"

"နေပါဦး ကိုကြီးရာ၊ ပြောတာ ဆုံးအောင် နားထောင်စမ်းပါ၊ ဖြတ်ဖြတ် မမေးစမ်းပါနဲ့"

"ကဲ. . . ပြောကွာ"

"အဲဒီ စကင်းအော်ဖစ်ဆာရဲ့. . . အဲ. . . အဲဒီအမျိုးသမီး ထားပါတော့၊ သူကလဲ ဟိုသားရေဆိုင်က အမျိုးသမီး ပုံစံမျိုးပဲ၊ ခပ်တောင့်တောင့်၊ ရုပ်ကလဲ သိပ်မဆိုးဘူး"

မင်းမျိုး တစ်ခုခု ဝင်ပြောမည်ပြုပြီးမှ မပြောဘဲ ဆက်နားထောင်နေလိုက်သည်။

"အဲဒီ အမျိုးသမီးကို ဟိုသားရေဆိုင်က အမျိုးသမီးယောင်ဆောင်ခိုင်းပြီး ခင်ခင်ကြည်နဲ့ သွားတွေ့ခိုင်းလိုက်တာပေါ့"

"ဟာ. . . မလုပ်ကောင်းပါဘူးကွာ"

"အရေးကြီးတာက ကိုကြီးနဲ့ ဟိုသားရေဆိုင်က အမျိုးသမီးနဲ့ ကင်းကင်းရှင်းရှင်း ရှိတယ်ဆိုတာကို ခင်ခင်ကြည်တို့ ယုံကြည်သွားဖို့ပဲ မဟုတ်လား၊ ခင်ခင်ကြည်ရော၊ ဒေါ်မြရင်ရော ဟိုအမျိုးသမီးကို မြင်ဖူးတာမှ မဟုတ်ဘဲ"

"အဲဒီတော့"

"ကျွန်တော့်မိတ်ဆွေ အမျိုးသမီးက သိပ်မှင်သေတာ ကိုကြီးရေ၊ ကျွန်တော် သင်ပေးလိုက်တဲ့အတိုင်း တစ်သွေမတိမ်း လုပ်နိုင်လို့ အခု ခင်ခင်ကြည်က ယုံသွားပြီလေ"

"မင်း တော်တော် ရှုပ်တဲ့ကောင်ကွာ"

"ကျွန်တော် ရှုပ်လို့ ဒီပြဿနာ ရှင်းသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ မင်းက ဘာလို့ ငါ့ကို ကြိုပြီး အသိမပေးတာလဲ"

"အသိပေးရင် ကိုကြီးက တားနေဦးမှာကိုး၊ ဟိုပြဿနာ တက်ရတာက ကျွန်တော့်ကားအတွက် ကူရှင်ချုပ်ဖို့ သားရေစ သွားဝယ်ရင်းက ဖြစ်ရတာ မဟုတ်လား၊ ဒါကြောင့် ကျွန်တော်လဲ တာဝန်မကင်းဘူးဆိုပြီး ခုလို ကူညီတာပါ၊ ကဲ. . . ခုတော့ အားလုံး ရှင်းသွားပြီ၊ ခုလောက်ဆို သူ့အဖေအမေကို ပြန်ပြောပြနေတော့မယ်၊ ကိုကြီး ဝမ်းမသာဘူးလား"

မင်းမျိုးသည် အံ့ဩနေသဖြင့် ခုမှ ဝမ်းသာဖို့ သတိရပြီး 'အင်း' ဟု ပြုံးပြုံးကြီး ရေရွတ်သည်။

"ဝမ်းသာရင် ကျွန်တော့်ကို ဘီယာလိုက်တိုက်"

◊ ◊ ◊

ပြဿနာတစ်ခု ရှင်းသွားသော်လည်း တစ်ခုက ကျန်သေးသည်။

ခင်ခင်ကြည်က အဖေ ထင်သလို မဟုတ်ကြောင်း ဒေါ်မြရင်က ရှင်းပြသည်။ ဒေါ်မြရင်က ဦးစိန်ကြည်ကို ရှင်းပြသည်။ ဦးစိန်ကြည်က လက်မခံ။

"ငါတော့ မယုံဘူး၊ မျိုးမြင့်ရော မထားရော သိပ်လည်တာ၊ တစ်မျိုးလှည့်ပြီး ကြံတာ ဖြစ်မှာပဲ"

"ရှင်ကလည်း တော်တော် ခက်ပါလား၊ တစ်ယူသန်ပဲ၊ အစွပ်စွဲခံရတဲ့ လူကိုယ်တိုင်ကတောင် လာရှင်းနေပြီပဲဟာ"

"မင်းတို့ သားအမိက ခပ်အအပါကွာ၊ ဟိုက လှည့်တိုင်း ခံနေရတာပါ"

"မဟုတ်သေးဘူးလေ"





"တော်တော့ကွာ၊ အဲဒီအကြောင်း မပြောပါနဲ့၊ ဘာတွေပဲ ဖြစ်နေ နေ၊ မျိုးမြင့်သားနဲ့တော့ မပေးစားနိုင်ဘူး၊ ဒါပဲ"

ဒေါ်မြရင်က ထပ်ပြောမည် ပြုစဉ်. . .

"မပြောနဲ့လို့ ဆိုနေ၊ နောက်တစ်ခါ ငါ့ကို အဲဒီအကြောင်း လာပြောရင် မင်းနဲ့ငါနဲ့ပါ ကွဲရလိမ့်မယ်၊ ဒါပဲ"

ထို့အတူ ဒေါ်ထားထားကလည်း ဦးမျိုးမြင့်ကို စည်းရုံးသည်။ မရချေ။

"မင်းမျိုးဟာ သူတို့ စွပ်စွဲသလို မဟုတ်ဘူးဆိုတာ ငါ အစကတည်းက သိသားပဲ"

"အင်းလေ၊ ခုတော့ ရှင်းသွားပြီ မဟုတ်လား၊ ကိုစိန်ကြည်အနေနဲ့လဲ သမီးလေး တစ်ယောက်တည်းဆိုတော့ အတိမ်းအစောင်း မခံနိုင်ဘူးပေါ့၊ ခုတော့ သူလဲ နားလည်သွားလောက်ပါပြီ"

"ဟာ. . . မသေချာဘဲနဲ့ ဘာဖြစ်လို့ ရမ်းသမ်း စွပ်စွဲရတာလဲ၊ ပြီးတော့ ငါ့ကိုပါ စော်ကားသေးတယ်"

"ပြီးတာတွေလဲ ပြီးခဲ့ပြီပဲ ကိုမျိုးမြင့်ရယ်"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"ကျွန်မတို့ တစ်ခါထပ်ပြီး ကြိုးစားကြည့်ဖို့"

"တော်တော့ တော်တော့၊ ငါ တစ်ခါက နှစ်ခါ အစော်ကား မခံနိုင်ဘူး၊ ခုကိစ္စမှာ ငါက မှားတာ မဟုတ်ဘူး၊ စိန်ကြည်က စပြီး စော်ကားတာ၊ ဒါကို ငါက သွားပြီး တောင်းပန်ရဦးမှာလား၊ သူ့အမှား သူသိရင် သူက စပြီး တောင်းပန်ရမှာပေါ့"

"သူကလဲ သူ့ဘာသာ မှားမှန်းသိလို့ ရှက်နေမှာပေါ့၊ ကျွန်မတို့ကပဲ သဘောထားကြီးကြီးနဲ့. . ."

"ဘာသဘောထားမှ မကြီးနိုင်ဘူး"

"လူငယ်တွေကိုလဲ ထည့်စဉ်းစားပါဦး၊ သူတို့ခမျာ ဘုမသိဘမသိနဲ့ ဝင်ခံရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သူတို့ဘာသာ မခွဲနိုင်ရင် ကြိုက်သလို လုပ်ကြ၊ ဒါ တော့ ဘာမှ မလုပ်ပေးနိုင်ဘူး၊ စိန်ကြည်ရှေ့မှာ သွားပြီး ဒူးမထောက်နိုင် ဘူး၊ ဒါပဲ"

မင်းမျိုးသည် ခင်ခင်ကြည် အမျက်ပြေသွားပြီ ဖြစ်သဖြင့် တွေ့ ချင်နေသည်။ သို့ရာတွင် တွေ့ခွင့်မရ၊ ဦးစိန်ကြည်က ခင်ခင်ကြည်ကို ဆိုင်ထွက်ခွင့် မပေးတော့၊ ဆိုင်မှာ ဒေါ်မြရင် တစ်ယောက်တည်းသာ တွေ့ရသည်။

အိမ်ကို ဖုန်းဆက်ကြည့်သည်။ ဖုန်းလာကိုင်သူက ဦးစိန်ကြည် ထို့ကြောင့် ဖုန်းပြန်ချထားလိုက်ရသည်။ ဦးစိန်ကြည်သည် ရုံးက ခွင့်ယူပြီး ခင်ခင်ကြည်ကို မျက်စိဒေါက်ထောက် ကြည့်နေကြောင်း ဒေါ်မြရင်က ဒေါ်ထားထားကို ပြောပြသဖြင့် သိရသည်။

ဒေါ်ထားထားနှင့် ဒေါ်မြရင်တို့ကတော့ ဈေးမှာ မကြာခဏ ဆုံပြီး ခေါင်းချင်းရိုက် ဆွေးနွေးကြသည်။ လုပ်စရာ တစ်ခုပဲ ကျန်တော့ သည်။

◊ ◊ ◊

တယ်လီဖုန်း မြည်လာသည်။ ဒေါ်ထားထားက ဖုန်းကိုင်သည်။

"သားရေ. . တယ်လီဖုန်း"

ဟု လှမ်းပြောသဖြင့် မင်းမျိုး ဖုန်းသွားကိုင်သည်။

"ကိုမျိုးလား"

"ပြောပါခင်ဗျာ"

တစ်ဖက်မှ အသံတိုးတိုး၊ မင်းမျိုး ရင်လှိုက်ခနဲ ခုန်သွားသည်။





"ကြည်ရယ်"

ဟူ၍သာ ပြောနိုင်သည်။

"ကြည့်ကို စိတ်ဆိုးလားဟင်"

"မဆိုးပါဘူး၊ ကြည့်မှာ အပြစ်မှ မရှိဘဲ"

"နောက် တွေ့တော့မှ ကိုမျိုး ပြောစရာ ရှိတာ ပြောတော့မယ်၊ ခု အချိန်ရတုန်း ပြောစရာရှိတာ ပြောရဦးမယ်၊ ဖေဖေ အိမ်သာတက်နေ တုန်း ပြောရတာ"

"ပြောလေ၊ ဘာပြောစရာ ရှိလဲ"

စက္ကန့်ပိုင်းမျှ ဆိုင်း၍. . .

"နက်ဖြန်ည ဆယ့်နှစ်နာရီ ကြည့်ကို လာခေါ်ပါ"

"ဘာ. . ဘာပြောတယ်"

"နက်ဖြန်ည ဆယ့်နှစ်နာရီ၊ ဒါပဲနော် ဖေဖေ ထွက်လာပြီ"

ဖုန်းချသွားသည်။ မင်းမျိုးသည် တယ်လီဖုန်းကို ကိုင်၍ ကြောင် ရပ်နေစဉ်. . .

"ဘာတဲ့လဲ သား"

ဟု ဒေါ်ထားထားက မေးသည်။ ဖုန်းကို ပြန်ချလိုက်ပြီး ကြည့် လိုက်သောအခါ သူ့ကို ပြုံးကြည့်နေသော ဒေါ်ထားထားကို တွေ့ရ၏။ အမေနှင့် ဒေါ်မြရင်တို့ ပူးပေါင်းတိုင်ပင်ပြီး သည်အစီအစဉ်ကို ဆွဲထား ခြင်း ဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့်. . .

"ဖြစ်ပါ့မလား မေမေ"

ဟူ၍သာ မေးလိုက်၏။

"ကျွန်တော် မလုပ်ရဲဘူး"

"ဘာမလုပ်ရဲစရာ ရှိသလဲ၊ ဘာမှ မခဲယဉ်းဘူး၊ ရင်ရင်နဲ့မေမေနဲ့ တိုင်ပင်ပြီး လုပ်ထားတာပဲဟာ၊ ရင်ရင်က ခင်ခင်ကြည် အိမ်ထဲက ထွက်လို့ရအောင် ကူညီလိမ့်မယ်"

"ဖေဖေက ဘယ်လိုမှန်း မသိဘူး၊ တော်ကြာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေအတွက် မေမေ တာဝန်ယူပါတယ်၊ နှစ်သုံးဆယ်လောက် ပေါင်းသင်းလာတာ၊ သူ့ကို ဘယ်လို ထိန်းရမယ်ဆိုတာ မေမေ နားလည်ပါတယ်၊ ခုလို မလုပ်လို့ မဖြစ်တော့ဘူးလေ၊ ဒီအတိုင်းဆို ဇာတ်မြောသွားမယ်၊ မင်းအဖေကရော ကိုစိန်ကြည်ကပါ တစ်ယောက်နဲ့ တစ်ယောက် မာနတွေ မလျှော့ဘဲ တင်းခံနေကြတာကိုး၊ နောက်ဆုံး အဆင်ပြေသွားမှာပါကွယ်"

ဒေါ်ထားထားသည် မင်းမျိုးက ဘာမျှ ပြန်မပြောနိုင်ခင် အစီအစဉ် အသေးစိတ်ကို ပြောပြနေလေသည်။

◊ ◊ ◊

မင်းမျိုး စိတ်တွေ လှုပ်ရှားနေသည်။ ညဦးကတည်းက ဂနာမငြိမ် ဖြစ်နေ၏။ တစ်နေရာတည်းမှာ ကြာကြာမနေနိုင်၊ အိပ်ခန်းထဲ ဝင်လိုက်၊ ခုတင်ပေါ် လှဲလိုက်၊ စာရေးစားပွဲမှာ ထိုင်လိုက်၊ အိမ်ရှေ့ခန်း ထွက်လိုက်၊ နာရီကိုလည်း ဆယ်မိနစ် တစ်ခါလောက် ကြည့်မိသည်။

"စိတ်အေးအေး ထားစမ်းပါ သားရယ်၊ အားလုံး အဆင်ပြေမှာပါ"

ဟု ဒေါ်ထားထားက သတိပေးရသေးသည်။

ဆယ်နာရီ ထိုးပြီ။

ဦးမျိုးမြင့်သည် ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။ စာအုပ်တစ်အုပ်ကို သူ စိတ်ဝင်စားပြီဆိုလျှင် မပြီးမချင်း မထတမ်း ဖတ်လေ့ရှိသည်။ သည်ပုံစံအတိုင်းဆိုလျှင် ဆယ့်နှစ်နာရီနဲ့မှ အိပ်ပါ့မလား။





နောက်ဖေးဘက်က အသာလစ်ထွက်လျှင် ကောင်းမလား စဉ်းစားသည်။ ကားထုတ်ဖို့ကျတော့ ခက်မည်။ ကားမပါဘဲလည်း သွားလို့မဖြစ်၊ တခြားကားတစ်စင်း ငှားသွားရအောင်လည်း မိန်းမခိုးဖို့ကိစ္စ ဖြစ်သဖြင့် ငှားဖို့ မလွယ်ချေ။ တွေးရင်းတောရင်း ဆယ်နာရီ ခွဲသွားသည်။

ဒေါ်ထားထားက မင်းမျိုးကို မီးဖိုခန်းထဲ ခေါ်ပြီး ပြောသည်။

"သားရေ. . . မင်းအဖေကတော့ တော်တော်နဲ့ အိပ်မှာ မဟုတ်ဘူး၊ နောက်ဖေးပေါက်က လစ်ပေတော့"

"ကားထုတ်ဖို့ ခက်တယ် မေမေ၊ စက်နှိုးလိုက်တာနဲ့ ဖေဖေ ကြားပြီး မေးတော့ မြန်းတော့မှာပဲ"

"ကျွန်တော် တစ်ယောက်တည်း တွန်းလို့ မရနိုင်ဘူး မေမေရ"

"ဒီလိုလုပ်၊ မေမေက မင်းအဖေနဲ့ စကားပြောပြီး အာရုံလွှဲထားမယ်၊ သားနဲ့အခြွေနဲ့ ကားကို တွန်းထုတ်သွား"

"အဲဒါဆိုရင်တော့ ဖြစ်နိုင်တယ်"

"ကဲ. . . ဒါဆို သားအဝတ်အစားအိတ် သွားယူတော့"

မင်းမျိုး သူ့အခန်း ရှိရာ သွားမည်ပြုစဉ်. . .

"မင်းမျိုးရေ"

ဟု ဦးမျိုးမြင့် လှမ်းခေါ်သံ ကြားရသည်။ မင်းမျိုးက 'ဗျာ'ဟု ထူးလိုက်မိသည်။ ဒေါ်ထားထားက. . .

"ဟာ. . . ဘာလို့ သွားထူးရတာလဲ၊ အိပ်ပြီလို့ မေမေ သွားပြောရင်း စကားဆက်မပြတ်အောင် လုပ်ထားလိုက်ရင် ပြီးရော၊ ကဲ. . . အခုမှတော့ သွားလိုက်တော့၊ စကားမြန်မြန် ဖြတ်ပြီး ကျွန်တော် အိပ်တော့မယ်လို့ ပြောခဲ့"

မင်းမျိုး ဧည့်ခန်းထဲ ထွက်လာရသည်။ ဦးမျိုးမြင့်က. . .

"သားရေ. . . ကားသွားထုတ်စမ်းကွာ၊ ဖေဖေ့ကို အလုပ်ရုံ လိုက်ပို့စမ်း"

ဟု ပြောပြီး ကားဂိုဒေါင်သော့ကို လှမ်းပစ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးရင်ထဲက ဟိုက်ကနဲ ဖြစ်သွားသည်။

"အလုပ်ရုံ ဟုတ်လား ဖေဖေ"

"အေးလေ"

ဒေါ်ထားထားသည် အသံကြားသဖြင့် ထွက်လာပြီး...

"ရှင်က ဘယ်သွားဦးမလို့လဲ"

ဟု မေးသည်။

"အလုပ်ရုံ ခဏသွားမလို့ကွာ၊ ခုမှ သတိရတယ်၊ မနက်ကျရင် ကားတစ်စင်း ဆေးမှုတ်စရာ ရှိတယ်၊ အဲဒါ အရောင်ပြမပေးခဲ့ဘူး"

"ကိုမျိုးမြင့်ကလဲ... ညကြီးမိုးချုပ်ကျမှ"

"ကျွန်တော် သွားလုပ်လိုက်ပါ့မယ် ဖေဖေ၊ အရောင်သာ ညွှန်လိုက်ပေါ့"

ဟု မင်းမျိုးကလည်း ဝင်ပြောသည်။ သို့ရာတွင်...

"မင်းလုပ်လို့ မဖြစ်ဘူးကွ၊ အရောင်က ဖေဖေကိုယ်တိုင် စပ်မှ ဖြစ်မှာ"

"မနက်ကျမှ သွားပါရှင်"

"မဖြစ်ဘူး၊ သမဝါယမက ခိုင်းထားတဲ့ကိစ္စ၊ နက်ဖြန် အပြီးလုပ်ရမှာ၊ မနက်ကျဆိုရင် နောက်ကျနေမယ်၊ ကဲ... သွားလေကွာ၊ သွား"

မင်းမျိုးသည် သူ့အမေကို အားကိုးစွာ ကြည့်သည်။ ဒေါ်ထားထားသည် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ ထိုစဉ်...

"ကဲ... လာလေကွာ၊ အကျိုတွေ ဘာတွေ လုပ်မနေနဲ့တော့၊ ခဏပဲကွာ"

ဟု ဦးမျိုးမြင့်က ပြောပြီး ရှေ့က ထွက်သွားသည်။ မင်းမျိုးသည် ဒေါ်ထားထားကို လှည့်ကြည့်ကြည့် လုပ်ရင်း လိုက်သွားရသည်။ ဒေါ်ထားထားလည်း ယောင်တောင်တောင် ကျန်ခဲ့သည်။

◊ ◊ ◊





ခါတိုင်းရက်များက ညကိုးနာရီလောက်ဆိုလျှင် ဦးစိန်ကြည် အိပ်ရာဝင်လေ့ ရှိသည်။ ဒီနေ့ညတော့ ကိုးနာရီခွဲထိ မအိပ်သေး၊ အိပ်ချင်ရသည့် အရိပ်အယောင်လည်း မရှိဘဲ လန်းလန်းဆန်းဆန်း ဖြစ်နေသည်။ ဒေါ်မြရင် အကြဲအိုက်နေသည်။

"သမီးကောကွ၊ မမြင်ပါလား"

ဦးစိန်ကြည်က အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ မေးသည်။

"နည်းနည်း ပင်ပန်းနေလို့ ထင်ပါတယ်၊ အစောကြီးကတည်းက ဝင်အိပ်နေတယ်၊ ရှင်ကော မအိပ်သေးဘူးလား"

"ဒီနေ့ ဘယ်လိုဖြစ်တယ် မသိပါဘူးကွာ၊ နေ့လည်က လက်ဖက်စားတာ များသွားလို့လားပဲ၊ မျက်စိကြောင်နေတယ်"

"အိပ်ဆေးလေး တစ်လုံးလောက် သောက်အိပ်လိုက်ပါလား တော်ကြာ အိပ်ပျက်လို့ မနက်ကျ ခေါင်းအုံနေဦးမယ်"

"နေပါစေကွာ၊ သူ့ဘာသာ အိပ်ချင်လာတော့မှ ဝင်အိပ်လိုက်တာ ကောင်းပါတယ်"

"ဒါဆိုလဲ နွားနို့ သောက်လိုက်လေ"

"အေး... ကောင်းတယ်၊ နွားနို့ သောက်လိုက်ရင်တော့ အိပ်ချင်လာမှာပဲ"

ဒေါ်မြရင် မီးဖိုခန်းထဲ ဝင်လာသည်။ နွားနို့အိုးကို မွှေရင်း စဉ်းစားသည်။ ဦးစိန်ကြည် မအိပ်လို့တော့ မဖြစ်၊ အိပ်သွားလျှင်တောင် ဦးစိန်ကြည်က အအိပ်ဆတ်သဖြင့် သူတို့ လှုပ်ရှားနေတုန်း နိုးလာနိုင်သည်။ ဒီတော့ သူသည် ဘော်လီအင်္ကျီအိတ်ထဲက ဆေးကတ်ကလေး တစ်ခုကို ထုတ်သည်။ ဆေးပြားတစ်ပြားကို ဖောက်ထုတ်လိုက်သည်။ အိပ်ဆေးပြားကို ကြိတ်ပြီး နွားနို့ ဖန်ခွက်ထဲ ထည့်သည်။ အိပ်ဆေးကြောင့် ဦးစိန်ကြည် အိပ်မောကျနေတုန်း လုပ်စရာ ရှိတာ စိတ်ချလက်ချ လုပ်နိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ကြည်က နွားနို့ကို တစ်ငုံ ငုံလိုက်သည်။ ဒေါ်မြရင်က မလုံမလဲဖြင့်. . .

"ဘယ်လိုနေလဲ၊ ဆားများ များသွားလား"

"အတော်ပါပဲကွာ၊ ဒီနေ့ နွားနို့ တော်တော် ကောင်းတယ်ဟေ့"

ဆိုပြီး ဖန်ခွက်တစ်ဝက်လောက်ထိ အားရပါးရ မော့ချလိုက်သည်။ ဒေါ်မြရင် အသံတိတ် သက်ပြင်းချသည်။

◊ ◊ ◊

မင်းမျိုးမှာ ကားသာ မောင်းနေရသော်လည်း စိတ်တွေက ရှုပ်ထွေးနေသည်။ ဦးမျိုးမြင့်ကို ဘယ်လိုနည်းနှင့် ပ,ထုတ်ရမှန်း မသိအောင်ဖြစ်နေသည်။ တစ်ခုပဲ လုပ်စရာ ရှိတော့သည်။ အလုပ်ရုံ ရောက်လျှင် အဖေ့ကို ထားခဲ့။ အကြောင်းတစ်ခုခု ပြပြီး လစ်ထွက်၊ ဒါလည်း သိပ်မလွယ်၊ ခုပဲ ဆယ့်တစ်နာရီ ကျော်ပြီ။

"ဟေ့. . . သား ညာဘက်ကို ချိုးရမှာလေကွာ"

အလုပ်ရုံသွားရာ လမ်းဘက်သို့ မချိုးကွေ့မိဘဲ တည့်တည့်မောင်းနေသဖြင့် ဦးမျိုးမြင့်က သတိပေးလိုက်သည်။ မင်းမျိုး ကားကို ရပ်လိုက်သည်။

"ဘာဖြစ်နေတာလဲကွ၊ မင်းကြည့်ရတာ ကြောင်တောင်တောင်နဲ့"

မင်းမျိုး သက်ပြင်းချသည်။ မတတ်သာတော့သော လေသံဖြင့်

"ဖေဖေ အိမ်ပြန်ပါတော့"

ဟု ပြောလိုက်သည်။

"ဟေ. . . ဘာဖြစ်လို့လဲ၊ အလုပ်ရုံကို သွားမှ ဖြစ်မှာပေါ့"





"သွားလို့ မဖြစ်ဘူး ဖေဖေ၊ ကျွန်တော့်အတွက် အချိန်မရှိတော့ဘူး"

"ဘာအချိန်မရှိတာလဲ မင်းက"

"ဖေဖေ"

မင်းမျိုးက သူ့အဖေကို ခေါ်သည်။ ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ

"ကျွန်တော် ဒီည ခင်ခင်ကြည်ကို ခိုးတော့မလို့ ဖေဖေ"

ဦးမျိုးမြင့်က ဘာမှ ပြန်မပြော၊ မင်းမျိုးက သူ့အဖေ၏ မျက်နှာနိုပ် မျက်နှာကဲကို မရဲတရဲ ကြည့်သည်။ ဦးမျိုးမြင့် ထိုင်နေသည့်ဘက်ခြမ်းမှာ လမ်းမီးရောင် ကွယ်နေသဖြင့် ကောင်းကောင်း မမြင်ရ။

အတန်ကြာမှ ဦးမျိုးမြင့် ပြောသည်။

"ဖေဖေလဲ လိုက်ခဲ့မယ်ကွာ"

◊ ◊ ◊

ဦးစိန်ကြည်သည် ဆယ့်တစ်နာရီထိုးခါနီးမှ အိပ်ရာထဲ ဝင်သည်။ ဒေါ်မြရင်သည်လည်း ယုတ္တိရှိအောင် ဦးစိန်ကြည်ဘေးမှာ ဝင်လှဲပြီး အိပ်ချင်ယောင် ဆောင်နေရ၏။

ခဏအကြာတွင် ဦးစိန်ကြည်ထံမှ အသက်ရှူသံ မှန်မှန် ထွက်ပေါ်လာသည်။ ငါးမိနစ်လောက် ထပ်စောင့်သည်။ ပြီးတော့ သေချာအောင် 'ကိုစိန်ကြည်' ဟု ခပ်တိုးတိုး ခေါ်ကြည့်သေးသည်။ ထူးသံမကြားတော့မှ ခုတင်ပေါ်က အသာလျှောဆင်းပြီး ခင်ခင်ကြည့် အခန်းဘက်သို့ ကူးလာခဲ့၏။

ခင်ခင်ကြည်ကား ကုတင်ပေါ်မှာ ထိုင်ပြီး ငိုင်နေတုန်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြင်ဆင်ရသေးချေ။

"ဟဲ့. . . သမီးရယ်၊ ခက်လိုက်ပါဘိတော့၊ ဘာမှလဲ မပြင်ဆင်ရသေးပါလား"

ခင်ခင်ကြည်က မော့ကြည့်ပြီး. . .

"သမီး ကြောက်တယ် မေမေ"

"အို. . . ဘာကြောက်စရာ ရှိလဲ၊ မေမေတို့ အားလုံး သေသေချာချာ စီစဉ်ထားတာပဲ"

"မဟုတ်ဘူး မေမေ၊ ဖေဖေက သမီးကို စိတ်ဆိုးပြီး မုန်းသွားမှာ"

"ဒီအတွက် မပူပါနဲ့ သမီးရယ်၊ မေမေ ကြည့်ရှင်းပါ့မယ်၊ သမီးအဖေ သမီးကို မမုန်းစေရဘူး"

ခင်ခင်ကြည် မလှုပ်သေး။

"ဪ. . . ဒုက္ခပါပဲ၊ ဒီကလေးမနှယ်၊ အချိန်က မရှိတော့ဘူး"

ဒေါ်မြရင် ကိုယ်တိုင်ပင် ခရီးဆောင် သားရေအိတ်ကလေးထဲကို အဝတ်အစားတွေ ထည့်ပေးရသည်။ ခင်ခင်ကြည်သည် ထိုင်ငိုင်၍ ကြည့်နေရင်း ဒေါ်မြရင်က ဗီရိုထဲမှ ထမီတစ်ထည်ကို လှမ်းအယူတွင်. . .

"အဲဒါ မချုပ်ရသေးဘူး မေမေ"

ဟု ယောင်ပြီး လွှတ်ခနဲ ပြောလိုက်သည်။ ဒေါ်မြရင်က 'ဒါလား ကြောက်တယ်ဆိုတဲ့လူ' ဟူသောသဘောဖြင့် ပြုံးကြည့်ပြီး မျက်စောင်းထိုးသည်။ ခင်ခင်ကြည် ရှက်သွား၏။

ဒေါ်မြရင်သည် သွားတိုက်ဆေးနှင့် သွားပွတ်တံပါမကျန် စုံလင်အောင် စီစဉ်ပေးနေသည်။ ပြီးတော့ အခန်းပြင်သို့ သုတ်သုတ်သုတ်သုတ် ထွက်သွားပြန်သည်။

ပြန်ဝင်လာသောအခါ လက်ထဲတွင် ပုဆိုးတစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်နှင့် စွပ်ကျယ်တစ်ထည် ပါလာသည်။

"ဘာတွေလဲ မေမေ၊ ဘာလုပ်ဖို့လဲ"

"ယောက်ျားလေးတွေဆိုတာ ယုံရတာ မဟုတ်ဘူး သမီးရဲ့၊





အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာချင်လာမှာ၊ တော်ကြာ လဲစရာ ပြုစရာ မရှိဘဲ နေဦးမယ်၊ ဒါကြောင့် သမီးအဖေဥစ္စာတွေ ယူလာခဲ့တာ"

"မေမေ ကန်တော့နော်"

ခင်ခင်ကြည်က ရှက်စနိုး ပြုံးပြန်သည်။

"မျက်နှာကို ခရင်ပတ်လေး ဘာလေး တို့ထားဦး"

◊ ◊ ◊

ကားကို လမ်းထောင့်မှာ ရပ်လိုက်သည်။

"ကဲ. . . သွားပေတော့ သား၊ ပိပိရိရိ ဖြစ်ပစေနော်"

ဦးမျိုးမြင့်က ပြောသည်။ မင်းမျိုး ကားပေါ်က မဆင်းသေး။

"သွားလေကွာ၊ ဘယ်နှစ်နာရီ ရှိပြီလဲ"

ဦးမျိုးမြင့်က မင်းမျိုး လက်မှ နာရီကို ဆွဲကြည့်ပြီး. . .

"ဆယ့်နှစ်နာရီ ထိုးဖို့ ငါးမိနစ်ပဲ လိုတော့တယ်ကွ၊ လစ်တော့"

"ဖေဖေ"

"ဟေ"

"ဖေဖေပါ လိုက်ခဲ့ပါ"

"ဟ. . . ဘယ်လိုဖြစ်တာလဲ၊ ဖေဖေ ကားပေါ်ကပဲ စောင့်ပါ့မယ်ကွာ"

"မဟုတ်ဘူး ဖေဖေ၊ ဟိုကျရင် ချီးကူသလို သုံးခါကူပြီး အချက်ပေးရမယ်လို့ ပြောတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ကျွန်တော် မကူတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မင်းဟာကကွာ"

"ကျွန်တော်လဲ ကျင့်တော့လဲ ကျင့်တာပဲ ဖေဖေရဲ၊ အသံက သိပ်မထွက်ဘူး၊ တော်ကြာ မကြားဘဲ နေမယ်၊ အဲဒါ ဖေဖေ ကူကတ်လား ဟင်"

"ခွေးကောင်. . . မကူတတ်ဘဲ နေမလား၊ မင်းအမေနဲ့ ငါနဲ့ ငယ်ငယ်က ချိန်းတွေ့ရင် ဒီလိုပဲ အချက်ပေးရတာပဲ၊ ဒါ မင်းအမေရဲ့ အကြံအစည်တွေ မဟုတ်လား"

BURMESE CLASSIC .com

"ဟုတ်ကဲ့ ဖေဖေ"

"ကောင်းကွာ၊ ကဲ သွားကြစို့"

သားအဖနှစ်ယောက် လမ်းမတော်မီးတိုင် မရှိသည့်ဘက်အခြမ်းမှ ကပ်လျှောက်လာကြသည်။ ခင်ခင်ကြည်တို့ အိမ်ရှေ့ ရောက်လာသည်။ ချိန်းဆိုထားရာ ကုက္ကိုပင်ကြီးအောက်မှာ ဝင်ခိုသည်။ အိမ်ကို လှမ်းကြည့်သည်။ တစ်အိမ်လုံး မီးတွေ ပိတ်ထားသည်။ ဆင်ဝင်မီးတစ်ပွင့်နှင့် ဘုရားခန်းမီးသာ ဖွင့်ထားသည်။

တစ်နေရာမှ ပျံ့လွင့်လာသော ဆယ့်နှစ်နာရီသံချောင်းခေါက်သံ ကြားရသည်။ မင်းမျိုး၏ လက်ပတ်နာရီက တီတီဟု မြည်သည်။ မင်းမျိုးက. . .

"ဆယ့်နှစ်နာရီ ထိုးပြီ ဖေဖေ၊ ချိုးကူတော့လေ"

ဦးမျိုးမြင့်က 'လခွီးတဲ့မှပဲ' ဟု ရယ်သံဖြင့် ပြောပြီး လက်ဝါးနှစ်ဖက်ကို ပါးစပ်နားမှာ တေ့အုပ်ပြီးမှ. . .

"ဟော့ကောင်၊ လာ. . . မြန်မြန်"

ဦးမျိုးမြင့်က ပြောပြီး ကုက္ကိုပင် နောက်မှာ ဝင်ကပ်လိုက်သည်။ မင်းမျိုးကတော့ ဘာဖြစ်မှန်း မသိသဖြင့် ကြောင်တောင်တောင် ရပ်နေသည်။ နောက်မှ သိသည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင် သုံးဦး စက်ဘီးဖြင့် ကင်းလှည့်လာခြင်း ဖြစ်သည်။ မင်းမျိုး ပုန်းချိန် မရတော့။ ရဲတွေက မြင်သွားပြီ။





"ဘာလုပ်နေတာလဲ"

ဟု လှမ်းမေးရင်း စက်ဘီးတွေ အနားမှာ လာရပ်သည်။ မင်းမျိုးသည် ဘာပြန်ပြောရမှန်း မသိဘဲ. . .

"ဟို. . . ဟို"

သူ မျက်နှာ အကြီးအကျယ် ပျက်နေသည်။ မှောင်ရိပ်ထဲ ရောက်နေသောကြောင့် ရဲတွေ မရိပ်မိခြင်း ဖြစ်သည်။ ထိုစဉ်တွင် ဦးမျိုးမြင့်က အုတ်ခဲကျိုးတစ်ခုကို ကိုင်ပြီး ထွက်လာသည်။ သူကတော့ အလွန် မှုင်သေသည်။

"ဩော်. . . နေကောင်းကြရဲ့လား"

ဟု နှုတ်ဆက်လိုက်သေးသည်။ ရဲတွေက အုတ်ခဲကျိုးကို တစ်လှည့် ဦးမျိုးမြင့်ကို တစ်လှည့်ကြည့်နေတုန်း ဦးမျိုးမြင့်က. . .

"ဦးတို့ကား ဟိုလမ်းထောင့်မှာ ပျက်နေလို့ ဂျိုက်ထောက်ဖို့ အုတ်ခဲ လိုက်ရှာနေတာပါ၊ ဗောက်စ်ဝက်ဂွန် ကားလေးလေ၊ တွေ့ခဲ့တယ် မဟုတ်လား"

ပြည်သူ့ရဲများသည် ဦးမျိုးမြင့်နှင့် မင်းမျိုးတို့၏ ဥပဓိရုပ်ကို ကြည့်၍ ယုံကြည်သွားသည်။

"ဩော်. . . တွေ့ခဲ့ပါတယ်၊ ကျွန်တော်တို့ ဘာများ ကူညီရဦးမလဲ"

"ရပါတယ်. . . ကျေးဇူးပါပဲ"

ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ နှုတ်ဆက်ပြီး ထွက်သွားကြသည်။ သူတို့ ထွက်သွားပြီး အတန်ကြာတွင်. . .

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



ချိုးကူသံ သုံးခါ။ တစ်ခါနှင့်တစ်ခါ အနည်းငယ်စီ ခြား၍ သသ ပေါ်ထွက်လာသည်။

"ဟော. . . အချက်ပေးနေပြီ၊ သွားတော့"

ဒေါ်မြရင် ပြော၏။ ခင်ခင်ကြည်က တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသည်။

"သွားလေ သမီး၊ တော်ကြာ လွဲကုန်မယ်"

ခင်ခင်ကြည်က ဒေါ်မြရင်၏ ခြေရင်းမှာ ထိုင်ပြီး ကန်တော့သည်။

"ကျန်းမာချမ်းသာပါစေကွယ်၊ သမီးလေး ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီးကို ရောက်ပါစေ"

ခင်ခင်ကြည်က မော့ကြည့်ပြီး. . .

"မေမေ"

"ဘာလဲ သမီး"

"ဖေဖေ့ကိုလဲ ကန်တော့ချင်တယ်"

"ဒီကပဲ မှန်းပြီး ကန်တော့လိုက်ပါ သမီးရယ်၊ တော်ကြာ သူနိုးသွားလို့ အကုန် ပြဿနာ တက်ကုန်ပါ့မယ်"

ခင်ခင်ကြည်က သူ့အဖေ အခန်းဖက်သို့ လှည့်ပြီး ဦးသုံးကြိမ်ချသည်။

"ကဲ. . . သွားတော့၊ မေမေ အိမ်ပေါက်ဝထိ လိုက်ပို့မယ်"

အိမ်ထဲက မီးတွေ ပိတ်ထားသဖြင့် ဆင်ဝင်မှ မီးရောင်ကို အားကိုးပြီး ဖြည်းဖြည်းလျှောက်ရသည်။ ခင်ခင်ကြည်သည် မျက်ရည်လေး တဝဲဝဲ နောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားသည်။ ခဏအကြာတွင် ချိုးကူသံတစ်ခါ ထပ်မြည်လာပြန်သည်။ မင်းမျိုးနှင့် ခင်ခင်ကြည်တို့ ဆုံမိကြပြီဟု အချက်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုအခါကျမှ ဒေါ်မြရင်လည်း 'ဟင်းခနဲ' သက်ပြင်းချပြီး အိပ်ခန်းထဲ ပြန်ဝင်လာသည်။





ဦးစိန်ကြည်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်း၊ ဒေါ်မြရင် ပြုံးလိုက်သည်။ ခုတင်ပေါ်သို့ အသံမမြည်အောင် ကိုယ်ဖော့၍ တက်လိုက်ပြီး ဦးစိန်ကြည်ဘေးမှာ အသာလှဲချလိုက်သည်။

"သမီး သွားပြီလားဟေ့"

ဦးစိန်ကြည်၏အသံ ရုတ်တရက် ထွက်လာသဖြင့် ဒေါ်မြရင် ဘုန်းခနဲ ရပ်ပြီး ငုတ်တုတ် ထထိုင်မိသည်။

"ရှင်. . . ရှင်. . . မအိပ်သေးဘူးလား"

ဦးစိန်ကြည်က ရယ်၍. . .

"မအိပ်သေးပါဘူးကွာ၊ အိပ်ချင်ယောင် ဆောင်နေတာပါ။ မင်းတို့ လုပ်နေတာတွေ ငါအကုန်သိပါတယ်၊ ဒါ မျိုးမြင့် အကြံအစည်ပဲ ဖြစ်မယ်၊ တော်တော် ညံ့တဲ့ကောင်ကွာ၊ ချိုးကူသံနဲ့ အချက်ပေးရတယ်လို့၊ ရန်ကုန်မြို့ကြီးမှာ ဘယ်ကလာ ချိုးရှိပါ့မလဲ၊ ခုနတုန်းကသာ ရဲစခန်းကို ဖုန်းလှမ်းဆက်ထားလိုက်ရင် ဒီကောင် ကွဲခနဲ မိတာပေါ့။ ကောင်လေးကို သနားလို့သာပေါ့ကွာ. . . ဟင်း"

"တတ်လဲ တတ်နိုင်ပါပေရဲ့ ကိုစိန်ကြည်ရယ်"

"ဒါကို အသာထားဦး၊ မျိုးမြင့်တို့က သမီးကို ပြန်အပ်ပါရစေ မင်္ဂလာကိစ္စ စီစဉ်ပါရစေဆိုပြီး လာရင် ချက်ချင်း လက်မခံနဲ့ဦးနော်၊ နည်းနည်း တင်းထားလိုက်ဦး၊ မျိုးမြင့်ကို ပညာထပ်ပြရဦးမယ်၊ ဟား. . . ခုမှ အိပ်ငိုက်လာတယ်ကွာ၊ ဟေ့. . . မင်း နွားနို့ထဲမှာ ဆေးတွေဘာတွေများ ခပ်ထားသေးလား"

"တစ်လုံးတည်းပါ"

ဒေါ်မြရင် လွှတ်ခနဲ ပြောပြီးမှ ပါးစပ်ကို လက်ဖြင့် အုပ်လိုက်သည်။ သို့ရာတွင် ဦးစိန်ကြည်က မကြားတော့၊ တရှူးရှူး အိပ်ပျော်သွားပြီ ဖြစ်သည်။

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားသည် တစ်ညလုံး အိပ်လို့မရ၊ စိတ်တွေ ပူပြီး အိပ်ရာပေါ် လှဲလိုက်၊ ဧည့်ခန်းမှာ စကြံလျှောက်လိုက်၊ စိပ်ပုတီး စိပ်လိုက် အိမ်ရှေ့ ထွက်မျှော်လိုက်နှင့် ယောက်ယက်ခတ်နေသည်။

သားအဖနှစ်ယောက် ထွက်သွားကြပြီး နှစ်ယောက်စလုံး ပြန်ပေါ်မလာ၊ မင်းမျိုးသည် သူ့အဖေကို မိန်းမခိုးမည့်အကြောင်း ပြောပြလိုက်ရပြီလား၊ အဖေလုပ်သူက ဆူပူလို့ ပြဿနာတွေများ ဖြစ်ကုန်သလား၊ မတော်တဆ ကားတွေ ဘာတွေများ တိုက်မိနေသလား။

မနက် ဝေလီဝေလင်း အချိန်ရောက်မှ ကားသံကြားသဖြင့် အိမ်ရှေ့ကို ပြေးထွက်လာခဲ့သည်။ ကားပေါ်မှာ ဦးမျိုးမြင့် တစ်ယောက်တည်း။

"သားရော. . . သားရော"

ကားရပ်ရပ်ချင်း မေးသည်။ ဦးမျိုးမြင့် ကားပေါ်က ဆင်းသည်။ ဒေါ်ထားထား ပခုံးကို ဖက်ပြီး အိမ်ထဲ ခေါ်လာရင်း. . .

"စိတ်အေးအေး ထားကွာ"

"ဟင်. . . သား. . . သား ဘာဖြစ်လို့လဲ"

"မင်းသားတော့ ထောင်ကျသွားပြီ"

"ရှင်"

"ဟော့ဟော့. . . နေပါဦး၊ မူးမေ့လဲတာတို့ ဘာတို့ မဖြစ်ပါနဲ့ဦး၊ သေသေချာချာ နားထောင်စမ်းပါ၊ မင်းသား ကျတဲ့ထောင်က အချုပ်ထောင် မဟုတ်ပါဘူး၊ အိမ်ထောင်ကွ၊ အိမ်ထောင်၊ အိမ်ထောင်ကျတာ"

"လန့်လိုက်တာ ကိုမျိုးမြင့်ရယ်၊ အရေးထဲ နောက်နေရသေးတယ်၊

ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"

"မင်းတို့အကြံတွေ ငါရိပ်မိပါတယ်ကွာ၊ ငါ့ကို အသိမပေးဘဲထားလို့ မင်းတို့သားအမိ ကသိကအောင့် ဖြစ်အောင် တမင်လုပ်လိုက်တာ၊ ခုတော့ ငါကိုယ်တိုင် မင့်သားကို မိန်းမခိုးပေးလိုက်ပြီလေကွာ"

"ခု. . . သူတို့ ဘယ်မှာလဲ"





"ပခုက္ကူက ငါ့မိတ်ဆွေ ဦးထွန်းသင် ဒေါ်အမာတို့ဆီမှာ ခုပဲ ငါ လိုက်ပို့ပြီး ပြန်လာတာ"

"ကျွန်မက မော်ဘီဘက်က ခြံတစ်ခြံကို သွားဖို့ ပြောထားတာ"

"ဒီလိုကွ၊ မော်ဘီကို သွားမယ်ဆိုရင် ရင်ရင်လဲ သိနေတယ် မဟုတ်လား၊ တော်ကြာ ဟိုကောင် စိန်ကြည်က ရင်ရင့်ကို အစ်အောက်ပြီး မေးရင် ပေါ်သွားမှာကွ၊ ဒါကြောင့် တခြား တစ်နေရာကို ပို့လိုက်တာ"

ဒေါ်ထားထား ကျေနပ်စွာ ပြုံးလိုက်၏။

"ရှင် တော်တော် တတ်နိုင်တဲ့လူပဲ ကိုမျိုးမြင့်ရယ်"

ဦးမျိုးမြင့်က ခေါင်းတညိတ်ညိတ် လုပ်ရင်း. . .

"ဪ. . . စိန်ကြည်. . . စိန်ကြည်၊ သူ့ကိုယ်သူ လည်လှပြီ မှတ်နေတယ်၊ ကဲ. . . ခုတော့ ဘာတတ်နိုင်သေးလဲ၊ ဒီအကြောင်းများ ဒီကောင် သိသွားရင် ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်သေးတော့ကွာ"

◊ ◊ ◊

ပခုက္ကူမြို့ လိပ်ပြာကန်အနီးရှိ ဦးထွန်းသင် ဒေါ်အမာတို့၏ ဆေးလိပ်ခုံ အပေါ်ထပ်ရှိ အခန်းကလေးထဲတွင် မင်းမျိုးနှင့် ခင်ခင်ကြည်တို့သည် အိမ်ရှင်များ တည်ခင်းကျွေးမွေးသော နံနက်စာ မုန့်ဟင်းခါးနှင့် လက်ဖက်ရည်ကို စားသောက်နေကြသည်။

တစ်ယောက်နှင့်တစ်ယောက် ကြည့်လို့ပင် ဖဝနိုင်ကြ၊ ရှေ့ဆက်ပြီး တစ်သက်လုံး အတူတူ နေသွားကြရတော့မည်ကို သိပါလျက် မျက်စိအောက်က ပျောက်သွားမှာကို စိုးပြီး အရိပ်တကြည့်ကြည့် ရှိနေကြသည်. . .

မင်းမျိုးက ခင်ခင်ကြည့် လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုမျိုးတို့ အဖြစ်ကလဲနော်၊ မိဘတွေ သဘောတူထားပြီးခါမှ ပြဿနာတွေ ရှုပ်ကုန်လို့ ခိုးပြေးရတယ်ဆိုတော့ အင်းလေ. . . တစ်မျိုးတော့ ပျော်စရာ ကောင်းတာပေါ့၊ ကြည်ကော မပျော်ဘူးလား"

"ပျော်တာ ထားဦး ဆရာကြီး၊ ဖေဖေက ရဲစခန်း တိုင်မှာ သေချာတယ်၊ သူ့သမီးတင် မကဘူး၊ သူ့အဝတ်အစားတွေပါ ခိုးသွားတယ် ဆိုပြီးတော့လေ"

"အဲ. . . ဟုတ်သားပဲ"

ဆိုပြီး မင်းမျိုးက ရယ်သည်။ သူ ယခု ဝတ်ထားသော အင်္ကျီနှင့် လုံချည်မှာ ဒေါ်မြရင် ထည့်ပေးလိုက်သော ဦးစိန်ကြည်၏ အဝတ်အစားများ ဖြစ်နေသောကြောင့်ပင်။

မင်းလူ
၅-၁၂-၈၆

BURMESE CLASSIC .com



www.burmeseclassic.com